www.burmeseclassic.com

IDEA

စာပေ


မောင်ညီမှိုင်း(သန်လျင်)

စီစဉ်သော

# စိုးကျိန်စာ

အပါအဝင်

## ဂမ္ဘီရဝတ္ထုတိုများ



မောင်ညီမှိုင်း(သန်လျင်)၊ အောင်ခင်စိုး၊ ဆွေမြင့်၊ ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၂၂၀၅၀၉
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၇၈၀၆၀၉

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၉၊ နိုဝင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၂၀၀ကျပ်

၀၈၈ . ၈၃
ကလောင်စုံ
မိုးကျိန်စာအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ / ကလောင်စုံ။
- ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၀၉။
၁၈၆-စာ ၊ ၁၂စင်တီ x ၁၈စင်တီ။
(၁) မိုးကျိန်စာအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


စဉ် | | စာမျက်နှာ
---|---|---
၁။ | မိုးကျိန်စာ<br>အောင်ခင်စိုး | ၁
၂။ | ကောင်းသူကိုကယ်တင်မည်၊ မကောင်းသူကိုဖယ်ရှားမည်တဲ့<br>မောင်ညီမှိုင်း (သန်လျင်) | ၉၀
၃။ | ဖြစ်ရိုးဖြစ်စဉ်မဟုတ်သောအပြောင်းအလဲ<br>ဆွေမြင့် | ၁၄၁
၄။ | ပိန်းမလှအမုန်း<br>ထောင်မှူးကြီးသိန်းဝင်း | ၁၆၀


❖

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မိုးကျိုန်စာ

## <အခန်း–၁>

နွေးထွေးသောနေခြည်တန်းက ယနေ့ ထူးထူးခြားခြားပင် ဆွမ်းပရာဘွမ်တောင်ပေါ်သို့ ခပ်ပါးပါးနှင်းမှုန်များကြားမှ အတန်းလိုက်ဖြာကျနေ၏။

မဆိုးကြီးဖော်ကျွန်းပြည့်နှင့် လမုန်ထန်တို့နှစ်ယောက် ခရီးပြင်းနှင်ရာလမ်းတွင် ပင်မချိုင့်ဝှမ်းနှင့် ဖြာထွက်လျက်ရှိသော ချိုင့်ဝှမ်းအဆွယ်နှစ်ခုတို့မှာ လှပလှသည်။ သားကောင်များအတွက် အထူးပျော်ရွှင်ဖွယ်ရာကောင်းသောနေရာပင်ဖြစ်၏။ သမင်ပြောက်များ၊ လှပသောဦးချိုများနှင့် ဆတ်ဖားကြီးများကိုလည်း တွေ့မြင်ရသည်။

ထို့အတူ နှင်းတောင်ချောက်ကမ်းပါးယံကြီးများနှင့်လည်း ဆက်



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိသဖြင့် နှင်းတောင်ပျော်သားကောင်များအဖို့ အလွန်ကောင်းသော ခိုလှုံရာကြီး ဖြစ်နေပါသည်။ နှင်းတောင်ဝက်ဝံနက်များနှင့် သစ်ဝံများကိုလည်း နေရာမရွေး တွေ့နေရသလောက် အန္တရာယ်လည်း များလှသည်။

နံနက်စာကို ပါလာသောခေါပုတ်ထောင်းနှင့် အသားခြောက်ကို မီးကင်ကာ ဝါးဆစ်ဘူးနှင့် ရေနွေးကျိုကာ စားသောက်ပြီး ခေတ္တအမောဖြေရင်း နားနေခိုက်တွင် အကောင်ငါးဆယ်ခန့်ရှိမည့် ဝံပုလွေတစ်အုပ်မှာ ဆူညံစွာဟောင်ရင်း ရောက်လာကြ၏။

ဝံပုလွေအုပ်ကို သေနတ်ဖြင့် ပစ်ခတ်ခြောက်လှန့်လိုက်ရ၏။ ထို့နောက် ခရီးဆက် နှပြင်ဆင်နေစဉ်မှာပင် ဗူးစူးဝါးဝါးအသံများကြောင့် နှင်းတောင်ကျောက်ဂူကြားမှ မျောက်ကြီးများ ထွက်လာကြသည်။ အစောပိုင်းက ဆူညံသောသေနတ်သံ၊ ဝံပုလွေများ၏ အော်သံများကြောင့်ပင်လား မသိ။ အူယားဖားယားနှင့် ပြေးထွက်လာသည့် သတ္တဝါကြီးများမှာ ရုတ်တရက်ကြည့်လျှင် မျောက်နှင့်တူသော်လည်း မျောက်များမဟုတ်ပေ။ လူနှင့်ပုံပန်းသဏ္ဌာန်ဆင်ဆင်တူ၍ မတ်တတ်ရပ်သွားတတ်သည်။ အမွေးအမှင်များ တစ်ကိုယ်လုံးပေါက်လျက် အရပ်ခြောက်ပေခန့်မြင့်ကာ ခြေတံတိုပြီး အလွန်ဝသော နှင်းတောင်လူဝံကြီးနှစ်ကောင်နှင့် လူဝံငယ်လေးတစ်ကောင်တို့မှာ လက်တွဲလျက် မုဆိုးကြီးဖော်ကျုန်းပြည့်နှင့် လမုန်ထန်တို့ရှိရာသို့ ပြေးထွက်လာကြသည်။

နှင်းတောင်လူဝံကြီးများမှာ ဖော်ကျုန်းပြည့်တို့ကို မြင်သည်နှင့် ရန်မူလေတော့သည်။ သေနတ်သံများမှာလည်း ဆက်တိုက် တစ်ပြိုင်နက်ထွက်ပေါ်လာပြီး လူဝံများကို ထိမှန်သွားသည်။

လူဝံငယ်လေးမှာ အော်ဟစ်သေဆုံးသွားသဖြင့် မိခင်လူဝံမကြီးမှာ သားငယ်အားပွေ့ချီလျက် ငိုကြွေးမြည်တမ်းနေသည်။ လူဝံထီးကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ပို၍ဒေါသထွက်လာပြီး ဇော်ကျွန်းပြည့်တို့အား ကျောက်တုံးကြီးများဖြင့် ပစ်ပေါက်ရင်း ရှေ့သို့ပြေးထွက်လာသည်။ နောက်ထပ်ပစ်လိုက်သော သေနတ်ဒဏ်ရာကြောင့် လဲကျသွားလေသည်။

ထိုအဖြစ်ကို မြင်တွေ့ရသော လူဝံမကြီး "၂ ခုန်ဆွခုန်ဆွနှင့် ငိုကြွေးပြီး လူဝံငယ်ကိုချကာ ခမန်းကြီးရှမ်းမှဆိုးကြီး ဇော်ကျွန်းပြည့်တို့ရှိရာသို့ ပြေးကာ တိုက်ခိုက်ရန်ကြိုးစားသော်လည်း ရရှိထားသောသေနတ်ဒဏ်ရာ ကြောင့် ရုတ်တရက် လဲကျသေဆုံးသွားတော့သည်။

ဒဏ်ရာဖြင့်လဲကျသွားသော လူဝံထီးကြီးမှာ ရုတ်တရက် အား ယူထလာပြီး ကျောက်တုံးကြီးကိုမ,၍ ပစ်ပေါက်ရန် ပြင်နေသဖြင့် သေနတ် နှင့်ပစ်ချိန်မရတော့ဘဲ ဆယ်ပေခန့်ကျယ်မည့်ထင်ရသော နှင်းတောင်ရင် ကွဲကြီး၏ ဟိုဘက်သို့ ခုန်၍ ကူးပြေးရသည်။

ခမန်းကြီးရှမ်းမှဆိုးကြီး ခုန်အကူးတွင် နှင်းခဲဖုံးကျောက်ကမ်းပါးယံ ကြီးကို မမိတမိကြောင့် အောက်သို့လျောကျလာ၏။ လျင်မြန်သောလက် များကြောင့်သာ ဇာဘက်သို့မကျဘဲ တန်းလန်းဖြစ်နေလေသည်။ ကချင် မှဆိုးကြီးလမုန်ထန်သာလျှင် တစ်ဖက်နှင်းဖုံးကျောက်တောင်ပေါ်သို့ လွတ် လွတ်ကျွတ်ကျွတ်ရောက်သွားသည်ကို တွေ့လိုက်၏။ ဇော်ကျွန်းပြည့်မှာ မောပန်းနေသဖြင့် နှင်းခဲဖုံးကျောက်ကမ်းပါးပေါ်သို့ မတက်နိုင်ဘဲ ယက် ကန်ယက်ကန်ဖြင့် ဖြစ်နေစဉ်မှာ မမျှော်လင့်ဘဲ မုဆိုးကြီးဇော်ကျွန်းပြည့် အားပြုတ်ခွဲခိုထားသော နှင်းခဲကျောက်ကမ်းပါးယံအစွယ်မှာ ပဲ့ထွက်လာပြီး ချောက်ကြားတွင်းသို့ လိမ့်ကျသွားသည်ကို ကချင်မုဆိုးကြီးလမုန်ထန်သည် ခုန်ကူးရန် ဟန်ပြင်နေသော လူဝံကြီးကို အရေးပေါ် သေနတ်ဖြင့်ပစ်ခတ် နေစဉ် ရင်နာဖွယ်ရာ တွေ့လိုက်ရလေသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ရင်ထဲတွင် အေးခနဲဖြစ်ကာ နှင်းဖုံးကျောက်ကမ်းပါးယံမှ ကျသောအရှိန် ပြင်းထန်လွန်းသဖြင့် သတိလစ်သလို ဖြစ်သွားရတော့၏။ အပေါ်ယံပါးပါးလေးသာတင်းကာ စီးဆင်းနေသော ရေခဲမြစ်အတွင်း ကျလာသဖြင့်သာ တော်ပါသေးသည်။ အကယ်၍ နှင်းထုဖုံးလွှမ်းနေသော ကျောက်တုံး၊ ကျောက်ချွန်း၊ ကျောက်ဆွယ်ပေါ်သို့သာ ကျပါက တွေးဝံ့စရာပင် မရှိပါပေ။ အရိုးအသားပင် ရှာရနိုင်စရာ မမြင်။

တစ်ကိုယ်လုံး ထုံကျင်အေးခဲစွာ ခံစားရပြီး ရေခဲမြစ်ရေစီးအတိုင်း သယ်ဆောင်ရာသို့ အတော်ဝေးဝေးအထိ ပါသွားရတော့၏။ ကျွန်တော့်မှာ သေခါနီးလူတစ်ယောက်လို အသက်ကို ပြင်းပြစွာရှူရှိုက်နေရ၏။ စီးဆင်းနေသော ရေခဲတုံးများ၏ ဖိအားနှင့် ရေခဲမြစ်၏အအေးဒဏ်ကြောင့် တစ်ကိုယ်လုံးမှာ နာကျင်ကိုက်ခဲ၍ ရေမွန်းခြင်းဒဏ်ကို အပြင်းအထန်ခံစားနေရသည်။ တော်ပါသေးသည်။ ရေခဲမြစ်စီးဆင်းရာ တစ်ဆစ်ချိုးအကွေ့တွင် ခြေထောက်နှင့် သဲပြင်ကိုထိတွေ့မိပြီး ကမ်းစပ်ပေါ်သို့ အားယူပြီး တက်လာခဲ့ရ၏။ ကမ်းစပ်နှင်းပြင်ထဲတွင် မတ်တတ်မျှ မရပ်နိုင်ဘဲ ခြေပစ်လက်ပစ်လှဲချလိုက်တော့သည်။ နှင်းပြင်ပေါ်တွင် အချိန်အတော်ကြာလှဲ၍ အပန်းဖြေနေရသည်။ ပြီးမှ နှင်းပြင်ကိုဖြတ်၍ တောစပ်သို့ လျှောက်ဝင်လာခဲ့သည်။

အတော်ကလေးလှမ်းသောအရပ်တွင် ဂူလေးတစ်ဂူကို မြင်ရသဖြင့် ကျွန်တော်က လေးကန်စွာနှင့်ပင် ဂူကလေးရှိရာသို့ ဆက်လျှောက်လာခဲ့သည်။ တစ်ကိုယ်လုံးမှာ ရေများစိုရွှဲနေသဖြင့် ခိုက်ခိုက်တုန်ချမ်းတုန်နေသလို လှုပ်ရှားသည့်အခါတွင်လည်း လေးလံနေသည်။ ဂူထဲသို့ဝင်မိသည်ဆိုလျှင် အဆင်သင့်တွေ့ရသော သစ်လုံးတစ်လုံးဘေးတွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်လေသည်။ ပြီးမှ သစ်လုံးပေါ်သို့ ခေါင်းမှေးတင်ကာ



www.burmeseclassic.com

www.burmeseclassic.com



မျက်စိကို မှိတ်လိုက်သည်။ မျက်ခွံနှစ်ခုပိတ်မိသွားသည်နှင့်တစ်ပြိုင်နက် နံနံပိုင်ပိုင်ကြီး အိပ်မောကျသွားလေတော့သည်။

ကျွန်တော် ရုတ်တရက်လန့်နိုးလာသည်။ အရုဏ်တက်ပြီ ထင်ပါသည်။ အပြင်ဘက်မှ လင်းရောင်ခြည်က ဂူထဲသို့ စိမ့်ဝင်လာနေသည်။ သို့အတွက်ကြောင့် ကျွန်တော့်မျက်စိထဲတွင် မည်းမည်းနှင့် ရွေ့လျားနေကြသော အရိပ်သဏ္ဌာန်များကို တွေ့ရခြင်းဖြစ်သည်။ ပထမသော် ဘုရားသခင်၏ ကောင်းကင်တမန်တွေလားဟုပင် အတွေးပေါက်မိသေး၏။ ထိုမှ ဆက်၍ စေတန်နတ်ဆိုးတမန်များဟု ပြောင်းလဲထင်မိသည်။

သူတို့သည် ကျွန်တော့်ဘေးပတ်လည်တွင် ဟိုမှ၊ သည်မှ ဝိုင်း၍ ရွေ့လျားနေကြသည်။ သူတို့ထံမှ ထွက်ပေါ်လာသည့် အနံ့အသက်များမှာ လုံးဝမကောင်းလှပေ။ ပုပ်ဟောင်၍ ညှီစော်နံနေသည်။ သူတို့သည် ကျွန်တော့်ဘေးတွင် ဝိုင်းအုံလှုပ်ရှားနေကြရုံမျှမကတော့။ ရန်သူသဖွယ် ပြုမူလာကြတော့သည်။ ကျွန်တော့်ကိုယ်ပေါ်သို့လည်း အတင်းတက်လာကြလေသည်။

ကျွန်တော့်အသားများကို သွေးထွက်ပေါက်ပြီအောင် ကိုက်မိကြသည်။ သူတို့၏အလေးချိန်မှာ ဘာမျှမရှိပါ။ ပေါ့ပါးလှသည်။ နောက်ဆုံးတွင် ကျွန်တော့်မျက်လုံးများ ပိုမိုကြည်လင်လာသောအခါမှ ထိုအရာများကို သဲသဲကွဲကွဲမြင်ရလေတော့သည်။ ထိုအရာများက လင်းနို့များပင်ဖြစ်တော့၏။

အခြေအနေမှန်ကို ကျွန်တော်ရိပ်စားမိပါလေပြီ။ ကျွန်တော်ခိုလှုံသည့်ဂူမှာ လင်းနို့များနေထိုင်သည့် အိုးအိမ်ဖြစ်သည်။ သူတို့ဗီဇအတိုင်း ညအခါ အစာရှာထွက်ကြချိန်၌ ကျွန်တော်က ဝင်အိပ်နေမိသည်။ ယခု သူတို့ နံနက်မိုးလင်းပြီမို့ ဂူအတွင်းသို့ ပြန်လည်ခိုလှုံလာကြခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြန်လည်ခိုအောင်းလာချိန်တွင် သူတို့အိမ်သို့ ကျူးကျော်ဝင်ရောက်နေသည့် ကျွန်တော့်ကို မြင်ရသောအခါ ရန်ပြုကြတော့သည်။ သူတို့က ကျွန်တော့်သွေးကိုစုပ်ရန် ကြိုးစားအားထုတ်ကြသည်။ ကျွန်တော် ငြိမ်နေ၍ မဖြစ်တော့ပါ။ စွမ်းအားရှိသမျှ ခုခံရတော့သည်။ သို့သော် ခုခံတိုက်ခိုက်ရသည်မှာ ခက်ခဲ၍ ကတ်သီးကတ်သတ်နိုင်လှ၏။

ယင်းတို့ကို တိုက်ရသည်မှာ နှင်းမှုန်များနှင့် လုံးသတ်ရသလို အရာမရောက်ပါချေ။ ကျွန်တော် မည်မျှပင်ခုခံစေကာမူ သူတို့၏တိုက်ခိုက်မှုမှာ လျော့ပါးမသွားခဲ့ပါ။ တောင်ပံတွေသာ တဖျပ်ဖျပ်ရိုက်ခတ်ရင်း ကျွန်တော့်ကို ဝင်၍ကိုက်ခဲကြသည်။ သွေးများ ဖောက်ထုတ်ကြသည်။ လင်းနို့အုပ်မှာ ကျွန်တော့်ကို ကောင်းကောင်းကြီးဒုက္ခပေးလျက် ရှိနေတော့သည်။

ဂူထဲတွင် ကြာကြာရပ်တည်နေရန် အခြေမလှကြောင်း ရိပ်စားမိလာသည်။ ကျွန်တော်သည် ရိုက်ရင်းပုတ်ရင်းနှင့် ဂူအပြင်ဘက်သို့ ရောက်အောင် တိုးထွက်ရှောင်တိမ်းလာရသည်။ သူတို့ကလည်း နောက်မှ တရကြမ်းလိုက်၍ ကိုက်ခဲကြသည်။ ဂူပြင်ရောက်၍ အလင်းရောင်အား ကောင်းသည့်နေရာ ရပ်မိမှသာ သူတို့ဆက်မလိုက်တော့ပေ။ အမှောင်ကြိုက်၍ အလင်းရောင်ကို ပိုကြောက်သော လင်းနို့များသည် တပ်ခေါက်ပြန်ကုန်ကြသည်။ ထိုအခါမှသာ ကျွန်တော့်မှာ သက်သာရာရသွားရသည်။

ကျွန်တော်သည် နှင်းဖွေးနေသော ကျယ်ပြန့်သောချိုင့်ကြီးကြီး အောက်သို့ တိုးဝင်ပြီး ကျကျနနကြီးလဲလျောင်းကာ အားပါးတရအိပ်လိုက်ရတော့သည်။ ပင်ပန်းနွမ်းနယ်နေသည်ကတစ်ကြောင်း၊ အိပ်ရေးမဝသေးသည်က တစ်ကြောင်းကြောင့် ကျွန်တော်သည် တစ်ခဏအတွင်းပင် အိပ်ပျော်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်တစ်ကြိမ် ကျွန်တော်ပြန်လည်နိုးလာသောအခါ နားထဲတွင် လူတော်တော်များများ လမ်းလျှောက်လာသည့်ခြေသံမျိုး ကြားရသည်။ ခြေလှမ်းကျသံများမှာ ခပ်မှန်မှန်နှင့် ညီညီညာညာရှိလှ၏။ လူအတော်များများ၏ ခြေထောက်သံများဖြစ်၍လည်း အတော်ကလေးကျယ်လောင်စွာ မြည်ဟိန်းထွက်လာသည်။ ထိုအသံကို နားခံရသည်မှာ ရင်ထဲတွင် အေးခနဲ ဖြစ်အောင်  ထိတ်လန့်ချောက်ချားသွားမိ၏။

ကျွန်တော်သည် အိပ်နေမိသည့် ချုံဖုတ်ကြီးအတွင်း အသာတိုး၍ ကြည့်လိုက်မိ၏။ ထိုသို့တိုးကြည့်သော်လည်း ချုံမှာ ထူထပ်၍ အပေါ်မှလည်း သစ်ပင်ကိုင်းများ အုံ့ဆိုင်းလျက်ရှိသဖြင့် ကျွန်တော့်အတွက် လုံခြုံမှု စိတ်ချရလောက်ပါသည်။

မကြာမီ ကျွန်တော့်မြင်ကွင်းထဲသို့ လူများထွက်ပေါ်လာသည်။ ယောကျ်ား၊ မိန်းမများ တန်းစီ၍ ရေခဲမြစ်ကမ်းစပ်သို့ လျှောက်လာနေကြသည်။ သူတို့အားလုံးတွင် အဝတ်အစားများ ဝတ်မလာကြပေ။ ကျွန်တော့်မှာ အံ့သြခြင်းများစွာဖြင့် ငေးမောရူးစိုက်ကြည့်ခဲ့နေမိ၏။

ကျွန်တော်တွေ့နေရသည့်လူများမှာ အသားရောင် ဖြူနီစပ်နှင့် နီညိုရောင်တို့ တောက်ပြောင်နေသည်။ သူတို့ပြောသော စကားများကလည်း နားထဲကြားရသည်မှာ တစ်မျိုးကြီးဖြစ်နေသည်။ ကွိကွိကွကွအသံများသာဖြစ်သည်။ ထိုစကားများနှင့်ပတ်သက်၍ နောက်ပိုင်းမှ ကျွန်တော်သိလာရသည်မှာ ရှေးကျလွန်းသော အိန္ဒိယလူမျိုးနွယ်တစ်စုတို့ ဟိမဝန္တာတောင်တန်းကို ကျော်ဖြတ်ကာ လာရောက်နေထိုင်ကြသော ထိုလူမျိုးစု၏ စကားနှင့် လူဝံလိုသတ္တဝါတို့ ပြောဆိုသော မာဂဓဘာသာစကား တစ်ခုက်စီ ရောနှောပြောခြင်းဖြစ်ကြောင်းပင် ဖြစ်သည်။ ခေတ်အလွန်နှောက်ကျ၍ ရိုင်းစိုင်းသောဒေသမှ စကားတစ်မျိုးသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လူမျိုးစုတစ်သိုက်ထဲတွင် ထူးဆန်းလှသည့် သတ္တဝါတစ်ကောင်ကို ကျွန်တော်သတိထားမိသည်။

လူလည်းမမည်၊ မျောက်လည်းမမည်နှင့် စကောစကကျသူတစ်ယောက်ဖြစ်သည်။ ကျွန်တော်နှင့်လမုန်ထန်ကို ရန်မူတိုက်ခိုက်သော နှင်းတောင်လူဝံမျိုးနွယ်ပင် ဖြစ်နေသည်ကို တွေ့ရ၏။ သူ့တစ်ကိုယ်လုံးတွင် အမွေးအမျှင်များ ဖုံးအုပ်လျက်ရှိသည်။ အရပ်အမောင်းမှာ ငါးပေခြောက်လက်မခန့်မျှလောက် မြင့်သည်။

ဤသို့ဖြင့် ထူးခြားလှသောလူမျိုးစုသည် နှင်းခဲပြင်ကိုဖြတ်၍ ရေခဲမြစ်အစပ်သို့ အစီအရီဆင်းသွားနေကြသည်။ ယောကျ်ား၊ မိန်းမ၊ ကလေးငယ် စသဖြင့် အရွယ်မျိုးစုံပါဝင်ကြ၏။ သူတို့သည် ခါးလယ်ခန့်အထိနက်သော ကျင်စက်အောင်အေးသည့် ရေခဲမြစ်အတွင်းတွင်ရပ်ကာ ကိုယ်ခန္ဓာကိုယ်ကို နှင်းရည်များဖြင့် ပွတ်သပ်ဆေးကြောနေကြသည်။

သူတို့တတွေ လူပ်ရှားနေပုံ၊ ရေချိုးပုံများမှာ တစ်ယောက်နှင့်တစ်ယောက် ထပ်တူထပ်မျှလုပ်ဆောင်နေကြသဖြင့် ထုံးတမ်းစဉ်လာအရ ပွဲတော်တစ်ခုကို ကျင်းပပြုလုပ်နေပုံရသည်ဟု ကျွန်တော်တွေးမိ၏။ ရေနက်ထဲမှ တက်လာကြပြီးနောက် အသီးသီး သူတို့ခန္ဓာကိုယ်၊ ရင်ဘတ်၊ လက်မောင်း စသည်တို့ကို ဆီတစ်မျိုးနှင့် ပွတ်သပ်လိမ်းကျံကြလေသည်။ ပြီးမှ တစ်ခါ ထိုဆီနှင့်ပင် မျက်နှာကို ပွတ်သပ်၍ လိမ်းကြပြန်သည်။ ထူးဆန်းအံ့ဩဖွယ်ရာ ကောင်းလှန်းနေပေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# ‹အခန်း−၂›

ကျွန်တော့်ရှေ့ ရေခဲမြစ်အတွင်း ရေချိုးမင်္ဂလာဆင်ယင်နေကြသော ပုဂ္ဂိုလ်များမှာ လာလမ်းအတိုင်း တောတွင်းသို့ ပြန်လည်ဝင်ရောက်ပျောက်ကွယ်သွားကြ၏။ သို့သော် မိန်းမရွယ်တစ်ယောက်နှင့် ကလေးငယ်တစ်ဦးတို့ ကျန်ရစ်နေသေးသည်။

သူတို့နှစ်ယောက်သည် ရေယပ္ပင ဘာစုတစ်ခုကို လိုက်လံရှာဖွေနေကြ၏။ ကလေးငယ်မှာ ဗိုက်ပူပူကလေးနှင့် ကတုံးပြောင်ပြောင်ဖြစ်သည်။ သူက မိန်းမရွယ်နှင့် ရှစ်ပေခန့်ကွာသော ကျောက်ဆောင်တစ်ခုပေါ်တွင် ထိုင်နေလေသည်။ ကျွန်တော်သည် ကလေးငယ်ကိုတစ်လှည့်၊ မိန်းမရွယ်ကိုတစ်လှည့် လိုက်၍ကြည့်နေမိသည်။

ကျွန်တော့်မှာ မအီမသာခံစားနေရ၏။ ဆာလောင်မွတ်သိပ်ခြင်း ဒဏ်က အပြင်းအထန်ဖိစီးနှိပ်စက်နေသည်။ တောင်ပေါ်ကမ်းပါးစွန်းမှ ပြုတ်ကျရာတွင် အပေါ်ယံကြောတင်းနေသော ရေခဲမြစ်အတွင်း ကျသည့်



www.burmeseclassic.com

www.burmeseclassic.com



ထက်ကြောင့် အကြောအချဉ်အားလုံး နာကျင်ကိုက်ခဲနေ၏။ သည်ကြားထဲတွင် အသက်ရှူရသည်မှာ ကျပ်သလိုလို၊ အားမရသလိုလို ခံစားနေရသည်။ ကိုယ်တိုင် ကျွန်တော့်နေရာမျိုးတွင် မခံစားဖူးပါလျှင် သည်ဝေဒနာမျိုးကို ကိုယ်ချင်းစာစိတ် ရှိလိမ့်မည်မထင်ပါ။

သို့ဖြင့် စိတ်နှင့်ခန္ဓာကိုယ်မှ ဝေဒနာကို ကြာရှည်စွာသည်းမခံနိုင်သောအခါ ရှေ့ရေးနောက်ရေးများကိုလည်း ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ဘဲ ကျွန်တော်ပုန်းကွယ်နေရာ ချုံကြီးအတွင်းမှ ရဲဝံ့စွာထွက်လိုက်သည်။ သူတို့နှစ်ယောက်နားသို့ရောက်လျှင် အသံပြုနှုတ်ဆက်လိုက်၏။

"ဒီမှာခင်ဗျာ.."

အဦးဆုံးလှုပ်ရှားသူမှာ ကလေးငယ်လေးဖြစ်သည်။ သူငယ်လေးသည် ကျွန်တော့်ကို တဒင်္ဂမျှ မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်၏။ ထို့နောက် မယုံကြည်နိုင်လောက်သောအဟုန်ဖြင့် ခုန်ချလိုက်သည်။ ခုန်သည်ဆိုခြင်းထက် ပျံသည်ဟုဆိုခြင်းက ပို၍များမှန်ကန်နေမည်လားမဆိုနိုင်။ သူခုန်ပျံပုံမှာ ပေါ့ပါးငှာနားလှသည်။

သူငယ်လေးသည် ကျောက်တုံးပေါ်မှသည် ရေစပ်မှ မိခင်၏ကျောပေါ်သို့ တစ်မုဟုတ်ချင်း ရောက်သွား၏။ သူသည် မိခင်ဖြစ်သူ၏လည်ပင်းကို တင်းကျပ်စွာပွေ့ဖက်ထားပြီး ဦးခေါင်းကိုလည်း ကျောနှင့်ကပ်နေအောင် ဖိကပ်ထားလိုက်သည်။

မိခင်ဖြစ်သူမှာလည်း ထိုနည်းတူပင် ကျွန်တော့်ကိုမြင်သည်နှင့် လန့်သွားသည်။ သူမသည် သားငယ်ကဲ့သို့ပင် ပေါ့ပါးစွာခုန်လိုက်သည်။ နှင်းခဲပြင်ပေါ်တွင် သုံးလေးကြိမ်ခုန်ပြီးသည်နှင့် တောအုပ်စပ်သို့ရောက်သွားတော့၏။ နောက်တစ်ကြိမ်တွင်မူ အနိမ့်အမြင့်ကိုင်းကျနေသည့် သစ်ပင်ကိုင်းကို သူမ,ခုန်တက်သွား၏။ သစ်ပင်အုပ်များ၊ ထူထပ်သော



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်သစ်ကိုင်းများဖြင့် တန်ဆာဆင်ထားသဖြင့် အကာအကွယ် ကောင်းများသဖွယ် ဖြစ်နေလေသည်။

သားအမိနှစ်ယောက်မှာ ခိုမိသွားသောသစ်ကိုင်းမှတစ်ဆင့် သစ်ရွက်၊ သစ်ပွင့်တို့ကြားသို့ တိုးဝင်ပျောက်ကွယ်သွားသည်။ ထူထဲအုံ့ဆိုင်းသော သစ်ရွက်သစ်ခက်စိမ်းများကြားဝယ် သူတို့ကို ကျွန်တော်လိုက်ကြည့်၍ မမြင်နိုင်အောင် ဖြစ်နေတော့သည်။

သို့သော် တကွိကွိတကွကွဖြင့် ဆူညံစွာပြောဆိုနေကြသော လူဝံလေလား၊ မျောက်ဝံလား မသိသော အသံကိုကား နားထဲ၌ ကြားနေ၏။ စောစောကမိန်းမ ပြန်ပြောနေသော အသံသေးအသံကြောင်များကို ဆက်လက်ကြားရပြန်သည်။ ယခုအချိန်တွင် ကျွန်တော်မှာ မိန်းမရွယ်နှင့် ကလေးငယ်တို့၏ ဖောက်သည်အချကောင်းမှုကြောင့် မျောက်တစ်သိုက် ပေါ်လာသည်။ မျောက်များမှာ သစ်ပင်သစ်ကိုင်းများပေါ်၌ ဝိုင်းဖွဲ့ထိုင်ရင်း ကျွန်တော့်ဘက်လှည့်၍ သူတို့၏ဘာသာစကားဖြင့် ဆူညံစွာ မေးနေ ပြောနေကြသ ည်။ ကျွန်တော် နားမလည်ခဲ့ပါချေ။ စိတ်ထဲတွင်မူ မိန်းမရွယ်ကို သူတို့တတွေနားလည်အောင် ပြန်လှန်ပြောပြလိုစိတ်များ ရှိပါသည်။

ဤသို့ မျောက်ဝံလား၊ လူဝံလား မသိသောမျောက်များ ဝိုင်း၍ အော်ဟစ်မေးမြန်းနေချိန်တွင် စောစောကလိုပင် စည်းချက်ညီညီ မောင်းခေါင်းသံများ ပေါ်လာပြန်သည်။ ခဏမျှကြာသော် ကျွန်တော့်မှာ ထို လူမျိုးစုများ ဝိုင်းရံထားခြင်းကို ခံလိုက်ရပြန်သည်။ သူတို့ထံတွင် လုံများ မြားတပ်ထားသော လေးငယ်များ ကိုယ်စီကိုယ်ငှ ကိုင်ဆွဲထားကြသည်။

ကျွန်တော့်ပတ်ပတ်လည်တွင် ဤကဲ့သို့သော လူမျိုးစုများ လက်နက်ကိုယ်စီဖြင့် ချိန်ထားကြသော်လည်း မည်သို့သောဘာသာစကား မျှ မဆိုကြပေ။ တင်းမာကာ တည်ငြိမ်သော မျက်နှာအနေအထားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို စိုက်ကြည့်နေကြသည်။ စကားစတင်ပြောဆိုရမည့်လူမှာ ကျွန်တော်သာဖြစ်ကြောင်း ရိပ်စားမိလာသည်။

နောက်ဆုံးတွင် ကျွန်တော်သည် အားတင်း၍ ကျွန်တော်နားလည်တတ်ကျွမ်းသော ကချင်စကားဖြင့် စတင်၍ပြောရသည်။ စကားပြောသည်ထက် တောင်းပန်အသနားခံရသည်ဆိုလျှင် ပို၍မှန်ကန်ပါလိမ့်မည်။ သူတို့နယ်မြေအတွင်းသို့ ချောက်ကမ်းပါးယံမှ မတော်တဆပြုတ်ကျခဲ့ရပြီး ရေခဲမြစ်အတိုင်း မျှောပါလာရင်း ရောက်ခဲ့ရပုံ၊ ကျွန်တော့်ကို မသတ်ရန်ကို တောင်းပန်ပြောဆိုခဲ့ရသည်။

ထို့မှုမက ကျွန်တော်သည် သူတို့ကို ရန်ပြုမည်မဟုတ်ကြောင်း၊ မိတ်ဆွေဖြစ်လိုသော စိတ်သာရှိကြောင်း၊ မုဆိုးတစ်ယောက်သာဖြစ်ကြောင်း၊ ယခုလို ပြုတ်ကျ၍ မသေမပျောက်ဖြစ်ရသည်မှာလည်း ရေခဲမြစ်အတွင်း ကျသဖြင့်သာ သက်သာရာရကြောင်း၊ အဖော်ပါလာသူ မုဆိုးမှာလည်း သူ့အားသေဆုံးသွားပြီထင်မှတ်သွားကြောင်းကို ပြည့်ပြည့်စုံစုံပြောပြရသည်။

ကျွန်တော်ပြောပြသမျှကို သူတို့သဘောပေါက်ကြသည်ဟု ထင်ပါသည်။ အကြောင်းမူကား သူတို့အထဲမှ အချို့သောလူများသည် ရေခဲမြစ်အထက်ဘက်တွင်ရှိသော နှင်းဖုံးတောင်ကမ်းပါးယံအက်ကြောင်းကြီးဆီသို့ လှမ်းမျှော်ကြည့်နေသောကြောင့်ဖြစ်သည်။

ကျွန်တော်က ပြောစရာစကားများ မရှိတော့သဖြင့် သည်နေရာတွင်ပင် ရပ်လိုက်တော့သည်။ သူတို့ထံမှ ဩဘာပေးသောလက်ခုပ်သံများ ပေါ်ထွက်လာလိမ့်မည်ဟု ကျွန်တော်မျှော်လင့်မထားပါ။ သို့သော် အနည်းဆုံး ပြုံးပြကြလိမ့်မည်ဟု ထင်မြင်မိ၏။ ကျွန်တော်မျှော်လင့်သလို ဖြစ်မလာခဲ့ပါ။ သူတို့မှာ သည်အတိုင်း စက်ဝိုင်းသဖွယ် ပတ်ပတ်လည်ဝိုင်းထား



www.burmeseclassic.com

www.burmeseclassic.com



မြို့ဖြစ်သည်။ ကိုယ်လုံးတီးသာသာ အဝတ်အစားများနှင့် ပါးတစ်ဖက်တစ်ချက်တွင် ကန့်လန့်ဖြတ်အမာရွတ်များမှာ ပိုမိုထိတ်လန့်ဖွယ်ရာကောင်းနေပါ၏။

ထိုသို့ အခြေအနေတင်းမာနေသည့်အခိုက်တွင် ကျွန်တော့်နောက်ဘက်ရှိ တောစပ်မှ အသံတစ်သံထွက်ပေါ်လာသည်။ မိန်းမပျိုတစ်ယောက်၏ အသံဖြစ်သည်။ မိန်းမပျိုသည် ကချင်စကားဖြင့် ပြောဆိုနေသောကြောင့်ပင်ဖြစ်၏။

"ရှင် ဘာမှမလှုပ်ရှားနဲ့ဦး။ ကျွန်မအဖေနဲ့ စကားပြောတိုင်ပင်လိုက်ဦးမယ်"

ယခုကဲ့သို့ ဝေးလံပြီး ခေါင်လှသော တောကြီးမျက်မည်းအရပ်မျိုး၌ ကိုယ်နားလည်တတ်ကျွမ်းသော ကိုယ့်ဘာသာ ကချင်စကားပြောသံကို ကြားရသောအခါ အဘယ်မျှဝမ်းသာမိမည်ကို ဖော်ပြရန်ပင် မတတ်စွမ်းနိုင်ပါချေ။

သူမ၏ ကချင်စကားလေယူလေသိမ်းမှာ ဝဲသလိုလို လျှာငေး သလိုလို ထင်ရသည်။ ထိုအချိန်တွင် တောတစ်ခုလုံး ကွဲကွဲကွကွစကားသံများဖြင့် ဆူညံပွဲတင်ထပ်သွားပြန်သည်။ ထိုအသံများ ပျောက်ကွယ်သွားပြီးနောက် တောအားလုံးမှာ ရုတ်ခြည်းဆိတ်ငြိမ်သွားပြန်သည်။

အတော်ကြီးကြာသွားမှ မိန်းမပျို၏ ဒူးလင်းဂျင်းဖော ကချင်စကား ဝဲတဲတဲလေသံလေး ထပ်မံထွက်ပေါ်လာပြန်၏။

"သူတို့က ရွှေပန်းထိမ်ဆရာဆီ သွားအကြောင်းကြားနေလေရဲ့၊ ရှင့်ကို သူက စကားပြောပါလိမ့်မယ်"

ကျွန်တော့်မှာ ပဟေဠိစကားတွေ ကြားနေရသလို ဖြစ်ရ၏။ ရွှေပန်းထိမ်ဆရာဆီသို့ အဘယ်သူတွေသွားကြသည်ကိုလည်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မသိခဲ့၊ မမြင်ခဲ့ပါချေ။ ယုတ်စွအဆုံး ရွှေပန်းထိမ်ဆရာဆိုသူမှာ အဘယ်သူဖြစ်ကြောင်းကို ကျွန်တော်မရိပ်စားမိပေ။ ကျွန်တော်က တောအစပ်ဆီသို့လှည့်ကာ ဟိုဟိုသည်သည် လိုက်ကြည့်မိသည်။ ကျွန်တော်မြင်ရသည်က စိမ်းစိုသော သစ်ရွက်များ၊ သစ်ပင်လုံးများ၊ သစ်ကိုင်းများနှင့် နှင်းဖုံးနေသော ချုံနွယ်များသာဖြစ်သည်။ ထိုအရာများကလွဲ၍ ဘာတစ်ခုမျှ စိတ်ဝင်စားဖွယ်ရာကို မတွေ့ခဲ့ရသေးပေ။

ကျွန်တော့်ဘေးတွင်မူ လူမျိုးစုများ အစိုင်းမပျက် ဝိုင်းထားဆဲပင်။ အဘယ်သူတစ်စုံတစ်ယောက်ကမျှ လှုပ်ရှားမှုမပြုဘဲ မူရင်းအခြေအနေအတိုင်း ရှိနေကြ၏။ ကျွန်တော့်ဦးနှောက်ထဲတွင်မူ အတွေးဗလချာနှင့် ပြည့်လျှမ်းလှုပ်ရှားလျက်ရှိသည်။ ရွှေပန်းထိမ်ဆရာဆိုသူမှာ အဘယ်သူပေနည်း။ ဒူးလင်းဂျင်းဖောစကားပြော မိန်းကလေးမှာ အဘယ်သူပေနည်း။

ထိုအခိုက်မှာပင် ကျွန်တော့်နောက်ဘက်မှ ခြေသံများ ကြားလာရသည်။ ပထမ နှာခေါင်းထဲသို့ ညှော်နံ့တစ်မျိုး သင်းလာသည်။ ဆေးတံဆေးနံ့မျိုးဖြစ်သည်။ သို့သော် ကျွန်တော်သောက်နေကျ ဆေးမျိုးတော့ ဘုတ်ဟန်မတူပေ။ လူတစ်ယောက် ကျွန်တော့်ရှေ့သို့ ရောက်လာသည်။ သူ့ပါးစပ်တွင် ဆေးတံတစ်ချောင်း ခဲထားသည်။

"နေထိုင်ကောင်းရဲ့လား။ တွေ့ရတာ ဝမ်းသာပါတယ်"

သူသည်လည်း ကချင်စကားဖြင့်နှုတ်ဆက်လာသဖြင့် ကျွန်တော် အံ့သြရ၏။ သေချာကြည့်သောအခါ သူသည် ဒူးလင်းအမျိုးသားတစ်ယောက် ဖြစ်နေပေသည်။

သို့သော် သူ့ကိုယ်ပေါ်တွင် ဆင်ယင်ထုံးဖွဲ့ထားသော အဝတ်အစားများကို သားရေဖြင့်ချုပ်၍ ခပ်ကျပ်ကျပ်ပြုပြင်ထား၏။ ခေါင်းစွပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း သားရေမောဖြင့်ပြုလုပ်ထားပြီး အပေါ်တွင် ဝက်ဝံနက်ရေ အုပ်ထားသည်။ သူသောက်နေသောဆေးတံမှာ သစ်နက်တစ်မျိုးဖြင့် ပြုလုပ်ထား၏။ သူ့မျက်လုံးအစုံမှာ အရောင်ဖျော့တော့နေသည်။ လူ့ဘဝကို လုံးဝလျစ်လျူရှုထားသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ဟန်တူသည်။

"သူတို့က ကျွန်တော့်ကို သတ်ပစ်ကြမှာလား"

ကျွန်တော်က သူ့ကို မေးလိုက်၏။ သူက ရုတ်တရက် ပြန်မဖြေခဲ့ပေ။ ဆေးတံကို သုံးလေးကြိမ်ဖွာရှိုက်နေပြန်သည်။ တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားနေဟန် တူပါသည်။ ပြီးမှ ပါးစပ်ထဲက ဆေးတံကိုထုတ်ကာ ခတ်ပြတ်ပြတ်ပြောလိုက်သည်။

"ထုံးစံကတော့ သူတို့နယ်မြေထဲ ရောက်လာရင် ပြန်လမ်းမရှိဘူး။ သတ်ပစ်လေ့ရှိတယ်"

မည်မျှအားတက်စရာကောင်းသော အဖြေပေနည်း။ ထိုအခိုက် တကယ်တမ်းအားတက်စရာကောင်းသည့် အသံတစ်သံ ကြားဖြတ်ပေါ်ပေါက်လာသည်။

"သိပ်လည်း စိတ်မလျှော့ပါနဲ့ဦး။ ဒီပြင်နည်းလမ်း ရှိပါသေးတယ်"

မိန်းမပျို၏ အသံဖြစ်၏။ သူမသည် ကျွန်တော်နှင့်အနီးကပ်ဆုံး တစ်နေရာမှာ စောင့်ကြည့်နေပုံရသည်။ ကျွန်တော်က သူမကို မမြင်ခဲ့ရပါချေ။ သို့အတွက် ရှေ့တည့်တည့်တွင် ရပ်ကြည့်နေသည့် ဆေးတံနှင့်လူကိုပင် စကားပြောရသည်။ သူ့ကို ကျွန်တော်၏ဖြစ်စဉ်ကို ပြောပြလိုက်သည်။ သူကမူ တစ်ဖန် ပတ်ပတ်လည်ဝိုင်းရံလျက်ရှိသော လူမျိုးစုများမှာ ထိုသူ့စကားကို စိတ်ဝင်စားစွာနားထောင်နေကြသော်လည်း စကားပြန်ခြင်းမရှိကြပေ။



www.burmeseclassic.com

www.burmeseclassic.com



အဝေးကြီးကြာမှ အိပ်မင်းနေပြီဖြစ်သော လူမျိုးစုအကြီးအကဲထံမှ ထူးဆန်းသောအသံတစ်မျိုး ကြားရသည်။ သူ့အသံမှာ ကျန်လူများကို အမိန့်ထုတ်လိုက်ဟန် တူပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျန်လူများသည် သူတို့၏ တင်းမာနေသည့်မျက်နှာထားများကို လျှော့ချလိုက်ကြပြီး ရပ်နေရာမှ ထိုင်ချလိုက်ကြသောကြောင့် ဖြစ်သည်။

ထို့နောက် မိန်းမပျို၏အသံ ထပ်မံပေါ်လာ၏။ သည်တစ်ကြိမ်တွင် ကချင်စကားနှင့် မဟုတ်ပါ။ သူတို့လူမျိုးစုဘာသာစကားနှင့် ဖြစ်နေသည်။ ကျန်လူများကမူ စိတ်ဝင်စားဟန် မပြပေ။ သူတို့က ကျွန်တော့်ကိုသာ စူးစိုက်ကြည့်နေကြသည်။ သူတို့အကြည့်မှာ ကျွန်တော့်အပေါ်၌ ရှုစမ်းအကဲခတ်သည့် အကြည့်မျိုးဖြစ်သည်။

ထိုစဉ် ဆေးတံနှင့် ရွှေပန်းထိမ်ဆရာသည် အညိုရောင်သစ်ရွက်ခြောက်များကို သူ့ဆေးတံအိုးထဲသို့ ထပ်ထည့်ကာ အားပါးတရဖွာလိုက်သည်။ ပြီးမှ ကချင်စကားနှင့် ပြောလာသည်။

"ကောင်မလေးက ခင်ဗျားကို သူ့ကျွန်အဖြစ်သုံးဖို့ တောင်းဆိုနေတယ်"

"ကောင်မလေးဆိုတာက ဘယ်သူလဲ"

"ဂျာနူး"

အသတ်ခံရခြင်းထက် ကျွန်လုပ်ရသည်က တော်ပေလိမ့်မည်ဟု တွေးမိကာ ဝမ်းသာရသေး၏။ ထိုစဉ် မျောက်ဝံလိုသတ္တဝါက ဆူညံစွာ စကားပြောလာပြန်သည်။

သူက သစ်ကိုင်းကြီးပေါ်မှ ပြောနေခြင်းဖြစ်သည်။ သူ့စကားဆုံးသွားသောအခါ မိန်းမပျိုက စကားအနည်းငယ်ပြန်ပြောသည်။ သူတို့ပြောသောစကားကို ကျွန်တော်နားမလည်သော်လည်း တစ်စုံတစ်ခုသော



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို အချေအတင်ပြောနေကြကြောင်းကိုကား ကျွန်တော်နားလည်မိပါသည်။ မိန်းမပျိုနှင့် မျောက်ဝံလိုသတ္တဝါတို့သည် ဆက်လက်၍ အချီအချပြောနေကြပြန်သည်။ ထိုသည့်တစ်ချိန်လုံးတွင် ရွှေပန်းထိမ်ဆရာမှာ ဆေးဆံကိုသာ တွင်တွင်ကြီးဖွာ၍ နှာခေါင်းထဲမှ မီးခိုးများမှုတ်ထုတ်လျက်သာ ရှိနေသည်။ သူသည် ကချင်အမျိုးသားစစ်စစ်ဖြစ်သော်လည်း ထူးဆန်းသောလူသားတစ်ယောက် ဖြစ်နေပေသည်။

နောက်ဆုံး အဘိုးကြီးက အာလုပ်သံတစ်ချက်ပေးလိုက်သည်။ ကျူန်လူများက အားလုံးမတ်တတ်ထရပ်လိုက်ကြသည်။ ကျွန်တော့်ကို စီရင်ချက်ချပေတော့မည်။ ကျွန်အဖြစ်ပေလော၊ ယဇ်ပူဇော်ခံရမည့် လူသားအဖြစ်ပေလောဟူ၍ မပြောတတ်ပါချေ။ ခေါင်းဆောင်၊ အကြီးအကဲ အဘိုးကြီးသည် ကျွန်တော့်မျက်နှာကို သေချာစွာ စူးစိုက်ကြည့်နေသည်။ ရှုံ့တွနေသော မျက်လုံးအစုံကို တစ်ကြိမ်၊ နှစ်ကြိမ် ပုတ်ခတ်ပုတ်ခတ်လုပ်ကြည့်သည်။

ပြီးမှ စကားနှစ်လုံးကို ပြင်းပြင်းသားစွာပြောချလိုက်၏။ စီရင်ချက်ချသည်ဟု ဆိုရမည်လား မသိ။ လူမျိုးစုများသည် အသီးသီး တောစပ်ဆီသို့ ပြန်လည်ဝင်ရောက်သွားကြတော့သည်။ သူတို့အားလုံး လာလမ်းအတိုင်း လျှောက်ပြန်ကြခြင်းဖြစ်သည်။ ကျွန်တော်သည် အသတ်ခံရမည့်အခြေသို့ ရောက်ပြီဟု တွေးတောမိသည်။ အဘယ့်ကြောင့်ဆိုသော် အကယ်၍သာ ကျွန်တော့်ကို ကျွန်အဖြစ်စေခိုင်းမည်ဆိုးဖြတ်ခဲ့ပါမူ ရွှေပန်းထိမ်ဆရာသည် သေချာပေါက်ပြောပြသွားမည်သာ ဖြစ်ပါ၏။

ယခုမူ သူသည် အခြားသောသူများနှင့်အတူ ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။ ကျွန်တော့်ကို စကားတစ်လုံးမှပင် ပြန်ပြောမသွားခဲ့ပါချေ။ နောက်ဆုံးတွင် ပတ်ဝန်းကျင်တွင် အသံများ လုံးဝတိတ်ဆိတ်ငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့သည်။

ကျွန်တော်သည် ဟိုဟိုသည်သည်လိုက်လံလှည့်ပတ်ကြည့်လိုက်သည်။ အနီးအနားတွင် မည်သူ့ကိုမှ မမြင်ခဲ့ရပေ။ တောစပ်နှင့် ရေခဲမြစ်ကမ်းစပ် ထိတွေ့ရာအရပ်၌ ကျွန်တော်တစ်ဦးတည်းသာ ထီးထီးကြီးရပ်လျက်ရှိနေသည်။ အရာခပ်သိမ်းမှာ ငြိမ်သက်တိတ်ဆိတ်လျက်ရှိသည်။ အတော်ကလေးကြာမှ ကျွန်တော့်နားထဲသို့ ချီးချီးချွတ်ချွတ်မြည်သံများထွက်ပေါ်လာသံ. ကြားရသည်။

သစ်ကိုင်းသစ်ရွက်များကို တိုးသွား၍ မြည်သည့် လှုပ်ရှားသံဖြစ်သည်။ တစ်စုံတစ်ယောက် ကျွန်တော်ရှိရာဘက်သို့ လာနေခြင်းဖြစ်ပါ၏။ မိန်းမပျိုတစ်ယောက် ကျွန်တော့်ဘက်သို့လျှောက်လာနေသည်။ သူမသည် မြက်ဖြင့်ပြုလုပ်ထားသော သင်တိုင်းရှည်ကြီး ဝတ်ဆင်ထားသည်။ ကျွန်တော့်ကို သူမက စတင်၍ ကချင်ဘာသာဖြင့် စကားပြောလာသည်။

''ကျွန်မနာမည်က ဂျာနူးပါ။ ဆလီဖရဲ့ သမီးပါ။ နောက်ပြီး ရွှေကြောကြီးကို တာဝန်ယူစောင့်ထိန်းရပါတယ်။ ခုပြောနေတဲ့ ဒူးလင်းဂျင်းဖော ကချင်စကားကို ရွှေပန်းထိမ်ဆရာကြီးဆီက သင်ကြားတတ်မြောက်ခဲ့တာလေ။ ရှင်ကလည်း ဒီစကားကိုပဲ ပြောတယ်မဟုတ်လား။ ကောင်းပါတယ်..။ ခုချိန်ကစပြီး ရှင့်ဟာ ကျွန်မရဲ့ကျွန် ဖြစ်သွားပြီနော်''

''အမလေး.. ဘုရားသခင်ကို ကျေးဇူးတင်ရမှာပါပဲ။ ကျုပ်က နတ်တိုင်မှာ အသတ်ခံရမယ် မှတ်နေတာ''

ကျွန်တော်က ဝမ်းသာအားရ ပြောလိုက်မိသည်။

''ရှင့်ကို မသတ်တော့ပါဘူး။ မပူပါနဲ့..။ ကျွန်မကျွန်အဖြစ်နဲ့ပဲ နေရပါလိမ့်မယ်။ ဒါပေမဲ့ ရှင့်မှာ ကျွန်ဘဝက လွတ်မြောက်နိုင်တဲ့အခွင့်အရေး ရှိပါသေးတယ်။ ဘယ်လိုလဲဆိုတော့ ကျွန်မရဲ့အနားဆီမှာ သူ



www.burmeseclassic.com

www.burmeseclassic.com



တောင်းတဲ့ သားမွေးနဲ့သားရေတွေ ပေးနိုင်မယ်ဆိုရင် ကျွန်ဘဝက လွတ်မြောက်နိုင်ပါတယ်။ ဒါလည်း ရှင်က မုဆိုးဆိုတော့ သိပ်ခဲယဉ်းလိမ့်မယ်လို့ ကျွန်မမထင်ဘူး။ ပြီးတော့ ရှင်ဟာ တခြားလူတွေလိုပဲ စစ်သည်တော်တစ်ယောက် ဖြစ်လာပါလိမ့်မယ်''

''အင်း.. ကောင်းပါတယ်။ ကျွန်တော်ဟာ တစ်ခါမှ မိန်းမတစ်ယောက်ရဲ့ကျွန် မဖြစ်ခဲ့ဘူး။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ကျွန်တော်ကျေနပ်ပါတယ်''

''ရှင့်ကို ကျွန်မတို့လူမျိုးတွေဆီကနေ ဝယ်ယူလိုက်ရတာပါ။ ကျွန်မဲ နောက်တစ်ခါ အမဲပစ်ထွက်တဲ့အခါ ရလာမယ့် ကျွန်မဝေစုကို သူတို့ကိုပဲပေးပါ့မယ်လို့ ကျွန်မအဖေဆီမှာ ကတိပေးလိုက်ရတယ်''

''ကျေးဇူးတင်ပါတယ်ဗျာ''

ကျွန်တော်သည် ကျွန်တစ်ယောက်အဖြစ်ခံရသည့်တိုင်အောင် ကိုယ့်အသက်ကို ကယ်ဆယ်သူတစ်ဦးအား လှိုက်လှိုက်လှဲလှဲကျေးဇူးတင်နေမိပါသည်။

''ကဲ.. ဒါဖြင့် ကျွန်မနဲ့ လိုက်ခဲ့ပေတော့''

သူမသည် ထိုသို့ပြောပြီးနောက် ရှေ့မှနေ၍ တောထဲသို့ဝင်လာခဲ့သည်။ ကျွန်တော်က သူမနောက်မှလိုက်ရင်းက ဂျာနူး၏ကျောပြင်လေးကို လေ့လာသုံးသပ်ခွင့်ရခဲ့သည်။ ကိုယ်ခန္ဓာမှာ ပြေပြစ်ကျော့ရှင်း၍ နွဲ့နွဲ့နှောင်းနှောင်းဟန်ဖြင့် လှုပ်ရှားသွားလာနေသည်။ အသက်အရွယ်မှာလည်း များစွာမကြီးသေး။ အပျိုသွေးအကြွဆုံးအရွယ်ပင်ဖြစ်သည်။ ဂျာနူးသည် ကျွန်တော့်ကိုလှည့်မကြည့်ဘဲ တင်ပါးဝိုင်းဝိုင်းကြီးများကို ခါ၍သိမ်းလှုပ်ရှားရင်း သွားမြဲသွားနေသည်။

ကျွန်တော်တို့တိုးဝင်မိသည့်တောမှာ ထူထပ်၍ ချုံနွယ်များ များ



www.burmeseclassic.com

www.burmeseclassic.com



လှသည်။ သစ်ပင်၊ သစ်ကိုင်းကြီးများမှာ ပိန်းပိတ်အောင်များလှရကား နေ့ခင်းမွန်းတည့်ချိန်ကလေးမှာပင် နေပြောက်ထိုးမရလောက်အောင် ဖြစ်နေသည်။ အတော်ကြာဖြတ်သန်းလျှောက်လာခဲ့မိကြပြီးနောက် မကြာမီ ကျယ်ပြန့်သောမြေကွက်လပ်တစ်ခုသို့ ရောက်လာ၏။ ထိုမြေကွက်လပ်ပေါ်တွင် တဲများဝိုင်းရံဆောက်လုပ်ထားပြီး အအေးဒဏ်ကိုကာကွယ်ရန် အလယ်၌ ရောမမီးပုံကြီးတစ်ပုံကို ဖိုထားသည်။

စောစောက ကျွန်တော့်ကို ဝိုင်းရံဖမ်းဆီးခဲ့သည့် လူမျိုးစုများ နေထိုင်ရာဖြစ်သည်။ လူတွေက ဘာမျှမဖြစ်သလို ဟိုတစ်စုသည်တစ်စု စု၍ လုပ်ဖွယ်ဆောင်တာများကို လုပ်ကိုင်နေကြသည်။ ကျွန်တော်ဝင်လာသည်ကိုပင် ဂရုတစိုက်မရှိကြပေ။ တကယ်တော့လည်း ကျွန်တော်သည် သူတို့လူမျိုးစုထဲတွင် တစ်ယောက်အပါအဝင်ဖြစ်လာခဲ့ပြီ မဟုတ်ပါလား။ ကျွန်တော်သည် အကြီးအကဲလုပ်သူ၏သမီး ဂျာနူးပိုင်ဆိုင်သော ကျွန်တစ်ယောက်ဖြစ်ပါသည်။

မိန်းမတော်တော်များများကမူ ကျွန်တော့်ကို ထူးဆန်းသော သတ္တဝါလို ကြည့်တတ်ကြသည်။ ကလေးသူငယ်များကမူ ကျွန်တော်ကပ်လာသည်နှင့် ထွက်ပြေးတတ်ကြသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ‹အခန်း–၃›

ဂျာနူးအမည်ရှိသော မိန်းမပျိုကလေးသည် ကျွန်တော့်အား တဲတစ်လုံးထဲသို့ ခေါ်လာခဲ့သည်။ တဲထောင့်တစ်နေရာတွင် သစ်သားခုံ တစ်ခုရှိသည်။ တိရစ္ဆာန်သားရေပေါင်းစုံနှင့် အစွယ်များ၊ ဦးချိုများ၊ ခေါင်းခွံများ တဲအတွင်း၌ ရှိသည်။ ဂျာနူးသည် သူတို့လူမျိုးနှင့် ပြန်လှန်ပြောသံကို အပြင်ဘက်မှ ကြားရသည်။ မကြာမီ အဘွားအိုကြီးတစ်ယောက် ဝင်လာ၏။ ကျွန်တော်က သူတို့လူမျိုးစုထုံးစံအတိုင်း ခြေဖျားထောက်၊ ဒူးထောက်ထိုင်ရင်း သစ်သီးသစ်ဖုများကို ကြိုးစားစားသောက်ရသည်။

သစ်သီးများမှာ စား၍ အရသာရှိလှသည်။ သစ်သီးများစားပြီးသောအခါ ဝါးခွက်ဖြင့်ထည့်ထားသော ပျစ်ချွဲချွဲအရည်များကို ကမ်းပေးပြန်သည်။ ကျွန်တော်က သောက်ချပစ်လိုက်ရသည်။ ပါးစပ်အတွင်း ပူခါး၍ ဝင်သွားသည်။ မည်သို့သောအရသာနှင့်တူပါသနည်းဟု မေးလာပါမူ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကချင်အရက်ပြင်းနှင့် တူပါသည်ဟု ဆိုရပါလိမ့်မည်။

"ကဲ . . လာ . . ကျွန်မနောက်ကို လိုက်ခဲ့"

ကျွန်တော်စားသောက်ပြီးစီးသောအခါ သခင်မဂျာနူးက ခေါ်ပြန်သဖြင့် သူမနောက်သို့ လိုက်ခဲ့ရပြန်သည်။ ကျွန်တော်တို့က တောနက်တွင်းသို့ တစ်ဖန်ပြန်ဝင်လာခဲ့ကြရပြန်၏။ ထိုနေရာတစ်ဝိုက် သစ်ပင်ပေါက်ပုံမှာ ပိုမိုစိပ်၏။ နှင်းဖုံးနေသော ချောက်ကမ်းပါးနံရံဆီတွင်သာ သစ်ပင်မပေါက်ဘဲ ရှိနေလေသည်။

ချောက်ကမ်းပါးတစ်လျှောက်တွင် နှင်းခဲများဖြစ်ပြီး အချို့သော တစ်နေရာ၊ နှစ်နေရာမျှတွင် ကျောက်သားကျောက်တုံးများဖြင့် ပြောင်လိုက်ပေါ်လွင်လျက်ရှိနေ၏။ ပထမတွင် ကျွန်တော်သည် ထိုကျောက်သားမျက်နှာပြင်ကို အမှတ်တမဲ့ပင် ကြည့်နေမိသည်။ သို့သော် သေသေချာချာ စူးစိုက်ကြည့်လိုက်သောအခါ မျက်လုံးအစုံကျယ်သွားရတော့သည်။ ကျွန်တော်မြင်ရသည်မှာ ကျောက်သားမျက်နှာပြင်ထဲတွင် ထင်ထင်ရှားရှားပါဝင်နေသော ရွှေကြောကြီးကိုပင် ဖြစ်ပါ၏။ အချို့အစအနများကလည်း ကျောက်နံရံဘေးဆီတွင် ပုံရွဲ့ကျလျက်ရှိနေသေးသည်။ ထိုနေရာတစ်ဝိုက်တွင်မူ မြေပြင်ကို နှင်းပွင့်နှင်းခဲချပ်များနှင့် သစ်ရွက်သစ်ကိုင်းများမရှိစေရန် ပြောင်လက်စွာလှည်းကျင်းရှင်းလင်းထား၏။ မြေပြင်မှာလည်း မာကျောလှသည်။

ရွှေကြောကြီးဘေးတွင် မီးပုံတစ်ပုံဖိုထားပြီး ရွှံ့ဖြင့်ပြုလုပ်ထားသောပုံများ အရွယ်မျိုးစုံ ပြန့်ကျဲလျက်ရှိသည်။ မီးဖိုကို လေဖြင့်မှုတ်ပေးသည့် သားရေဖြင့်ပြုလုပ်ထားသော ဖားဖိုကြီးတစ်ခုလည်း ရှိနေသည်။ ရွှေကြောထဲတွင်ရှိနေသော ရွှေများမှာ သလင်းကျောက်များဖြင့် ရောနှောလျက်ရှိနေသည်။ ကျွန်တော်သည် ရွှေနှင့်သလင်းကျောက် ရောနေသည့်



www.burmeseclassic.com

www.burmeseclassic.com



အစိုင်အခဲတစ်ခုကို ကောက်ယူကြည့်လိုက်၏။ ပြီးမှ လက်ဝါးနှင့် ခပ်ကြမ်းကြမ်းကလေး ပွတ်ခြေလိုက်သည်။ သလင်းကျောက်များမှာ ကြေမွသွားပြီး ကျွန်တော့်လက်ထဲတွင် ရွှေခဲကလေးများသာ ကျန်ရစ်ခဲ့၏။ ထိုရွှေခဲကလေးများ၏တန်ဖိုးမှာ သောင်းဂဏန်းကျော်ကျော်ခန့် ရှိပေလိမ့်မည်။

ကျွန်တော့်ရင်တွင်းမှ လောဘများတိုက်တွန်းမှုကြောင့် လက်ထဲရှိ ရွှေခဲကလေးများကို ရုပ်အင်္ကျီအတွင်းအိတ်ထဲသို့ ကပျာကယာထိုးထည့်လိုက်၏။ ကျွန်တော်ပြုမူလှုပ်ရှားနေပုံကို ဂျာနူးသည် ဘေးမှနေ၍ ထူးဆန်းသောမျက်နှာထားဖြင့် လှမ်းကြည့်လျက်ရှိနေသည်။ တားဆီးခြင်း၊ မေးမြန်းခြင်းလည်း မပြုပေ။ မည်သို့သောစကားကိုမျှ ဝင်ရောက်ပြောဆိုခြင်းမရှိ။ မျက်လုံးရွဲကြီးများဖြင့်သာ စူးစိုက်ကြည့်နေလေသည်။

ထို့နောက် အချက်တစ်ချက်ကို ကျွန်တော်သတိပြုမိလာပြန်သည်။ ကျွန်တော်တို့နှင့် ကျောက်ကမ်းပါးယံထဲမှ ရွှေကြောကြီးရှိရာကြားအရပ်တွင်ရှိနေသော သစ်ခြောက်ပုံကြီးကိုဖြစ်သည်။ ထိုအရာများကို သစ်ဆွေး၊ သစ်ကိုင်းခြောက်များသာ ထင်မိ၏။ သို့သော် ကျွန်တော့်မျက်လုံးများကို ရွှေကြောကြီးရှိရာနေရာမှခွာ၍ ထိုသစ်ချောင်းပုံရှိရာသို့ သေသေချာချာစူးစိုက်လေ့လာကြည့်လိုက်မိသောအခါ ကျွန်တော့်အထင်နှင့်အမြင်မှာ ပါစင်အောင်လွဲလျက်ရှိနေကြောင်း တွေ့လာရတော့သည်။

ကျွန်တော်မြင်နေရသည့် သစ်သားချောင်းအပုံကြီးမှာ တအိအိလှုပ်ရှားလာလျက်ရှိနေသည့် အဖြစ်ကိုပင်တည်း။ ကျွန်တော်သည် ရုတ်ခြည်း သစ်သားချောင်းပုံကို စိတ်ဝင်စားလာသည်မို့ အနီးကပ်လေ့လာလိုက်သည်။ ထိုအခါမှပင် သဏ္ဍာန်မှန်ကို သေသေချာချာသိလာရတော့သည်။

ကျွန်တော်တွေ့သောအရာမှာ အခြားမဟုတ်။ ပုရွက်ဆိတ်အုံကြီးတစ်ခုသာဖြစ်၏။ သစ်သားချောင်းနှင့် လွှစာမှုန့်လိုအမှုန့်များ ရောနှောပြု



www.burmeseclassic.com

www.burmeseclassic.com



လုပ် ဖွဲ့စည်းထားခြင်းဖြစ်သည်။ သစ်သားချောင်းများ၏ အရွယ်အစားမှာ ဆယ်လက်မခန့်အထိ ရှည်လျားလိမ့်မည်။ အချို့မှာ တစ်ပေခန့်ရှိ၏။ လုံးပတ်မှာကား တစ်လက်မခန့်သာရှိသည်။ ယခုဆိုလျှင် ကျွန်တော်သည် ပုရွက်ဆိတ်များကိုပင် မြင်နေရပြီဖြစ်၏။ သူတို့က ပုရွက်ဆိတ်အုံကြီးထဲမှ ခေါင်းပြူထွက်လာနေကြပြီဖြစ်သည်။

ပုရွက်ဆိတ်နှင့် အုံမှာ လိုက်လျောမှုရှိလှသည်။ အုံကြီးသလို နီအောင်းနေသော ပုရွက်ဆိတ်များမှာလည်း ကြီးမားလွန်းလှသည်။ ကျွန်တော်က ပုရွက်ဆိတ်ကြီးများထက် လောလောဆယ်တွင် ရွှေကြောကြီးကို ပိုမိုစိတ်ဝင်စားနေမိသည်။ ထိုရွှေကြောကြီး၏တန်ဖိုးမှာ သန်းပေါင်းထောင်နှင့်ချီ၍ ရှိနိုင်ပါသည်။ ထို့ကြောင့် ပုရွက်ဆိတ်များကို ခေတ္တမျှမေ့ထားလိုက်ပြီးနောက် ရွှေကြောကြီးရှိရာဘက်သို့ ခြေလှမ်းသုံးလေးလှမ်းမျှ တိုးကပ်လိုက်သည်။ ပုရွက်ဆိတ်အုံကြီးမှာ စောစောကထက် ပို၍အသက်ဝင်ကြွလာကြသည်။ ရုတ်ခြည်းပင် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

ပုရွက်ဆိတ်ကြီးများမှာ အဖြူရောင်များဖြစ်ပြီး ကြီးမားကြံ့ခိုင်သောခန္ဓာကိုယ် ရှိကြသည်။ သူတို့လှုပ်ရှားပုံများမှာ တစ်စုံတစ်ယောက်သောသူက အမိန့်ပေး၍ လှုပ်ရှားလာသလို ထင်ရသည်။ တညီတညာတည်း ထကြွလာကြ၏။ ထိုအခိုက်မှာပင် ဂျာနူးသည် စူးရှသောအသံဖြင့် တစ်စုံတစ်ရာကို အော်ဟစ်ပြောလိုက်သည်။ ကျွန်တော့်ကို ရည်ရွယ်၍ အော်ဟစ်လေသလား။ ပုရွက်ဆိတ်များကိုပင် ရည်ရွယ်လေသလား ဟူသည်ကိုမူ ကျွန်တော်နားမလည်ခဲ့ပါ။ ရိပ်စားမိခြင်းလည်း မရှိခဲ့ပါချေ။

ကျွန်တော့်မှာ ပုရွက်ဆိတ်ကြီးများလှုပ်ရှားပုံကို စိတ်ဝင်တစားအံ့သြနေမိပြန်သည်။ စစ်တပ်တစ်တပ်တက်ခဲ့သလို စနစ်တကျရှိလှသည်။ သူတို့သည် အတန်းနှစ်တန်းခွဲ၍ တက်လာကြသည်။ အတန်းတစ်တန်း



www.burmeseclassic.com

www.burmeseclassic.com



တွင် သယ်ကောင်ကျစီ ရင်ဘောင်တန်းကာ ညီညာစွာ ရှေ့သို့တိုးလာနေကြသည်။ သူတို့ ကျွန်တော့်ထံသို့ ဦးတည်လာနေကြခြင်းဖြစ်၏။ ထို့နောက် တစ်ဖက်တစ်ချက်စီမှ ညှပ်၍တိုက်ခိုက်ရန် ဟန်ပြင်လာပုံရ၏။ ထို့နောက် ကျွန်တော်နှင့်မနီးမဝေးတွင် တစ်ပြိုင်နက်ရပ်တန့်လိုက်ကြ၏။

ထိုအချိန်တွင် ဂျာနူးက ကြားဝင်လာလေတော့သည်။ သူမသည် ကျွန်တော့်အနီးသို့ ပြေးကပ်လာကာ ကျွန်တော့်လက်မောင်းများကို ဖက်တွယ်ကာ ချိုသာသောလေသံကလေးဖြင့် ကျွန်တော်နားမလည်သော စကားများကို ရွတ်ဆိုနေသည်။ ကျွန်တော့်ဆံပင်များကိုလည်း ကြင်နာယုယသောဟန်ဖြင့် သပ်ပေးနေပြန်သည်။ သို့သော် သူမ၏မျက်လုံးများမှာ ကျွန်တော့်ဆီသို့ မကြည့်ဘဲ ပုရွက်ဆိတ်များဆီသို့ စူးစိုက်ကြည့်နေသည်ကို မြင်ရသည်။ သူမ၏မျက်လုံးများထဲတွင် ကြောက်ရွံ့ထိတ်လန့်မှုကို မြင်ရပြန်သည်။

ပုရွက်ဆိတ်များသည် ရပ်တန့်နေရာမှ သူမရှိရာဘက်သို့ တွေကြည့်နေပုံ တွေ့ရသည်။ သူတို့၏မျက်လုံးကြီးများ ပြူးကျယ်နေပုံကို ကျွန်တော်ကောင်းစွာမြင်နေရသည်။ သူတို့သည် ပကတိ ငြိမ်သက်စွာ စောင့်ကြည့်နေကြသည်။ ကျွန်တော်ကိုယ်တိုင် မကြားရသော်လည်း တစ်စုံတစ်ခုသောအင်အားဖြင့် သူတို့အား အမိန့်ပေးစေစားချက် ရှိနေသည်ဟု ကျွန်တော်ထင်မိသည်။

သူတို့သည် စစ်တပ်တစ်တပ်က အလေးပြုသလို နှာမောင်းကြီးများကို ညီညီညာညာ ပြိုင်တူ ဟိုဘက်သည်ဘက် ဝှေ့ယမ်းပြခဲ့ပြန်သည်။ ထိုသောအခါတွင်မှ ဂျာနူးမှာ သက်ပြင်းတစ်ချက် ဖလေးလေးပင်ပင်ချလိုက်တော့သည်။ ပြီးမှ ကျွန်တော့်ကို ပခုံးမှအသာဆွဲငှဲ့ည့်ပြီး ဝေးရာအရပ်ဆီသို့ ရှေ့လျှားခေါ်ဆောင်လာခဲ့သည်။ ပါးစပ်မှလည်း အမြဲအနေကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြလေသည်။

"ကျွန်မက ရှင့်ကို အချိန်မီတားဖို့ပါပဲ။ ရုတ်တရက်မို့ သတိမေ့သွားတယ်။ ဘယ်တော့မှ ဒီပုရွက်ဆိတ်အုံကြီးကိုကျော်ပြီး ဒီလမ်းက မသွားပါနဲ့။ ဒီပုရွက်ဆိတ်ကြီးတွေဟာ သတ္တဝါတွေကို စောင့်ရှောက်တဲ့သူတွေပဲ။ တစ်ယောက်ယောက်က ဒီနားကပ်မိပြီး သူတို့ကိုကျော်သွားတာနဲ့ တစ်ပြိုင်နက် သူတို့ဟာ ကြောက်စရာကောင်းလောက်အောင် တိုက်ခိုက်တတ်ကြတယ်။ ဒီပုရွက်ဆိတ်ကြီးတွေဆီက ဘယ်သူမှ လွတ်ထွက်မပြေးနိုင်ကြဘူး။ ကျွန်မ ရှင့်ကို ဒီခေါ်လာရတာကလည်း ကျွန်မတာဝန်ဖြစ်တဲ့ ပုရွက်ဆိတ်တွေ အစာကျွေးရာမှာ ကူညီဖို့ ခေါ်လာတာပါ။ ဒါပေမဲ့ ရှင် ဂရုစိုက်ရမှာက နောက်တစ်ခါဆိုရင် ပုရွက်ဆိတ်အုံနားကို ဒီလောက်နီးနီး ကပ်မသွားဖို့ပဲ"

ကျွန်တော်က ငြိမ်နေလိုက်သည်။ ခေါင်းထဲတွင်မူ အတွေးမျိုးစုံကို တွေးတောနေမိ၏။ သည်မျှကြီးမားလှသော ပုရွက်ဆိတ်ကြီးများ၏ ယှက်စိနောက်မှုကို ကျွန်တော်မဖန်တီးလိုတော့ပါ။ သို့သော် ရတနာသိုက်ဟု ခေါ်ဆိုနိုင်လောက်သော ရွှေကြောကြီးရှိရာ ကမ်းပါးယံအနီးသို့ တိုးကပ်သွား၍ စူးစမ်းလေ့လာလိုစိတ်များကိုကား ချိုးနှိမ်၍မရနိုင်အောင် ရှိနေသည်။ ဖြစ်နိုင်သည့် နည်းလမ်းတစ်ခုခုကို တွေးတောရှာကြံရပါဦးမည်။

ဂျာနူးသည် ထိုနေရာမှ ကျွန်တော့်အား ခေါ်လာခဲ့သည်။ ကျွန်တော်တို့ တောတွင်းတစ်နေရာသို့ ရောက်လာခဲ့ကြပြန်၏။ ကျွန်တော်တို့ရှေ့တွင် အခြောက်လှန်းထားသည့် သစ်သီးများကို အပုံလိုက်တွေ့ရသည်။ အတွတ်သီးပုံမျိုး ဆင်နေသည်။ အနံ့ကိုရှူမိလျှင်ပင် စားချင်စိတ်ပေါက်လာရသည်။ ထိုသစ်သီးခြောက်ပုံကို လက်ညှိုးညွှန်ရင်း ဂျာနူးက ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တဲ့..ဒီသစ်သီးခြောက်တွေကို' တစ်ပွေ့ပွေ့ယူလာခဲ့ပါ"

ဂျာနူး၏ အခိုင်းအစေဖြစ်ရပြီးနောက် စတင်လုပ်ဆောင်ရသော အလုပ်ဖြစ်သည်။ ကျွန်တော်သည် သူမခိုင်းသည့်အတိုင်း သစ်သီးခြောက်များကို လက်နှစ်ဖက်ဖြင့် ပွေ့ယူလိုက်၏။ သစ်သီးခြောက်ပုံမှ အနံ့များမှာ နှာခေါင်းထဲတွင် စူးရှမွှေးဝေစေပါသည်။

ကြာသော် အလေ့အကျင့်ရသွားသဖြင့် နေသာထိုင်သာရှိသွား၏။ ဂျာနူးလည်း တစ်ပွေ့ယူကာ ရှေ့မှနေ၍ လမ်းပြသွားလေသည်။ ကျွန်တော်တို့ ပုရွက်ဆိတ်ကြီးများရှိရာ ချောက်ကြားကြီးသို့ တစ်ခေါက်ပြန်လာကြ၏။

ပုရွက်ဆိတ်အုံကြီးနားသို့ ရောက်သောအခါ ဂျာနူးသည် ကျွန်တော့်လက်ထဲမှ သစ်သီးခြောက်များကို မြေပေါ်သို့ ချစေသည်။ ပြီးမှ ပစောက်ပုံသဏ္ဍာန်စီ၍ ချပုံချနည်းကို စီစဉ်ပြလေသည်။ ပုရွက်ဆိတ်ကြီးများက သစ်သားချောင်းများဖြင့်ပြုလုပ်ထားသော အုံအတွင်းမှ ကျွန်တော်တို့ကို စောင့်ကြည့်နေကြသည်။

မည်သို့မျှတော့ လှုပ်လှုပ်ရှားရှားမပြုကြပေ။ အသာစောင့်ကြည့် အကဲခတ်နေရုံမျှသာရှိ၏။ သစ်သီးခြောက်များကို စီချပြီး အဆင်သင့်ဖြစ်သောအခါ ဂျာနူးသည် ထူးဆန်းသောအသံတစ်မျိုး ပြုလုပ်လိုက်သည်။ အချက်ပေးလိုက်သည်ဟုဆိုပါက ပို၍မှန်ကန်ပေလိမ့်မည်။

အဘယ့်ကြောင့်ဆိုသော် ထိုအသံကြားလိုက်မှပင် ပုရွက်ဆိတ်ကြီးများသည် လှုပ်ရှားထကြွလာတော့သည်။ မည်သူတစ်စုံတစ်ယောက်ကိုမှ ရန်ပြုရန်မဟုတ်သော သစ်သီးခြောက်များဆီသို့ ချဉ်းကပ်လာကြခြင်းသာ ဖြစ်ကြ၏။ တစ်ကောင်နောက်မှတစ်ကောင် စည်းကမ်းသေသေစွာဖြင့် စီကာစဉ်ကာလိုက်လာကြခြင်းဖြစ်သည်။ ရှေ့ပိုင်းကနေသော ပုရွက်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ကြီးများက သစ်သီးခြောက်များရှိရာသို့ ချဉ်းကပ်ကာ စားသောက်ကြသည်။

ထိုအချိန်တွင် နောက်ကျန်နေသည့်အသုတ်က စည်းကမ်းရှိစွာဖြင့် ငြိမ်၍စောင့်ဆိုင်းနေကြ၏။ ပထမစားသည့်အကောင်များ ပြီးစီး၍နောက်ဆုတ်ပေးလိုက်မှသာ ဒုတိယအသုတ်က ရှေ့သို့တိုး၍ စားသောက်ကြသည်။ ထိုကဲ့သို့ တစ်သုတ်ပြီးတစ်သုတ် စည်းကမ်းတကျစားနေပုံကို ကျွန်တော်သည် အံ့သြစိတ်ဝင်စားစွာဖြင့် ကြည့်နေမိသည်။ စကားတစ်လုံးမျှပင် မပြောနိုင်ခဲ့ပါ။

တစ်အောင့်မျှကြာသောအခါ ကျွန်တော့်နောက်မှ ခြေသံများကြားရသဖြင့် လှည့်ကြည့်လိုက်မိ၏။ ရွှေပန်းထိမ်ဆရာလုပ်သူ ချဉ်းကပ်လာနေသည်ကို တွေ့ရသည်။ သူက ကျွန်တော့်ကိုသော်လည်းကောင်း၊ ပုရွက်ဆိတ်ကြီးများကိုသော်လည်းကောင်း စကားလှမ်းမပြောပေ။ သို့စေကာမူ သူချဉ်းကပ်လာခြင်းကိုကား ပုရွက်ဆိတ်များက ကြားမိဟန်တူပါသည်။

အဘယ့်ကြောင့်ဆိုသော် သူတို့ ရွှေပန်းထိမ်ဆရာရှိရာဘက်သို့ နှာမောင်းကြီးများတမြှောက်မြှောက်နှင့် ငွေယမ်းပြရင်း လိုင်းနှစ်လိုင်းခွဲကာ ဘေးတစ်ဖက်တစ်ချက်သို့ လမ်းဖယ်ပေးလိုက်သောကြောင့် ဖြစ်ပါသည်။

ရွှေပန်းထိမ်ဆရာသည် ပုရွက်ဆိတ်များကြားမှ ဣန္ဒြေမပျက် ဆက်လက်လျှောက်သွားသည်။ သူက ရွှေကြောကြီးများရှိရာ တောင်ကမ်းပါးယံနားသို့ပင် ရောက်သွားပါလေပြီ။ ပြီးမှ သူသည် မီးဖိုထဲရှိ ပြာများကို ယက်ထုတ်ခြင်း၊ ထင်းထည့်ခြင်းများ ပြုလုပ်နေသည်။

ထို့နောက်တွင် ရွှေပန်းထိမ်ဆရာသည် ကျွန်တော့်မျက်မှောက်မှာပင် တလက်လက်တောက်ပြောင်နေသည့် ရွှေချောင်းတစ်ချောင်းကိုယူ



www.burmeseclassic.com

www.burmeseclassic.com



ကာ တူနှင့်ပေကိုအသုံးပြုရင်း လက်ဝတ်တန်ဆာများ ဆက်လက်ထုလုပ်လျက်ရှိလေသည်။

"ဒီပစ္စည်းတွေကို ဂျာနူးတို့ ဘာတွေလုပ်သလဲ"

စိတ်ဝါဝင်စားခြင်းမရှိသည့် လေသံမျိုးဖြင့် မေးလိုက်သည်။

"ကျွန်မတို့က ဒီပစ္စည်းတွေကို မူးဝါးလူမျိုးစုတွေနဲ့ အပေးအယူ အလဲအလှယ် လုပ်တယ်လေ။ ဒီသတ္တုဝါတွေက လက်နက်လုပ်ဖို့ကလည်း သိပ်ပျော့လို့ အသုံးမဝင်ဘူး။ မူးဝါးလူမျိုးစုနဲ့ အဇီးလူမျိုးစုတွေကျတော့ ဒါကို လက်ချောင်းတို့၊ ခြေကျင်းဝတ်တို့မှာ တန်ဆာလုပ်ပြီး ဆင်ယင်ကြတယ်လေ။ ဒီသတ္တုဝါရှိတဲ့နေရာကို ပိုင်ဆိုင်ဖို့အတွက် ကြိုးပမ်းကြတယ်။ လုယူတိုက်ခိုက်ဖို့ အားထုတ်ကြတယ်။ ကျွန်မသဘောသာဆိုရင် ဒီလက်ဝတ်တန်ဆာတွေလုပ်တာကို တားမြစ်ရပ်စဲခိုင်းမှာပဲ။ ကျွန်မတို့လူမျိုးစုဟာ ဒီသတ္တုဝါတွေကို အသုံးလည်းမချ ကြိုက်လည်းမကြိုက်ကြဘူး။ ဒီသတ္တုဝါရှိနေတဲ့အတွက် ရန်မီးစတွေ ဖြစ်ပေါ်စေတာပဲ အဖတ်တင်တယ်။ မူးဝါးဆိုတဲ့လူမျိုးတွေဟာ တကယ့်ကို ကြမ်းကြုတ်ရက်စက်တဲ့လူမျိုးတွေပဲ။ အဇီးတွေလည်း အတူတူပဲ။ သူတို့တွေနဲ့ တစ်ခါတစ်ခါစစ်ဖြစ်ရင် ကျွန်မတို့လူမျိုးတွေ ပြုတ်မတတ်ဖြစ်သွားရတာပဲ။ ကြာရင်သူတို့တစ်တွေလက်ချက်နဲ့ ဆုံးရှုံးပျက်စီးမှာကို တွေးပူမိတယ်"

"ဟုတ်တယ်. .။ ဂျာနူးပြောတာကို ကျုပ်သဘောတူတယ်။ ဒီသတ္တုဝါတွေကို ဖျောက်ဖျက်ပစ်တာပဲ ကောင်းပါတယ်"

ရွှေပန်းထိမ်ဆရာကြီးက အလုပ်လုပ်နေရာမှ ကျွန်တော့်ဘက်သို့ လှည့်ကြည့်သည်။ သူ့မျက်နှာထားမှာ ကျွန်တော့်စကားကို သဘောမတူ၍ တစ်စုံတစ်ခုကို ဝင်ပြောမလိုပုံစံမျိုး ပေါက်နေသည်။ နောက်မှ စိတ်ပြောင်းသွားဟန်ဖြင့် သူ့အလုပ်ကို ဆက်လုပ်သည်။ မည်သို့ပင်ဖြစ်စေ ရွှေကမ်းပါး



www.burmeseclassic.com

www.burmeseclassic.com



ယံကြီးကို ကျွန်တော်စိတ်ဝင်စားတပ်မက်ခြင်းကား တားမနိုင်ဆီးမရဖြစ်လာသည်။

ထို့အတွက် ခြေလှမ်းတစ်ချက်မှား၍ တစ်သက်စားမကုန်အောင် ကြံစည်မှုတွင် ကံကောင်းထောက်မစွာနှင့် အသက်ရှင်ကျန်နေရခြင်းဖြစ်၏။ လူသားတစ်ယောက်အတွက် ဝိညာဉ်နှင့်ခန္ဓာကိုယ် ခွန်တွဲလျက်ရှိနေသမျှ ကာလပတ်လုံး မည်သို့သောပြဿနာမျိုး၊ အခြေအနေဆိုးများနှင့် တိုးခဲ့စေကာမူ ရုန်းကန်လှုပ်ရှားနိုင်သည့် အခွင့်အလမ်းမှာ တစ်ပန်းသာလျက်ရှိနေတတ်ပါ၏။ ကျွန်တော့်အနေနှင့်လည်း ထိုအခွင့်အလမ်းမျိုး မျှော်ကိုးနိုင်သေးသည်မဟုတ်ပါလား။

အချိန်မှာ နှောင်းလာပြီဖြစ်သဖြင့် ရွာနေလူအပေါင်းတို့က သူတို့တဲများအတွင်းသို့ အသီးသီးဝင်သွားကြပြီဖြစ်သည်။ ကျွန်တော်က လရောင်အောက်တွင်ထိုင်ရင်း တွေ့ရာလေးပါး တွေးတောနေမိ၏။ စင်စစ်တွင် အနိုင်းအစေတစ်ယောက်ဖြစ်နေ၍ ကျွန်တော်သည် အများတကာလို တဲနှင့်နေထိုင်ခွင့်မရှိပေ။ ဤသည်က သူတို့ဓလေ့ထုံးစံဖြစ်ပါသည်။

သားရဲတိရစ္ဆာန်ရိုင်းများ၏ရန်ကိုကြောက်လျှင် မီးဖို၍အိပ်ရုံဖြစ်၏။ သို့မဟုတ်ပါက သစ်ပင်ပေါ် လင့်စင်ထိုးအိပ်ရသည်။ တော်ပါသေးသည်။ အခြားသော မှုးဝါးလူမျိုးစုနှင့် အဖိုးလူမျိုးစုများမှ ဖမ်းဆီးထားခြင်းခံရသည့် ကျွန်တော့်လို ကျေးကျွန်အနိုင်းအစေပေါင်း ငါးဆယ်ကျော်၊ ခြောက်ဆယ်နီးပါး ရှိနေ၍လည်း တော်ပါသေးသည်။

တောတစ်နေရာတွင် ကျဉ်းမြောင်းသော နှင်းဖုံးတောင်ကြားရှည်တစ်ခုရှိသည်။ တိုနေရာသည် တကယ်ဆိုရသော် ကျွန်တော့်ကိုဖမ်းဆီးထားသော လူမျိုးစုများနှင့် ရန်သူမှုးဝါးလူမျိုးစုတို့၏ နယ်မြေကို ပိုင်းခြားထားရာ အရပ်ဖြစ်သည်။ ထိုနှင်းခဲဖုံးတောင်ကြားတွင် သူတို့က အစောင့်



www.burmeseclassic.com

www.burmeseclassic.com

စစ်သားများကို နေ့ရော၊ ညပါ ချထားကြသည်။ မူးဝါးတို့၏ ကျူးကျော်မှုကို ဂရုတစိုက်စောင့်ရှောက်ကြသည်။

နောက်တစ်ချက်မှာ ဖမ်းဆီးထားသည့်ကျေးကျွန်များ ထွက်ပြေးလွတ်မြောက်သွားမည့်အရေးကို တားဆီးသည့်သဘောလည်း ပါဝင်သည်။ တောကြီးမှာ တကယ့်ကိုနက်ရှိုင်းပိတ်ဆီးလျက်ရှိနေရကား လူများသွားလာဖူးသည့် ခရီးလမ်းမှလွဲ၍ ခုတ်ထွင်သွားရန်ပင် ခက်ခဲလှ၏။ ဤသို့သော ပတ်ဝန်းကျင်အနေအထားများကို ကျွန်တော်သည် သခင်မလေးဂျာနူးထံမှ မေးမြန်း၍သော်လည်းကောင်း၊ မျက်စိလျှင်လျှင်ထားခြင်းကြောင့်သော်လည်းကောင်း သိခဲ့ရသည်။

အကာလ ညမျိုးတွင် စိတ်ဓာတ်က လွန်စွာမှဖောက်ပြန်တတ်သည်။ ပုရွက်ဆိတ်ကြီးများပင် များစွာမရှိလှဟု လျှော့လျှော့ပေါ့ပေါ့တွေးထင်ထားမိပြီး ရွှေက ပိုမိုများပြားစွာရှိနေသည်ဟု ထင်မိ၏။ ထိုသို့ထင်မြင်လာသောအခါတိုင်း ရွှေကို မည်သို့ရအောင်ယူရပါအံ့နည်းဟူသည့်အဖြေကို ရှာဖွေစူးစမ်းမှုများစွာ ထပ်တလဲလဲပြုလုပ်လာတတ်လာသည်။ လိုအပ်၍ ကြံစည်လာမိသောအခါ နည်းလမ်းကလည်း ရလာပြန်သည်။

ယခုလို လူခြေတိတ်ဆိတ် အိပ်ချိန်တွင် ရွှေကြောကြီးရှိရာ တောင်ကမ်းပါးယံသို့ အပြေးကလေး အရောက်သွားရန်ပင်ဖြစ်သည်။ ဘယ်သူကမှလည်း ရိပ်စားမိမည် မဟုတ်ပေ။ ပြီးတော့ ရသမျှရွှေတုံးကလေးများ ဖွဲ့ယူ၍ အချိန်မနှောင်းမီ ပြန်လစ်လာမည်ဟု အကြံဖြစ်မိသည်။ အကယ်၍သာ ကျွန်တော်က သွက်သွက်လက်လက်လှုပ်ရှားခြင်းဖြင့် အဝင်အထွက်ကိုမြန်စေလျှင် ပုရွက်ဆိတ်ကြီးများ၏ရန်ကို လုံးဝဂရုစိုက်စရာမလိုဟုလည်း တွေးထင်မိ၏။ ကျွန်တော်က ကိုယ့်အကြံနှင့်ကိုယ် အလွန်သဘောကျကျေနပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အချိန်ကို လုံးဝမကုန်စေဘဲ ချက်ချင်းပင် အကြံအစည်ကို အကောင်အထည်ဖော်ရန် နေရာမှ ထထွက်လာခဲ့သည်။ ကျွန်တော်သည် ရွှေကြောကြီးရှိရာလမ်းကို သေသေချာချာရှာဖွေပြီးမှ လမ်းအတိုင်း ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။

တောမှာ နက်ရှိုင်းသိပ်သည်းလှသဖြင့် အလင်းရောင်အားမှာ လွန်စွာနည်းပါးလှ၏။ တိတ်ဆိတ်မှုကြောင့်လည်း ကိုယ့်ခြေသံကိုပင် ကိုယ်ပြန်ကြားနေရသည်။ လမ်းမှာ လူသွားလွန်း၍ သိပ်သိပ်သည်းသည်း ရှိလှသည်။

အရေးကြီးသည့်အစိတ်အပိုင်းမှာ ရွှေကြောကြီးများနှင့် နီးစပ်သည့် အချိန်ကာလတွင်ဖြစ်သည်။ ကျွန်တော်က အသွားနှုန်းကို လျှော့ပစ်လိုက်ပြီး ခြေသံလုံးဝမထွက်အောင် သတိကြီးစွာထား၍ ချဉ်းကပ်ရွေ့လျားလာခဲ့၏။ အကြောင်းရင်းမှာ အကယ်၍သာ လမ်းလွဲလိုက်မိပါက သေမင်းတမန် သိုက်စောင့်ပုရွက်ဆိတ်ကြီးများ ခိုအောင်းရာ အုံကြီးပေါ်သို့ တည့်တည့်တန်းတိုးမိမည်ကို စိုးရိမ်သောကြောင့်ဖြစ်ပါ၏။

အမှန်မှာ ကျွန်တော်သည် ဤမျှလောက် စိုးရိမ်ကြောင့်ကြဖြစ်နေစရာ မလိုပါပေ။ ပန်းထိမ်ဆရာအသုံးပြုသောမီးဖိုမှ မီးခဲများ ရဲရဲတောက်အရောင်နှင့် မီးခိုးနံ့များက လမ်းပြသဖွယ် အထောက်အကူပြုနေပါသည်။

ကျွန်တော်သည် အားတက်သရော ရှေ့သို့တိုးလာနေချိန်မှာပင် စိတ်၏လှုပ်ရှားမှုကြောင့်ပင်လော မသိ။ တစ်စုံတစ်ခုကို သတိပြုမိလိုက်သည်။ တိတ်ဆိတ်ငြိမ်သက်လွန်းလှသော ဤတောကြီးတွင် ကျွန်တော်တစ်ယောက်တည်းမဟုတ်ဘဲ အခြားသူတစ်ယောက်ပါရောက်ရှိနေသည့်အချက်ပင် ဖြစ်ပါသည်။ ထိုအသိမျိုး ဝင်လာပုံမှာ ဆန်းသည်တော့ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးအတွေ့အကြုံများ ရင့်ကျက်လာသည်နှင့်အမျှ အလိုအလျောက်သိလာခြင်းသာ ဖြစ်ပါသည်။

မည်သို့မည်ပုံ သိလာရသည်ဆိုသော အရင်းအမြစ်ကိုမူ ဖော်ထုတ်ခြင်းငှာ မစွမ်းနိုင်ပါချေ။ အသံကြားရ၍လည်း မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် တောမှာ တိတ်ဆိတ်လွန်းလှ၍ အသံဗလံဆိတ်သုဉ်းလွန်းနေသောကြောင့်ပင်ဖြစ်သည်။ မျက်လုံးဖြင့် အရိပ်လက္ခဏာကို မြင်တွေ့ရခြင်းလည်း မဟုတ်။ အမှောင်ထုမှာ လွန်ကဲသဖြင့် မြင်တွေ့နိုင်စရာလည်း အကြောင်းမရှိပေ။ မသိစိတ်က စေ့ဆော်ချက်ကြောင့်သာ ယခုလို အလိုလိုသိလာရသည်ဟု ဆိုရပေလိမ့်မည်။

ကျွန်တော်သည် လာလမ်းကို ဖဲ့ခွာ၍ တောထဲသို့ အသာလျှိုဝင်လိုက်သည်။ လမ်းနှင့်လည်း များစွာမဝေးဘဲ ခြောက်ပေခန့်ကွာလှမ်းသော အရပ်တွင် ရပ်နေလိုက်၏။ သို့သော် ကျွန်တော့်မှာ သစ်ပင်ချုံဖုတ်များအောက်တွင် တစ်ပါးသူမျက်စိနှင့်မမြင်နိုင်လောက်အောင် အုံ့ဆိုင်းကာဆီးမိနေသည်။

ကျွန်တော်သည် သစ်ကိုင်း၊ သစ်ရွက်များကြားမှနေ၍ မီးဖိုမှ မီးခဲများအလင်းရောင်ကို အားပြုရင်းက မျက်စိအောက်တွင် တစ်စုံတစ်ယောက်များ လှုပ်ရှားမှုရှိ မရှိကို အကဲခတ်ကြည့်နေမိသည်။ ထိုသို့ကြည့်နေရင်းမှာပင် မီးခဲရောင်များကို တစ်စုံတစ်ခုက ကြားဝင်တားဆီးထားသလို ဖြစ်သွား၏။ ပထမသော် ကျွန်တော့်မျက်စိရှေ့သို့ သစ်ရွက်များဖြတ်ကာမိသွားသည်ဟု ထင်မိသဖြင့် စမ်းသပ်ကြည့်မိသေးသည်။ တကယ်တမ်းဆိုရပါမူ ကျွန်တော်နှင့် မီးဖိုကြားတွင် တစ်စုံတစ်ယောက်မှ ကြားဝင်ရပ်လာခြင်းပင် ဖြစ်ပါသည်။

ထိုသူ ရွေ့လျားမှုထပ်မံပြုလိုက်သောအခါတွင်မှ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



ပိုမိုသဲကွဲစွာမြင်လာ၏။ အဝတ်အစားပါသည်ဆိုရုံ လူတစ်ယောက်ဖြစ်ပြီး ရွှေကြောကြီးရှိရာ တောင်ကမ်းပါးယံထိပ်ရှိရာသို့ သွက်လက်စွာချဉ်းကပ်သွားလျက်ရှိ၏။ သူ၏သွားလာလှုပ်ရှားမှုမှာ မြန်ဆန်လွန်းလှသဖြင့် ကျွန်တော့်မျက်စိထဲတွင် ဝါးခနဲပင် ဖြစ်နေရသည်။ ယခုဆိုလျှင် သူသည် ရွှေကြောကြီးအနီးသို့ ချဉ်းကပ်မိပြီဖြစ်ကာ အပိုင်းအစကလေးများပင် ဖဲ့ယူနေလောက်လေပြီ။

တခဏတာ ကြာသည်နှင့် သူသည် နောက်ကြောင်းပြန်လှည့်လေတော့သည်။ ကျွန်တော်က စိတ်ထဲမှ ကျိတ်၍ကျေနပ်နေမိသည်။ သည်လူသည် ကျွန်တော်ကြံသည့်အတိုင်း လုပ်ဆောင်နေခြင်းဖြစ်သည်။ သူအောင်မြင်လျှင် ကျွန်တော်လည်း မအောင်မြင်စရာ အကြောင်းမရှိပေ။ ထိုအခိုက်အတန့်ကလေးမှာပင် တိတ်ဆိတ်ငြိမ်သက်လွန်းသော တောထဲတွင် စူးရှစွာအော်ဟစ်သံက ထိုးဖောက်ပေါ်ပေါက်လာလေတော့သည်။ ကြောက်လန့်မှုနှင့် နာကျင်စွာဝေဒနာခံစားရမှုတို့မှ ရောစပ်ပေါ်ထွက်လာသည့် အသံနက်ကြီးမျိုး ဖြစ်ပါသည်။

ထိုအသံမှာ ကျွန်တော့်ရှေ့ရှိ လူကြီးထံမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ သူသည် ကျွန်တော့်မျက်မှောက်တွင် လူရိုင်းများ ရုပ်ရှင်ထဲတွင် ကနေသလို ပုံပန်းပျက်စွာ ထွန့်ထွန့်လူး ဝေဒနာခံစားနေရခြင်းဖြစ်သည်။ သူနှင့်ကျွန်တော်မှာ ဆယ်ပေခန့်သာကွာဝေးနေသဖြင့် သူ၏လှုပ်ရှားမှုများကို ကောင်းစွာမြင်တွေ့နေရသည်။ မြေပြင်ဆီမှ စီစီညံညံအသံများ ထွက်ပေါ်လာသည်။ သစ်ရွက်လေတိုးသံမျိုးကဲ့သို့ ဖြစ်သည်။ အမှန်က သစ်ရွက်ကို လေတိုးနေခြင်း မဟုတ်ပါ။ ပုရွက်ဆိတ်အုံကြီးကြွတက်လာပြီး ပုရွက်ဆိတ်ကြီးများ ရွှေလျားချီတက်သံများ ဖြစ်နေတော့သည်။ ကျွန်တော်သည် ရှုံးသွေးခဲမတတ် တုန်လှုပ်ချောက်ချားမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရပ်တည်နေသည့် အခြေအနေနှင့် ကြုံတွေ့နေရသည့် အန္တရာယ်သဘောကို ကြိုတင်ခန့်မှန်းမိသည်။ အကယ်၍သာ ဤမျှသွေးဆာနေသော ပုရွက်ဆိတ်ကြီးများက ကျွန်တော့်ကိုပါ ရှာဖွေတွေ့ရှိသွားပါလျှင် အဘယ်သို့ကံကြမ္မာဖန်လေမည်နည်း ဟူသောအတွေးက ဆောက်တည်ရာမရအောင် ညှဉ်းဆဲနေတော့သည်။

လောလောဆယ်တွင် ကျွန်တော့်မှာ ရွှေ့လျားရမည်ကို ကြောက်ရွံ့တုန်လှုပ်နေမိ၏။ သည်အတိုင်းငြိမ်ရပ်နေရမည့်အရေးကိုလည်း တွေး၍လန့်နေမိပြန်၏။ ကျွန်တော့်ပြဿနာကို ထိုလူက ဖြေရှင်းပေးလာသဖြင့်သာ တော်တော့သည်။ သူက မြေပေါ်တွင် ဆက်လက်ရပ်တည်မနေနိုင်သလို သစ်ကိုင်းတစ်ကိုင်းကို ဆွဲခိုကာ အပင်ပေါ်သို့ တွယ်တက်သွားလေသည်။

လက်များက အငြိမ်မနေနိုင်သေးဘဲ ပုရွက်ဆိတ်ကြီးများကို ပွတ်သပ်ချလျက် ရှိနေသေးသည်။ ပုရွက်ဆိတ်ကြီးများသည် ထိုလူကို ဆက်၍ကိုက်နေသလား။ သို့မဟုတ် သစ်ပင်ရင်းမှာပင် ဖွဲ့ကြီးကြီးနှင့် စောင့်နေသလားဟူ၍ သေချာကျနစွာ မပြောတတ်ပေ။

ရုတ်တရက်ကြည့်၍လည်း မြင်နိုင်စွမ်းမရှိသောကြောင့်ဖြစ်ပါ၏။ သို့သော် ထိုလူတွယ်တက်သွားသော သစ်ကိုင်းမှာ ကျွန်တော့်ရှေ့တည့်တည့်တွင်ရှိပြီး ကြယ်ရောင်လက်နေသဖြင့် ဂရုတစိုက်ကြည့်လေလျှင် အတော်အတန် သဲကွဲစွာမြင်နေရ၏။ ဦးစွာ သစ်ကိုင်းများမှာ တလှုပ်လှုပ်တယမ်းယမ်းဖြစ်နေသည်။ အဘယ့်ကြောင့်ဖြစ်နေသည်ကို ရုတ်ခြည်း ကျွန်တော် အကဲဖမ်း၍ မရခဲ့ပေ။ အတန်ကြာစူးစိုက်ကြည့်မိမှပင် အဖြေမှန်ကို မြင်လာရလေသည်။ ကြီးမားထွားကျိုင်းလှသော ပုရွက်ဆိတ်ကြီးများသည် ဖွဲ့နပဲကြီးစွာဖြင့် သစ်ကိုင်းများပေါ်သို့ အစုလိုက်အပြုံလိုက်



www.burmeseclassic.com

www.burmeseclassic.com



တွယ်တက်လိုက်လာနေကြလေသည်။

ထိုလူအတွက် ဘဝဆုံးခန်းတိုင် ရောက်ချေပြီဖြစ်သည်။ ပြေးပေါက်ပိတ်၍ အကျပ်တွေ့ရတော့သည်။ ထိုလူ၏ ညည်းညူသံမှာ ကျယ်သထက်ကျယ်လာပြီး ငယ်သံပါအောင် စူးစူးရှရှအော်ဟစ်သံသို့ ပြောင်းလဲသွား၏။ သစ်ကိုင်းပေါ်တွင် ကြာရှည်စွာရပ်တည်နိုင်စွမ်းလည်း မရှိတော့။ တစ်ခဏကြာသည်နှင့် တစ်စုံတစ်ခုသောအရာ အပေါ်မှ ဘုတ်ခနဲပြုတ်ကျသွားသည်။ ထိုလူက ရွှေတုံးကလေးများထည့်ယူလာသော ပခုံးချိတ်သားရေလွယ်အိတ်တစ်အိတ် ဖြစ်ဟန်တူသည်။

ထိုအချိန်ကာစ၍ အသံနက်ကြီးမှာ ရုတ်တရက်ရပ်တန့်သွား၏။ အားလုံးလိုလို ငြိမ်သက်သွားသည်။ ကျွန်တော့်နှာခေါင်းထဲသို့ ညှီစို့စို့အနံ့များ နံလာသည်။ သွေးနံ့များဟု ထင်ပါသည်။ ပြီးတော့ သစ်ကိုင်းမှလည်း ရေစက်များကျသလို မြေပေါ်သို့ တပေါက်ပေါက်ကျဆင်းနေသံပါ ကြားရသည်။ သွေးစက်များကျနေခြင်း ဖြစ်ရမည်မှာ သေချာလှသည်။

ထိုစဉ်မှာပင် မီးဖိုမှ မီးခဲများ ရဲရဲနီ၍ အားကောင်းလာသဖြင့် အလင်းရောင်အတော်အသင့်ရလာသောကြောင့် ကျွန်တော့်မြင်ကွင်းမှာ မှိန်၍ သဲကွဲစွာ မြင်လာရသည်။ မြေပြင်ပေါ်တွင် ပုရွက်ဆိတ်ကြီးများ သွားလာလှုပ်ရှားနေကြသည်။ များပြားလိုက်သည့် ပုရွက်ဆိတ်များ။ ကြည့်ရင်းပင် အသည်းယားလာမိ၏။ သစ်ပင်သစ်ကိုင်းပေါ်သို့လည်း တက်ကြ၊ ဆင်းကြနှင့် အလုပ်များနေကြလေသည်။

နောက်ဆုံးတွင် မြေပေါ်သို့ တစ်စုံတစ်ခု ဖုတ်ခနဲပြုတ်ကျလာပြန်သည်။ လူတစ်ယောက်တော့ ဖြစ်နိုင်စရာအကြောင်းမရှိ။ အရွယ်အစားမှာတော့ သေးငယ်လှသည်။ အမဲသားတုံးကြီးတစ်တုံးစာမျှလောက်သာ ရှိ၏။ သေချာစွာ မီးရောင်အားဖြင့် ရှေ့တိုးကြည့်လိုက်သောအခါတွင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲ၌ ပို၍အော်ဂလီဆန်လာတော့သည်။

ကြွက်သီးများပင် တဖြန်းဖြန်းထသွားမိ၏။ ကျွန်တော်မြင်ရသည်မှာ လူတစ်ယောက်ဖြစ်သော်လည်း အသားစိုင်များစုံစေ့စွာမရှိတော့သော ခန္ဓာကိုယ်သာ ကျန်တော့သည်။ အပိုင်းအစများလည်း ကြည့်ရင်းကြည့်ရင်းက သေးသထက်သေးငယ်သွားသည်။ ပုရွက်ဆိတ်ကြီးများကားမယုံကြည်နိုင်လောက်သော အရှိန်ဖြင့် ရာဇဝတ်သားကို စိရင်နေလေတော့၏။

ထိုအ,မင်္ဂလာမြင်ကွင်းကို ဆက်လက်၍ မကြည့်လို၊ မမြင်လိုတော့သဖြင့် မျက်လုံးအစုံကို လက်ဝါးဖြင့် ပိတ်ဆီးကာထားလိုက်မိသည်။ နေရာမှလည်း တစ်လက်မမျှပင် မရွေ့လျားရဲသေးပါချေ။ လူသားစားသိုက်စောင့်ပုရွက်ဆိတ်ကြီးများက ကျွန်တော့်ဘက်သို့ လှည့်လိုက်လာမည့်ရန်ကိုလည်း ကြောက်ရပါသေးသည်။

တကယ်တော့ ကျွန်တော်သည် သတ်မှတ်ထားသောနယ်နိမိတ်ကို မကျော်လွန်သေးဘဲ ရှိနေပါသေး၏။ သို့သော် ပုရွက်ဆိတ်ကြီးများကဂရုတစိုက်ရှိချင်မှရှိပေလိမ့်မည်။ တုန်လှုပ်ချောက်ချားမှုမှာ အထွတ်အထိပ်သို့ပင် ရောက်လာရတော့သည်။ အတော်ကြီးကြာမှ ကျွန်တော် မျက်လုံးကိုဖွင့်၍ ကြည့်လိုက်သည်။ မြေပြင်တွင် စောစောက မည်းမည်းလှုပ်ရှားလှုပ်ရှားသွားလာနေကြသည့် ပုရွက်ဆိတ်ကြီးများ မရှိတော့ပေ။ အားလုံးသည် သူတို့ခိုအောင်းရာ အုံကြီးအတွင်းသို့ ပြန်ဝင်သွားကြပြီးဖြစ်သည်။ မြေပေါ်တွင် ကျန်ရစ်နေခဲ့သည်မှာ ဖြူဖွေးသည့် လူရိုးများပင် ဖြစ်ပါသည်။

ထိုလူရိုးများဘေးတွင် သတ္တုဝါဟုခေါ်သော ရွှေတုံးရွှေခဲအလေးများ ပြန့်ကျဲကျရောက်နေ၏။ အရိုးစုဘဝကို တစ်ခဏအတွင်းပြောင်းလဲခြင်းကြီးစွာ ပြောင်းလဲသွားသော မူးဝါးလူမျိုး လူကြီးသည် ယခုအချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ရွှေတုံးများကို တန်ဖိုးထားမက်မောနိုင်တော့မည် မဟုတ်ပါချေ။

စိတ်နှလုံးရော၊ ခန္ဓာကိုယ်ပါ ပင်ပန်းဆင်းရဲခြင်းဖြင့် ကျွန်ုပ်တော်သည် ရွာဘက်ဆီသို့ ပြန်လှည့်လာခဲ့တော့သည်။ ကျွန်တော် မည်သည့်နေရာသို့ ရောက်ခဲ့၍ မည်သို့သောအကြောင်းများကို တစ်စုံတစ်ယောက်ကိုမျှ ဖွင့်ဟပြောဆိုခြင်း မပြုခဲ့ပါချေ။

မည်သို့ပင်ဆိုစေကာမူ ကျွန်တော်သည် ရွှေကြောကြီးများနှင့်ပတ်သက်၍ တပ်မက်မှု၊ လိုချင်မှုများ ရင်ထဲဝယ် လုံးဝအမြစ်မသေသေးဘဲ ကျန်နေပါသေး၏။ သို့သော် ကျွန်တော့်ကံကြမ္မာကိုယ်စား ဗင်ခံသွားသည့် မှုးဝါးလူမျိုး၏ အဖြစ်ဆိုးမျိုးနှင့် တိုးမည့်အရေးကို တွေးမိတိုင်း အသည်းယားမိပါလေသည်။

ထိုညက တစ်ညလုံးလိုလို ကောင်းစွာအိပ်မပျော်ခဲ့ပေ၊ သူတို့က ကျွန်တော့်ကို အိပ်ရာခင်းအဖြစ် အသုံးပြုရန် သားရေတစ်ချပ်ကို ပေးထားသည်။ မြေကြီးပေါ်တွင် အိပ်ရခြင်းမှာ မာကျောသောအထိအတွေ့ကြောင့် အိပ်ရခက်သော်လည်း အိပ်မပျော်ခြင်းမှာ လူသားစားပုရွက်ဆိတ်ကြီးများစား၍ တဖြည်းဖြည်းသေးငယ်သွားသော အသားစိုင်ကြီးများကို မျက်စိထဲတွင် စွဲစွဲမြဲမြဲမြင်ယောင်နေမိခြင်းကြောင့်သာ ဖြစ်ပါသည်။

ထိုညတစ်ညလုံးနှင့် နောက်တစ်နေ့လုံးလုံး ကယောင်ချောက်ချားနှင့်ပင် ကုန်လွန်ခဲ့ရသည်။ ထိုသည့်ကာလပတ်လုံးတွင် ကျွန်တော်သည် ထိုလူမျိုးစုများနှင့်ပတ်သက်၍ ဓလေ့ထုံးစံ စသည်တို့ကို လေ့လာနိုင် ရခဲ့သည်။ သူတို့သည် သူတို့ဘဝကို လေးလေးစားစားရှိပုံမရချေ။

ဖြစ်သလိုစား၊ ဖြစ်သလိုနေချင်စိတ်သာ များ၏။ နေလည်းနေတတ်ကြ၏။ ရွှေ၏ဇောကား ကြီးမားလှသည်။ ညို့တတ်ပြင်းလှသည့် အညှို့မျိုးပင်တည်း။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်သည် မွေ့ယ်ကူ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ခက်ခဲလှသော ဘေးအန္တရာယ်များပြားလှကြောင်းကို ကောင်းစွာရိပ်စားမိပြီဖြစ်သည့်တိုင် ပိုင်ဆိုင်မှုရရန် ဆက်လက်ကြိုးပမ်းလိုစိတ်များရှိနေပါသေးသည်။ ရှိနေသည့်အတွက်ကြောင့်လည်း နည်းလမ်းများကိုအချိန်ရှိသရွေ့ ကြံဆနေမိလေသည်။

ကျွန်တော်သည် ဂျာနူး၏ကျေးကျွန်ဖြစ်သည့်အားလျော်စွာ အဆမတန်ကြီးထွားသော ပုရွက်ဆိတ်ကြီးများကို အစာကျွေးရာတွင် ကူညီသမှုပြုရ၏။ ညစဉ်ညတိုင်း ပုရွက်ဆိတ်စာ သစ်သီးခြောက်များကို သယ်ယူပေးရသည်။

သို့သော် ဂျာနူးသည် အစာကျွေးရာတွင် ကျွန်တော့်ကို ကိုယ်ထိလက်ရောက် ကျွေးမွေးခွင့် မပြုခဲ့ပေ။ ဤသို့ ခွင့်မပြုသည်မှာလည်း အကြောင်းရှိသည်။ လူမျိုးစုတို့၏ ထုံးတမ်းစဉ်လာအရ ထိုပုရွက်ဆိတ်ကြီးများကို အစာကျွေးရမည့်သူမှာ အကြီးအကဲလုပ်သူ၏သမီးသာ ဖြစ်ရမည်ဟု သတ်မှတ်ချက်ရှိနေသောကြောင့် ဖြစ်သည်။ သို့သော် ကျွန်တော်က အငှင့်အရေးရသလောက် သိုက်စောင့်ပုရွက်ဆိတ်ကြီးများ၏ ဓလေ့ကို အနီးကပ်စူးစမ်းလေ့လာခဲ့သည်။

အမှန်က ထိုပုရွက်ဆိတ်ကြီးများသည် အတော်ကြီးယဉ်ပါး၍ အသိဉာဏ်ကြွယ်ဝသော သတ္တဝါများသာ ဖြစ်လေသည်။ လေကျင့်သား နေသည့် စစ်သည်တော်များလိုပင်ဖြစ်သည်။ ဂျာနူးသည် သူတို့အခေါက် အအုံကြီးနားသို့ ချဉ်းကပ်ရုံမျှမက သူတို့အုပ်စုထဲတွင် ဝင်၍လမ်းလျှောက်နေသည့်တိုင်အောင် သူတို့က လုံးဝဂရုမစိုက်။ အစားအစာကျွေးသူတစ်ယောက်၊ မိတ်ဆွေကောင်းတစ်ယောက်အဖြစ် သတ်မှတ်လက်ခံထားကြ ရသည်။ ဂျာနူးသာလျှင်မက အခြားတစ်ယောက်ရှိသေးသည်။ ရှေးမန်းထိ ဆရာဆိုသော ဒူးလင်းဂျင်းဖောအမျိုးသားကြီးပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းထိမ်ဆရာကြီးသည် သူတို့ကို ကျော်လွှား၍ ရွှေကြောကြီးရှိရာသို့ အချိန်မရွေး၊ အခါမရွေး အခေါက်ခေါက်အခါခါ လျှောက်လာသွားတတ်သည်။

သို့စဉ်တိုင် လူသားစား ရွှေကြောသိုက်စောင့်ပုရွက်ဆိတ်ကြီးများသည် သူတို့ကို ဖုတ်လေသည်ငါးပိ ရှိလေသည်ဟူ၍မျှ အသိအမှတ်မပြုခဲ့ချေ။ ထိုမျှ အလေ့အကျင့်ရ၍ သဘောပေါက်နားလည်သည်ကတော့ တကယ့်ကိုအံ့ဩဖွယ်ရာကောင်းနေပေသည်။

ဆိုခဲ့ပြီးသည့် ပုဂ္ဂိုလ်နှစ်ဦးကလွဲ၍ အခြားတစ်စုံတစ်ဦးတလေကမျှ ရွှေကြောကြီးရှိရာအနီးသို့ ကပ်ဖို့ဝေးစွ။ ပုရွက်ဆိတ်အုံကိုပင် ကျော်လွှားရန် ခက်ခဲလွန်းလှ၏။ အကြင်သူသည် ပုရွက်ဆိတ်အုံကြီးရှိရာနယ်နိမိတ်သို့ ချဉ်းကပ်လာမိသည်ဆိုလျှင် ပုရွက်ဆိတ်ကြီးများသည် တပ်လှန့်လိုက်သော စစ်သည်တော်များလို အုံကြွလှုပ်ရှားလာတော့သည်၊ ထိုပုရွက်ဆိတ်ကြီးများ၏လက်တွင်းသို့ သက်ဆင်းကျရောက်ပြီဆိုသည်နှင့်တစ်ပြိုင်နက် ထိုသူသည် သေမင်းနှင့် သစ္စာနှံပြီးသား ဖြစ်ရတော့သည်။ လွတ်မြောက်ရန် လမ်းကား လုံးဝမရှိပါချေ။

ပုရွက်ဆိတ်ကြီးများတိုက်ခိုက်ပုံကို နောက်တစ်ပတ်အတွင်း တစ်ကြိမ်နှစ်ကြိမ်မျှ ကျွန်တော်မြင်တွေ့အကဲခတ်ခွင့် ရခဲ့သည်၊ အလွန်စနစ်ကျသော တိုက်နည်းခိုက်နည်းများပင် ဖြစ်ပါ၏။ ရွှေဆီတွင် မက်မောနေသူ၏ နောက်ပိုင်းမှ ပတ်ပိုင်းမိရန် ထာဝစဉ်ကြိုးပမ်းကြသည်။ နောက်ပိုင်းမှ အကွက်စေ့စေ့ဝိုင်းမိသည်နှင့်တစ်ပြိုင်နက် တစ်ခါတည်း စုပြုံဝိုင်းတွယ်တော့သည်။ မျက်စိလည်လမ်းမှားဝင်ရောက်လာသော သားရဲကျားလို သတ္တဝါပင် အလွတ်မပေးပေ။

ထိုသို့သောကာလမျိုးတွင် ထိုလူသားမပြောနှင့်၊ လျှင်မြန်သွက်



www.burmeseclassic.com

www.burmeseclassic.com



လက်သော ကျားရဲ့ပင် အဘယ်မျှကြိုးစား၍ထွက်ပြေးစေကာမူ လွတ်လမ်း မရှိတော့ပေ။ သူပြေးနေစဉ်အတွင်း ခြေသလုံးတစ်လျှောက်ကို ရာပေါင်း များစွာသော ပုရွက်ဆိတ်ကြီးများက ကျကျနနတွယ်တက်ကိုက်ခဲမိအောင် ကိုက်ခဲတွယ်တက်ပြီး ဖြစ်နေတော့သည်။

ထိုသို့ ဝိုင်းဝန်းတိုက်ခိုက်ခြင်းခံရသောကြောင့်လည်း လူသား ဖြစ်စေ၊ သားရဲတိရစ္ဆာန်ဖြစ်စေ ရှေ့ဆက်မပြေးနိုင်တော့ဘဲ မြေပြင်တွင် ဘုံးဘုံးလဲကျသွားရတတ်သည်။ ထိုသို့သောအခါတွင်မှ နောက်ဘက်၌ ကျန်ရှိနေသည့် ခြောက်လက်မခန့်မျှရှည်လျားကြီးမားလှသော ပုရွက်ဆိတ် အုပ်ကြီးသည် စနစ်တကျချီတက်လာကြပြီး လဲကျနေသော သားကောင် ဖြစ်စေ၊ လူဖြစ်စေကို အမဲဖျက်လေတော့သည်။ ကျွန်တော်အကဲခတ်မိ သလောက်ဆိုပါလျှင် သူတို့သည် ပုရွက်ဆိတ်ကြီးများကို တစ်နေ့လျှင် တစ်ကြိမ်မျှသာ ညနေပိုင်းတွင် အစာကျွေးတတ်ကြသည်ကို တွေ့ရသည်။ အကယ်၍သာ သူတို့ထုံးစံကိုဖောက်၍ တစ်နေ့နှစ်ကြိမ်ကျ ကျွေးမွေးကြည့် မိလျှင် မည်သို့ဖြစ်စေမည်နည်း။

အစာကျွေးသူ နှစ်ယောက်ဖြစ်လာလျှင် သူတို့သည် အဘယ်သူ သည် တရားဝင်အစာကျွေးသူဟူ၍ သိနိုင်ချေတော့မည်နည်း။

မည်သို့ပင်ဖြစ်စေကာမူ ပုရွက်ဆိတ်ကြီးများသည် အစာကျွေးသူ ကို ရန်မမူကြဘဲ ချဉ်းကပ်ခွင့်၊ ဖြတ်သန်းခွင့်ပြုသော လေ့ကျင့်မှုမျိုး ရှိ ထားကြသည်။ ကျွန်တော့်အကြံမှာ ပုရွက်ဆိတ်ကြီးများကို နောက်ထပ် တစ်ကြိမ် အစာခိုးကျွေးခြင်းဖြင့် ကျွန်တော့်အပေါ်တွင် အစာကျွေးသူ အဖြစ် အသိအမှတ်ပြု ယဉ်ပါးလာစေရန် ကြံဆောင်မည်ဟု ရည်ရွယ်ထား သည်။

ပုရွက်ဆိတ်ကြီးများအတွက် သစ်သီးခြောက်များ မည်သည့်



www.burmeseclassic.com

www.burmeseclassic.com



အရပ်တွင် ရှိသည်ကို ကျွန်တော်သိထားပြီးဖြစ်၏။ သွားရောက်ယူလာဖို့ ဆိုသည်ကလည်း မခက်ခဲလှပေ။ ထို့အတွက်ကြောင့်ပင် နံနက်စောစော သူများတွေမနိုးမီ သစ်သီးခြောက်များကို သွားရောက်သယ်ယူလာပြီး ပုရွက်ဆိတ်ကြီးများကို ကျွေးလိုက်သည်။

သစ်သီးခြောက်များ သယ်ယူရာတွင်လည်း များစွာမယူဘဲ အတော်အသင့်လျှော့ယူရ၏။ သို့မှသာ ပုန်းထိမ်ဆရာကြီးလာရောက်ချိန်တွင် သစ်သီးခြောက်အစအနများ မတွေ့ရဘဲရှိနေမည်ဖြစ်ပါသည်။ ရွှေပုန်းထိမ်ဆရာကြီးသည် မနက်ပိုင်းတွင် ရွှေကြောကြီးဆီသို့ လာရောက်အလုပ်လုပ်တတ်သောကြောင့်ဖြစ်၏။

အစာစတင်ကျွေးစကမူ ပုရွက်ဆိတ်ကြီးများသည် တက်တက်ကြွကြွမရှိလှပေ။ ကျွန်တော့်ကို သက်ာမကင်းဖြစ်နေကြဟန်တူပါသည်။ သို့သော် တဖြည်းဖြည်းတော့ စားသောက်စပြုလာကြသည်။ သူတို့ထဲတွင် အများတကာထက် အရွယ်အစားပိုရှည်ပြီး ကြီးမားသော အမွေးစုတ်ဖွားဖွားနှင့် ပုရွက်ဆိတ်ကြီးတစ်ကောင် ပါရှိသည်။ ထိုသတ္တဝါသည် ခေါင်းဆောင်ဖြစ်ဟန်တူသည်။

သူသည် ကျောဖြူဖြူ ခပ်ခုံးခုံးရှိသည်။ ဘုရင်လား၊ ဘုရင်မလား မပြောတတ်သော ပုရွက်ဆိတ်ကို ခေါင်းချင်းတော့၍ သံတင်းပို့နေသည်။ အရေးကြီးသည်က ခေါင်းဆောင်သတ္တဝါကြီးနှင့် ကျွန်တော်သင့်မြတ်၍ အပေးအယူမျှဖို့ပဲဖြစ်သည်။ ပုရွက်ဆိတ်ကြီးသည် ရှေ့သို့တိုးလာကာ ကျွန်တော့်လက်ထဲမှ သစ်သီးခြောက်များကို တုံ့ဆိုင်းဆိုင်းနှင့် စားသည်။ ထိုကဲ့သို့သောအတွေ့အကြုံမျိုးမှာ သူတို့အတွက် ပထမဦးဆုံး အကြိမ်ဖြစ်သဖြင့် ,ရဲရဲဝံ့ဝံ့မရှိသည်မှာ သဘာဝကျနေသည်။

ပြီးမှ ပုရွက်ဆိတ်ဘုရင်လား၊ ဘုရင်မလား မပြောတတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



အကောင်ကြီးအနီးသို့ ပြန်လှည့်သွားသည်။ သူက နှုတ်ခမ်းမွေးရှည်ကြီးကို ဟိုယမ်းသည်ယမ်း လှုပ်ပြခဲ့သည်။ အချက်ပေးခြင်း ဖြစ်ဟန်တူပါသည်။ ပုရွက်ဆိတ်ဘုရင်သည် သဘောတူလက်ခံသွားပုံရ၏။ သူကပါ ရှေ့သို့တိုးလာပြီး သစ်သီးခြောက်ကို စတင်စားသောက်လေတော့သည်။

ထိုသည့်နောက်ပိုင်းတွင် အားလုံးအဆင်ပြေစွာ ဖြစ်လာရသည်။ ကျန်ပုရွက်ဆိတ်ကြီးများကလည်း လာရောက်စားသောက်ကြ၏။ ကျွန်တော့်ကို အစာကျွေးသူတစ်ယောက်အဖြစ် သဘောပေါက်လက်ခံသွားသည်ဟု ဆိုရပေမည်။ ကျွန်တော်က ကိုယ့်လုပ်ငန်း၏ နိဒါန်းအောင်မြင်မှုရရှိလာသည့်အတွက် အားတက်၍မဆုံးနိုင်အောင် ဖြစ်နေမိသည်။

နောက်ပိုင်းကာလများတွင် ကျွန်တော်၏သခင်မလေး ဂျာနူးက သူတို့လူမျိုးစုနှင့်ပတ်သက်၍ မှတ်သားဖွယ်ရာဓလေ့ထုံးစံများကို သင်ကြားပေးသည်။ ထိုထုံးစံများထဲတွင် မကောင်းဆိုးဝါးအကများ၊ လပြည့်နေ့ညကျင်းပသည့် စားသောက်ပွဲကြီးများမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ထိုစားသောက်ပွဲကြီးများမှာ သူ့ဘိုး၏ဆွေမျိုးတော်စပ်သည်ဟု ယူဆကြသော မျောက်ဝံများအတွက် သီးသန့် အထူးတလည် တည်ခင်းကျွေးမွေးကြခြင်းပင်ဖြစ်သည်။

ကျွန်တော့်အတွက်ကမူ သူတို့လူမျိုးစုများ၏ ဓလေ့ထုံးစံကိုလက်ခံရန် အတော်လေးခက်ခဲလှသည်။ သို့သော် ဂျာနူးဆိုသောမိန်းမပျိုကလေးနှင့် ပတ်သက်၍မူ ကျွန်တော့်ထင်မြင်ချက်မှာ တစ်မျိုးဖြစ်နေမိ၏။ ထူးဆန်းစွာစိတ်ဝင်စားမှုဖြစ်ပေါ်နေသည်ဟု ဖော်ပြရပေလိမ့်မည်။ ထို့နည်းတူစွာပင် ဂျာနူးကိုယ်တိုင်ကလည်း အပြန်အလှန်သဘောဖြင့် ကျွန်တော့်အပေါ်၌ ထူးဆန်းစွာ စိတ်ဝင်စားနေကြောင်းကို ရိပ်စားမိခဲ့ပါ၏။ ထိုဖြစ်ရပ်ဖြစ်ရပ်များမှာ မကွယ်ဝှက်သာသော အမှန်တရားများသာ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသည့်တစ်ချိန်လုံးမှာပင် ကျွန်တော်တို့နှစ်ဦး၏ရင်မှာ သိုသိပ်စွာ သံယောဇဉ်ဖြစ်မှုကို ကြားမှနေ၍ မနာလိုဝန်တိုဖြစ်ကာ ခံပြင်းနေသူတစ်ယောက်ကား အခြားသူမဟုတ်ပါ။ ကျွန်တော်၏ရန်သူတော်ဟောင်းကြီး လူတစ်ပိုင်းမျောက်တစ်ပိုင်းပုဂ္ဂိုလ်ပင် ဖြစ်ပါ၏။ ထိုသို့ဖြစ်ရခြင်းမှာလည်း အကြောင်းရှိပါ၏။ လူပုံပန်းနှင့် အလွန်နီးစပ်လွန်းသော ကိုရွှေမျောက်သည် ဂျာနူးကို တိတ်တိတ်ပုန်းချစ်ခင်စုံမက်နေသောကြောင့်ဖြစ်ပါလေသည်။

ထို့အပြင် သူမကိုဝယ်ယူရန် ဆန္ဒရှိနေသူလည်း ဖြစ်၏။ သည်နယ်မြေတွင် လူမျိုးစုထုံးစံတစ်ခုရှိ၏။ အပျိုဖော်ဝင်သည့် မိန်းကလေးသည် အချိန်တန်ပါက အဘယ်သူကို လင်ယောကျ်ားအဖြစ် ရွေးချယ်လိုပါသည်ဟု ပြောဆိုပိုင်ခွင့် မရှိပေ။ လိုရင်းဆိုရသော် ကိုယ်ပိုင် ခင်ပွန်းလောင်းကောက်ယူနိုင်ခွင့်မရှိခြင်းပင်ဖြစ်သည်။ ထို့ပြင် သူမသည် နံပါတ်တစ်ဇနီးအရာတွင်ဖြစ်စေ၊ နောက်ဆုံး နံပါတ်ငါးဆယ်အရာတွင် ဖြစ်စေကာမူ ငြင်းပယ်ခွင့်မရှိ၊ လက်ခံကြရသည်။

သို့သော် ယောကျ်ားတစ်ယောက်အတွက်တွင်မူ အခွင့်အရေးမှာ အတော်ကလေးပိုမိုများပြားစွာ ရှိနေပါသည်။ လူတစ်ယောက်တွင် ဝယ်ယူနိုင်သောအင်အားရှိပါက မယားတစ်ယောက်မှသည် အယောက်တစ်ရာပင်ဖြစ်စေ ဝယ်ယူပေါင်းသင်းနိုင်သည်။

ရက်သတ္တပတ်ပေါင်း သုံးပတ်ခန့်ကြာသည့်တွင် ကျွန်တော့်မှာ ရွှေကြောကြီးမှ ရွှေတုံးများကို စတင်ခွာယူနိုင်လာခဲ့သည်။ ချက်ချင်းလက်ငင်း ယူနိုင်ခဲ့သည်တော့ မဟုတ်ပေ။ ပထမဦးစွာ နယ်နိမိတ်မျဉ်းကြောင်းအနီးသို့ တဖြည်းဖြည်း နီးသထက်နီးအောင်ကပ်ဖို့ ကြိုးစားရသည်။ သူရွက်ဆိတ်အုံကြီးကိုကျော်၍ ရွှေကြောကြီးအနီးသို့ ချဉ်းကပ်ခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုခြင်းဖြစ်သည်။

စတင်ကြိုးစားစဉ်ကဆိုလျှင် ကျွန်တော့်တစ်ကိုယ်လုံး ဖောခွေး များဖုံးလွှမ်းလျက်ရှိနေပုံကို ကောင်းစွာမှတ်မိပါသေးသည်။ သို့သော် အထိတ် အလန့်မရှိဘဲ ချောမောပြေပြစ်ခဲ့ပါသည်။ ပုရွက်ဆိတ်ကြီးများက ကျွန်တော့် ကို သူတို့မိတ်ဆွေအဖြစ် ကောင်းစွာလက်ခံကြပြီဖြစ်သောကြောင့်ပါတည်း။

နောက်ဆုံး ကျွန်တော်သည် ပုရွက်ဆိတ်ကြီးများ၏ လှုပ်ရှားရန် မူခြင်းမရှိဘဲ ပကတိ ချောမောစွာ ရွှေကြောကြီးနားသို့ ကပ်ရပ်မိလာသည်။ သို့စဉ် ကျွန်တော့်မှာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်စိတ်ချခြင်း မဖြစ်မိသဖြင့် နောက်ဘက်သို့ သတိကြီးစွာကြည့်ရင်း ချဉ်းကပ်ခဲ့ရသည်။ ထိုကမှ တစ် ဆင့် စိတ်ချရဲတင်းလာပြီး ရွှေတုံးကလေးများကို စတင်ဖဲ့ယူရတော့သည်။

သည်ဘက်ပိုင်းတွင်တော့ ဤအလုပ်မှာ လွယ်ကူလှပါဘိခြင်း။ ကျွန်တော်က တစ်ကြိမ်တွင် လောဘတကြီး အားပါးတရသယ်ယူခြင်း မပြုခဲ့ပါချေ။ အနည်းငယ်စီသာ ယူ၏။ သို့မှသာ နေ့စဉ်အလုပ်ဆင်းသည့် ရွှေပန်းထိမ်ဆရာကြီးက ရိပ်စားမိခြင်းမရှိမည်ဖြစ်သည်။

ကျွန်တော်သည် လောဘသားပင် ဖြစ်ပါသည်။ သို့စေကာမူ လွန်ကျူးစွာတပ်မက်တတ်သူတစ်ယောက်တော့ မဟုတ်ပါချေ။ ကိုယ့်ဆန္ဒ ကို အတိုင်းအဆဖြင့် ချုပ်တည်းထိန်းကွပ်နိုင်သူဖြစ်သည်။ ကျွန်တော် စတင်ရည်သုန်စဉ်ကတည်းက သုံးလေးပိဿာမျှသာ ယူမည်ဟု ကြံရွယ် ထား၏။ သည်အပိုင်းအစမျှရလျှင် ကျွန်တော်ကျေနပ်ပါသည်။ ထိုသုံးလေး ပိဿာခန့်ကိုလည်း တစ်ကြိမ်တစ်ခါတည်း သယ်ယူဖို့ စိတ်မကူးခဲ့ပေ။

အကြိမ်ပေါင်းများစွာဖြင့် အနည်းငယ်စီသာ သယ်ယူခဲ့ခြင်းသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# ⊲အခန်း–၄⊳

တိုက်ပွဲညသို့ ရောက်ခဲ့ပါချေ၏။

ထိုညက ကျွန်တော်သည် သားရေအိပ်ရာခင်းကို ကိုယ်တွင် သိုင်းခြုံစွာပတ်ရင်း အိပ်ပျော်နေမိသည်။ အအေးဒဏ်ကိုကြောက်၍ အိပ်ရာခင်းကို ခြုံထားခြင်းမဟုတ်ပေ။ ကျွန်တော်မခံမရပ်နိုင်ဖြစ်ရသည်မှာ ညည်းပန်းနှိပ်စက်လွန်းသော ခြင်နှင့်မှက်တို့၏ဒဏ်ကိုသာ ဖြစ်ပါသည်။ ဆာမနားထဲသို့ အစောင့်စစ်သား၏ ကျယ်လောင်သောသတိပေးသံ ဝင်ရောက်လာသည်။

အစောင့်သည် တောင်ကြားလမ်းဆီမှနေ၍ သံကုန်ဟစ်လိုက်ခြင်းဖြစ်၏။ ထို့နောက် ဆက်တိုက်ပေါ်လာသည့် လူမျိုးစုတို့ဘာသာဖြင့်ဆဲဆိုစစ်ကြွေးကြော်သံများ ကြားရပြီး ပတ်ဝန်းကျင်တစ်ခုလုံး ကမ္ဘာပျက်သည့်အသံညံသံများ ကူးစက်ထွက်ပေါ်လာတော့သည်။

ထိုညက လ,မှာ အတော်အသင့်သာနေ၏။ ထို့လရောင်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပင် ကျွန်တော်က ဖြစ်ပျက်ပုံအလုံးစုံကို ကောင်းစွာမြင်တွေ့နေရသည်။ ကျွန်တော့်ကိုဖမ်းထားသည့် လူမျိုးစုဘက်မှ စစ်သည်များသည် အိပ်မှုန်စုံမွှားဖြင့် တဲများအတွင်းမှ ပြေးထွက်လာကြသည်။

လူမျိုးစုစစ်သည်တစ်ယောက်အတွက် အဝတ်အစားဝတ်ဖို့ထက် အရေးတကြီးပြုလုပ်ရမည့်တာဝန်မှာ လှံရှည်တစ်လက်၊ ဓားတစ်ချောင်းကို လက်ထဲတွင် မိမိရရဆုပ်ကိုင်ထားနိုင်ကြဖို့သာဖြစ်သည်။ သို့မဟုတ်လျှင် လေးနှင့်မြားကိုဆွဲ၍ နီးစပ်ရာသစ်ပင်တစ်ပင်ပေါ်သို့ တွယ်တက်ရန်ဖြစ်သည်။ ကိုယ်စီကိုယ်ငှ ရန်သူကိုရင်ဆိုင်ရန်အတွက် လက်နက်စုံစုံညီညီကိုင်ထားမိလျှင် သူတို့အဖို့ ပြည့်စုံနေပေပြီ။

သေနင်္ဂဗျူဟာနည်းပရိယာယ်တို့ကို သူတို့စရိုက်၊ သူတို့ဘာဝနှင့် လိုက်လျောညီထွေစွာ လေ့ကျင့်ထားပြီးဖြစ်ဟန်တူသည်။ သူတို့အားလုံး နေရာယူလှုပ်ရှားပုံတို့မှာ အဆင့်အတန်းမြင့်၍ မှန်ကန်လှ၏။ အချို့သောသူများက လှံရှည်၊ ဓားများ ကိုယ်စီဆွဲကိုင်ပြီး ရန်သူများလာမည့်လမ်းဘက်ဆီမှ ဆီးကြိုရပ်စောင့်နေကြသည်။

ထိုအချိန်တွင် အခြားသောအုပ်စုများက သစ်ပင်များပေါ်သို့ အလုအယက်တက်၍ နေရာယူကြ၏။ ထိုမှ ဆွဲကိုင်ထားသော လေးမြားများဖြင့် အလုံးအရင်းစုတက်လာကြသည့် ရန်သူမှူးဝါးလူမျိုးများဆီသို့ တရစပ်ပစ်ခတ်စ ပြုနေကြသည်။ ကြွေးကြော်ကြသော စစ်သံများကား တောအနှံ့လျှံနေတော့သည်။ အော်သံတွေကြားမှ လေကိုတိုးသွားသော မြားသံများကို တရှဲရှဲကြားနေရသည်။

တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်နေသည့် မြားလုံးနှင့် လှံတံများမှာ ပလူပျံအောင် များလှသည်။ ကြည့်နေရင်းက ကျွန်တော်သည် တိုက်ပွဲအခြေအနေကို သုံးသပ်မိလာ၏။ အခြေအနေအရဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲ၏အရေးသာမှုအပိုင်းမှာ ကျူးကျော်ဝင်ရောက်လာသော မှူးဝါးများဘက်တွင် ရှိနေကြောင်း သဲကွဲစွာမြင်ရ၏။ ကျွန်တော့်ကိုဖမ်းဆီးထားသောသူများဘက်မှ သိသိသာသာပင် အရေးနိမ့်လာသည်။

ကျွန်တော်သည် ကျေးကျွန်တစ်ယောက်သာ ဖြစ်ပါ၏။ သူတို့၏ဓလေ့ထုံးစံတွင် ယောက်ျားလုပ်သူများက ရန်သူကို ခုခံနေစဉ်အတွင်းမိန်းမသားများသည် ကျေးကျွန်များကို နောက်ပိုင်းမှ မျက်ခြည်မပြတ်စောင့်ကြည့်ရသည်။ ဤကဲ့သို့စောင့်ကြည့်ရသည်မှာ အကြောင်းနှစ်ရပ်ကြောင့် ဖြစ်ပါသည်။

ပထမအချက်မှာ တိုက်ပွဲဖြစ်နေစဉ် အခွင့်ကောင်းယူ၍ ထွက်မပြေးရန် ဖြစ်သည်။ ဒုတိယအချက်မှာ ရန်သူကို မဲ၍တိုက်ခိုက်နေသောမိတို့ဘက်မှ ယောက်ျားများကို နောက်ဘက်မှ ကျေးကျွန်များက အလစ်ဝင်တိုက်မည်ကို ကာကွယ်ရန်ဖြစ်သည်။

ခက်သည်က ကျွန်တော်သည် တိုက်ပွဲခိုက်ပွဲများကို ဘေးမှနေ၍မျက်စိအရသာခံကြည့်နေရုံမျှဖြင့် ကျေနပ်တတ်သူတစ်ယောက် မဟုတ်ပေ။ ကြည့်နေရုံထက် ကိုယ်တိုင်ပါဝင်ကူညီတိုက်ခိုက်ပေးလိုသည့်ဆန္ဒမှာထိုအချိန်က တားမနိုင်ဆီးမရ ရင်ထဲက ကြွလာသည်။ ထို့ကြောင့်ပင်မည်သို့ဝင်နွှဲရမည်ကို နည်းလမ်းရှာဖွေကြည့်မိသည်။

ရန်သူများစတင်ဝင်ရောက်တိုက်ခိုက်ချိန်မှစ၍ ရွာလယ်ရှိ မီးပုံကြီးကို ထင်းစည်းများ တစ်စည်းပြီးတစ်စည်း ပစ်ထည့်ထားကြသည်။ ကြာသော် ထင်းစည်းအားလုံး မီးစွဲလောင်ကုန်သဖြင့် မီးတောက်အင်အားကြီးထွား၍ အလင်းရောင်အားကောင်းလာသည်။

ထိုအလင်းရောင်အားကို အမှီပြုပြီး တိုက်ပွဲဝင်သူများက ပေါ်သချာချာ တိုက်ခိုက်ကြသည်။ ထင်းချောင်းများမှာ အလယ်ကပြတ်၍



www.burmeseclassic.com

www.burmeseclassic.com



မီးလောင်ကျွမ်းကြသဖြင့် မီးစွဲသော ထင်းချောင်းစများ ပေါ်များလာ၏။ တစ်ဖက်တွင် မီးစွဲလောင်သော်လည်း တစ်ဖက်စွန်းတွင် မစွဲဘဲ ကျန်ရှိနေသည်။ ထိုထင်းချောင်းများကိုကြည့်ပြီး အကြံတစ်ခုရလာသည်။

ထို့ကြောင့်ပင် ကျွန်တော်သည် ဘေးတွင်ရှိနေသူ ဂျာနူးအား တီးတိုးပြော၍ တိုင်ပင်လိုက်သည်။ သူမကလည်း သဘောပေါက် လက်ခံသည်။ ကျွန်တော်တို့နှစ်ယောက်သည် မီးပုံရှိရာသို့ ပြိုင်တူပြေးသွားပြီးလျှင် တစ်ဖက်စွန်းတွင် မီးစွဲလောင်နေသည့် ထင်းချောင်းများကို ကောက်ယူပြီး ဖိ၍တိုက်လာသည့် မူးဝါးလူမျိုးများရှိရာဘက်သို့ အားပါးတရဝှေ့ယမ်းပစ် ပေါက်ကြသည်။ ကောင်းကင်တွင် မီးကျည်မီးပန်းများလွှတ်သလို ရဲနဲ့ရဲ ခနဲ မီးစွဲထင်းချောင်းများက ပျံ့ဝဲထွက်သွားကြ၏။

ဂျာနူးသည် အခြားသောအဖမ်းခံကျေးကျွန်များဘက်သို့လှည့်၍ ညွှန်ကြားချက်ထုတ်လိုက်သည်။ ထိုသူများသည်လည်း မီးပုံနားသို့ ချဉ်းကပ် လာကြကာ ကျွန်တော်တို့နည်းတူ ထင်းချောင်းများကို ကောက်ယူပစ် ပေါက်ကြ၏။ လူလက်ပေါင်းများစွာက ပစ်ခတ်လှုပ်ရှားမှုကြောင့် မီးစွဲထင်း ချောင်းများမှာ လေထဲတွင် တရဲရဲနီနေအောင် ပြေးလွှားနေကြ၏။

ကျွန်တော်တို့က ပစ်ခတ်နေရသူတွေဖြစ်သဖြင့် ကြည့်ကောင်း သလို ထင်ရသော်လည်း တစ်ဖက်မှ နေရာယူထားသူတွေအဖို့မှာကား ကြောက်မက်ဖွယ်ရာမြင်ကွင်းမျိုး ဖြစ်နေပေလိမ့်မည်။ မီးရဲရဲတောက် လောင်နေသော ထင်းချောင်းစများသည် ကျွန်တော်တို့ဘက်မှ စစ်သည် များခေါင်းပေါ်မှ ကျော်လွှားထွက်သွားပြီးနောက် မူးဝါးများအလယ်သို့ တစ်စပြီးတစ်စ ကျရောက်ကုန်ကြလေသည်။

မီးစွဲသစ်သားချောင်းများ၏ ဒဏ်ချက်ကြောင့် ရှေ့သို့မူးဝါးများ မှာ အတော်အတန်ကျဲသွားသည်မှာ မှန်သော်လည်း ကျွန်တော့်သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ဖျူဟာသည် မစားသာသော လုပ်ဆောင်ချက်ဖြစ်ကြောင်း တွေ့လာရ၏။ မီးစွဲတောက်လောင်နေသည့် ထင်းချောင်းများကို ဆွဲယူလွှင့်ပစ်ခဲ့ခြင်းကြောင့် အလင်းရောင်အားမှာ သိသိသာသာကြီး လျော့နည်းသွား၏။

ထိုအခါ မီးပုံကို အားထား၍ ဗိုက်ပွဲဝင်ကြရသော ကျွန်တော်တို့ဘက်မှ လူမျိုးစုများ တစ်ပန်းရှုံးရလေတော့သည်။ အမှောင်ရိပ်ကြောင့် တိုက်ရေးခိုက်ရေးတွင် ချွတ်ချော်တိမ်းပါးမှုများ ဖြစ်ပေါ်လာ၏။ ကျွန်တော့်ရှေ့မှာတင် တစ်ယောက်သောစစ်သည်မှာ မြားသင့်၍ ကျဆုံးသွားသည်။ လက်ထဲတွင်ကိုင်ထားသောလှံသည် ကျွန်တော့်ခြေရင်းနားသို့ ကျလာသည်။ ရန်သူ့ဘက်မှ ပစ်လွှတ်နေသော မြားများသည် စောစောပိုင်းကထက် ပိုမိုများပြားစွာ ပျံဝဲထွက်လာသည်ဟု ကျွန်တော်ထင်ပါသည်။

နားထဲတွင် တရှီရှီမြည်ဟည်းသံများ တိုးထွက်လာသလို ပွတ်ကာသီကာ ကျီစယ်လာသည့် ထိုမြားများဒဏ်သည် တိုက်ပွဲဝင်နေကြသူများသာ ခံကြရသည်မဟုတ်။ ကျွန်တော့်ဘေးနားတွင် ရှိနေသော ကျေးကျွန်အချို့ကိုပါ လာရောက်ထိမှန်ကုန်ကြသည်။

သည်ပုံစံအတိုင်းဆိုလျှင် တစ်စင်းစင်းသောမြားသည် ပစ်မှတ်အဖြစ် ကျွန်တော့်ကိုပါစိုက်ချေတော့မည်ဟု တွေးမိလာသည်။ ကျွန်တော့်ကို ဘယ်သူကမျှလည်း ဘာကိုလုပ်လုပ် တားဆီးမည့်သူ မရှိတော့ပေ။ ထို့ကြောင့် ကျွန်တော်သည် ကြာကြာဆုတ်ဆိုင်းမနေတော့ဘဲ လှံရှည်နှင့်ဓားကို ကောက်ယူလိုက်လေတော့သည်။

လက်ထဲတွင် ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်သည့်ကိရိယာ ရှိနေရုံမျှမက တစ်ပါးသူ၏အသက်ကိုပါ ဖြုံခွင်းတိုက်ခိုက်နိုင်သည့် လက်နက်ကိုဆုပ်ကိုင်မိလာသောအခါ လုပ်စရာတစ်လမ်းတည်းသာ ရှိတော့သည်။ ထိုလမ်းတစ်လမ်းကို ကျွန်တော်လိုက်ရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် လှံကိုဆုပ်ကိုင်ပြီး ဓားကိုခါးတွင်ချိတ်ပြီး ရုန်းရင်းဆန်ခတ် သတ်ဖြတ်နေကြသည့် လူအုပ်ထဲသို့ ခုန်ဝင်သွားလိုက်သည်။ သူတို့စစ်တိုက်နေပုံမှာ တစ်မျိုးဖြစ်သည်။ သူတို့က ပထမရင်ဆိုင်စဉ်ကသာ တစ်ယောက်ကိုတစ်ယောက် အော်ဟစ်သတ်ဖြတ်ကြသော်လည်း နောက်ပိုင်းတွင် ဆူဆူညံညံအသံများ မလုပ်ကြတော့ပေ။

တစ်ခါတစ်ရံ တစ်ယောက်ကိုတစ်ယောက် အသက်လုကြရင်းက မာန်ဖီသံပြုတတ်ကြသည်ကလွဲ၍ အသည်းထိတ်လန့်အူလှိုက်ဖွယ်ရာကောင်းသော စစ်ကြွေးကြော်သံများ မပြုကြတော့ပေ။

ကျွန်တော်ကိုယ်တိုင် လက်နက်ကိုင်၍ တိုက်ပွဲဝင်ချိန်မှာ အချိန်ကောင်းဖြစ်နေသည်။ ကျွန်တော်၏ လက်စွမ်းလက်စပြဖို့ ကံကြွမှာက ဖေးမထားသည်ဟု ထင်ပါသည်။ နှစ်ဖက်စလုံးမှာ ခြေကုန်လက်ပန်းကျလုနီးပါး ဖြစ်နေသဖြင့် တိုက်ပွဲ၏အရှိန်မှာ အမြင့်ဆုံးအပိုင်းမှ လျော့ကျ၍ လေးလံလာသည့်အချိန် ဖြစ်နေသည်။ ဤသို့သော အချိန်အခါကောင်းတွင်မှ ကျွန်ုပ်လက်သည် ဟန်တစ်လုံးပန်တစ်လုံးဖြင့် လူရေးပြခွင့် ကြုံလာရသည်။

ကျွန်တော့်ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အဝတ်အစားများမှာ ကျောဘက်မှာရော၊ ရှေ့ဘက်မှာပါ အစိတ်စိတ်မြွှာမြွှာ စုတ်ပြတ်ကုန်ကြပြီဖြစ်သည်။ သည်တွင် ကျွန်တော်က ကျန်ရှိနေသေးသော အဝတ်စုတ်ကို လုံးဝချွတ်ပစ်လိုက်သည်။ အမှန်မှာ ကျွန်တော်သည် သူတို့နှင့် ပုံစံချင်းတူအောင် အမြန်ဆုံးစီမံလိုက်ခြင်းသာ ဖြစ်ပါ၏။

ကျွန်တော်သည် ကချင်ထုံးတမ်းဓလေ့အတိုင်း ကြွေးကြော်သံဖြင့် လှံကိုဝှေ့ယမ်းကာ ပြေးဝင်တိုက်ခိုက်လာပုံကို မြင်တွေ့ကြရသောအခါ မူးဝါးများသည် ထိတ်လန့်တကြားဖြစ်ကုန်ကြလေတော့သည်။ သူတို့၏



www.burmeseclassic.com

www.burmeseclassic.com



ထိုးစစ်ပုံပန်းသဏ္ဍာန်မှာ ထိန်းသိမ်းမရအောင် ပျက်ပြားသွားရသည်။

တပ်ဦးမှ အခြေယိုင်သွားပြီးသည့်နောက်တွင် ထိတ်လန့်တကြား ရေရွတ်သံများနှင့်အတူ လာလမ်းဆီသို့ နောက်ကြောင်းလှည့်ကာ ခြေကုန်သုတ်လေတော့သည်။ အလဲလဲအကွဲကွဲနှင့် တစ်ဦးအပေါ်တစ်ဦး ကျော်လွှားရင်းက ပြေးလွှားဆုတ်ခွာကြခြင်းဖြစ်သည်။

စောစောပိုင်းက သွေးဆာနေသည့် မူးဝါးများမှာ ယခုတော့နောက်က မကောင်းဆိုးဝါးတစ်ကောင် လိုက်လာသလို အစုလိုက်အပြုံလိုက် ပြေးလွှားနေကြသည်မှာ ယုံနိုင်စရာပင် မကောင်းတော့ပေ။ တစ်ယောက်စနှစ်ယောက်စပင် ပြန်လည်ခုခံခြင်း၊ တိုက်ခိုက်ခြင်းမျိုး မပြုလုပ်ခဲ့ပေ။ အားလုံးပင် တစ်ချိုးတည်း နောက်ကြောင်းလှည့်ပြေးကြသည်။

ကျွန်တော်တို့ဘက်မှ လူစုသည် ဤသို့ထူးခြားသည့် တဒင်္ဂကလေးတွင် ပြုမူဆောင်ရွက်ပုံမှာ ကြောက်လန့်စရာပင်ကောင်းလှသည်။ ရက်စက်ရာကျသည်ဟုလည်း ယူဆနိုင်ပါ၏။ ရန်သူမူးဝါးများ နောက်ကြောင်းပြန်လှည့်ပြေးသည်နှင့်တစ်ပြိုက်နက် လုံကိုင် ကျွန်တော်တို့ဘက်မှ စစ်သည်များသည် နောက်မှ ထက်ကြပ်မကွာ စိတ်အားထက်သန်စွာနှင့် လိုက်သွားကြသည်။

ထို့နောက် သားသတ်သမားတွေလို သတ်ဖြတ်ကြတော့သည်။ အလောင်းကောင်အရေအတွက် တိုးပွားအောင် မညှာတမ်းဆောင်ရွက်ကြတော့သည်။ ထိုသို့လုပ်ဆောင်သူများကို ဦးဆောင်သူမှာ ကျွန်တော်ပင်ဖြစ်ပါ၏။ ကျွန်တော်က ရှေ့ဆုံးမှ မည်သို့မည်ပုံဦးဆောင်ခဲ့သည်ကိုပင် ပြန်ပြောင်းသတိမရတော့ပေ။ ကျွန်တော်သတိရသည်က ကချင်ဘာသာဖြင့် စစ်ကြွေးကြော်သံကို အသံနက်ကြီးနှင့် အော်ဟစ်ရင်း အပြေးလိုက်နေခြင်းသာဖြစ်သည်။ ထိုစဉ်က ကျွန်တော့်ကိုယ်တွင်း၌ မကောင်းဆိုးဝါးတစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ခိုဝင်အောင်း၍ တိုက်တွန်းစေ့ဆော်နေသည်ဟု ထင်မိသည်။ ကျွန်တော့်တွင် ကြောက်လန့်ခြင်း၊ ထိတ်လန့်တုန်ဆိုင်းခြင်း အလျှဉ်းမရှိ။ ပကာတိ ရက်စက်ကြမ်းကြုတ်နေသည်။

ကျွန်တော်က ရှေ့မှပြေးလွှားနေသော မူးဝါးလူမျိုးများကို လှံကို ဘယ်ညာဝှေ့ယမ်းကစားရင်းဖြင့် အလောင်းချင်းထပ်စေခဲ့ပါသည်။ ခြေကုန်လက်ပန်းကျ၍ ခြေထောက်များက နောက်ထပ်ဆက်ကာ ခန္ဓာကိုယ်ကြီးကို မသယ်ပိုးချင်တော့မှပင် လှံကစားခြင်းကိုရပ်ကာ လူသတ်ပွဲကိုပါ ကျွန်တော်တို့ရပ်နားလိုက်ကြသည်။ ကျွန်တော်တို့သည် အတော်များသော ရန်သူမူးဝါးတို့ကို သုတ်သင်ပြီးသည်က တစ်ကြောင်း၊ တောနက်ထဲသို့ကျွံ၍ ဝင်မတိုက်လိုသည်က တစ်ကြောင်းတို့ကြောင့် ရပ်နားလိုက်ကြခြင်း ဖြစ်သည်။

ထို့ထက် ဆက်လိုက်ပါက တောနက်ထဲသို့ရောက်နေသော ရန်သူမူးဝါးများ ပြန်လည်စုရုံး၍ ထိုးစစ်ပြန်ဆင်လာခဲ့သော် ခြေကုန်လက်ပန်းကျနေသည့် ကျွန်တော်တို့တတွေ ဝဋ်အလည်ခံရမည်ကို စိုးရိမ်ရသောကြောင့် ဖြစ်သည်။

ကျွန်တော်သည် ဘက်တော်သားများကို ပြန်လည်စုစည်း၍ ရွာဘက်သို့ ပြန်လာကြ၏။ လမ်းတစ်လျှောက်လုံး မူးဝါးလူမျိုးအလောင်းများဖြင့် ပြန့်ကျဲနေသည်။ တိုက်ပွဲကြီးဖြစ်သည့်နေရာတွင်မူ အလောင်းချင်းပင် ထပ်နေသဖြင့် အောင်ပွဲ၏အတိုင်းအတာကို ခန့်မှန်းနိုင်ကြသည်။

ထိုကဲ့သို့သော ကြီးကျယ်သည့်တိုက်ပွဲကြီးကို အောင်ပွဲခံလိုက်ကြပြီးသည့်နောက်တွင် မီးဖိုကြီးဘေးတွင် လူမျိုးစုအကြီးအကဲများ စုဝေးထိုင်ကြပြီး ဆွေးနွေးပွဲကြီးတစ်ခု ပြုလုပ်ခဲ့ကြသည်။ သူတို့ထဲတွင် ကျွန်တော်၏ သခင်မလေး ဂျာနူးကိုလည်း တွေ့ရသည်။ သူမသည် ခေါင်းဖြစ်သူ ရွာ



www.burmeseclassic.com

www.burmeseclassic.com



အုပ်ကြီး ဆလီဖအား စိတ်အားထက်သန်စွာဖြင့် စကားပြောနေလေသည်။

အကဲခတ်ကြည့်ရသည်မှာ ဂျာနူးသည် ကျွန်တော်ပြုမူဆောင်ရွက်ပုံကို ကျေနပ်ဂုဏ်ယူဝင့်ကြွားနေပုံရ၏။ ရွာအုပ်ကြီး ဆလီဖသည် နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပြီး အတော်ကြီးကြာအောင် စဉ်းစားတွေဝေနေသည်။ ပြီးမှ ကျွန်တော့်ကို လှမ်းခေါ်လိုက်သည်။ ကျွန်တော့်ကို မီးပုံဘေးတွင် စုဝိုင်းထိုင်နေကြသည့် စစ်သည်များ၏ အလယ်သို့ ခေါ်ယူနေရာချပေးထားလေ၏။

ထို့နောက် သူသည် ကြီးကျယ်ခမ်းနားပုံရသော မိန့်ခွန်းရှည်ကြီးကို စတင်ပြောလေတော့သည်။ မိန့်ခွန်းရှည်ကြီး ပြီးဆုံးသွားသောအခါ သွေးစွန်းနေသည့်လှံကို ကျွန်တော့်လက်သို့ အပ်လိုက်သည်။ သို့သော် အခမ်းအနားမှာ မပြီးဆုံးသေးပါချေ။

ဆေးတစ်မျိုးဖြင့် ကျွန်တော့်ရင်ဘတ်ကို လိမ်းခြယ်ပေးပြန်၏။ ထိုဆေးမျိုးနှင့်ပင် မျက်စိနှစ်လုံးတွင် ကွင်းလိုက်၏။ ထိုကိစ္စပြီးသည်နှင့် တစ်ပြိုက်နက် ဘေးတွင်ဝိုင်းထိုင်နေကြသော စစ်သည်များသည် နေရာမှ ထုန်းခနဲခုန်ထလိုက်ကြပြီး ပတ်ချာလည်လှည့်၍ က,ခုန်ကြလေတော့သည်။

ပါးစပ်ကလည်း ဂါထာမန္တန်လိုလို ရေရွတ်ကြလေသည်။ ထိုည အဖို့ တစ်ရွာလုံးရှိ လူမျိုးစုအတွက် အရေးကြီးသောညပင် ဖြစ်သည်။

ထိုညပွဲတွင် ဂျာနူးက ဘာသာပြန်သူအဖြစ် တာဝန်ယူရသည်။ ထို့ကြောင့်ပင် ရွာအုပ်ကြီးဖြစ်သူ ဆလီဖ ပြောဆိုသွားပြီးသည့် အစီအစဉ်များမှာ အဘယ်အကြောင်းကြောင့် လုပ်ဆောင်ရသည်ဆိုသော အချက်အလက်များကို ကျွန်တော်နားလည်သဘောပေါက်ရတော့သည်။

အချုပ်ဆိုရသော် သူတို့သည် ကျွန်တော့်အား ကျွန်ဘဝမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ကြသည်။ ထိုမျှမကသေး။ ထိုနေ့ညက



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းသည် တိုက်ပွဲစွမ်းရည်သတ္တိကြောင့် လူမျိုးစုထဲတွင် ပါဝင်စေပြီး အကာယ်စစ်သားကောင်းကြီးတစ်ယောက်အဖြစ် အသိအမှတ်ပြုခြင်းဖြစ်သည်။

ကျွန်တော့်ကဲ့သို့သော သတ္တိပြောင်မြောက်၍ စွန့်စားတိုက်ခိုက်တတ်သည့်အတွက် ကျေးကျွန်အဖြစ် ဆက်လက်ရပ်တည်ရန် မသင့်တော့ဟု တညီတညွတ်တည်း ဆုံးဖြတ်ကြကြောင်းဖြင့် ဂျာနူးက ရှင်းလင်းပြောပြလေသည်။

ထို့နောက် ကျွန်တော့်ကို အရည်ရွှန်းလဲ့၍ လျှမ်းလျှမ်းတောက်သော မျက်လုံးများဖြင့် ကြည့်နေသည်။ ဂုဏ်ယူဝင့်ကြွားသော အရိပ်သဏ္ဌာန်များပင်ဖြစ်၏။ သူမသည် ကျွန်တော့်ကို စွမ်းရည်သတ္တိပြလိုက်နိုင်သော ချစ်သူတစ်ယောက်အား ကျေနပ်အားရသောအကြည့်ဖြင့် ကြည့်နေသည့်ပုံစံမျိုးဖြင့် ကြည့်နေခြင်းဖြစ်ပါသည်။

သူမ၏မျက်လုံးဒဏ်ကြောင့်ပင် ကျွန်တော်က ကိုယ့်ကိုယ်ကိုယ်ပြန်လည်သတိထားမိလာ၏။ ကျွန်တော်ကိုယ်တိုင်ကပင် သတိမထားခဲ့သော်ငြားလည်း ကျွန်တော်သည် ဂျာနူးအား ကျွန်တော်အများဆုံးဆက်ဆံခဲ့ဖူးသော ကချင်၊ လီဆူး၊ ရဝမ်အမျိုးသမီးတွေလိုတော့ မဟုတ်ပါချေ။

သို့သော် သူမသည် အချောအလှဘွဲ့ကို မလွဲတမ်းရနိုင်သည့် ရုပ်ရည်ရူပကာဖြင့် ပြည့်စုံသူတစ်ယောက်ဖြစ်သည်။ ထို့အပြင် စိတ်ထားကောင်း၍ ကြင်နာတတ်သော နှလုံးသားကို ပိုင်ဆိုင်သူတစ်ယောက်လည်းဖြစ်ပါ၏။ စတွေ့စကပင်လျှင် သူမက ကယ်တင်ခဲ့သဖြင့် အသတ်မခံရဘဲ ယခုအခြေအနေထိ ကျွန်တော်မားမားမတ်မတ်ရပ်တည်နေနိုင်ခဲ့ခြင်းပါ။

ထိုသို့မဟုတ်ပါက ကျွန်ဘဝထက် ဆိုးဝါးလှသည့် ယဉ်နတ်တိုင်တွင် လည်ချောင်းသွေးဖောက်ခံရပြီး အသေဆိုးနှင့်သေရဖို့သာ ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောင်းစဉ်းစားပြီးနောက် ဂျာနူးအပေါ်တွင် ချစ်စိတ်၊ မြတ်နိုးစိတ်၊ ကြင်နာစိတ် ဝင်ခဲ့မိသည်မှာ သဘာဝကျသည်ဟု ထင်ပါ၏။ ထို့ပြင် အနေကြာ၍ လူမျိုးစုမလေ့ထုံးစံများကိုပါ မျက်စိယဉ်ပါးလာခဲ့ပြီး ဖြစ်သဖြင့် ဂျာနူးသည် ကျွန်တော့်စိတ်အာရုံတွင် နတ်မိမယ်တစ်ပါးအဖြစ် ထင်မြင်လာမိတော့၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် ဂျာနူးအား အသည်းလှိုက်အူလှိုက် ရင်ထဲမှ မေတ္တာသက်ဝင် ချစ်နေမိပါလေသည်။ မြတ်နိုးကြင်နာ စုံမက်လျက် ရှိနေမိသည်။

ဂျာနူးကို ပိုင်ဆိုင်ရမည်ဆိုလျှင် ကျွန်တော်သည် ကျွန်တော်၏ ဇာတိရင်း နမ်လန်းမြစ်ဆုံရွာသို့ လုံးဝမပြန်တော့ဘဲ ပန်းထိမ်ဆရာဒူးလင်းကြီးကဲ့သို့ ဤလူမျိုးစုထဲတွင်ပင် ဘဝကို သေတစ်ပန်သက်တစ်ဆုံး ကိုယ့်ဇာတ်ကို မြှုပ်နှံရစေကာမူ ဂရုစိုက်တော့မည်မဟုတ်ပါ။ ကျွန်တော်၏ မုဆိုးဘဝတစ်သက်တာတွင် သည့်ထက်မက ဆိုးဝါးလှသည့် အခြေအနေမျိုးများဖြင့် ရင်ဆိုင်တွေ့ဆုံခဲ့ဖူးပေါင်း များလှပါပြီ။ သေကောင်ပေါင်းလဲ အဖြစ်လည်း ကြုံခဲ့ရပေါင်း များလှပါပြီ။ သေကံမကြုံသေး၍သာ ရှင်သန်နေရခြင်းဖြစ်ပါသည်။

ကျွန်တော့်အမြင်တွင် ဂျာနူးသည် ကျွန်တော် မုဆိုးဘဝဖြင့် တောတောင်ရေမြေအနှံ့ ကျင်လည်ကျက်စားခဲ့သည်နှင့်အမျှ တွေ့ကြုံခဲ့ရသော အချို့သောမိန်းမများထက်ပင် သာလွန်သောအချက်များ ရှိနေသည်ဟု ယုံကြည်ထားပါသည်။

ကျွန်တော်၏ စွဲလမ်းတပ်မက်သော ချစ်မေတ္တာ၏ အရှိန်အဟုန်ကြီးမားလာသည်နှင့်အမျှ ကြာရှည်စွာအချိန်ဆွဲနေခြင်း မလုပ်တော့ဘဲ အပြီးအပိုင်သိမ်းပိုက်ယူငင်လိုသောဆန္ဒများ ပြင်းပြလျက်သာ ရှိနေတော့၏။ ထို့ကြောင့် ကြာရှည်အချိန်ဖြုန်းမနေတော့ဘဲ နောက်တစ်နေ့တွင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဂျာနူးထံသို့ သွားရောက်ပြီး ရင်တွင်းချစ်ခြင်းမေတ္တာ၏ ဝေဒနာကို ဖွင့်ဟ ပြောဆိုလိုက်လေသည်။

ကျွန်တော် သူ့ကို ချစ်နေမိကြောင်း၊ ခွဲခွာ၍မနေနိုင်တော့သဖြင့် မယားဇနီးတစ်ယောက်အဖြစ် သိမ်းပိုက်လိုကြောင်းကိုပါ ရှင်းရှင်းလင်းလင်း၊ တိတိကျကျ ပြောပြလိုက်ပါသည်။ ထိုအချိန်မှာ ပုရွက်ဆိတ်ကြီးများကို အစာကျွေးနေချိန်တွင် ဖြစ်သည်။ ထိုရင်တွင်းခံစားချက်စကားကို ပုရွက်ဆိတ်စာ သစ်သီးခြောက်များ သယ်ယူနေချိန်တွင် ပြောလိုက်ခြင်း ဖြစ်သည်။

ကျွန်တော်သည် ဂျာနူး၏ကျေးကျွန်တစ်ယောက် မဟုတ်တော့စေကာမူ သစ်သီးခြောက်များသယ်ယူရာတွင် လိုက်ပါကူညီလျက်ပင် ရှိနေပါသေးသည်။ ထိုသည်က ကျွန်တော့်ဆန္ဒ၊ ကျွန်တော့်စေတနာနှင့် ကိုယ့်သဘောကျ ပါဝင်ကူညီခြင်းသာ ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် ကျွန်တော်သည် ကိုယ်ချစ်မြတ်နိုးရသော ဂျာနူးအပါး၌ ကပ်၍ မပြတ်နေနိုင်ခွင့် ရမည်မဟုတ်ပါလား။

ထိုစဉ် ပုရွက်ဆိတ်ကြီးများသည် သစ်သီးခြောက်များကို ထွက်လာပြီး စားသောက်နေကြ၏။ သူတို့က ကျွန်တော်တို့၏ခြေထောက်များပေါ်မှ ကျော်လွှား၍လည်းကောင်း၊ တွယ်တက်၍သော်လည်းကောင်း စားသောက်နေကြသည်။ ကျွန်တော်တို့နှစ်ယောက်မှာ တစ်ဦးရင်တွင်းမှ ဖြစ်ပေါ်နေသော ချစ်ခြင်းမေတ္တာကို တစ်ဦးက သိသည်နှင့်အမျှ ချစ်ဇောအဟုန်များ ပြင်းထန်နေချိန်ဖြစ်သဖြင့် ပုရွက်ဆိတ်ကြီးများ ကိုယ်ခန္ဓာပေါ်သို့ ကျော်လွှားလှုပ်ရှားနေကြသည်ကို ဂရုမစိုက်မိကြဘဲ အမှတ်တမဲ့နေကြလေသည်။

အကယ်၍သာ အာရုံစိုက်မိခဲ့လျှင်မူ လူစိမ်းဆိုလျှင် အရိုးသာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်သည်အထိ အသားများဝါးမျိုစားသောက်တတ်သည့် ဤတိရစ္ဆာန်များသည် တစ်စုံတစ်ရာရန်မူကိုက်ခဲခြင်း မရှိသည်ကို အံ့သြနားလည်မိကြပေလိမ့်မည်။

ထိုသည့်အခြေအနေများကို သေချာစွာဝေဖန်သုံးသပ်ကြည့်လျှင် လူသားစားသိုက်စောင့်ပုရွက်ဆိတ်ကြီးများအပေါ်တွင် ကျွန်တော်သည် မည်မျှရင်းနှီးအောင် ကြိုးပမ်းအားထုတ်ပြီးကြောင်း သက်သေသာဓက ထုတ်ပြရာ ရောက်နေပေတော့သည်။

အတော်ကြီးကြာမှ ကျွန်တော်တို့နှစ်ယောက် ရင်ချင်းအပ်ထား ကြရာမှ လူချင်းခွာလိုက်ကြသည်။ ဂျာနူးသည် နောက်တစ်ကြိမ်ထပ်၍ အားရအောင်ငိုကြွေးပြီးမှ ကျွန်တော့်ကို ရှင်းပြလေသည်။

သူမသည် လက်ရှိလူမျိုးစုရွာအုပ်ကြီး၏ သမီးဖြစ်နေပေရာ သူမကို လက်ထပ်ယူသည့် ခင်ပွန်းသည်သည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ထိုရွာအုပ်ကြီးဆလီဖ၏ အရိုက်အရာကို ဆက်ခံရပေလိမ့်မည်။

ဆိုလိုရင်းအဓိပ္ပာယ်မှာ ဂျာနူးကို လက်ခံသိမ်းပိုက်နိုင်သူမှာ သူမျိုးစုတို့၏ ရွာအုပ်ကြီး သို့မဟုတ် ဘုရင်မ၏ကြင်ယာတော်နေရာမျိုးသို့ ရောက်ရှိလာရမည်ဖြစ်ပါသည်။ သို့ဖြစ်ခြင်းကြောင့် ဂျာနူးသည် သူတို့လူမျိုးစုများထဲရှိ မိန်းမသားတိုင်းထက် တန်ဖိုးကြီးမြင့်သူ ဖြစ်နေလေသည်။

ထိုလူမျိုးစုများ လက်ရှိလက်ခံကျင့်သုံးနေသော ဓလေ့ထုံးစံအရ ယောက်ျားဖြစ်သူများသည် မိန်းမကို တန်ရာတန်ဖိုးပေး၍ ဝယ်ရ၏။ ထို့ကြောင့် ဂျာနူးအား မယားတစ်ယောက်အဖြစ် လိုချင်သူတစ်စုံတစ်ယောက်သည် သူမ၏ဖခင်ဖြစ်သူ ရွာအုပ်ကြီးဆလီဖထံမှ တန်ရာတန်ဖိုးပေးဝယ်မှ ရပေလိမ့်မည်။

ရွာအုပ်ကြီးဖြစ်သူ၏ သမီးဖြစ်သလို ဘုရင်မလောင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသော ဂျာနူးအတွက် ဝယ်ယူရမည့်တန်ဖိုးကို ပေးနိုင်စွမ်းရှိသော ယောကျ်ားတစ်စုံတစ်ယောက်မျှ ဂျာနူးအတွက် သတ်မှတ်ထားသော တန်ရာတန်ဖိုးကို ပေးချေလဲလှယ်နိုင်သော ပစ္စည်းအင်အား မပြည့်စုံသေးဟု သိရလေသည်။

ဂျာနူးသည် သူမကိုဝယ်ယူရန် လိုအပ်သော တန်ရာတန်ဖိုး ပစ္စည်းများကို အသေးစိတ်ပြောပြ၏။ သားကောင်သားရေအချပ်ပေါင်း မည်မျှ၊ လုံအချောင်းရေ မည်မျှ၊ လေးနှင့်မြား မည်မျှ၊ ဆေးတံဆေးက မည်မျှ၊ သားကောင်ချိုက မည်မျှ စသည်တို့ဖြစ်ပါသည်။ သို့သော် ကျွန်တော်က ဂျာနူးပါးစပ်မှ တတွတ်တွတ်ရွတ်ဆိုပြောပြနေသည့် ပစ္စည်းများစာရင်းကို လုံးဝဂရုတစိုက်မရှိလှသလို ပူပင်ကြောင့်ကြခြင်းလည်း မဖြစ်မိပါပေ။

တကယ်တော့ ကျွန်တော်သည် လောလောဆယ်အချိန်တွင် စိတ်ဓာတ်တက်ကြွခြင်း မြင့်မားလှသူတစ်ယောက်အဖြစ် ရပ်တည်နေချိန် ဖြစ်သည်။ ကျွန်တော့်တွင် တန်ဖိုးရှိလှသော သတ္တုဝါခေါ် ရွှေတုံးရွှေခဲကလေးများ သုံးပိဿာခန့် စုဆောင်းထားမိပြီးဖြစ်သည် မဟုတ်ပါလား။ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် တကယ့်သန်းကြွယ်သူဌေးကြီးတစ်ယောက်အဖြစ် ထင်မြင်ယူဆနေမိသည်။

ကျွန်တော်က ကိုယ့်ကိုယ်ကို ဤမျှယုံကြည်စိတ်ချနေမိ၍လည်း ဂျာနူး၏ စိုးရိမ်ကြောင့်ကြမှုကို ပြက်ရယ်ပင် ပြုမိလိုက်သည်။ သူမကို ဤမျှလောက် ပူပင်သောကမရောက်စေရန်နှင့် စိတ်အေးအေးထားရန် ပြောပြလိုက်ရ၏။

၇

မည်သို့သောနည်းနှင့် ဖြစ်စေကာမူ ရွာအုပ်ကြီးအဖေဖြစ်သူ မရ ရအောင် ကြိုးစားဝယ်ယူမည်ဖြစ်ကြောင်း ရဲရဲဝံ့ဝံ့ပင် ကတိပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ကျွန်တော်က ဂျာနူးရွတ်ဆိုပြသော ပစ္စည်းမျှလောက်ကို လုံးဝ မမှုပါ။ ထိုမျှသောတန်ရာတန်ဖိုးလောက်ကို ပေးနိုင်စွမ်းရှိပါ၏။ အရေးကြီးသည်က ရင်ထဲမှ ချစ်မြတ်နိုးရသော ဂျာနူးတစ်ယောက် ကျွန်တော့်ကို ပြန်လည်မေတ္တာသက်ဝင်ပြီး ကိုယ့်ရင်ခွင်ထဲရောက်နေရန်နှင့် ရွှေချိန်လေးငါးပိဿာခန့် လက်ဝယ်ပိုင်ဆိုင်ထားနိုင်ဖို့ပဲ ဖြစ်ပါသည်။

ထိုနှစ်ခု ပြည့်စုံနေတော့မှဖြင့် ကျွန်တော့်အနေနှင့် ဘာကိုမျှ မှုစရာ၊ အရေးထားစရာ၊ ပူပင်ကြောင့်ကြစရာ မလိုအပ်တော့ပေ။ အရာခပ်သိမ်းသည် အဆင်ပြေချောမွေ့ပြီး ပြည့်စုံနေလိမ့်မည်သာ ဖြစ်သည်။

ကျွန်တော်တို့နှစ်ယောက် ကြည်နူးမှုကိုယ်စီဖြင့် ချစ်ရေးယာဉ်ကြော မျောနေကြစဉ်မှာပင် အသံတစ်ခု ရုတ်တရက်ပေါ်လာ၏။ ကျွန်တော်က အသံထွက်ပေါ်လာရာ အပေါ်သို့ မော့ကြည့်လိုက်သည်။ ကျွန်တော်တို့နှစ်ယောက်လုံးမှာ အံ့ဩထိတ်လန့်သွားရတော့၏။

မမျှော်လင့်၊ မထင်မှတ်ထားသူတစ်ယောက်ကို သွား၍တွေ့မိသောကြောင့် ဖြစ်ပါသည်။ သစ်ပင်တစ်ပင်၏ အကိုင်းကြီးပေါ်တွင် ကျကျနနထိုင်နေသူမှာ လူနှင့်နီးစပ်လွန်းသော မျောက်ဝံကြီးပင် ဖြစ်ပါသည်။ ကျွန်တော်၏ ရန်သူတော်ပြိုင်ဖက်ပင် ဖြစ်ပါလေသည်။

သူ့ကို မြင်လိုက်ရခြင်းအတွက် အကြောအချဉ်များ တုံ့ဆိုင်းတောင့်တင်းသွားရသည်။ ကြောက်လန့်ထိတ်ရွံ့ခြင်းကြောင့်တော့ မဟုတ်ပါ။ ကျွန်တော့်စိတ်ဓာတ်မှာ အတက်ကြွဆုံးအချိန် ဖြစ်နေသဖြင့် လူတစ်ပိုင်းမျောက်တစ်ပိုင်း မျောက်ဝံကို ရင်ဆိုင်ရန် အသင့်ပြင်ဆင်ပြီး ဖြစ်နေပါသည်။

ရင်ဆိုင်၍ ယှဉ်ပြိုင်လျှင်လည်း သေချာပေါက်အနိုင်ရလိမ့်မည်



www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း ယုံကြည်ထားသည်။

ဂျာနူးမှာကား ကျွန်တော်ကဲ့သို့ စိတ်ဓာတ်ကြံ့ခိုင်မှုမရှိသဖြင့် လူတစ်ပိုင်းမျောက်တစ်ပိုင်း မျောက်ဝံလိုသတ္တဝါကို မြင်လိုက်သည်ဆိုလျှင် ပင် အလွန်အမင်း ထိတ်လန့်တကြားဖြစ်နေတော့သည်။ မျက်လုံးအဝိုင်း သားနှင့် နှုတ်ခမ်းပါးကလေးများ တဆတ်ဆတ်တုန်နေရာမှ အသံကလေး များထွက်အောင် ရေရွတ်ညည်းညူနေတော့၏။

ကျွန်တော်တို့နှစ်ယောက်မှာ သူ့ကိုမြင်တွေ့သွားပြီး အကယ်၍ ရန်မူလာခဲ့သော် ခုခံနိုင်ရန် အသင့်ပြင်ဆင် စောင့်ပြီး အကဲခတ်ကြည့်နေ မှန်း သိသွားသောအခါ သူက သစ်ပင်ကိုင်းတစ်ကိုင်းမှသည် အခြားတစ် ကိုင်းသို့ လွှဲပြောင်းကူးရင်း သစ်ပင်အုပ်များကြားသို့ တိုးဝင်ပျောက်ကွယ် သွားလေတော့သည်။

သူသည် အကောင်ကြီးလှသော်လည်း ခြေနှင့်လက်ကို အားပြု၍ သစ်ကိုင်းများပေါ်မှ ခိုလွှဲကျော်ကူးသွားရာတွင် ကျင်လည်လှသလို မြန် လည်းမြန်ဆန်လွန်းလှသည်။

နေမှာ ဝင်လုဆဲဖြစ်သဖြင့် အလင်းရောင်အားပျော့သွားပြီဖြစ် သည်။ ကျွန်တော်တို့၏ ပတ်ဝန်းကျင်တွင်ကား မျောက်မျက်ကွင်းဖြူတစ် သိုက်၏ အော်ဟစ်ဆူညံသံနှင့် ဂျာနူး၏ ထိတ်လန့်ကြောက်ရွံ့စွာ ရေရွတ် သံသာ ကျန်ရစ်တော့သည်။

ကျွန်တော်သည် ဂျာနူးကို ပို၍တင်းကျပ်စွာ ပွေ့ဖက်ရင်း သူ့ ကျောပြင်ကို ပွတ်သပ်ရင်း အားပေးနှစ်သိမ့်ရ၏။ မျောက်ဝံသတ္တဝါသည် အတော်လေးဒေါသထွက်နေပုံရသည်။ သို့သော် ကျွန်တော်မှူပါ မှုစရာ လည်း လိုမည်မထင်ပါ။ သူ့ကို ကျွန်တော်တွေ့စမြင်စကပင် မေတ္တာ စေတနာရှိခဲ့သည် မဟုတ်ပေ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုရပါမူ ကျွန်တော်နှင့်စာလျှင် သူ့ထံတွင် ဂျာနူးကို ဝယ်ယူနိုင်ခွင့်၊ ဝယ်ယူနိုင်စွမ်း မည်သို့မျှရှိနိုင်မည်မဟုတ်ပါချေ။ ကျွန်တော့် လက်ထဲတွင် လော်ရေ့လာဆယ်ကာလတွင်ပင် တန်ဖိုးများလှစွာသော ရွှေ တုံးရွှေခဲကလေးများကို စုဆောင်းသိမ်းထားရှိပြီး ဖြစ်ပါသည်။

ထိုအချိန်ကာလအပိုင်းအခြားအတွင်းမှာပင် ကျွန်တော်ထားရှိခဲ့ သော ချစ်ခြင်းမေတ္တာသည် ဂျာနူးအပေါ်၌ ပို၍တိုးပွားနိုင်မာသထက် နိုင်မာလာရတော့သည်။ အမှန်မှာ သူမသည် စွန့်စားသွားလာမှုတွင် တပ်မက်နှစ်ခြိုက်သူ ကျွန်တော်လိုလူစားမျိုးနှင့်သာ ထိုက်တန်လှသော မိန်းမသားတစ်ယောက်သာ ဖြစ်ပါသည်။ သူမသည် သန်မာလှပြီး ကျား သစ်ပျိုတစ်ကောင်လို ဖျတ်လတ်သွက်လက်လှ၏။ ချစ်မြတ်နိုးဖွယ်ရာ စိတ်ထားနှလုံးသားလည်း ရှိသူဖြစ်၏။

မကြာခင်မှာပင် ရန်သူတော် ပြိုင်ဖက်မျောက်ဝံသည် ကျွန်တော် မျှော်လင့်ထားသည်ထက် မြန်ဆန်စွာလှုပ်ရှားလာတော့သည်။ ရွာအုပ်ကြီး နှင့် အကြီးအကဲများ စုဝေးပေါင်းစုရာသို့ ရောက်လာပြီးနောက် လာမည့် လပြည့်နေ့ညတွင် ဂျာနူးအား ဝယ်ယူတော့မည်ဖြစ်ကြောင်း ကြေညာပြော ဆိုလေသောကြောင့်ပင်ဖြစ်သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# ⟨အခန်း–၅⟩

လူတစ်ပိုင်း၊ မျောက်တစ်ပိုင်းက ဂျာနူးကို ဝယ်ယူမည်ဟု ထုတ်ဖော်ပြောဆိုခဲ့သော်လည်း သူမဖခင် ရွာအုပ်ကြီးဆလီဖ အလိုကျ လဲလှယ်တင်ပေးရမည့် ပစ္စည်းပစ္စယများကို မည်သည့်နေရာဒေသတွင် ရယူပေးမည်၊ မည်သို့သောပစ္စည်းများ ပါမည်ကိုကား တစ်လုံးတစ်ပါဒမျှ ဖွင့်ဟပြောဆိုသွားခဲ့ခြင်း မရှိပါချေ။

မည်သို့ပင်ဖြစ်စေ ထိုသတင်းစကားသည် ကျွန်တော့်အား စိတ်ပူပင်သောကရောက်စေပြီး ကြားရသူ ဂျာနူးအတွက်လည်း စိတ်အနှောင့်အယှက်ဖြစ်ရလေတော့သည်။

ယခုစာလောတွင် ကျွန်တော်တို့နားထဲသို့ ကောလာဟလသတင်း တော်တော်များများ ကြားနေရ၏။

ဤလူမျိုးစု၏မနီးမဝေးတွင်ရှိသော အခြားလူမျိုးစုများဖြစ်သော မူးဝါးနှင့် အဇီးလူမျိုးစုတို့ မဟာမိတ်ဖွဲ့ကာ ပူးပေါင်းတိုက်ခိုက်ကြလိမ့်မည်



www.burmeseclassic.com

www.burmeseclassic.com



ဟူသော သတင်းလည်း ပါ၏။ သူတို့၏ အဓိကရည်ရွယ်ချက်မှာ ရွှေကြော ကြီးကို အပြီးအပိုင်လက်ဝယ်ရရှိရေးပင် ဖြစ်ပါသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်တော်က ဂျာနူးမှတစ်ဆင့် သူမ၏ လူမျိုးစုကို ဤဒေသမှရွှေ့ပြောင်း၍ ရွှေကြောကို ကျောခိုင်းထွက်ခွာသွား ရန် အကြံပေးခဲ့ပါသည်။ ရွှေမှာ သူတို့ကိုယ်တိုင်က အသုံးချခြင်းမရှိသဖြင့် သူတို့အတွက် တန်ဖိုးများစွာမရှိလှပါ။ အကယ်၍ ရွှေနှင့်လွတ်ကင်းရာသို့ သူတို့ရွှေ့ပြောင်းနေခဲ့ပါလျှင် မူးဝါးနှင့်အဇီးလူမျိုးစုတို့ တိုက်ခိုက်ညှဉ်းဆဲ ခြင်းမှလည်း လွတ်ကင်းချမ်းသာရာရမည်ဖြစ်သည်။

သို့သော် သူတို့သည်လည်း လောကီသားများဖြစ်ရကား သူ တို့ပိုင်ဆိုင်ရာပစ္စည်းကို တန်ဖိုးပင်မရှိစေကာမူ အလွန်တပ်မက် နှမြော တွန့်တိုနေကြသည်။ ခေါင်းမာသူများလည်း ဖြစ်သည်။ သူတို့သည် မည် သို့သောအခြေအနေမျိုးပင် ဖန်တီးလာစေကာမူ ထိုနေရာကို မစွန့်ခွာလိုကြ ပေ။ ထိုရွှေများအတွက် သေပွဲဝင်ရစေကာမူ ဝမ်းမြောက်ဝမ်းသာ သေပွဲ ဝင်ကြမည်ဟု ရည်ရွယ်ထားပြီးသူများ ဖြစ်ဇေပသည်။

စစ်ပွဲကြီးများဖြစ်ရစေကာမူ ဂရုမစိုက်။ တိုက်ခိုက်ကြမည်ဟု ဆုံးဖြတ်ထားကြသည်။ ထို့ကြောင့်လည်း ကျွန်တော်ပေးသောအကြံကို လက်ခံရန် အဘယ်သူတစ်စုံတစ်ယောက်ကမျှ မကြိုးစားခဲ့ကြပါချေ။ ကျွန် တော်တင်ပြသလို ရွှေကိုစွာထုတ်နိုင်လျှင် သူတို့တတွေအတွက် ငြိမ်းချမ်း စွာနေထိုင်ရမည်ကိုလည်း သိပြီးဖြစ်ကြ၏။ သည်နေရာတွင် ကြာရှည်စွာ နေထိုင်ခြင်းဖြင့် လူမျိုးစုသက်တမ်းတိုသွားမည်ကိုလည်း သဘောပေါက်ကြ ပြီး ဖြစ်ပါသည်။

စစ်ပွဲတစ်ကြိမ် ဖြစ်ပြီးတိုင်းဖြစ်ပြီးတိုင်းတွင် လူမျိုးစုအင်အား နည်းပါးယုတ်လျော့သွားကြောင်းလည်း သိပြီးဖြစ်၏။ မည်သို့သောအခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေပင် ဖြစ်ပေါ်လာပါစေ။ ဤနေရာဌာနေမှ စွန့်ခွာမည်မဟုတ်ဟူသည့် သဘောထားကား သူတို့တတွေ စွဲမြဲစွာ ရင်ဝယ်ပိုက်ထားသော အစိဋ္ဌာန်များသာ ဖြစ်လေသည်။

ကျွန်တော်တို့နားထဲတွင် ကြားနေရသော အကြားသတင်းတစ်မျိုးလည်း ရှိပါသေးသည်။

ထိုသတင်းမှာ ကျွန်တော့်အတွက် အလွန်အားတက်စဦးစားစရာ ဖြစ်စေခဲ့သည့်သတင်းပင် ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ရှမ်းလူမျိုးမုဆိုးကြီးတစ်ယောက်သည် ဤအရပ်ဒေသသို့ ရက်အနည်းငယ်ကြာလျှင် ရောက်နိုင်သည့် နေရာတစ်ခုတွင် စခန်းချလျက်ရှိသည်ဟု သိရခြင်းပင်ဖြစ်သည်။

သူက သားကောင်အမဲကြီးများ လိုက်ရှာရုံမက ရတနာသိုက်တစ်ခုကိုပါ ရှာဖွေတွေ့ရှိလိုတွေ့ရှိငြား စုံစမ်းရှာဖွေလျက်ရှိသည်ဟုလည်း ကြားသိရ၏။

ထိုသတင်းစကားကြောင့် ကျွန်တော်စုမိဆောင်းမိပြီးဖြစ်သော ရွှေတုံးသုံးပိဿာလောက်ကို စုပေါင်းသယ်ပိုး၍ ဤလူမျိုးစုရွာမှ လစ်ထွက်ပြေးရန်ဖြစ်သည်။ လစ်ပြေးနိုင်လျှင် ရှမ်းလူမျိုးမုဆိုးကြီး စခန်းချရာသို့ အရောက်သွား၍ ကျွန်တော့်ထံမှ ရွှေများနှင့် သူ့ထံမှ သေနတ်၊ ခဲယမ်းတောလိုက် ဓားမြှောင်၊ စောင် စသည်တို့ဖြင့် လဲလှယ်ယူမည်ဟု ကြံစည်မိလေသည်။

ထို့ပြင် အကြီးအကဲလုပ်သူ ဂျာနူး၏ဖခင် ရွာအုပ်ကြီးဆလီဝ စိတ်ကြိုက်တွေ့နိုင်မည့် ပစ္စည်းများကို တင်၍ ဂျာနူးကိုဝယ်ယူရမည်ဖြစ်သည့်ထက်ပို၍ အဆင်ပြေ၊ အခွင့်အရေးပေးလာလျှင် ဂျာနူးကို အခြားသို့ ခေါ်ဆောင်သွားခွင့်ကိုပါ တောင်းမည်ဟု တွေးထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်တော်သည် ရွှေကြောကြီးမှ တတ်နိုင်သမျှကြီးမားသော အတုံးတစ်တုံးကို ဖဲ့ယူလိုက်ရန် ကြံမိသည်။

ကျွန်တော်က ထုံးစံအတိုင်း လူသားစားသိုက်စောင့်ပုရွက်ဆိတ်ကြီးများစားရန် သစ်သီးခြောက်များ သယ်ယူခဲ့သည်။ ပုရွက်ဆိတ်ကြီးများမှာ သူတို့အစာကိုသာ မဲစားနေကြ၏။

ကျွန်တော့်ကို ဖုတ်လေသည့်ငါးပိ ရှိလေသည်မျှ မအောက်မေ့ကြ။ ကျွန်တော်သည် သူတို့၏ အချိန်မှန်စားတော်ဆက်မိတ်ဆွေကြီးတစ်ဦးဖြစ်သည်ဟု လုံးဝအသိအမှတ်ပြုထားကြပြီးဖြစ်သည်။ ကျွန်တော်က ခဲရဲတင်းတင်းပင် သူတို့ကိုကျော်ဖြတ်၍ ရွှေကြောကြီးရှိရာသို့ ချဉ်းကပ်ကာ ရွှေတုံးကြီးတစ်တုံးရအောင် ဖဲ့ယူနေလိုက်သည်။

ထိုစဉ်မှာပင် ကျွန်တော့်ရင်ထဲတွင် ထူးဆန်းသောခံစားချက်တစ်မျိုး ခံစားနေရသည်။ မသိစိတ်က နှိုးဆွသတိပေးသလို ထင်မိသည်။ တစ်စုံတစ်ခုသောအရာက ကျွန်တော့်ကျောဘက်မှ ပြေးဝင်ဆောင့်ရန် ဟန်ပြင်နေသည်ဟု ထင်မြင်မိခြင်းပင်ဖြစ်သည်။ စိတ်ထဲတွင် မလုံမလဲဖြစ်လာမှုကို ကြာရှည်သည်းခံနိုင်စွမ်းမရှိတော့သည်မို့ ကျွန်တော်က ကိုယ်ကို ချာခနဲ တစ်ပတ်လှည့်ကြည့်လိုက်မိသည်။

ကျွန်တော့်မျက်လုံးများ ပြူးကျယ်သွားရတော့သည်။

လူနှင့်နီးစပ်လွန်းသော ရန်သူတော်ပြိုင်ဘက်မျောက်ဝံကြီးသည် သစ်ကိုင်းတစ်ကိုင်းပေါ်တွင် ကျကျနနထိုင်ရင်း ကျွန်တော့်ကိုစူးစိုက်ကြည့်နေခြင်းပင်ဖြစ်၏။ လက်တဲတွင်လည်း မြားတပ်ထားသော လေးတစ်လက်ကို ကိုင်ထား၏။

ကျွန်တော်သည် လူတစ်ပိုင်းမျောက်တစ်ပိုင်းသတ္တဝါ၏ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို စေ့စေ့ကြည့်လိုက်သည်။ သူကလည်း ရဲဝံ့စွာပင် ကျွန်တော့်ကို စေ့စေ့ကြည့်နေသည်။ ထို့နောက် လေးမြားကိုင်ထားသော သူ့လက်ချောင်းလေးများသည် လှုပ်ရှားလာတော့သည်။

အမှန်မှာ ကျွန်တော်ကား ခိုးထုပ်ခိုးထည်နှင့် လက်ပူးလက်ကြပ် အမိခံရသူတစ်ယောက်သာဖြစ်သည်။ ယခုလိုအချိန်ကျမှတော့ ပြေး၍လည်း လွတ်မည်မဟုတ်တော့။ ကျွန်တော်ခြေလှမ်းသုံးလှမ်းမျှ မလှမ်းရသေးမီ အဆိပ်လူးမြားက ပြေးဝင်တားဆီးလာပေလိမ့်မည်။

သည်တစ်ကြိမ်တွင်တော့ ကျွန်တော့်ဘဝသည် ပြည်ဖုံးကားအချ ခံရသည့်အခြေ ဆိုက်ရောက်လေပြီထင်၏။ သို့သော်လည်း မမျှော်လင့်သောဖြစ်ရပ်က ပေါ်ပေါက်လာလေသည်။ အခြေအနေက မမျှော်လင့်ဘဲ ပြောင်းလဲသွားရ၏။

ပထမကမူ ဤသို့ဖြစ်ရခြင်းမှာ ကျွန်တော်၏ ရဲဝံ့စွန့်စားသော မျက်လုံးအဏ်ကို မျောက်ဝံလိုလူသည် ရင်မဆိုင်ရဲ၍ စိတ်အားငယ်သွားသောကြောင့်ဟု ထင်မှတ်မိသည်။ နောင်သောအခါမှသာ ကျွန်တော့်တွေးထင်ချက် မှားမှန်း သိရတော့၏။

မျောက်တစ်ပိုင်းလူတစ်ပိုင်း သတ္တဝါကြီးသည် လက်ထဲမှ လေးနှင့်မြားကို တင်ထားရာမှ ရုတ်တရက်ချလိုက်သည်။ ပြီးမှ မျက်လုံးကြီးများ ပုတ်ခတ်ပုတ်ခတ်လုပ်နေပြန်၏။ ကျွန်တော်က သူ့ကို ဟန်မပျက် စိုက်ကြည့်မြဲ ကြည့်နေလိုက်သည်။

ထိုသို့ကြည့်နေစဉ်မှာပင် အခြားသစ်ကိုင်းတစ်ကိုင်းသို့ ကျင်လည်စွာကူးလူးတွယ်တက်ရင်း ထွက်ခွာသွားတော့သည်။ ကျွန်တော်သာ အံ့သြ၍မဆုံးအောင် ဖြစ်နေမိ၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော်လုပ်ဆောင်ရမည်က တူးဖော်ထားမိသောရွှေများကို အမြန်ဆုံးသိုဝှက်ထားရန်ပင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

ထိုအချိန်တွင် ပုရွက်ဆိတ်ကြီးများသည် ကျွန်တော်ကျွေးသော အစာကို စားသောက်၍ ကုန်လုနီးပါးရှိနေပြီဖြစ်ကြောင်း တွေ့ရ၏။ ကျွန်တော်သည် အချိန်ဖြုန်းမနေတော့ဘဲ ရွှေတုံးကိုယူ၍ ယခင်ဝှက်ထားသော နေရာတွင် သွားရောက်ဝှက်ထားလိုက်တော့သည်။

ထို့နောက်တွင်မူ အပြစ်မဲ့သူတစ်ယောက်၏ ပုံစံဟန်ပန်ဖြင့် ရွာဘက်ကွက်လပ်ဆီသို့ လျှောက်လာခဲ့သည်။ မည်သို့ပင် ဟန်ဆောင်နေခဲ့စေကာမူ ကျွန်တော့်ရင်ထဲတွင်ကား မလုံမလဲနှင့် တင်းတင်းကျပ်ကျပ်ကြီး ဖြစ်နေရ၏။

အကယ်၍သာ မျောက်ဝံလိုလူသတ္တဝါသည် ကျွန်တော့်အပေါ်တွင် ခိုင်မြဲစွာစွဲချက်တင်၍ ရွာအုပ်ကြီးနှင့် အကြီးအကဲများထံ ဖော်ထုတ်ပြနိုင်ခဲ့လျှင်မူ ယနေ့ညမှာပင် ယဇ်တိုင်၌ချည်နှောင်ပြီး လည်ချောင်းသွေးဖောက်မည်မှာ သေချာနေပေသည်။

သို့သော် ကျွန်တော်စိုးရိမ်ကြောင့်ကြသလို အခြေအနေက ဖန်တီးမလာပါ။ သူက ဤကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာတိုင်ကြားခြင်း မပြုခဲ့ကြောင်းကို အံ့ဩဖွယ်ရာတွေ့ရသည်။ မတိုင်ကြားရုံမျှမက ရွာထဲတွင် သူရောက်ရှိနေသည်ကိုပင် မမြင်ခဲ့ရပေ။ အတော်ကလေးတော့ ထူးဆန်းနေသည်။ ကျွန်တော်က ဟိုဟိုသည်သည်လျှောက်သွားရင်း တတ်သမျှမှတ်သမျှ သူတို့ဘာသာစကားဖြင့် စစ်သည်များကို လိုက်လျှောပြောဆိုစဉ် လူအုပ်ကြားထဲမှ ဂျာနူးကို တွေ့လိုက်ရသည်။

ထို့ကြောင့် သူမကို ခေါ်ကာ ရေခဲမြစ်ကမ်းစပ်ဆီသို့ ထွက်လာခဲ့ကြသည်။ ကျွန်တော်က ပါးလွှာသော ရေခဲမြစ်ချပ်ကလေးများ မြစ်အတွင်း စီးဆင်းသွားနေသည်ကို စိတ်ဝင်တစားဖြင့် ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျာနူးသည် လက်မောင်းကလေးတစ်ဖက်ဖြင့် ကျွန်တော့်ခါးကိုဖက်ကာ ဦးခေါင်းကိုမူ ပခုံးပေါ်တွင် မှီထား၏။

ကျွန်တော်က သူမ၏ဦးခေါင်းကလေးကို လက်ဝါးဖြင့်ပွတ်သပ်ရင်း မည်သူ့ကိုမျှ ကြောက်စရာမရှိကြောင်း၊ မျောက်တစ်ပိုင်းလူတစ်ပိုင်း သတ္တဝါက ဝယ်ယူမည့်တန်ဖိုးထက်မက ကြီးမားသောတန်ဖိုးကို ပေး၍ သူမ၏ဖခင် ရွာအုပ်ကြီးထံမှ ကျွန်တော်ဝယ်ယူမည်ဖြစ်ကြောင်းများကို ပြောပြဖျောင်းဖျရလေသည်။

ကျွန်တော့်စကားဆုံးလျှင် ဂျာနူးမှာ အတော်ကလေးအံ့ဩသွားသည်။ ပစ္စည်းပစ္စယများကိုရအောင် ကျွန်တော်မည်သို့မည်ပုံဆောင်ရွက်မည်နည်းဟု မေးခွန်းထုတ်သည်။ သို့သော် ကျွန်တော်က မေးခွန်းကို မဖြေကြားလိုကြောင်း ပြောသောအခါ ဆက်၍မမေးတော့ပေ။ သူမ၏စိတ်ထဲတွင် အံ့အားသင့်မှု စူးစမ်းလိုမှုကလေးများ ကင်းစင်သွားပုံ မပေါ်ခဲ့ပေ။

နေလုံးမှာ အတော်ကလေးမြင့်တက်လာသဖြင့် ကျွန်တော်က သူမထံမှ ခွဲခွာလာခဲ့ရသည်။ ဂျာနူးသည် လူမျိုးစုနှင့်အတူ ရေခဲမြစ်အတွင်းဆင်းကာ ရေချိုးသဘင် ဆင်ယင်ရမည့်အကြောင်းကို သိထားရသောကြောင့် ဖြစ်သည်။

သူတို့တတွေ ရွာလုံးကျွတ်တမျှ ရေချိုးထွက်ကြလျှင် ကျွန်တော့်အတွက် အကွက်ကောင်း၊ အခွင့်ကောင်းဆိုက်သည်ဟု ဆိုရပေလိမ့်မည်။ ကျွန်တော်သည် လွတ်လွတ်လပ်လပ် သိုဝှက်ထားသောအရပ်မှ ရွှေများကို တူးဖော်ယူငင်နိုင်မည်ဖြစ်သည်။

ကျွန်တော်သည် ဂျာနူးထံမှ ထွက်လာခဲ့ပြီးနောက် ရွှေများဝှက်ထားရာ တောတွင်းတစ်နေရာဆီသို့ ခြေကုန်သုတ်လာခဲ့သည်။ ဝှက်ထားရာသို့ ရောက်သောအခါ မတ်တတ်က ယိုင်လဲမတတ် အမောဆို့သွားရ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ကျွန်တော်ဝှက်ထားသော ရွှေများကို တစ်ဦးတစ်ယောက်က ဦးစွာထုတ်ယူသွားသောကြောင့်ဖြစ်ပါသည်။

လူတစ်ယောက်စာ ဘယ်ခေါင်နိုင်သမျှသော ရွှေများက သူ့ခိုး လက်မှ သူဝှက်လှယူသွားသည်ဟု ဆိုရလောက်အောင် ယူငင်သွားလေပြီ။ သို့သော် လုံးဝတော့ မကုန်ပေ။ နှစ်ပိဿာမျှသော ရွှေတုံးရွှေခဲကလေး များကား ကျန်နေခဲ့ပေသေးသည်။ နေရောင်ခြည်ပြောက်ထင်ဟပ်ချက် ကြောင့် အဝါရောင်များ ဖျိုးဖျိုးဖျပ်ဖျပ် ပြန့်ကျဲတောက်ပ လင်းလက်လျက် ရှိနေသည်။

ကျွန်တော်သည် ရင်နာမောပန်း ခံပြင်းစိတ်များ လှျှမ်းလှျှမ်း တောက်ဖြင့် ငေးမောကြည့်နေမိ၏။ ကျွန်တော်သည် ခေတ္တမျှ တွေဝေစဉ်း စားလိုက်၏။ အချိန်များစွာယူ၍ ဆက်စပ်စဉ်းစားစရာ မလိုပါပေ။ ယခု ကိစ္စတွင် မည်သူ့တွင် တာဝန်ရှိကြောင်း ကျွန်တော်တွေးမိလာသည်။

ကျွန်တော်နှင့်ပြိုင်ဘက် မျောက်တစ်ပိုင်းလူတစ်ပိုင်းသတ္တဝါသာ ဖြစ်ရပေလိမ့်မည်။ သူသည် သာမန်မျောက်များထက် အသိဉာဏ်သာ၍ သူ့နှင့်နီးစပ်လွန်းသဖြင့် ရွှေ၏တန်ဖိုးရှိပုံကို ကျွန်တော့်အပြုအမူများကြည့် ၍ ရိပ်စားမိသွားပုံရသည်။ ကျွန်တော် ခက်ခက်ခဲခဲ ပုရွက်ဆိတ်ကြီးများ အန္တရာယ်ကြားမှ ရွှေများခိုးဖဲ့ယူနေပုံကို မြင်ခြင်းအားဖြင့် အခြားတစ်နေ ရာတွင် ရွှေများဝှက်ထားလိမ့်မည်ဟုလည်း တွေးတောမိပုံရသည်။

ထိုအတွက်ကြောင့်ပင် ကျွန်တော့်ကို အဆိပ်လူးမြားဖြင့်ပစ်ခတ် ၍ ချိန်ရွယ်ပြီးမှ မပစ်ဘဲထွက်သွားခဲ့ခြင်း ဖြစ်ပေမည်။ ပြီးမှ သူသည် ကျွန်တော်မမြင်နိုင်သည့်တစ်နေရာမှ စောင့်ဆိုင်းနေပြီး ကျွန်တော်ရွှေများ သွားအဝှက်တွင် နောက်ယောင်ခံလိုက်လာခဲ့ပုံရ၏။ သစ်ပင်တစ်ပင်ငုတ်တစ် ခင် ကျူးသန်းရာတွင် ကျင်လည်သူတစ်ယောက်ဖြစ်သည်မို့လည်း သူလိုက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်ကို ကျွန်တော်မသိခဲ့ရခြင်း ဖြစ်ပါသည်။

ယခုတော့ လူတစ်ပိုင်းမျောက်တစ်ပိုင်းသတ္တဝါကြီးသည် ကျွန်တော့်ကို နောက်ဆုံးပွဲချိကျကာမှ အလဲထိုးအနိုင်ယူသွားခဲ့ချေပြီဖြစ်၏။ အကြံတူသော ရန်သူတော်သည် ကျွန်တော့်ထက် နှာတစ်ဖျားအသာဖြင့် အနိုင်ယူကြံဆောင်လစ်ထွက်သွားချေပြီဖြစ်ပါ၏။

ကျွန်တော့်တွင် ပခုံးသိုင်းကြိုးဖြင့် သိုင်းလွယ်ရသော သားရေအိတ်ငယ်တစ်လုံးပါလာသည်။ ထိုအိတ်ထဲတွင် ကျန်နေသေးသော နှစ်ပိဿာခန့်ရှိသော ရွှေတုံးရွှေခဲများကို စုထည့်ပြီး ခပ်သုတ်သုတ်ထွက်ခွာလာခဲ့ရ၏။ တောင်ကြားလမ်းကျဉ်းကလေးမှ ဖြတ်ကျော်ထွက်လျှင် ကျွန်တော့်ကို အစောင့်များက သက်ာမကင်းဖြစ်မည့်အရေးကို တွေးမိသည်။

ပြောင်ကျော်ဖြတ်ရန်မှာလည်း ကျွန်တော့်တွင် အချိန်မရှိ၊ လူနှင့်နီးစပ်လွန်းသော မျောက်ဝံကြီးသည် သစ်ပင်များပေါ်မှ ကျော်လွှားကူးတက်ပြီး ထိုတောင်ကြားလမ်းကို ဖြတ်ကျော်သွားနိုင်၏။ ကျွန်တော်ကမူ သူ့လို အစွမ်းအစမရှိ၊ ပရိယာယ်နှင့် သတ္တိကို အသုံးပြု၍ ကျော်ဖြတ်ရန် ကြံရပေတော့မည်။

လူမျိုးစုစစ်သည်တစ်ယောက်ဖြစ်နေပြီဖြစ်သော ကျွန်တော့်အတွက် အခြားစစ်သည်များကဲ့သို့ တောင်ကြားလမ်းကို ဖြတ်ကျော်ထွက်၍ အမဲလိုက်ခွင့်၊ ပြန်၍ဝင်ခွင့်များ ရှိပါသည်၊ သို့သော် ရွှေကိုသယ်ယူထုတ်ဆောင်ရမည့်အတွက်သာ ကျွန်တော်က ပူပင်နေရခြင်းဖြစ်သည်။

ထိုအကျပ်အတည်းကြားမှ ကျွန်တော်သည် အကြံတစ်ခုရလာသည်။ ယမန်နေ့က ဆတ်တစ်ကောင်ကို ကျွန်တော်အမဲလိုက်၍ ရခဲ့ထားသည်ကို သတိရလာမိသည်။ ကျွန်တော်က ဆတ်သားကို သားရေလွယ်အိတ်ထဲရှိ ရွှေများပေါ်တွင် ဖုံးအုပ်၍ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လှံတစ်ချောင်းကိုဆွဲကိုင်ကာ တောင်ကြားလမ်းရှိရာသို့ ထွက်လာခဲ့ကြ၏။ အစောင့်များက ကျွန်တော့်ကိုပြုံးပြရင်း လှမ်းကြည့်နေကြသည်။ အစောင့်တစ်ယောက်က ကျွန်တော့်ကိုယ်ပေါ်တွင် လွယ်ထားသော သားရေလွယ်အိတ်ကို ဂရုစိုက်မိသွားသည်။

သူက ထုံးစံအတိုင်း လှံသွားနှင့်ချိန်ရွယ်ရင်း ချဉ်းကပ်လာပြီး စစ်ဆေးခြင်းအမူကို ပြုလေသည်။ ကျွန်တော် အနည်းငယ်မျှ ထိတ်လန့်တကြားမဖြစ်စေဘဲ ဣန္ဒြေမပျက်ရပ်နေလိုက်သည်။ ပြီးမှ ကျွန်တော်ကိုယ်တိုင် အိတ်ကိုဖွင့်ပြလိုက်ပြီး လက်ဟန်ခြေဟန်ဖြင့် ရှင်းပြလိုက်၏။ ဦးစွာ ကျွန်တော်က နေကို လက်ညှိုးညွှန်ပြလိုက်သည်။

ထို့နောက် လက်ဖြင့် အထက်အောက်လေးကြိမ် ဝှေ့ယမ်းပြလိုက်၏။ အဓိပ္ပာယ်မှာ ကျွန်တော်သည် လေးရက်တာမျှဝေးသောခရီးကို ထွက်မည်ဟု ဖော်ထုတ်ပြလိုက်ခြင်းဖြစ်၏။ တစ်ဖန် အိတ်ထဲမှ ဆတ်သားကို ညွှန်ပြပြီး ပါးစပ်ထဲသို့သွတ်သွင်းဟန် ပြရ၏။ ဆိုလိုသည်က ဆတ်သားကို လေးရက်စာစားသောက်ရန် ရိက္ခာအဖြစ် ယူဆောင်လာသည်ဟု ရှင်းပြခြင်းဖြစ်ပါသည်။

ကျွန်တော့်ဖြီးလုံးကို အစောင့်က သဘောပေါက်လက်ခံသွားဟန်တူသည်။ သို့နှင့်ပင် ကျွန်တော့်ကို တောင်ကြားမှ ဖြတ်သန်းသွားလာခွင့်ပြုလိုက်၏။ ထို့နောက်တွင် ကျွန်တော်သည် ဘေးအန္တရာယ်ထူပြောလှသော မူးဝါးလူမျိုးစုများနယ်မြေအတွင်းသို့ ဦးတည်ထွက်လာခဲ့လေသည်။

ကျွန်တော့်အတွက် အသက်ဘေးမှာ နီးကပ်လွန်းလှသည်။ အကယ်၍ ရန်သူမူးဝါးများ မိသွားပါက သေချာပေါက် ခေါင်းဖြတ်အသတ်ခံရပြီး ခေါင်းကို ရွာစည်းရိုးတွင် အချိတ်ခံရပေလိမ့်မည်။

ကံကောင်းထောက်မ၍ ရှမ်းမှဆိုးကြီးလှည့်ပတ်သွားနိုင်သည့်



www.burmeseclassic.com

www.burmeseclassic.com



နယ်မြေသို့ ရောက်ခဲ့ပါမူ ကျွန်တော့်အတွက် အထောက်အကူများစွာ ရနိုင်စရာရှိပါသည်။ ကျွန်တော် အတတ်နိုင်ဆုံး ခြေကုန်သုတ်၍ ခရီးနှင်ခဲ့ရ၏။ ကံကိုသာ လုံးဝအားကိုးကာ အန္တရာယ်ကိုသတိမထားနိုင်ဘဲ ခရီးပြင်းနှင်ခဲ့ရ၏။ ကျွန်တော့်မှာ မျောက်လိုလူသတ္တဝါကဲ့သို့ သစ်ကိုင်းများကြားမှ ခုန်လွှားကူးသွားနိုင်သူတစ်ယောက် မဟုတ်ပါပေ။

တဖြည်းဖြည်းခရီးနှင်လာရာ ကျွန်တော်သည် သစ်တောအုပ်များအတွင်းမှတစ်ဆင့် မြက်ပင်ရှည်ကြီးများပေါက်ရာ ကွင်းပြင်ကျယ်ကြီးများဘက်သို့ ကူးဖြတ်လာမိပြီဖြစ်၏။ ကျွန်တော်ကလည်း ကိုယ်သွားရမည့် ခရီးစဉ်အတိအကျကို သိထားသည်မဟုတ်ပေ။ ယေဘုယျသဘောမျှလောက်သာ သိထား၏။

မလှမ်းမကမ်းတွင် အတော်အတန်မြင့်သော နှင်းဖုံးတောင်ကုန်းကလေးတစ်ခုကို တွေ့ရသည်။ ထိုတောင်တန်းကလေးရှိရာသို့သွားပြီး သစ်ပင်တစ်ပင်ပေါ်သို့တက်၍ နေ့ဝင်ချိန်ရောက်သည်အထိ စောင့်ဆိုင်းနေလိုက်ရသည်။

နေဝင်၍ မှောင်လာသည်နှင့် ကျွန်တော်သည် ပတ်ဝန်းကျင်ဝဲယာဆီသို့ မျက်လုံးကစားလိုက်သည်။ တစ်နေရာတွင် မီးရောင်တလက်လက်တောက်ပလျက်ရှိနေသည်ကို မြင်တွေ့ရသည်။ ထိုနေရာသည်ပင် ကျွန်တော်ပင်ပန်းတကြီးလိုက်လံရှာဖွေခဲ့ရသော ရှမ်းလူမျိုးမုဆိုးကြီး စခန်းချရာနေရာပင် ဖြစ်လိမ့်မည်ဟု ခန့်မှန်းတွက်ဆမိသည်။

ညဘက် တောတွင်းသို့ဖြတ်၍ ခရီးထွက်ရသည်မှာ အန္တရာယ်များလွန်းလှပါသည်။ သားရဲတိရစ္ဆာန်များထဲမှ ကျားလိုသတ္တဝါမျိုးနှင့်သော်လည်းကောင်း၊ သစ်ဆင်လိုသတ္တဝါမျိုးနှင့်သော်လည်းကောင်း ရင်ဆိုင်တိုးမိပါက လူ့ဘဝကို စောလွန်းသောကာလတွင်ပင် စွန့်ခွာသွားရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော့်မှာ ထိုမှဆိုးကြီးရှိရာစခန်းသို့ အရောက်သွားရန်ကိစ္စက အရေးကြီးနေပါသည်။ အန္တရာယ်နှင့် လောင်းကစားရသည့်တိုင်အောင် စွန့်စားသွားရမည်သာဖြစ်ပါ၏။

သို့အတွက်ကြောင့်ပင် ကျွန်တော်သည် မျက်စိနှင့်နားကို လျှင်လျှင်ဖွင့်ကာ ကြည့်ရှုရင်းက တောလမ်းတစ်လျှောက် ဆက်တိုးလာခဲ့ရသည်။ နှစ်နာရီခန့်ကြာအောင် ခရီးနှင်လာခဲ့ပြီးချိန်တွင် ကျွန်တော်ရောက်လိုသော မှဆိုးစခန်းသို့ ရောက်လာခဲ့လေသည်။

ရှမ်းလူမျိုးမှဆိုးကြီးကို မီးဖိုဘေးတွင် ဆေးတံသောက်ရင်းထိုင်နေသည်ကို တွေ့ရ၏။ သူ့ဘေးတွင် အစားအသောက်၊ အရက်သည်များကို တွေ့ရ၏။ သူ့အနားသို့သွားပြီး လာရင်းကိစ္စကို ပြတ်ပြတ်သားသားပင်ပြောလိုက်သည်။

"ကျုပ်က နယ်ယန်းမြစ်ဆုံက မှဆိုးတစ်ယောက်ပါပဲ။ ဘော်ရှန်းပြည့်လို့ခေါ်တဲ့ ခမန္တီးရှမ်းလူမျိုးပါ။ အခု ဒီကိုလာရတာက ခင်ဗျားနဲ့ အရောင်းအဝယ်လုပ်ဖို့ လာခဲ့တာပဲ"

ကျွန်တော်က ထိုသို့ပြောပြီးသည်နှင့် အိတ်ထဲမှ ရွှေတုံးရွှေခဲများကို မီးဖိုအနီး မြေပေါ်သို့ ဖြန့်ချပြလိုက်၏။ သူသည် ထိုင်နေရာမှ ရွှေတုံးရွှေခဲများကို မြင်သောအခါ တစ္ဆေသရဲတွေ့သူတစ်ယောက်လို ထိတ်လန့်တကြား ဝုန်းခနဲထလိုက်သည်။ ပြီးမှ အံ့သြတကြီး အော်ဟစ်ပြောဆိုလေသည်။

"ဟေ့.. နောက်တစ်ယောက်လာပြန်ပါရောလားဟင်။ ဒီတစ်ယောက်က မှဆိုးလို့ပြောတဲ့လူ ဖြစ်နေပါလား"

စကားပြောပြီးနောက် သူသည်..

"ခင်ဗျား ဒီဟာတွေ ဘယ်ကရလာသလဲ။ ရွှေတွင်းက ဘယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ ဟိုမှာရှိသလား။ ဒီကနေ ဘယ်လောက်ဝေးဝေးသွားမှ ရောက်သလဲ"

သူသည် မျက်လုံးမျက်ဆံပြူး၍ မျက်စိပျက်မျက်နှာပျက်မေး နေသည်။ ရွှေကိုမြင်လျှင် လူ့သဘာဝအတိုင်း ငမ်းငမ်းတက်ဖြစ်တတ် ကြောင်းကို သတိမေ့ပြီး သွန်ချပြမိသည်မှာ ကျွန်တော့်အမှားပင်ဖြစ်သည်။

"ရွှေ.. ရွှေတွေပေါလိုက်တဲ့ နယ်မြေဒေသပါလား။ နေ့လယ် ကလည်း မျောက်ဝံကြီးတစ်ကောင် ဒီနားလာပြီး ရစ်ဝဲရစ်ဝဲလုပ်နေတယ် တကယ်ထူးဆန်းတဲ့ အကောင်ပါပဲဗျာ။ လူနဲ့ အတော့်ကိုတူတယ်ဗျ ဒါနဲ့ ကျုပ်လည်း ပစ်သတ်လိုက်တယ်၊ သူ့ဆီမှာ ရွှေတုံးတွေ တစ်အိတ်ကြီး ပါလာတာတွေ့ရလို့ အံ့သြခဲ့ရသေးတယ်၊ အခု ခင်ဗျားယူလာတဲ့ ရွှေမျိုး ပဲ၊ လာဗျာ.. လာကြည့်စမ်းပါ။ ကျုပ် အရေခွာတ်ပြီး ခေါင်းနဲ့တွဲထားတယ် ဒီလို လူနဲ့နီးစပ်တဲ့ မျောက်ဝံလိုအကောင်ကို ကျုပ်ပြန်တဲ့အခါ ပြချင်လို့ ဟိုရောက်မှ အစာသွတ်ပြီး ပုံမပျက်ပြန်ချုပ်ထားရမယ်"

ကျွန်တော့်မှာ စိတ်မပါလှသော်လည်း သူခွဲခေါ်ရာနောက်သို့ လိုက်ပါသွားရသည်။ ကျွန်တော့်ရန်သူတော် ပြိုင်ဘက်ကြီး မျောက်ဝံ သတ္တဝါသည် ဘဝဟောင်းကို စွန့်ခွာသွားပေပြီ။ သူ့ခေါင်းနှင့်ကိုယ်ထည် အရေခွံတွဲလျက် တွေ့ရ၏။ သူက ကျွန်တော့်ကို တတွတ်တွတ်မေးမြန်း နေပြန်သည်။

"ကဲ.. မိတ်ဆွေ။ ပြောစမ်းပါဗျာ..။ ဒီရွှေတွေ ဘယ်မှာရှိသလဲ ဆိုတာ။ ခင်ဗျားယူလာတဲ့ရွှေနဲ့ ဟိုသတ္တဝါကြီးယူလာတဲ့ရွှေဟာ တစ်နေရာ တည်းကပဲဆိုတာ ကျုပ်သိတယ်"

ကျွန်တော့်ဦးနှောက်ထဲတွင် လျှင်မြန်စွာတွေးတောစဉ်းစားရေး အကယ်၍သာ ရွှေရှိသည့်နေရာကို ကျွန်တော်အမှန်တကယ်ပင်သိထား သည်ဟု ထိုပုဂ္ဂိုလ်ယုံကြည်စွဲမှတ်သွားပါမူ ကျွန်တော့်ကို အတင်းအကျပ်



www.burmeseclassic.com

www.burmeseclassic.com



ခြိမ်းခြောက်ရန်ပြု၍ မေးကောင်းမေးပေလိမ့်မည်။ ပြီးမှ လူတစ်ပိုင်းမျောက်တစ်ပိုင်းသတ္တဝါကဲ့သို့ ကျည်ဆန်တစ်တောင့်ကို ဆုလာဘ်အဖြစ် ပေးချင်ပေးပေလိမ့်မည်။ သို့ကြောင့် ကျွန်တော်က လုံးဝမနားမလည်သလို ဟန်ဆောင်ရတော့၏။

"ရွှေရှိတဲ့နေရာကိုတော့ ကျုပ်လည်းမသိပါဘူး။ လမ်းမှာ လူလိုလို၊ မျောက်လိုလို အကောင်တစ်ကောင်က ရွှေတစ်အိတ်လွယ်ပြီးသွားတာကို အမှတ်မထင် မြင်လိုက်တာနဲ့ နောက်ယောင်ခံလိုက်လာခဲ့တာပါ။ နောက်ဆုံး သူ သစ်ပင်အောက်မှာအိပ်နေတာတွေ့တော့မှ နည်းနည်းလစ်ယူခဲ့တာဗျ။ မျောက်လိုအကောင်နဲ့ ရွှေနဲ့က မတန်ဘူးလို့ ထင်တာနဲ့ပေါ့လေ"

"ဟာ‥ ဟုတ်တာပေါ့။ သူ့အတွက် ရွှေက တန်ဖိုးမရှိပါဘူး။ ခင်ဗျားအတွက်ကတော့ရောဗျာ။ ခင်ဗျားအတွက်လည်း တန်ဖိုးထားဖို့ကောင်းချင်မှ ကောင်းမှာပါ။ ဘာပဲဖြစ်ဖြစ်လေ‥ ဒီရွှေတွေက မျောက်ဝံကြီးပိုင်တဲ့ ရွှေတွေပဲမဟုတ်လား။ ဒီတော့ သူ့မူရင်းအရေအတွက်အတိုင်း ပြန်ပြီးရရင် မကောင်းဘူးလား။ ဒါတွေကို ထိန်းသိမ်းထားဖို့ ကျုပ်တာဝန်ပဲ ထားလိုက်ပါဗျာ"

ထိုပုဂ္ဂိုလ်သည် လောဘဇောပြင်းထန်လာသူတစ်ယောက်ဖြစ်ကြောင်း ကျွန်တော်ခန့်မှန်းမိလိုက်သည်။ ကျွန်တော်ကလည်း ဤကဲ့သို့ပြုလုပ်ရန် ဝန်မလေးပါကြောင်း၊ သို့သော် အပြန်အလှန် မုဆိုးအချင်းချင်းအနေဖြင့် သေနတ်တစ်လက်နှင့် ကျည်ဆန်အသင့်အတင့်၊ အမဲလိုက်ဓားမြှောင်၊ ဓားရှည်ပါက ဓားရှည်တစ်ချောင်း၊ ခြုံစောင်အပိုများ၊ ဆားများ၊ ပယင်းပုတီးပါလာလျှင်လည်း လက်ဆောင်ပစ္စည်းအဖြစ် ပြန်ပေးရန်တောင်းဆိုလိုက်၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဆိုပါက ရွှေတုံးရွှေခဲများကို အလွယ်တကူပေးမည်ဖြစ်ကြောင်း ပြောလိုက်သည်။

ကျွန်တော်သည် အပေးအယူတည့်သည်အထိ လှည့်ပတ်၍ အတော်ကြီးကြာအောင် ပြောဆိုရသည်။

နောက်ဆုံးတွင် ကျွန်တော့်စကားကို လက်ခံပြီး ရှမ်းမှုဆိုးကြီးက လိုက်လျောခဲ့လေသည်။ သူသည် ကျွန်တော်လိုချင်သောပစ္စည်းများကို ပေးကာ သယ်ဆောင်ရန် အထမ်းသမားနှစ်ယောက်ကိုပါ ထည့်ပေးလိုက်သည်။

ကျွန်တော်သည် ရိုင်ဖယ်ကိုကိုင်ကာ နောက်မှလိုက်ခဲ့သည်။ နောက်ကြောင်းမှ အန္တရာယ်ရှိ၊ မရှိကိုလည်း အကဲခတ်လိုက်ပါခဲ့ရ၏။ ရှမ်းမှုဆိုးကြီးမှ ချောင်းမြောင်းပစ်ခတ်မည်ကိုလည်း ကြောက်ရသေးသည် မဟုတ်ပါလား။

သို့သော် ကျွန်တော်မျှော်လင့်ထားသလို ဘေးအန္တရာယ်မတွေ့ခဲ့ရပါ။ လိုရာသို့ ချောမောစွာ အရောက်ပြန်လာနိုင်ခဲ့၏။ ကျွန်တော်သည် ဂျာနူးတို့ရှိရာနှင့် သုံးမိုင်ကွာခန့်အရောက်တွင် အထမ်းသမားများကို ပြန်လွှတ်လိုက်၏။ ပြီးမှ အထုပ်သုံးထုပ်ကို ကိုယ်တိုင်သယ်ယူပြီး တောင်ကြားလမ်းနေရာသို့ လာခဲ့သည်။ ထိုကမှတစ်ဆင့် သူတို့ထံမှ အစောင့်အချို့ကို ကူညီသယ်ယူစေကာ ရွာထဲသို့ ဝင်လာခဲ့ကြ၏။

ဂျာနူးမှာ ဃိုစဉ်က သူမထံတွင်ရှိသမျှ အဝတ်အစားများကို ဝတ်ဆင်ကာ ရွာတစ်ဝိုက်တွင် အလှပြနေ၏။ လမ်းလျှောက်နေသည်။ အကယ်၍ မိန်းကလေးတစ်ယောက်သည် တစ်စုံတစ်ယောက်၏ဝယ်ယူခြင်းကို ခံယူရန်အချိန်ကာလ အဆင်သင့်ဖြစ်နေပါလျှင် ထိုကဲ့သို့အလှပြင်၍ ရွာစဉ်လျှောက်ပြရလေသည်။ အဓိပ္ပာယ်မှာ ရောင်းကုန်ကို ဝယ်သူ



www.burmeseclassic.com

www.burmeseclassic.com



များအား ထုတ်ဖော်ကြေညာသည့်သဘောမျိုးဖြစ်သည်။

ဂျာနူး ထိုကဲ့သို့လုပ်နေခြင်းမှာလည်း ကျွန်တော့်အကျိုးအတွက် သက်သက်ဖြစ်သည်ဟု ရိပ်စားသိရှိနေပါသည်။ ထုံးတမ်းစဉ်လာအရ အများအတွက် မိမိကိုယ်ကို ကြေညာရသော်လည်း သူမရင်တွင်းမှာမူ ဝယ်ယူမည့်သူမှာ ကျွန်တော်သာဖြစ်စေချင်လိမ့်မည်မှာ သေချာပါသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ≺အခန်း–၆≻

ကျွန်တော်ယူဆောင်လာခဲ့သော လက်ဆောင်ပစ္စည်းများကို အများတကာကပင် သဘောကျနှစ်ခြိုက်နေကြလေသည်။ တအံ့တဩ နှင့်ပင် ကျွန်တော့်အနားတွင် ဝိုင်းဝန်းကြည့်နေကြသည်။

ကျွန်တော့်ကို ကူညီသယ်ဆောင်သော အစောင့်များသည် မြေပြင်တွင် ပစ္စည်းပစ္စယများကို ခင်းကျင်းထုတ်လိုက်သောအခါ လူတိုင်းကပင် မျက်လုံးများကျွတ်ထွက်လုမတတ်ကြည့်၍ ငေးမောနေကြသည်။

အမှန်တော့ ဘယ်သူတစ်စုံတစ်ယောက်ကမှ ယခုကဲ့သို့သော ပစ္စည်းကိရိယာများ[illegible]မြင်ဖူး၊ တွေ့ဖူးကြခြင်း မရှိခဲ့ကြပေ။ သူတို့သည် ယနေ့ တိုးတက်[illegible]သော လူ့ဘောင်ဝန်းကျင်ကို ကျောပေး၍ သီးခြား ကမ္ဘာငယ်ကလေးတွင် ကျင်လည်မွေ့လျော်နေကြရသူများသာ ဖြစ်[illegible]

သူတို့မျက်စိအကျဆုံးပစ္စည်းမှာ လမ်းပြမှဆိုးများ [illegible]ရှင်းရာတွင် အသုံးပြုသော ဓားအရှည်နှင့် အမဲလိုက်ဓားမြှောင်ကြီးကိုပင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ များသောအားဖြင့် လူမျိုးစုယောကျ်ားများမှာ အမဲလိုက်ဝါသနာပါသူများဖြစ်သဖြင့် သံမဏိစစ်စစ်ဖြင့် ထက်မြက်လှသော ဓားများကို နှစ်ခြိုက်ကြသည်။ တပ်မက်ကြသည်။

ဂျာနူး၏ဖခင် ရွာအုပ်ကြီးဆလီဖသည် အတန်ကြာမျှ တွေဝေ ငေးစားနေပြီးမှ သူတို့ဘာသာစကားဖြင့် မိန့်ခွန်းကြီးခြွေလေတော့သည်။

ထိုအချိန်တွင် ဒူးလင်းကချင်ကြီး ရွှေပန်းထိမ်ဆရာပါ အနား တွင်ရှိနေသဖြင့် သူကမှတစ်ဆင့် ဘာသာပြန်ပြောပြခဲ့သည်။ သူက ကျွန်တော့်လက်တစ်ဖက်ကို ဆွဲကိုင်ဆုပ်ပြီး အားပါးတရပြောပြသည်။

"ဟန်ကျပြီဗျို့..။ အဲဘိုးကြီးက ဂျာနူးကို ခင်ဗျားလက်ထဲ ထည့်ပေးဖို့ သဘောတူလိုက်ပြီဗျ"

ကျွန်တော့်မှာ ဝမ်းသာအားရဖြစ်လွန်းနေသဖြင့် မြေကြီးနှင့်ခြေ ထောက် မထိတော့ဟုပင် ထင်မြင်လာမိသည်။ သူတို့အတွက်ကမူ ထိုကိစ္စ မှာ မည်သို့မျှထူးခြားသောဖြစ်ရပ်မျိုးဟု ယူဆပုံမပေါ်ပေ။ မိန်းမအရောင်း အဝယ်လုပ်သည့် သာမန်လုပ်ရိုးလုပ်စဉ်သာ ဖြစ်လေသည်။

ကျွန်တော့်အတွက်ကမူ ဂျာနူးကို တစ်ကမ္ဘာလုံးတွင် တစ် ယောက်တည်းသော ချစ်မြတ်နိုးရလွန်းသူအဖြစ် အသိအမှတ်ပြုထားရသူ ဖြစ်၍ ကိုယ့်ချစ်သူကို ပိုင်ဆိုင်ခွင့်ရသည့်အတွက် အဖေ့ကိုမသတ်အောင်ပင် ဝမ်းမြောက်ဂုဏ်ယူနေမိတော့သည်။

ကျွန်တော် ထိုပစ္စည်းများကို မည်သို့မည်ပုံ ဖြစ်သည်ဆိုသော ဖြစ်စဉ်ချက်ကို နားလည်ထားသူမှာ တစ်ယောက်သာရှိပါ၏။ လူနှင့်နီးစပ် သော မျောက်သတ္တဝါကြီးပင်ဖြစ်သည်။

သို့သော် သူလည်း လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ရန်အတွက် ဘာမျှထင်ရှားမရှိတော့ပေ။ ရှမ်းမှဆိုးကြီးလက်ချက်ဖြင့် သေသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ကျွန်တော့်နောက်ကြောင်းသည် ရှင်းခဲ့ပြီမို့ သာယာသောဘဝသို့သာ မျှော်မှန်းရပေတော့မည်။

ထိုလူမျိုးစုများကြားတွင် ချစ်သောသူနှင့် အတူယှဉ်တွဲ၍ ဘဝကို အခြေစိုက်ရပေတော့မည်။ ကျွန်တော်သည် ကိုယ့်အတွေးနှင့်ကိုယ် သာယာကြည်နူးနေမိသည်။

ထိုစဉ်ခိုက်မှာပင် နားထဲသို့ လူစုလူဝေးနှင့် အော်သံဟစ်သံများ ကြားလာရသည်။ ကျွန်တော်က အသံလာရာဘက်သို့ လှမ်းမျှော်ကြည့်လိုက်၏။ တောင်ကြားလမ်းကိုစောင့်သော အစောင့်များသည် လူစိမ်းတစ်ယောက်ကို ဖမ်းဆီးခေါ်ဆောင်လာကြသည်ကို မြင်ရသည်။ ဖမ်းဆီးလာသူကို အနီးကပ်မြင်ရသောအခါတွင် ကျွန်တော့်မျက်လုံးများ ပြာဝေကာ ပါးစပ်အဟောင်းသားနှင့် အံ့ဩရတော့သည်။

ထိတ်လန့်ရတော့မည်ဆိုက ပို၍သာဘာဝကျပေလိမ့်မည်။

အကြောင်းမူ သူတို့ဖမ်းဆီးခေါ်ဆောင်လာသူမှာ ကျွန်တော့်ကို လိုက်ဖို့သော အထမ်းသမားနှစ်ယောက်အနက် တစ်ယောက်ဖြစ်လေသည်။ အခြေအနေကို ဆက်စပ်တွေးတောကြည့်ရသည်မှာ ထိုသူသည် ကျွန်တော့်ကို နောက်ယောင်ခံလိုက်လာခြင်းအားဖြင့် ရွှေတွင်းရှိရာသို့ ရောက်လိမ့်မည်ဟူ၍ ... ကာသဘောဖြင့် ခြေရာကောက်လိုက်လာစဉ် အဖမ်းခံရသည်ဟု အ... ...က်မိသည်။

ထိုမှ ... ၍ ကျွန်တော့်ရင်ထဲတွင် မီးတောက်သလို ပူပင်သောကရော... နေရသည်။ အကယ်၍သာ အဖမ်းခံရသည့်အထမ်းသမားသည် ကျွန်တော် ရှမ်းမှုဆိုးကြီးထံတွင် ရွှေများဖြင့် အပေးအယူလုပ်ခဲ့ကြောင်းသော ဖော်ထုတ်ခဲ့ပါလျှင် ဒုက္ခနှင့် လှလှကြီးတွေ့ရပါတော့မည်။ သူသည် ကျွန်တော့်ဘဝအတွက် အန္တရာယ်ကောင်တစ်ကောင်သာ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ကျွန်တော်က နားကို အစွမ်းကုန်စွင့်ထားလိုက်၏။ အချို့သော သူများက အဖမ်းခံထားရသူကို စစ်ဆေးမေးမြန်းနေကြသည်။ ထိုလူ့ စကားကို နားမလည်ပါစေနှင့်ဟု ကျွန်တော်ကျိတ်၍ဆုတောင်းနေမိ၏။ သို့သော် ကျွန်တော့်ဆုတောင်း မပြည့်ခဲ့ပါချေ။ ထိုသူက မူးဝါးစကားဖြင့်ပင် ကျင်လည်သွက်လက်စွာ ပြန်ပြောနေတော့သည်။ ကျွန်တော့်ဘက်နှင့် မြေပေါ်ကပစ္စည်းများဘက်သို့လည်း လက်ညှိုးတထိုးထိုး လုပ်နေပြန်၏။

ကျွန်တော်မမျှော်လင့်သော၊ မဖြစ်စေလိုသော ဖြစ်ရပ်များက အလုံးအရင်းနှင့် ဖြစ်ပေါ်လာလေတော့သည်။

ကျွန်တော်သည် ရွာအုပ်ကြီးဖြစ်သူ အဘိုးကြီးဆလီဖထံသို့ တိုက်ရိုက်တဆိတ်လှမ်းကြည့်၍ အကဲခတ်လိုက်သည်။ သူ့မျက်လုံးများမှာ တင်းမာခက်ထန်သောအသွင်များ ပေါ်လွင်နေ၏။ နှုတ်ခမ်းအစုံကိုလည်း တင်းကျပ်စွာစေ့ထားသည်။

ထို့နောက် ပြတ်သားတင်းမာသော စကားစုတစ်ခွန်းကို လှမ်း ပြောလိုက်သည်နှင့် စစ်သည်တစ်စုမှာ ကျွန်တော့်ကို ဝိုင်းထားလိုက်တော့ သည်။ ရွှေပန်းထိမ်ဆရာမှာ ကျွန်တော့်အနားတွင်ပင် ရှိနေသဖြင့် စကား ပြန်အဖြစ် လုပ်ဆောင်ပေးနေရ၏။

သူတို့က ကျွန်တော့်အပေါ်တွင် စွဲချက်တင်နေကြ၏။

ကျွန်တော့်မှာ အပြစ်ရှိသူတစ်ယောက်ဖြစ်သဖြင့် ဘာတစ်ခွန်းမှ ပြန်၍စောဒကတက်မနေတော့ဘဲ ငြိမ်၍သာ နားထောင်နေလိုက်သည်။ သို့သော် အဘိုးကြီးဆလီဖသည် ဤပြစ်မှုကျူးလွန်ရာတွင် သမီးဖြစ်သူ ဇာနူးကပါ သစ္စာဖောက် အလိုတူအလိုပါ ကျူးလွန်ခြင်းဖြစ်သည်ဟု စွဲချက်တင်လာသောအခါ ကျွန်တော့်မှာ တုန်လှုပ်ချောက်ချားမှု အံ့ဩမှု



www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်လာရသည်။

သူ့စွဲချက်မှာ ဂျာနူးသည် ကျွန်တော့်ကိုသာချစ်နေပြီး မျောက်လို လူကို မုန်းတီးရွံရှာနေသည်။ ထိုစဉ်မှာပင် သူမကို မျောက်တစ်ပိုင်းလူတစ်ပိုင်းသတ္တဝါက ဝယ်ယူတော့မည်ဟု စကားကမ်းလှမ်းလိုက်သည်။ ဂျာနူးရော၊ ကျွန်တော်ကပါ မုဆိုးအကြောင်း သိထားကြ၏။ ထိုသို့သောအကျပ်အတည်းတွင် မုဆိုးထံမှ ပစ္စည်းပစ္စယများ သွားရောက်လဲလှယ်နိုင်ရန် အတွက် ဂျာနူးက ရွှေတွေခိုးပေးကာ ကျွန်တော့်ကို စေခိုင်းခဲ့သည်။

ထိုသို့ပင် အဘိုးကြီးဆလီဖက စွပ်စွဲခဲ့၏။ တကယ်တော့လည်း သူ့စွပ်စွဲချက်မှာ သဘာဝကျနေ၏။ ရွှေကိုယူဖို့ဆိုသည်မှာ လွယ်ကူသည်တော့ မဟုတ်ပါချေ။ အတွင်းလူမပါဘဲနှင့်တော့ ကြောက်စရာ ရွှေတွင်းစောင့်လူသားစားပုရွက်ဆိတ်ကြီးများကို ကျော်လွှားသွားနိုင်ကြမည်မဟုတ်သောကြောင့် ဖြစ်ပါသည်။

ကျွန်တော်က ထိုစွပ်စွဲချက်ကို ပြေလည်အောင်ဖြေရှင်းရန် ကြိုးစားခဲ့ပါသေးသည်။ သို့သော် သူတို့က နားထောင်ခြင်းမရှိပေ။ ဂျာနူးသည် ဖြူရော်သောမျက်နှာကလေးဖြင့် ကျွန်တော့်အနီးသို့ ချဉ်းကပ်လာခဲ့သည်။

"ကျွန်မတို့ အတူတူသေပွဲဝင်ကြတာပေါ့ အချစ်ရယ်"

သူမသည် ရဲဝံ့ပြတ်သားသောစကားကို တည်ငြိမ်သောလေသံဖြင့် ပြောလာ၏။ ကျွန်တော်က အပြစ်မဲ့သောချစ်သူတစ်ယောက် သေရမည့်အရေးကို မတွေးဝံ့ပါချေ။ သေသည့်အထိလည်း အပြစ်မခံလိုပါ။ ကျွန်တော်က အဖြစ်မှန်ကို တင်ပြလိုပါ၏။

ကျွန်တော် မည်သို့မည်ပုံ ပုရွက်ဆိတ်ကြီးများနှင့် ရင်နှီးအောင် မည်သို့အစာကျွေးသည်များကို လက်တွေ့ပြသလိုသည်။ ခက်နေသည်က ကျွန်တော့်စကားကို မည်သူတစ်ဦးတစ်ယောက်ကမျှ အလေးဂရုပြု၍



www.burmeseclassic.com

www.burmeseclassic.com



နားစိုက်မထောင်ကြခြင်းပင် ဖြစ်ပါသည်။

အကယ်၍ ဂျာနူးကသာ ရှင်းလင်းပြောပြမည်ဆိုလျှင် နားထောင်ကြဖွယ်ရာရှိသည်။

ယခုတော့ ဂျာနူးကိုယ်တိုင်က မည်သည့်ဖြေရှင်းချက်စကားတစ်လုံးကိုမျှ ဖွင့်ဟပြောဆိုခြင်းမပြုဘဲ ရှိနေသည်။ သူ့မဆန္ဒမှာ ကျွန်တော်နှင့်အတူတူ ရွှေလည်တွဲ၍ သေပွဲဝင်လိုခြင်းသာ ဖြစ်နေသောကြောင့်ပင်တည်း။ ကျွန်တော်သည် သတိလက်လွတ်ဖြစ်လာမတတ် စိတ်ဓာတ်ကျဆင်းရတော့သည်။

နောက်ဆုံးတွင် ရွာအုပ်ကြီးဆလီဖက အပြစ်ဒဏ်ကို ချမှတ်လိုက်သည်။ အဓိပ္ပာယ်ကို ရွှေပန်းထိမ်ဆရာက ပြန်လည်ပြောပြ၍ သိရသည်မှာ ကျွန်တော်သည် တောထဲမှ သစ်မြစ်တစ်မျိုးနှင့် သစ်သီးတစ်မျိုးတို့ ရောစပ်ပြုလုပ်ထားသည့်မှုန့်ကို စားရမည်ဖြစ်၏။

မှုန့်စားရမည်ဆိုသော အပြစ်ဒဏ်ခတ်ခြင်းအတွက် ရယ်ဖွယ်ကောင်းသည်ဟု ပေါ့ပေါ့ဆဆမှတ်လျှင် အမှားကြီးမှားပါလိမ့်မည်။

အဘယ့်ကြောင့်ဆိုသော် ထိုမှုန့်ကိုစားမိသူမှာ သူ့အသိဉာဏ်များ ကွယ်ပျောက်သွားစေနိုင်သောကြောင့်ဖြစ်သည်။

ရွာအုပ်ကြီးဆလီဖသည် သက်ညှာစွာဖြင့် ကျွန်တော်တို့အသက်ကို ချမ်းသာခွင့်ပေးလိုက်သော်လည်း သတိမေ့လျော့စေသည့် သစ်မြစ်နှင့် သစ်သီးတချို့ ရောစပ်ပြုလုပ်ထားသောမှုန့်ကို ကျွေးပြီးနောက် လူမျိုးစုထဲမှ နှင်ထုတ်ပစ်ရန် အမိန့်ချခဲ့လေသည်။ ကျွန်တော်တို့မှာ နှစ်ဦးသားဆက်ထပ်လိုသောစိတ်ကြောင့်သာ လူမျိုးစုဥပဒေတားမြစ်ချက်ကို ချိုးဖောက်ခြင်းအတွက် ဤမျှသက်ညှာစွာ ထိုက်တန်သောအပြစ်ကို ပေးခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက်သည် ထိုအပြစ်ဒဏ်အတွက် အတိတ်မေ့စေသည့် မှော်ဝင်မုန့်ကို စားခြင်းဖြင့် ရွှေနှင့်တကွသော လူမျိုးစုများကိုပါ မေ့ပျောက်သွားစေလိမ့်မည်။ အသက်မသေသည့်တိုင် ထိုအပြစ်ဒဏ်မှာ ကြောက်စရာလန့်စရာကောင်းလှသည်။ ကျွန်တော့်မှာ စိတ်ရောလူပါ အားအင်ကုန်ခန်းကာ နွမ်းနယ်နေခဲ့ရသည်။

မည်သို့ဖြစ်သွားမှန်းပင် မသိတော့ပေ။ သို့အတွက်ကြောင့်လည်း သူတို့က ကျွန်တော့်ပါးစပ်ထဲသို့ တစ်စုံတစ်ခုထိုးထည့်ပေးလိုက်သောအခါ စိတ်ညို့ခံထားရသူပမာ ဝါးမျိုပစ်လိုက်တော့သည်။

တစ်ခဏချင်းဆိုသလိုပင် မျက်ခွံများလေးလာပြီး အိပ်ချင်စိတ်များ ဝင်လာတော့သည်။ နောက်ဆုံး ကျွန်တော့်မျက်နှာပေါ်တွင် မိုး၍ကြည့်လာသော မျက်ရည်များပြည့်လျှမ်းနေရှာသည့် ဂျာနူးမျက်နှာဝန်းလေးကို ခပ်ဝါးဝါးမြင်လိုက်ရပြီးနောက် အိပ်မောကျသွားရလေတော့၏။

အချိန်မည်မျှကြာအောင် အိပ်မောကျသွားရသည်ကိုမူ ဘုရားသခင်သာ သိပေလိမ့်မည်။ ကျွန်တော်သတိရလာသောအခါ လူများ၏ ပြန်ပြောပြချက်အရ သိရသည်မှာ ထူးဆန်းသောလူမျိုးစုအချို့က ထမ်းစင်နှင့်သယ်ယူလာပြီး တောင်ယာတဲစုအစပ်တွင် လာချထားကြောင်းသာ သိရသည်။

တစ်ညလုံး အပြင်ဘက်တွင်ရှိနေပြီး မိုးလင်း တောင်ယာကိုသွားသောအခါမှ ကျွန်တော့်ကို တွေ့ကြရသည်။ ကျွန်တော်နိုးလာသောအခါ ကျွန်တော့်သတိတရားများသည် လုံးဝမကောင်းတော့ပေ။ ကျွန်တော် ဘယ်သူဘယ်ဝါဖြစ်ပြီး ဘယ်နေရာမှာနေ၍ ဘယ်သို့ရောက်လာသည်များကိုမူ တစ်လုံးတစ်ပါဒမျှ ပြောဆိုနိုင်ခြင်း အလျဉ်းမရှိတော့ပေ။ ကျွန်တော့်ရင်ထဲတွင်မူ ဆန္ဒတစ်ခုဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ဆန္ဒဖြစ်သည်ကိုလည်း ထုတ်ဖော်နိုင်စွမ်း မရှိခဲ့ပါ။

သို့နှင့်ပင် မချမ်းဘောမှတစ်ဆင့် လူကြုံနှင့် ကျွန်တော့်ကိုထည့်ပေးလိုက်ကြ၏။ ပူတာအိုဆေးရုံရောက်သောအခါ ဆရာဝန်မှာ ကျွန်တော့်ရောဂါကို အတော်ကလေးစိတ်ဝင်စားလာသည်။

မိုးရိပ်မိုးနံ့ရသည့်အခါတိုင်း ကျွန်တော်သည် ကြာမြင့်စွာ အိပ်မောကျသွားရတတ်သောကြောင့်ဖြစ်၏။ မိုးရိပ်မိုးနံ့ မိုးရွာ၍ စွတ်စိုထိုင်းမှိုင်းသောရနံ့ကို ကျွန်တော်ရှူရှိုက်မိသည်နှင့် ကျွန်တော်သည် မေ့ဆေးရှူရသည့်သူနှင့်မခြား အိပ်မောကျသွားတော့သည်။

ပူတာအိုဆေးရုံမှ ဆေးရုံအုပ်ကြီး ဆရာဝန်မှာ ကျွန်တော့်ကို သိုလေသေးမရှိအောင် ပြုစုကုသပေးပါသည်။ ထိုမှ ဆက်လက်၍ လေယာဉ်ဝတ်ကြုံသောအခါ မြစ်ကြီးနားပြည်နယ်ဆေးရုံကြီးသို့ တင်ပို့ကုသစေပြန်ပါသည်။

မြစ်ကြီးနားပြည်နယ်ဆေးရုံကြီးတွင်မူ ရောဂါရှာဖွေရေး ကုသမှုပါရဂူနှင့် တွေ့စေပါသည်။ ကျွန်တော့်ကိုခေါ်လာသော ပူတာအိုဆေးရုံအုပ်ကြီးနှင့် ပါရဂူဆရာဝန်တို့ ပူးပေါင်း၍ ကုသကြ၏။ ပူတာအိုမှဆရာဝန်ကြီး ပြန်သွားသည့်တိုင်အောင် မြစ်ကြီးနားဆေးရုံရှိ ပါရဂူကြီးများသည် ခြောက်လတိုင်အောင် ကျွန်တော့်ကို စစ်ဆေးကြည့်ရှု ကုသကြသည်။

နောက်ဆုံးတွင် မြစ်ကြီးနားဆေးရုံမှ ဆရာဝန်များက ကျွန်တော့်ရောဂါမှာ အလိုအလျောက် စိတ်ညို့ခံရသော ရောဂါဆန်းဖြစ်သည်ဟု ကောက်ချက်ချတော့သည်။ မိုးသက်လေနှင်နံ့ရသည့်အခါတိုင်း ကျွန်တော်အိပ်ပျော်သွားလေ့ရှိသည်မှာ ကျွန်တော်ကိုယ်တိုင်က အိပ်ဖို့ စဉ်းစားတွေးတောလွန်းသည့်အတွက်ကြောင့် ဖြစ်သည်ဟု ဆိုကြလေသည်။

ကျွန်တော်က ထိုသို့ဖြစ်ရသည်မှာ ရောဂါကြောင့်ဖြစ်ကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်ရန့်ကို ရှူရှိုက်မိရှုသာ အိပ်ချင်စိတ်ပေါ်လာရကြောင်း ပြောပြသော်လည်း ဆရာဝန်ကြီးများက လက်မခံခဲ့ပေ။

ခြောက်လကြာမျှ ကျွန်တော့်ရောဂါကို ကြိုးစားကုသပေးခဲ့သော်လည်း နောက်ဆုံး လက်လျှော့လိုက်ကြတော့သည်။

ဆရာဝန်ကြီးက အကြံပေးသည်မှာ မြစ်ကြီးနားလိုနေရာဒေသမျိုးထက် မိုးနည်းသော အပူပိုင်းလိုဒေသ၊ သို့မဟုတ် ပုဂံညောင်ဦးလိုဒေသမျိုးသို့ သွားရောက်နေထိုင်သင့်ကြောင်း ကျွန်တော့်အား ပြောပြသည်။

သူ့အကြံပေးသည်ကို လိုက်နာလက်ခံစွာဖြင့် ကျွန်တော်သည် ပုဂံညောင်ဦးမြို့နယ်၊ မြင်းကပါရွာတွင် လာရောက်နေထိုင်ခဲ့သည်မှာ နှစ်ပေါင်းငါးဆယ်ပင် ကျော်ခဲ့ပါပြီ။ သို့စဉ်တိုင် မိုးသက်လေနံ့ရသည့်အခါတိုင်း ကျွန်တော့်မှာ အိပ်မောကျသွားရတတ်၏။

တစ်ခါတစ်ရံတွင် တနင်္ဂနွေနှစ်ပတ်တိတိမျှပင် အိပ်မောကျခဲ့သည့်အခါလည်း ရှိခဲ့ပါသည်။

ထူးခြားမှုတစ်ခုကား ရှိလာခဲ့ပါသည်။ အသက်အရွယ်အိုမင်းကြီးရင့်လာသောအပိုင်းတွင် ကျွန်တော်သည် မှတ်ဉာဏ်အချို့နှင့် သတိများ ပြန်လည်၍ကောင်းလာသလို ရှိလာသည်။ အတိတ်မှ ဖြစ်ရပ်များကို တစ်စထက်တစ်စ မြင်ယောင်တွေးတောလာနိုင်ခဲ့ပါသည်။

အထူးသဖြင့် ယခုလို အိပ်မောကျရာမှ ပြန်လည်နိုးကြားလာ အချိန်တွင် ဖြစ်ပျက်ပြီးသမျှ အားလုံးကို ပြန်လည်မြင်ယောင် သတိရလာတတ်သည်။ ထို့ကြောင့်လည်း ယခုကဲ့သို့ ဇာတ်ကြောင်းပြန်လှန်နိုင်စွမ်း ရှိခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော့်အသက်သည် ဤမျှအိုမင်းရင့်ရော်လာသည့်တိုင်အောင် ကြာညောင်းစွာအိပ်စက်နေရခြင်းမှ ယခုလို ပြန်လည်နိုးကြားလာ



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါတိုင်း ဂျာနူး၏ မျက်နှာကလေးကို မြင်ယောင်နေမိပါသည်။ ဂျာနူးသည် ယခုတိုင် အသက်ရှင်နေခဲ့သော် ကျွန်တော့်လိုပင် အိုမင်းနေချေတော့မည်။

သူမသည်လည်း သတိတရားများ ပြန်လည်ရရှိကာ ကျွန်တော့်ကို တွေးမိကောင်းတွေးမိလိမ့်မည်ဟု ထင်ပါသည်။

ကျွန်ုပ်တော်ကား ဤဘဝသံသရာတွင် အသက်သေသည့်နေ့ထိ ဆက်လက်လည်ပတ်နေရဦးမည်သာ။ ။

❖

**အောင်ခင်စိုး**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကောင်းသူကိုကယ်တင်မည်၊ မကောင်းသူကိုဖယ်ရှားမည်တဲ့

## ၁

လွတ်လပ်ရေးခေတ်ဦးတုန်းကဖြစ်သည်။

ကျွန်တော်တို့အရပ် ဟံသာဝတီအရှေ့ခြမ်းသည် လက်နက်ကိုင်သောင်းကျန်းသူများနှင့် စားပြ၊ ပြန်ပေးများ ဆူပူသောင်းကျန်းသောဒေသဖြစ်သည်။

အရှေ့ကိုခရီးဆက်လျှင် ပဲခူးနှင့် ရင်ခြင်းအပ်။

တောင်ကိုသွားလျှင် မုတ္တမပင်လယ်ကွေ့ရှိရာ ပင်လယ်ရေပြင်။

အနောက်တောင်ကိုလားသော် ဒွိလဝါမီးပြနှင့် တွံတေးတောကြီးတန်း။ တွံတေးတောကြီးတန်းကား လက်နက်ကိုင်သောင်းကျန်းသူများ



www.burmeseclassic.com

www.burmeseclassic.com



ခိုအောင်းပြီး မကြာခဏ စစ်ဆင်ရေးတိုက်ပွဲကြီးများဖြစ်ရာ နေရာဒေသ ဖြစ်၏။

တွံတေးတောကြီးတန်းမှလွန်လျှင် ပင်လယ်ကို ရေကြောင်းနှင့် ကူး၍ သံလွင်အထိ ဆန့်တက်လို့ရရကား အခြေအနေဆိုးဝါးသည့် ဒေသများဖြစ်၏။

ထိုစဉ်က ကျွန်တော်တို့ ပင်လယ်ရပ်ဂုမ်းနှင့် ကုန်တွင်းဒေသမှာ အလွန်ဆိုးသွမ်းနာမည်ကြီးလှသည့် လူသတ်ဓားပြများရှိ၏။

တစ်ဦးက ရှင်ဘုရင်သိန်းမောင်။

နောက်တစ်ယောက်က ငမည်း။

နောက်တစ်ယောက်က ငှက်ကြီးတောင်ဘဂျမ်း။

ရှင်ဘုရင်သိန်းမောင်က မိန်းမချောချောတွေ့လျှင် အိုအို၊ ပျိုပျို လက်ရသိမ်း၊ တော်ကောက်ပြီး သူ့ကိုယ်သူ 'ရှင်ဘုရင်' ဟု ဘွဲ့ခံ၏။

(၎င်းရှင်ဘုရင်သိန်းမောင်သည် နောင်အခါ သူ့ယောက်ဖများ လုပ်ကြံ၍ ပင်လယ်မှာ လည်ပင်းခဲဆွဲ 'ရေနှစ်အသတ်ခံရ၏)

ဓားသေနတ်ပြီးသည်ဟု နာမည်ကြီး၏။

တစ်နယ်လုံး ဖိန့်ဖိန့်တုန်ရ၏။

ငမည်းကလည်း သိန်းမောင်လိုပဲဖြစ်၏။

ဓားပြတိုက်၏။ ပြန်ပေးဆွဲ၏။ အနုကြမ်းစီး၏။ မိန်းမချောလျှင် လက်နက်ပြခြိမ်းခြောက်၍ လက်ရသိမ်း၏။

သိန်းမောင်နှင့် အားပြိုင်ဖြစ်၍ သူတို့ချင်း အမြဲစားမာန်ခုတ်ကာ လစ်လျှင်လစ်သလို တွယ်ကြ၏။

(နောက်ပိုင်း ငမည်းသည် သူ့ဆွေရင်းသားရင်း နမကြီးကွဲကို လက်ရ အဓမ္မသိမ်းရာမှ စည်းပေါက်ပြီး သူ့တပည့်များသတ်၍ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ချင်းကိုယ်တူးကာ ကိုယ့်မသာကိုယ်ချခဲ့ရလေ၏။ နောင်အလျဉ်းသင့်လျှင် ၎င်းတို့ကို ဇာတ်အိမ်တည်၍ လုံးချင်းဝတ္ထုရှည် ရေးပါဦးမည်)

ပြီး.. ငှက်ကြီးတောင်ဘဂျမ်း..။

ခါးကြားမှာ ခြောက်လုံးပြူးသေနတ်ကို အိတ်နှင့်ပတ်ထား၏။ ကျောကုန်းပေါ်မှာ ဓားအိမ်နှင့် ငှက်ကြီးတောင်ဓားရှည်ကို လွယ်ထား၏။ အမြဲတမ်းပဲ ဘောင်းဘီရှည်နှင့်။

လူက ခန့်ခန့်၊ လူပုံချော။ ဆိုးချင်တော့ ပါးပေါ်မှာ ဓားခုတ်ရာနှင့်..။ နှုတ်ခမ်းမွေးစနှင့်..။

နှုတ်ခမ်းပေါ်မှာ မှဲ့နက်တစ်လုံးပါသေး၍ ဓားခုတ်ရာမပါဘဲနှင့် ဓားပြလူဆိုးသာမဟုတ်လျှင် ပြဇာတ်မင်းသားနှင့် အလွန်တူ၏။

လူဆိုးဓားပြမှန်း သိလျက်နှင့်ပင် မှဲ့ပါသောနှုတ်ခမ်း၏ သြဇာကြောင့်လည်းကောင်း၊ ရုပ်ရည်ခန့်၍လည်းကောင်း အမျိုးသမီးအချို့က သူ့ကို သဘောကျကြ၏။

ကျူ၍လည်း ငှက်ကြီးတောင်ဘဂျမ်းနှင့် နှစ်ကိုယ့်တစ်စိတ် ညားကြသည်။ သင်းကလည်း မောင်းမမိသံ မနည်းလှ။

တစ်ခုတော့ရှိသည်။

ငှက်ကြီးတောင်ဘဂျမ်းက မိန်းမမြင်တိုင်း မဆွဲ။

မိန်းမက သူ့အပေါ်ကျသည်ဟု မြင်မှ..။ တစ်နည်း မိန်းမက သူ့ကိုကြိုက်မှ..။

အဲဒါ ချောလည်းချော၊ ဖြောင့်လည်းဖြောင့်၊ တောင့်လည်းတောင့်၊ ဥစ္စာပေါ၊ ရုပ်ချောမှ ငှက်ကြီးတောင်စုံမက်မြတ်နိုးတော်မူပြီး မယားအဖြစ် ပေါင်းသင်း၏။

ရက်စက်ရာမှာတော့ ကမ်းကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မယားများအနက်မှ တစ်ဦးတစ်ယောက်သည် အခြားသူ တစ်ဦးနှင့် ပရောပရိလုပ်နေသည်၊ ဒါမှမဟုတ် ဖောက်ပြန်သည်ဟု သိ ကြားရလျှင်..

အဲဒီမယားကို ငှက်ကြီးတောင်ဓားနှင့် ခုတ်သတ်ပစ်၏။

ပြီး..သူ့နောက်လိုက်များ သစ္စာဖောက်ခဲ့လျှင်၊ ထွက်ပြေးပြီး ဟိုတိုင်သည့်တွန်းလုပ်ခဲ့လျှင် အဲဒီသစ္စာဖောက်ကို ငှက်ကြီးတောင်ဘဂျမ်း ကိုယ်တိုင် လက်ရဖမ်းပြီး ကျွန်တပည့်များရှေ့မှာ ငှက်ကြီးတောင်ဓားနှင့် ရက်ရက်စက်စက် မြင်မကောင်းရှုမကောင်း ရှင်းပစ်လိုက်၏။

သည်လို ရက်စက်လွန်း၊ ကြမ်းကြုတ်လွန်း၍ ဘဂျမ်းမှသည် ငှက်ကြီးတောင်ဘဂျမ်းဟု အမည်တွင်လေ၏။ ဘဂျမ်း၏ ညာလက်မောင်း အရင်းမှာ ကြိုးအနီတစ်ချောင်းစည်းထား၏။

အချို့က ကိုးသချိုင်းလက်ဖွဲ့ဟု ဆိုကြ၏။

အချို့က နတ်စင်ကိုးခုက ရှုပ်နန်းထည်အနီစကို ကျစ်ပြီး ဆရာ တစ်ယောက်က စီရင်ပေးထားသည့် အစီအရင်ဟု ဆိုကြ၏။

မည်သူမှ ထဲထဲဝင်ဝင်၊ မှန်မှန်ကန်ကန် မသိကြ။

အချို့က..

ဘဂျမ်း ဓားပြီးသည် ဆို၏။ တုတ်ပြီးသည် ဆိုကြ၏။ သေနတ် ပင် မီးမကူးဟု ချဲ့ကားပြောကြ၏။

သို့ကလို ပြီး၊ မပြီးကို ဘယ်သူမှ ရဲရဲအာမ,မခံရဲ။

ဘဂျမ်းကလည်း လက်တွေ့မပြခဲ့။

သို့သော် တစ်ကြိမ်မှာ ဘဂျမ်း အရက်မူး၍ စောင်ခေါင်းမြီးခြုံပြီး အိပ်ပျော်နေစဉ် ဘဂျမ်း၏တပည့် ဒေါင်ပန်းစိန်က ဘဂျမ်း၏ငှက်ကြီး တောင်ဓားနှင့် ဘဂျမ်း၏လည်ပင်းကို အသေအကြေခုတ်ခဲ့ဖူး၏။

---



www.burmeseclassic.com

www.burmeseclassic.com



သို့ကလိုလုပ်ကြံရခြင်း အကြောင်းရင်းကား . .

ငှက်ကြီးတောင်ဘဂျမ်းက တပည့်အရင်းဖြစ်သူ အောင်ပန်းစိန်၏ ချစ်လှစွာသော တစ်ဦးတည်းသောညီမလေးကို အဓမ္မတော်ကောက်သိမ်းပိုက်လိုက်၍ဖြစ်သည်။

ညီမလေးမှာ ချစ်သူရည်းစား ရှိခဲ့ပါ၏။

သူမ၏ ရည်းစားအမည်က မောင်ဒန်း။

ပင်လယ်မှာ တံငါစက်လှေလိုက်သည်။ သီတင်းကျွတ်ပြီးလျှင် သူတို့နှစ်ဦး လက်ထပ်ကြမည်။ ညီမလေးက ချစ်ရှာချောချောလေး။

ကနဦးက ဘဂျမ်းက သူ့ကို ဖွင့်ပြောခဲ့ဖူး၏။

"အောင်ပန်းစိန် . . မင်းညီမကို ငါလက်ထပ်ချင်တယ်"

"မဖြစ်ပါဘူး ဆရာ"

"ငါ့ဘဝမှာ မဖြစ်ဘူးဆိုတာ မရှိတာ မင်းအသိပဲလေ"

"ညီမလေးမှာ ချစ်သူရည်းစားရှိပါတယ်ဆရာ"

"ဘယ်သလိုခေါ်သတုံး"

"မောင်ဒန်းတဲ့၊ သူတို့ ဝါကျွတ်ပြီးရင် . ."

"အဲဒီမောင်ဒန်းက ဘာအလုပ်လုပ်တုံးကွ"

"ပင်လယ်မှာ တံငါစက်လှေလိုက်ပါတယ်ဆရာ"

"အေး . . အေး . . ပြီးရောပေါ့ကွာ"

သည်လိုပြောပြီး မကြာလိုက်။ ပင်လယ်ရေစပ်မှာ မောင်ဒန်း၏ ခေါင်းမပါသောကိုယ်လုံးကို အများက မြင်လိုက်ရသည်။

မကြာခင် ဘဂျမ်းက ညီမလေးပန်းနွဲ့ကို အဓမ္မသိမ်းလိုက်သည်။ ညီမလေး ဘဂျမ်းအလစ်မှာ စိန်နှင့်သံပုရာသောက်၍ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုက်၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကတည်းက အောင်ပန်းစိန် သူ့ဆရာ သစ္စာမဲ့သူ လူယုတ်မာကြီးကို လုပ်ကြံဖို့ အခွင့်အရေးမျှော်လင့်ခဲ့သည်။

ဟော..ကြုံပြီ။

ငှက်ကြီးတောင်ဘဂျမ်း အရက်မူးပြီး ခေါင်းအုံးကို ရင်ဘတ်ပေါ် ဖက်ထိ၍ စောင်ခေါင်းမြီးခြုံလို့ အိပ်မောကျနေသည်။

အောင်ပန်းစိန် ဓားအိမ်မှ ဘဂျမ်း၏ငှက်ကြီးတောင်ဓားကို အသံမမြည်အောင်ဆွဲထုတ်ရင်း ဓားကို လက်စုံမြှောက်၍ လည်ပင်းတည့်တည့်ချိန်ပြီး အသားကုန်ခုတ်ချလိုက်သည်။

"ဝီး"

"ဖွတ်"

"ဟင်.."

"ဝုန်း"

"ကိုင်းကွာ.."

"ဖောင်း"

"အား"

ကြောက်ကြောက်လန့်လန့်၊ တွန့်တွန့်ရှိန်ရှိန်နှင့် ခုတ်ချလိုက်၍ ပဲလား မသိ။ ဓားသွားက ဘဂျမ်း၏လည်ပင်းပေါ် မရောက်ဘဲ ရင်ဘတ်ပေါ်ရှိ ခေါင်းအုံးနေရာကို ခုတ်မိပြီး ဘဂျမ်းလန့်နိုးကာ အောင်ပန်းစိန်ကို ဝုန်းခနဲ ကျားခုန်ခုန်၍ ခြေနှင့်ခတ်လိုက်သည်။ အောင်ပန်းစိန်လဲအကျမှာ ရင်းငှက်ကြီးတောင်ဓားနှင့်ပဲ အပြတ်ရှင်းလိုက်သည်။

မောင်နှမနှစ်ယောက်စလုံးနှင့် ပန်းနွဲ့၏ချစ်သူအပါအဝင်မိုးဦး စလုံး ပင်လယ်ရေသချိုင်းမှာ ငါးစာဘဝနှင့် အရိုးကျခဲ့ရလေသည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com

<J>

ပြောရလျှင် ရှာနီးချုပ်စပ်က ရှာသူရှာသား လက်လုပ်လက်စားများ။ တံငါလှေသမားများသည် ငှက်ကြီးတောင်ဘဂျမ်းတို့ကို ကြောက်နေရ၏။

ရှာနီးချုပ်စပ်လည်း သူတို့စားပြတိုက်၍ ပြောင်နေပြီ။

ဆက်ကြေးလိုလို၊ မိုက်ကြေးလိုလို တောင်းနေပြန်၍ အလုပ်လုပ်စားသူများ ခေါင်းနဲ့ကိုယ် အိုးစားမကွဲရန် ဘဂျမ်းအလို လိုက်နေရသေး၏။

တစ်ခါတစ်ခါ ရှင်ဘုရင်သိန်းမောင်နှင့် ငမည်းတို့က စည်းရိုးကျော်ဝင်တိုက်၍ အချင်းချင်းစကားများပြီး နယ်ကျော်ပြန်တိုက်လုပ်ကြရင်း ပစ်ကြ၊ ခတ်ကြ၊ ဓိန်ခေါ်ကြ ဖြစ်ကြသေး၏။

အုပ်ချုပ်ရေးအလွန်လက်လှမ်းဝေးသည့် အရပ်ဒေသဖြစ်၍ ကြိုးနိုင်ငယ်ညှဉ်း လက်နက်ဗန်းပြ မင်းမဲ့စရိုက်များက လွှမ်းမိုးနေ၏။

နောင်အခါ သူတို့အချင်းချင်း ရန်စောင်ပွဲများ၊ တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် လုပ်ကြံပွဲများနှင့် မြေတုန်၊ ရေတုန်၊ ရွာလန့်၊ နတ်လန့် ဖြစ်ခဲ့ရ၏။

တစ်နေ့က. .

သုံးပန်လှရွာက ခိုင်းကျွဲ ခိုင်းနွားများမွေးသည့် ဦးချိန်ရိုးတို့အိမ် ဓားပြတိုက်ခံရသည်။

ရသမျှရွှေငွေများယူ၍ အားမရဘဲ သမီးအပျိုလေး ခင်အေးချို ကို ဓားစာခံဖမ်းဆီးခေါ်ဆောင်သွားကြ၏။

မိဘများ ဘယ်လိုတောင်းပန်လို့မှ မရ။

ငွေငါးသိန်းနှင့်ရွေးရမည်ဟု ဆို၏။ သုံးရက်အတွင်း လာမရွေးခဲ့ လျှင် ဘဂျမ်း၏မယားဖြစ်ပြီဟု အမိန့်ချသွား၏။

ရဲဂါတ်ကို မတိုင်ရ။

တိုင်ခဲ့သော် တစ်ဆွေလုံးတစ်မျိုးလုံး ခေါင်းမရှိဘဲ သေရမည်ဟု ကြိမ်းဝါးပြီး အိမ်တိုင်သုံးလုံးကို ငှက်ကြီးတောင်ဓားနှင့် ခုတ်ထစ်သွားခဲ့၏။

လာရွေးရမည့်နေရာလည်း ပြောခဲ့သည်။ ပင်လယ်မြေပြင်ထဲက အနီရောင်ဆေးသုတ်ထားသည့် စက်လှေပေါ် လာခဲ့တဲ့။

လာရင် တစ်ယောက်တည်းလာ။ နှစ်ယောက်လာရင် အသေတဲ့ ခင်ဗျာ။ သို့နှင့် ဦးချိန်ရိုးတို့ ရှိသမျှကျွဲနွားများကို ရသည့်ဈေးနှင့် ရောင်းချ ပစ်ရာ ငွေလေးသိန်းနီးပါးရ၏။ တစ်သိန်းလိုသေး၏။

ထိုငွေတစ်သိန်းလည်း ဘယ်လိုမှ လှည့်လို့ ချေးလို့မရ၊ ခေါင်း မီးတောက်ပြီး သမီးအပျို မိန်းကလေးအတွက် စိုးရိမ်သောက များနေ ကြ၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

〈၃〉

တစ်နေ့သောအခါ..

သုံးပန်လှရွာအဝင် ညောင်ပိန္နဲပင်ကြီးအောက် ရွာတော်ရှင်နတ်ကွန်းသို့ စိတ်မနှံ့သူလိုလို လူကြီးတစ်ဦး ရောက်လာခဲ့လေ၏။

ရွာတော်ရှင်နတ်ကွန်းကား အရွာရွာခရီးသွားများ နားခိုရာ ညောင်ပင်ရိပ်လည်း ဖြစ်၏။

အလှူ ရှင်ပြု ရှိလျှင်လည်း နတ်ပြရာအရပ်အနေလည်းဖြစ်၏။

နားခိုသူခရီးသွားများစုဝေးနေချိန်တွင် အရူးလိုလူကြီးက ဖော်သီချင်းတစ်ပုဒ်ကို အော်ဟစ်သီဆိုပြီး ရွာတော်ရှင်ရက္ခစိုးနတ်ကွန်းရှေ့တွင် အကျအနကို က,နေ၏။

လူကြီးမျက်နှာက ဆယ်ပြားစေ့လို လေးထောင့်ကြီး။

ဆံပင်ရှည်များက ပခုံးပေါ်ကွေးကောက်၍ ကျနေ၏။

ဖျင်ကြမ်းတိုက်ပုံရင်ကွဲကြီးဝတ်လို့..။



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်မှာလည်း အင်းလိုလို၊ စမ,လိုလို မင်ကြောင်ကွက်များ နှင့်။ ယောဂီရောင်လွယ်အိတ်စုတ်ဖောင်းဖောင်းကြီး လွယ်ထားလိုက်သေး ရဲ့။

ပုဆိုးအဖြူကွက်ကလည်း ညစ်ပေပြီး အောက်နားများပင်ကွဲလို့ သူသည် အနီရောင်ဆေးသုတ်ထားသည့် တောင်ဝှေးကို ပခုံးပေါ်မှာ ဖော်ထမ်းထမ်းရင်း ဖော်က,သီချင်းကို အားရပါးရ ဟန်ပန်နှင့် ဟစ်လေ၏။

"လွှမ်းလေလေ××စေရ××စေရ×××
ဟိုမြို့လယ်မှာ××သည်မြို့လယ်မှာ×××
စပယ်ကို××ထားဝယ်ခါပါလို့×××
ဒေါ်လေးလေး××နကာ××နကာ×××ဒေါ်လေးလေး××နကာ××နကာ
ဒေါ်နကာ××သင်းတယ်××သင်းတယ်××သင်းတယ်လေး××××"

သူသည် ခါးကိုကျိုး၊ ခေါင်းကိုမော့၍ ဖော်လှည့်လှည့်ပြီး က,လေ၏။

"ဖော်ရောင်××ဂျီရောင်××ဆေးကြိုတ်တဲ့ ပုံတောမြို့ချောင်က
ကိုင်ဆောင်××တောင်ဝှေး××လိုလိုရာသွေး××ပေး××ပေး
ကိုင်ဆောင်××တောင်ဝှေး×× လိုလိုရာသွေး××ပေး××ပေး
နှဆေးကိုလေ××နှဆေးကိုလေ××
ဆေးကြိုတ်တောင်×××
ဆေး×လေး××လေး××ကြိုတ်တဲ့တောင်×××ဆေး×ပေး×ပေး
ဆေး×ပေး×ဆေး××ပေး××ကြိုတ်တဲ့တောင်××××"

သူသည် မည်သူ့ကိုမှ ဂရုမစိုက်။

ရွာတော်ရှင် ရက္ခစိုးနတ်ကွန်းရှေ့မှာ ဖော်ဂျီဆေးကြိုတ်သည့် ဆေးကြိုတ်ဟန်အကကို က,နေ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



က,၍ ဝသော် ဝိုင်းကြည့်နေကြသည့် ကလေး၊ လူကြီး ပရိသတ်များဘက်သို့လှည့်ပြီး..

"ဟဲ့..သားတို့၊ သမီးတို့၊ ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါးကြောင်စား၊ ကျန်တဲ့ငါးမှ ဘုရားမ,မတဲ့ကွယ့်၊ ရတနာမြတ်သုံးပါး မြဲမြဲကြ၊ အနန္တောအနန္တငါးပါး မမေ့မလျော့ မပေါ့ကြနဲ့၊ ဒါန၊ သီလ၊ သမထ၊ ဘာဝနာ နေ့စဉ်ပြုကျင့် လုံ့လရှိကြ၊ ဘုရားသာသနာစွန်းလို့ သိကြားသာသနာ ရောက်ချိန်နီးပြီကွယ့်၊ မကောင်းသူဖယ်၊ ကောင်းသူကယ်မတဲ့၊ မိစ္ဆာဒိဋ္ဌိ မဖြစ်စေနဲ့၊ သမာဒိဋ္ဌိ ဖြစ်အောင်လုပ်၊ သမ္မာအာဇီဝနဲ့ အသက်မွေးကြ၊ အ,သမ္မာအာဇီဝနဲ့ အသက်မမွေးကြပါနဲ့၊ ဒုစရိုက်ကိုရှောင်၊ သုစရိုက်ကိုဆောင်မှ အောင်အတိတ်နဲ့ အောင်နိမိတ်ပေါ်လိမ့်မပေါ့၊ ဒါကြောင့်လေ..

ရွှေဖျင်းညီနောင်××ဖောင်တော်စီးပါလို့××

ရေလှိုင်းတွေက တဖွေးဖွေး××ရေလှိုင်းတွေက တဖွေးဖွေး××

နတ်နန်းရယ်××သာလှတယ်×××ရွှေနန်းရယ်××သာလှတယ်×××

ဆီးကြိုပါ့××နှမများရယ်×××ပြေးကြိုပါ့××ညီတော်များရယ်×××

ယီးလေးလေ××ယီးလေးလေး××လေလေး××ယီးလေယီးလေး

ယို××××)

သားတို့ သမီးတို့..အဘဆေးဝိဇ္ဇာကြီး ရောက်လာပြီပေါ့၊ ဒီရွာဒီနယ်ရောက်ရတာ အဘသိပ်ပျော်သကွာ၊ ကိုင်း..ငါ့သားများ၊ သမီးများ၊ မြေးများ အဖျားအနာရောဂါ ရှိကြသလား၊ အမှောင့်ပယောဂ ရောဂါများ ခံစားနေရလား၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဘာသိချင်လဲ ပေါ့၊ ညာလက်ဝါးဖြန့်လိုက်တာနဲ့ လက်ဝါးပေါ်က အရေးအကြောင်းကြည့်ပြီး အဘမြင်တာ ပြောကူညီမယ်ကွ၊ မင်းတို့အသက်ကို ပြောတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငြိုပ်စီးငြိုပ်နင်း ဘယ်အခြေအနေရောက်လို့ ကံဆိုး၊ ကံကောင်း အဘ ပြောဟောမကွ။ ယုံတဲ့သူပြော။ ငါဟောမဟော့"

ခရီးသွားအချို့က ပေါက်ကရပြောသည်မှတ်၍ ရယ်ကြ၏။

အချို့က နားစွင့်၍ထောင်နေ၏။

အချို့က တီးတိုးတီးတိုးလုပ်ကြ၏။

အချို့က လက်ဝါးချင်းပွတ်၍ ပြရကောင်းနိုး၊ မကောင်းနိုး ဖြစ်နေကြ၏။

သည်မှာ အသက်ခြောက်ဆယ်ခန့် ကတုန်ကယင်နှင့် အဘွားအို တစ်ဦးက..

"မောင်ကြီးရှင့်.. ဟူး.. မောလိုက်တာတော်"

"နှမကြီး.. ဘာပြောချင်လို့တုံးဗျ။ ပြောပါဦး"

"မောလို့ပါလေ။ ဟူး.. အမလေးနော်။ ဒုက္ခ.. ဒုက္ခ.."

"မောလို့.."

"အင်းပါ့တော်"

"ခုချက်ချင်း ပျောက်ချင်သလား နှမကြီး"

"သိကြားမင်းနဲ့တွေ့တယ်လို့ ယုံပြီး ဆေးသောက်ချင်ပါ့ မောင် ကြီးရယ်။ ဟူး.. ကျွန်မမှာ ဆင်းရဲလွန်းလို့"

"ဟော့.. လူကလေး"

"ဗျာ.. အဘ"

ရေစင်အိုးနံ့ဘေးမှာ ရပ်နေသည့် ကျွန်တော့်ကို လက်ညှိုးထိုး၍ ခေါ်လိုက်၏။

"သောက်ရေတစ်ခွက်ခပ်ခဲ့စမ်း လူလေး"

"ဟုတ်ကဲ့ အဘ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရေအိုးစင်မှ သောက်ရေတစ်ခွက်ခပ်၍ ပေးလိုက်သောအခါ သူက လွယ်အိတ်ထဲမှ ဆေးတောင့်တစ်ခုကို ထုတ်ယူပြီး အနည်းငယ်ကိုက်၍ ဖွဲ့လိုက်၏။ ၎င်းနောက် ရေကို မန်း၏။

"ဘာနေ့သမီးတုံး နှမကြီး"

"သောကြာသမီးပါတော်။ မသည်းအုံတဲ့တော့်။ ဟူး. ."

ဘတိုက်ပုံကြီးသည် ရေကို ဗော်ရွှင်သုတ်ရွှတ်၍ မန်းမှုတ်၏။ ပြီးနောက် သောကြာသမီးမယ်သည်းအုံ၌ ဖြစ်နေသော အမောရောဂါ ချက်ချင်းပျောက်ပါစေသတည်း အဓိဋ္ဌာန်ပြုကာ ဆေးနှင့်ရေစင်ကို တိုက်လေ၏။

"ရော့. . သောက်. . နှမကြီး"

အမယ်အို ဘွားသည်းအုံက တရိုတသေယူ၍ သောက်၏။

"ဟိုနား ခဏထိုင်နေ၊ ခဏနေရင် အမောရောဂါ ပျောက်ပြီပျား။ ကျန်တဲ့ဝေဒနာရှင်ရှိရင် ထွက်ခဲ့ကြကွယ့်၊ ဆေးဒါန၊ ပညာဒါနများ အဘရောက်တုန်း ကုသိုလ်ပြုခဲ့မကွဲ့။ ငါ ပျောက်စေဆရာ မဟုတ်ဘူးနော်။ ဘိုးတော်မဟုတ်ဘူးနော်။ ဝိဇ္ဇာမဟုတ်ဘူးနော်။ ငါက သစ္စာမေတ္တာသမား။ ကြုံတုန်း ဒါနပြုချင်၊ ကုသိုလ်လိုချင်လို့ဟေ့"

"အဘ. ."

"ဘာတုံးလဗျာ"

လူတစ်ဦးက ယောင်ကိုင်းနေသည့် သူ့လက်ကို ဆန့်၍ပြ၏။

"ဘာဖြစ်လို့တုံး သားကြီးရဲ့"

"တံစဉ်ရှလို့ အဘ"

"အို. . ဖြစ်ရလေ၊ မန်းဝင်နေပါလား သားကြီးရယ်။ ဒင်. ."

"ဆေးမြီးတိုနဲ့ လုပ်တာပဲ၊ မသက်သာဘူး အဘရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း.. အဘနဲ့တွေ့ရင် ပျောက်ကိုပျောက်ရစေမတဲ့၊ ဒါပေမဲ့ ပြောမနေ့ဘ်။ ငါ ပျောက်စေဆရာ လုံးဝမဟုတ်ဘူး။ အနှစ်နှစ်အလလ ဆရာသခင်များထံမှာ လေ့လာဆည်းပူးခဲ့တဲ့ တိုင်းရင်းဆေးနည်းပညာ၊ ဝိဇ္ဇာဝရဆေးပညာ၊ ပေဒင်နက္ခတ်ရာသီဆေးပညာနဲ့ ကုသိုလ်ပြုတာပေါ့။ လာခဲ့ ဒီကို.."

ဘဘတိုက်ပုံကြီးသည် လူနာလူကြီး၏ ဘယ်လက်ကိုကိုင်၍ မန်းမှုတ်၏။ ၎င်းနောက် ပုလင်းငယ်တစ်ခုထဲမှ ဆေးမှုန့်အချို့ကို စောစောက ရေစင်နှင့်ဖျော်၍ လူကြီး၏လက်မောင်းရင်းမှသည် အနာကို လူးအုံပေး၏။

"တစစ်စစ်ကိုက်နေတယ်မဟုတ်လား"

"ဟုတ်ကဲ့ အဘ"

"အညှော်ဝင်နေတာကွ"

"ဟုတ်ကဲ့ အဘ"

"ရော့.. ဒါ.. မန်းကြေဆေး။ ဒါက ကိုက်ခဲနာကျင်ပျောက်ဆေး။ ရေစင်နဲ့ မော့ချလိုက်။ ရော့.."

လူနာက အဘတိုက်သည့်ဆေးကို သောက်ပြီးနောက် ညောင်မြစ်ပေါ်တွင် သွားနားထိုင်နေလိုက်၏။

သည်လိုနှင့် ရင်ကျပ်ရောဂါ၊ ပန်းနာရှူနာရောဂါ၊ ခေါင်းကိုက်ဇက်ထိုးရောဂါ၊ ဗိုက်အောင့်လေနာရောဂါ၊ ထုံနာကျင်နာရောဂါသည်များကို လွယ်အိတ်ကြီးထဲမှ ပုလင်းများထုတ်ဖွင့်၍ တစ်မျိုးစီတိုက်၏။ ပေး၏။ လိမ်း၏။ မန်းမှုတ်၊ မေတ္တာပို့ပေး၏။

"ကိုင်း.. ဟောဒီက အဘိုးရက္ခစိုးကြီးလည်း ကျွန်ုပ်ထိန်းသော သစ္စာနှင့် ကုသိုလ်ကို ဝေစုယူလို့ သားများ၊ သမီးများကို စောင့်ရှောက်ကူညီပါဗျာ။ အမျှ.. အမျှ.. အမျှ.."

---



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပုံနှင့်လူကြီးသည် တစ်နာရီခန့် ပါးစပ်က ပရိတ်ကြီးသုတ်ဆော်များကိုရွတ်လိုက်၊ ဆေးပေးသောက်လိမ်းလုပ်လိုက်နှင့် ကုသပေးလေရာ..

"ဟဲ့..ဟိုသမီး သည်းအုံ"

"ရှင်..မောင်ကြီး"

"မောသေးလားဟဲ့ နှမ"

"မမောတော့ပါဘူး မောင်ကြီးရယ်။ မောင်ကြီးဆေး စွမ်းလိုက်တာ။ မောင်ကြီး လူမှုဟုတ်ရဲ့လားဟင်"

"ဟား..ဟား..ဟား..ဟား..လူအစစ်ပါဟ။ ဘာလဲ..။ သည်းတို့က သိကြားမင်း လူပြည်ဆင်းဆေးကုတယ်များ ထင်နေလို့လား"

"ထင်ချင်ပို့ မောင်ကြီးရယ်။ မောင်ကြီးကျေးဇူး ကြီးလှပါပေ့တော်။ ကျုပ်မောင်ကြီး ကျန်းမာချမ်းသာပါစေ။ သွားလေရာလာလေရာ အလုတ်မထိ၊ ဆူးမငြိပါစေနဲ့တော်"

"သာဓုဗျာ..သာဓု..သာဓု..။ ရော့..နှမကြီး။ ဒါ..နှလုံးဦး အမောလုံဆေး။ နှမ်းခေါင်းလောက်ကို တစ်နေ့တစ်ကြိမ် ရေသန့်သန့်နဲ့သောက်။ သည်း မကြာခင် ပုပ္ပားတောင်ပါ အပြေးတက်နိုင်လိမ့်မယ်"

"သွားကိုသွားမှာပါတော်။ စိတ်ချ..."

"ဟား..ဟား..ဟား..ဟား..ပုပ္ပားတောင်ရောက်ရင် အဘအောင်မင်းခေါင်နဲ့ ရသေ့ကြီးဦးခန္တိကိုလည်း မေတ္တာပို့ အမျှဝေ။ ကြားသား နှမ"

"စိတ်ချပါ မောင်ကြီးရယ်..စိတ်ချ"

"ဟော့..တံစဉ်ရှတဲ့သားကြီး"

"ခင်ဗျာ..အဘ"



www.burmeseclassic.com

www.burmeseclassic.com



"အနာကိုက်သေးလားဟေ့"

"မကိုက်တော့ဘူး အဘ။ အံ့ရောဗျာ"

"ဟေ့.. သားကြီး။ ငါ ဘိုးတော်မဟုတ်ဘူးနော်"

"အဲ.. အဲ.."

"မအဲနဲ့။ ငါ ပျောက်စေဆရာလည်း မဟုတ်ဘူးကွ"

"ဒါ.. ဒါဆို.."

"အဲဒါ.. ငါတို့ နန်းသုံးတိုင်းရင်းဆေးနည်းပညာကွ။ အချို့လူညံ့တွေက ငါ့ကို ဘိုးတော်၊ ပျောက်စေဆရာ၊ ဝိဇ္ဇာဓိုရ်ဆိုပြီး ပေါက်ကရပြောချင်နေကြတယ်။ ငါ ဓာတ်လုံးရော၊ ဓာတ်ပြားရော၊ လက်ဖွဲ့ရော၊ အင်းရော ဘာအဆောင်မှ မပေးဘူး။ လုံးဝမတောင်းကြနဲ့။ ငါယုံကြည်တာ ရတနာမြတ်သုံးပါး၊ အနန္တောအနန္တငါးပါးပဲ။ ငါတို့ မြန်မာလောကီဆေးနက္ခတ်၊ ဓာတ်၊ ဗိန္ဒော ဆေးပညာဟာ လိုက်လို့မကုန်၊ ယူလို့မခန်းကွယ့်ရော့.. ငါ့သား။ ဒီဆေးက ငန်းဖျက်ဆေး။ ဒါက အနာကျက်ဆေး။ နေ့တိုင်း လူးသောက်။ အချဉ်မစားနဲ့။ တက်စာမစားနဲ့။ နေဝင်ရင် ရေမြူးနဲ့ အနာကို ဖန်ရေ၊ ဆားရည်နဲ့ သန့်စင်ပေး။ ရက်ပိုင်းအတွင်း ပျောက်ရမယ် မဟေ့"

သည်လိုနှင့် ရှူဆေးရှူလိုက်သည့် ခေါင်းကိုက်ဇက်ကြောထိုးများရော သက်သာပြီး လေနာရောဂါသမားများလည်း အီးတဘူဘူပေါက်ကာ ဒိဋ္ဌချက်ချင်း ရောဂါများ ယူပစ်လိုက်သလို သက်သာပျောက်ကင်းကြ၍ ထူးဆန်းသော သီချင်းသည် ဘတိုက်ပုံဆရာကြီးကို ဝမ်းမြောက်ဝမ်းသာ ထိုင်၍ကန်တော့ကြ၏။

ပါလာသည့် မုန့်ပဲသရေစာများကို လှူဒါန်းကြ၏။

ဘတိုက်ပုံကြီးက အကန်တော့ခံရရှိသော မုန့်ပဲသရေစာများ



www.burmeseclassic.com

www.burmeseclassic.com



အနက် အချို့ကို ရက္ခစိုးနတ်ကွန်းမှာ ကပ်လှူခဲ့ပြီ၏။

အချို့ကို ရွာထဲက ကလေးသူငယ်များအား ဝေငှပေး၏။

ကျိန်မုန့်ပွဲသရေစာများကျတော့ သူ့နံဘေးမှာ ငုတ်တုတ်ထိုင်ကြည့်နေကြသည့် ခွေးဆယ့်လေးငါးကောင်ကို ကိုယ်တိုင် လက်နှင့်ကိုင်၍ ကျွေးနေရကား..

မြင်ကြ၊ ကြုံကြရသည့် ရွာသူရွာသားများက သာဓုခေါ်၍ မဆုံးကြ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ၄

"အဘ‥"

"ဟေ‥"

ဘတိုက်ပုံဆေးဆရာကြီးသည် လွယ်အိတ်ကြီးလွယ်ပြီး တောင်ဝှေးထောက်၍ အခြားရွာများသို့ ခရီးစဉ်လှည့်ရန် ပြင်လိုက်စဉ် အသက်ငါးဆယ်ခန့် ဆံပင်အုံကောင်းကောင်း၊ ရုပ်ရည်သန့်သန့်ပြန့်ပြန့် အမျိုးသမီးတစ်ဦး သူ့ရှေ့တွင်ရပ်နေသည်ကို မြင်လိုက်ရ၏။

အမျိုးသမီးကြီး၏မျက်နှာမှာ အတော်ညှိုးနွမ်းနေ၏။

မျက်နှာပေါ်တွင် သောကနှင့်စိုးရိမ်မှုများ လွှမ်းကဲနေသည်ကို ဘတိုက်ပုံမြင်လိုက်ရသည်။

"ဘာအလိုရှိလို့လဲ နှမကြီး"

"မောင်ကြီး အခု ဘယ်သွားမှာလဲရှင်"

"မောင်ကြီး ရွာစဉ်လှည့် ဆေးကု ဒါနပြုရဦးမှာပေါ့ နှမကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီးရယ်. . ဖြစ်နိုင်ရင် နှမတို့အိမ် ခဏလောက်ကြွပါဦးလား"

"ကိစ္စအရေးကြီးလို့လား"

"ဟုတ်ကဲ့"

"နှမကြီးနာမည် ဘယ်လိုခေါ်သတုံး"

"မအေးပိုလို့ခေါ်ပါတယ် မောင်ကြီး"

"လာ. . သွားစို့။ နှမကြီးအိမ်ကို ပြစမ်း"

သည်လိုနှင့် ရွာဖျားရှိ နှစ်ထပ်အိမ်ကြီးသို့ ဘတိုက်ပုံဆေးဆရာကြီး ရောက်လာခဲ့၏။ အိမ်ပေါ်၌ အမျိုးသားကြီးတစ်ဦး၊ အရွယ်ရောက်စကလေးနှစ်ဦးနှင့် မအေးပိုအပါအဝင် အဘွားအိုကြီးတစ်ဦးကိုပါ မြင်လိုက်ရ၏။

"ကိုင်း. . နှမကြီး။ ကျုပ် ဘာများဆောင်ရွက်ပေးရမလဲဗျား"

"မောင်ကြီး. . ဒါ. . နှမရဲ့ခင်ပွန်းပါရှင့်။ အမည်က ဦးချိန်ရိုးတဲ့"

ဦးချိန်ရိုးဆိုသူသည်လည်း မျက်နှာညှိုးနွမ်းရှိချေ၏။

"ပြောပါ နှမ"

"မောင်ကြီးက ဗေဒင်၊ နက္ခတ်လည်း ဟောပြောနိုင်တယ်လို့ကြားသိရလို့ ကျွန်မတို့ကို စစ်ဆေးကြည့်ရှုပေးပါလား မောင်ကြီး"

"ကောင်းပါပြီဗျာ. .။ ကိုချိန်ရိုး အသက်ဘယ်လောက်ရှိပြီလဲဗျယ့်"

". . . . . ပါ အဘ။ စနေသားပါ"

"အင်း. . ဇနက္ကသဘော်ပျက်ကိန်း ရောက်နေတာပဲ၊ စနေသားတစ်ခုကြွင်းကိုး"

"ခင်ဗျာ. ."



www.burmeseclassic.com

www.burmeseclassic.com



"တနင်္လာနံ ကျွဲ၊ စနေနံ နွား၊ ဗုဒ္ဓဟူးနံ ရွှေ ဒါမှမဟုတ် သားသမီး နာဖျားထွက်ကိန်း ရှိသကွယ့်။ စနေသား အပူသောကနှင့် မျက်ရည်စီးကိန်း ကြုံနေရသကိုး"

သည်လိုလည်းဟောလိုက်ရော ဦးချိန်ရိုးနှင့် ဒေါ်အေးပိုတို့သည် ဘတိုက်ပုံ၏ခြေအစုံကို ဦးခိုက်၍ ငိုရှိုက်ပြီး ကန်တော့ကြလေသည်။

သည့်နောက်..

လွန်ခဲ့သည့်နှစ်ရက်က ဓားပြတိုက်ခံရပုံ၊ သမီးအကြီးမ ခင်အေးချိုကို ဓားပြခေါင်းဆောင် ငှက်ကြီးတောင်ဘဂျမ်းနှင့် အဖွဲ့က ဓားစာခံ ခေါ်သွားပုံနှင့် လူရွေးရန် ကျွဲ၊ နွား၊ ရွှေငွေများ အရေးပေါ်ရောင်း၍ ငွေစုနေရသည့်အကြောင်းကို ရှင်းပြပြီး ချုံးပွဲချငိုကြလေသည်။

"အခြေအနေဘယ်လိုရှိပါသလဲ အဘရယ်။ ဟီး.."

"ပါသွားတဲ့ သမီးက ဘာနေ့သမီးလဲ။ အသက်ဘယ်လောက် ရှိပြီလဲကွယ့်"

"တနင်္ဂနွေသမီးပါ အဘ။ အသက် (....) ပါရှင်"

"အင်း.. တနင်္ဂနွေသမီး၊ (၅) ကြွင်း။ သက်ရောက်က စနေ၊ ဒါကြောင့် သက်ရောက်ကနော် ကောက်ကာမျှော် လင်ပေါ်ကျမည်။ လက်နောက်တစ်ခွင် ဆုတ်ပြန်လျှင် လွန်းပင်တွေ့မည်ပ။ လွန်းတိုင်ကမှ စ၍ထူ ဟောမှုဂြိုဟ်အတွ.. ဆိုတာကြောင့် သက်ရောက်စနေဂြိုဟ်ကျ၍ ပူပင်လယ်ဝေသော်လည်း တနင်္ဂနွေသမီး တိုင်ထိပ်မှာရောက်နေသော ကြောင့် ကံကောင်းသကွယ့်။ ကူညီစောင့်ရှောက်သည်နဲ့ ကြုံရမကွယ့် သူ ဘုရားတရားမြဲရဲ့လား"

"အမြဲတမ်း ဘုရားကျောင်းကန်သွား၊ ဥပုသ်သီလစောင့်တယ် အဘ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . သောကြာနဲ့ သာသနာရေး အားကောင်းတယ်။ ဟဲ့. . သမီး"

"ရှင်. . အဘ"

"တနင်္ဂနွေသမီးအတွက် ဘုရားမှာ ဒီနေ့ တံခွန်လှူလိုက်စမ်း"

"ဟုတ်ကဲ့ အဘ"

"စနေသား မောင်ချိန်ရိုး. . "

"ခင်ဗျာ. . အဘ"

"သစ်ဥ၊ သစ်သီး ဘုရားမှာ ဒီနေ့လှူ"

"ဘာဥမျိုးပါလဲ အဘ"

"အင်း. . သစ်အယ်သား။ ဒါက ရှားတယ်။ အာဒါလွတ်ဥကို မြှုတ်ပြီး ဘုရားဆွမ်းကပ်။ ဘုန်းကြီးရဟန်းလှူ။ ကြားလား. . ။ ကျွတ်ရော လွတ်ရောကွ"

"ဟုတ်ကဲ့ အဘ"

"ကိုင်း. . အဘသွားမယ်"

"ခဏလေး အဘခင်ဗျား။ ဒီအလှူငွေလေး လက်ခံပါခင်ဗျာ"

"မလိုပါဘူး သားရယ်။ ငါ့သားသမီးများက အပူသောကနဲ့ပါ။ အဲဒီနဲ့ ဓားပြုဂိစ္စ ဘာကြောင့် မြို့ဂိတ်ကို သွားမတိုင်ရတာလဲကွဲ့"

"မြို့ဂိတ်ကို သွားတိုင်ရင် တစ်အိမ်သားလုံး သတ်ပစ်မယ်လို့ ပြောသွားလို့ပါ အဘရယ်။ ဟီး. . ဟီး. . အင့်. . ဟီး. . "

"အဲဒီဓားပြနာမည် ဘယ်သူ. . "

"ငှက်ကြီးတောင်ဘဂျမ်းလို့ ခေါ်ပါတယ် အဘရယ်"

"မင်းတို့သမီးကို ရွေးဖို့ ဘယ်အရပ်ချိန်းထားလဲ"

"ပင်လယ်ကွေ့ ရေလယ်က အံနီရောင်စက်လှေလေးကိုတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း. . အိမ်း. . အဘာသွားမယ်"

"အဘာ. ."

"ဟော. ."

"အဘာရဲ့အမည်လေး တစ်ဆိတ်. ."

"နောင်မှ ပြောမယ်ကွာ။ သွားပဟော့. ."

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ၉

ဘတိုက်ပုံကြီးသည် တစ်ရွာဝင်၊ တစ်ရွာထွက် ဇော်သီချင်းဆိုလိုက်၊ ရွှေဖျင်းညီနောင်သီချင်းဆိုလိုက်နှင့် ခေါကုရင်း၊ ဗေဒင်ဟောရင်း လာခဲ့လိုက်ရာ မကြာခင် ပင်လယ်ကမ်းခြေတံငါရွာလေးသို့ ရောက်လာခဲ့လေ၏။

ဤနေရာကား လူကြမ်းလူရမ်းများ ပေါများရာအရပ် ဖြစ်နေ၏။

ပင်လယ်ကမ်းခြေတွင် အလံတာလူ့လူနှင့် တံငါလှေများ အစီအရီရှိနေ၏။ ဘုံဆိုင်သုံးခုမှာ တံငါများ သောက်စားမူးရူးပြီး ရန်ဖြစ်ဆဲရေးနေကြ၏။

ကွဲနွားအချို့က လမ်းနံဘေး ဝှေ့နေကြ၏။

ညောင်ပင်တစ်ပင်အောက်မှာလည်း လူစုလူဝေး လောင်းကြေးစားကြေးနှင့် ကြက်တိုက်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘတိုက်ပုံကြီးသည် ဓားကိုင်၍ရပ်နေသည့် ကိုးမြို့ရှင်နတ်ကွန်း ရှေ့တွင် ရပ်၍ သီချင်းတစ်ပုဒ်ကို ဟစ်လိုက်လေ၏။

သူသည် တောင်ဝှေးကြီးကို ဇော်ထမ်းထမ်းရင်း ဂျင်ကစားနေသည့် ကလေးများအနီးမှာ က,နေလိုက်၏။

*"ဇော်ပွဲကိုတဲ့××ရှုမလား×××ဂျီပွဲကိုတဲ့××ရှုမလား×××*

*ကိုင်း××ဗျာဆံဝေဖားနဲ့××သားများမေလား×××ဝါး×××*

*သားများ××သားများ××မေ×××*

*သားများ××သမီးများ××အမေ×××*

*တကယ်လေ ဝိုင်းတော်သားရဲ့××ရဲပုံမလား×××ကျား××××"*

သူသည် ဇော်ထမ်းအကနှင့် ကွေးနေအောင် က,၏။ အသိုးကြီး က,သည်ကို မြင်သော် ဦးစွာ ကလေးများဝိုင်းအုံလာ၏။ မကြာမီ ကလေး အမေများ ရောက်လာကြ၏။ သည့်နောက် အမူးသမားများ၊ ရွာသားများ၊ လှေသမားများ ဝိုင်းအုံကြည့်ရှု အော်ဟစ်အားပေးကြလေ၏။

"စိန်အောင်မင်းလားဟေ့"

"မဟုတ်ဘူးကွ. .။ ဂရိတ်ဦးဖိုးစိန်နဲ့ တူတယ်"

"ဇော်ဂျီဟ"

"ဇော်ဂျီကလည်း တိုက်ပုံရင်ကွဲ ပုဆိုးအပြန့်နဲ့ကွာ။ ဟား. . ဟား. ."

"ဇော်ဂျီဖွတ်ကျားလားမှ မသိကွာ"

"ဗျို့. . ဇော်ဂျီရင်ကွဲကြီး။ နောက်တစ်ပုဒ် လုပ်ပါဦးဗျ"

"ကြိုက်လို့လားကွယ့်"

"အရမ်းကြိုက်ပေါ့ဗျာ။ နေ့တိုင်းလာက,ပါဗျ။ အဟဲ. . ဟဲ. ."

"ကြိုက်ရင် ဟစ်ရသေးပေါ့ကွာ။ ဘာတဲ့တုံး. . သူစားရေ. ."



www.burmeseclassic.com

www.burmeseclassic.com



...ဖော်လာပါတယ်××မောင်တို့××မောင်တို့×××

ဂျီလာပါတယ်××ဖေတို့××မောင်တို့×××

တောင်ဝှေးထောက်လို့××တောင်မြောက်မျှော်×××

ဖော်ဂျီလာရင်××ကျုပ်တို့ပါပဲ×××

ဆေးတောင်ဝှေးတဲ့××နဲ့ဆေးလေ×××

မြစိမ်းတောင်ခြေ××ထိုးတဲ့အဂ္ဂိ×××

ရွှေမရှားပါလို့××ပြဒါးသေ×××

မြစိမ်းတောင်ခြေ××ထိုးတဲ့အဂ္ဂိ×××

ဝေလား××မောင်ရို့××××

ရှော့ဟော့.."

သီချင်းဆုံးသော် ဘတိုက်ပုံကြီးသည် လွယ်အိတ်ထဲက သကြားလုံးများကို ပရိသတ်ရှိရာသို့ ကြဲလေ၏။ ပင်လယ်ရွာသား ကလေးများကား သကြားလုံးများကို မမြင်ရ မစားရတာ ကြာပြီဖြစ်၍ ဝမ်းသာအားရ လုကြ၊ ကောက်ကြ၊ စားကြ၏။

"ဟော့.. သားတို့ သမီးတို့..။ အဘဖေဖော်ဂျီလူရွှင်တော်ဆေးဆရာကြီး သမီးတို့၊ သားတို့ရှိရာကို ရောက်လာပြီဟေ့။ အဖျားအနာ၊ အကိုက်အခဲ၊ စုန်းပူးနတ်ပူး၊ မြွေကိုက်ကင်းကိုက် ရောဂါမှန်သမျှ အဘဆေးဝါးအစီအရင်များနဲ့ ဒါနကုသိုလ်ပြု ကုပေးမဟေ့။ ရောဂါရှိသူမှန်သမျှ လာကြဟဲ့.. လာကြ"

သူသည် ၎င်းစကားကို သုံးကြိမ်သုံးခါပြောပြီး သကြားလုံးများကို ထပ်ကာတလဲလဲ ကြဲလေ၏။

အချို့က ဆေးဆရာဆို၍ မယုံချင်ကြ။

အရူးဟု ထင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် ဇက်စောင်းနေသောအဘွားကြီး ဝင်လာ၏။ ဘတိုက်ပုံသည် ဇက်စောင်းနေသည့် အဘွားကြီး၏ လက်ပြင်ကြောကိုနှိပ်၍ ဇက်ကြောကို ငါးမိနစ်ခန့်ပြုပြင်ပေးလိုက်ရာ..

အံ့မှယ်တချည်း..။

အဘွားကြီး ဇက်ပြန်တည့်၍ ဘတိုက်ပုံကြီးကို ဦးကုန်းချလေ၏။ သည့်နောက် တစ်ယောက်ပြီးတစ်ယောက် ကျောနာ၊ ရင်နာ၊ ခြေနာ၊ ပန်းနာ၊ ပြည်တည်နာများ ပြကြ၏။

ဘတိုက်ပုံက လွယ်အိတ်ထဲမှ တိုင်းရင်းဆေးများထုတ်၍ လိမ်းပေး၏။ တိုက်၏။ နှိပ်ပေး၏။

သည်မှာ ပင်လယ်ငါးခူစူး၍ တံငါတစ်ယောက် အထမ်းနှင့်ဝင်လာ၏။

"ဘာဖြစ်လို့လဲ"

"ပင်လယ်ငါးခူစူးပြီး ရေတက်ရေကျ အော်နေလို့ပါခင်ဗျ"

"အဲဒါ အဆိပ်တက်တာကွ။ ဘယ်နှရက်ရှိပလဲ သားစို့"

"သုံးရက်ရှိပြီ အဘ"

"လာခဲ့စမ်းကွယ့်"

သည့်နောက် ဘတိုက်ပုံက ကွမ်းရွက်ကိုမန်း၍ ကျွေး၏။ အနာကို ရေဆေး၍ အဆိပ်ကျလိမ်းဆေးကို လိမ်း၏။ မန်ကျည်းစေ့ကို ဝါး၍ အုံပြီး ကွမ်းရွက်နှင့်ကပ်ပေးလိုက်၏။

ပြီးနောက် ဆေးတစ်ခွက်တိုက်လိုက်ပြီး လှဲနေခိုင်းလိုက်သည်မှာ ဆယ့်ငါးမိနစ်ခန့်ရှိသောအခါ လူနာက စကားပြော၏။

"အဘ.."

"ဘယ့်နှဲ့တုံးကွ။ နာသေးလား၊ ကိုက်သေးလားဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"မကိုက်တော့ဘူး အဘ"

"ဟား.. ဟား.. ဟား.. ငါနဲ့တွေ့ရင် သိကြားမင်းနဲ့ တွေ့သလို ပေါ့ကွာ။ ဟော့.. သားတို့ သမီးတို့။ ငါ ပျောက်စေဆေးရာမဟုတ်ဘူးနော်။ ဘိုးတော်ယောင်ယောင် မဟုတ်ဘူးနော်။ ဒေါက်တာရမ်းကု မဟုတ်ဘူး နော်။ ဒါ.. တို့မြန်မာတိုင်းရင်းဆေးစစ်စစ်ရဲ့ အစွမ်းကွ.. အစွမ်း.."

"သားတို့ ဦးတိုက်ပါတယ် အဘခင်ဗျာ"

"သမီးတို့ ဦးခိုက်ပါတယ် အဘရှင်"

"သာဓု.. သာဓု.. သာဓု.. ငါ့သားသမီးများ ကိုးဆယ့်ခြောက် ဖြာ အနာကင်းကြပါစေ။ ကိုယ့်ဒေသသည် တံငါအလုပ်နဲ့ အသက်မွေးကြ ရသော်လည်း ဘုရား။ တရား။ သံဃာ ရတနာသုံးပါး မမေ့ကြနဲ့။ ဘုရား ဖက်ရင် အသက်ရှည်၊ တရားဖက်ရင် အမျက်ပြေ၊ သံဃာကိုးကွယ်ရင် ကုသိုလ်အခက်အလက်ဝေသကွယ့်။ လိမ်မာကြ သားတို့ သမီးတို့.."

သည်လိုအချိန်မှာပဲ..

ဘတိုက်ပုံတို့ရှိရာ ညောင်ပင်အောက်သို့ လူနှစ်ဦးဝင်လာကြ၏။ ၎င်းတို့နှစ်ဦးကို မြင်သောအခါ ဆေးကုသခံနေကြသူ ရွာသူရွာသားများ အလျှိုအလျှို ထ၍ပြေးကြလေ၏။ မျက်စိမျက်နှာပျက်နေကြ၏။

သို့နှင့် အဘက မေးရ၏။

"ဘာဖြစ်ကြလို့တုံးဟဲ့"

"အဘ.. အဲဒါ လူဆိုးတွေဗျ။ သတိထား.."

"ဘယ်က လူဆိုးတုံးဟဲ့"

"အဲဒါ ငှက်ကြီးတောင်ဘဂျမ်းရဲ့ တပည့်တွေဗျ"

"ဟော.."

ရွာသားအချို့သည် ခပ်တိုးတိုးသတိပေးစကားပြောပြီး လစ်ပြေး



www.burmeseclassic.com

www.burmeseclassic.com



ကုန်ကြလေ၏။ မကြာခင် ယောက်ျားကြီးနှစ်ဦး မုတ်ဆိတ်ကျင်စွယ်အပြိုင်း အရှိုင်းနှင့် အနီးသို့ ရောက်လာကြ၏။

လွယ်အိတ်ကိုယ်စီလည်း လွယ်ထားကြ၏။

မျက်နှာကြောကလည်း တင်းလွန်းလှ၏။ သူတို့နှစ်ဦး ဘတိုက်ပုံကြီးကို ခါးထောက်၍ကြည့်နေကြပြီး..

"အဘိုးကြီး.."

"ခင်ဗျာ.."

"ခင်ဗျားက ဆေးဆရာကြီးဆို"

"ဟုတ်ကဲ့..။ နည်းနည်းပါးပါးတတ်လို့ ကုသပါတယ်ခင်ဗျား"

"အခုလိုက်ခဲ့"

"ဗျာ.. ဘယ်ကိုလိုက်ရမှာလဲခင်ဗျာ။ ကျုပ်.. ဘာ.. ဘာမှား အမှားလုပ်မိလို့ပါလဲဟင်.. ဟင်.."

"လျှာမရှည်နဲ့..။ ပွဲချင်းပြီး သေသွားမယ်။ ခုချက်ချင်းထ"

တစ်ယောက်က လွယ်အိတ်ထဲ လက်နှိုက်၍ ပြောလိုက်သဖြင့် အခြေအနေမကောင်းမှန်းသိပြီး ဘတိုက်ပုံ လွယ်အိတ်ကြီးကောက်လွယ်၍ တောင်ဝှေးကြီးထောက်ကာ သူတို့အလယ်မှ လိုက်ပါလာခဲ့ရလေသည်။

အတန်ကြာသော်..

လှိုင်းပုတ်နေသည့် ပင်လယ်ကမ်းခြေသို့ ရောက်လာခဲ့၏။ တစ်ယောက်က လှေသမားတစ်ဦးကို အချက်ပြလိုက်သဖြင့် လှေသမားက လှေကို အသင့်ပြင်လိုက်၏။

ဘတိုက်ပုံကို သူတို့ လှေပေါ်သို့တင်လိုက်ပြီး ပင်လယ်ရှိရာသို့ လှော်ခဲ့ကြသည်။

လှေသည် လှိုင်းလုံးများအကြား လူးကာလိမ့်ကာနှင့် မကြာခင်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ချရပ်ထားသည့် အနီရောင်ဆေးသုတ်ထားသော စက်လှေတစ်စီး အနီးတွင် ထိုးကပ်လိုက်လေ၏။

စက်လှေ၏အမည်က 'ဇွန်ရဲ'‥ တဲ့။

※ ※ ※

www.burmeseclassic.com

www.burmeseclassic.com

# ‹၆›

ဘတိုက်ပုံ စက်လှေပေါ်သို့ရောက်သောအခါ ဦးစွာတွေ့လိုက်ရသူကား မျက်နှာကြီးကြီးခန့်ခန့်နှင့် ဗလကောင်းကောင်း၊ အသားမည်းမည်း လူသန်တစ်ဦး..။

မျက်နှာပေါ်မှ ဓားခုတ်ရာ အမာရွတ်ကြီးနှင့်..။

"ဆရာဂျမ်း.. ခေါ်လာခဲ့ပါပြီခင်ဗျာ"

"အေး.. ကောင်းတယ်။ ထိုင်ပါ ဆရာကြီး"

"ကျုပ်ကို ဘာကိစ္စကြောင့် ဒီခေါ်လာတာလဲ မောင်ရင်တို့ရယ်"

"မကြောက်ပါနဲ့ ဆရာကြီး။ လူနာတစ်ယောက်ကို ဆေးကုပေးစေချင်လို့ပါ"

"ဟူး.. တော်ပါသေးရဲ့။ ဘုရား.. ဘုရား.."

ဘတိုက်ပုံ ခုမှ ရင်ထဲကအပူလုံးကြီး ကျသွားခဲ့ရသည်။

"လူနာက ဘယ်မှာပါလဲ၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူနာက ဟိုဘက်ကအခန်းထဲမှာပါ။ အစားမစားဘူး။ စကားလည်း မပြောဘူး။ ဆရာကြီး သူ့ကို ရောဂါပျောက်အောင် ကုပေးစေချင်တယ်။ သူ့ရောဂါပျောက်ရင် ဆရာကြီးခြေကြွခ လိုသလောက်တောင်းပါ"

"လူနာက မိန်းမလား၊ ယောကျ်ားလား"

"မိန်းမလူနာပါ"

"လိုက်ပြပါ"

သည့်နောက် သူတို့ အခန်းတစ်ခုရှေ့သို့ ရောက်လာခဲ့ကြသည်။ ခေါင်းဆောင်ဟုထင်ရသူ မျက်နှာတားခုတ်ရာနှင့် လူကြီးက အခန်းတံခါးသော့ကို ဖွင့်လိုက်သည်။

အထဲမှာ မှောင်နေ၏။

သည့်နောက် စက်လှေအခန်းတံခါးကို ဖွင့်လိုက်မှ ဖျာပေါ်တွင် လဲနေသည့် လူမမာကို မြင်လိုက်ရသည်။

မိန်းကလေးတစ်ဦး။

အသက်နှစ်ဆယ်နီးပါးခန့်ရှိမည်။ အသားဖြူ၏။ ကိုယ်လုံးရော မျက်နှာရော အလှရိပ်လွှမ်းမိုးနေ၏။ ချောသမှ အတော့်ကိုချောမော်လှပသည့် မိန်းကလေးဖြစ်သည်။ ဆံပင်ကလည်း ရှည်လျားနက်မှောင်ပြီး တစ်ထွေးကြီးပုံကျနေ၏။

"သူပဲ ဆရာကြီး"

ဘတိုက်ပုံက မှိန်းနေသည့်မိန်းကလေး၏ လက်ကောက်ဝတ်ကို သွေးစမ်းကြည့်သည်။ သွေးခုန်နှုန်း လေးနေ၏။ မျက်လုံးကို လှန်ကြည့်သည်။ မျက်လုံးဖျော့၍ အားနည်းနေ၏။

ကိုယ်သားကိုယ်ရေကား ငွေ့ငွေ့ကလေး နွေး၏။ မျက်လုံးခွင့်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"သူဘာဖြစ်နေတာလဲ ဆရာကြီး"

"အားနည်းပြီး ထိတ်လန့်နေတယ်"

"ပျောက်အောင် ကုပေးနိုင်မလား"

"ရအောင် ကုပါ့မယ်။ ကြိုးစားပါ့မယ်"

"ကုဗျာ..။ သိပ်အရေးကြီးတယ်။ သူသေလို့ မဖြစ်ဘူး"

"သူ..ဒီမိန်းကလေး..မောင်ရင်နဲ့ ဘာတော်ပါသလဲ"

"လိုအပ်လို့ မေးနေတာလား ဆရာကြီး"

"လိုအပ်လို့ပါခင်ဗျာ"

"ကျွန်တော်နဲ့လက်ထပ်တော့မယ့် ဇနီးလောင်းပဲ"

"အို..အို..မဟုတ်ဘူး..မဟုတ်ဘူး။ ရှင်..ရှင်..လူ..လူယုတ်မာ..လူယုတ်မာ"

"သမီး..စိတ်မလှုပ်ရှားပါနဲ့။ မှုးပြီး မောလိမ့်မယ်"

"သေချင်သေပစေ။ တောက်.."

"ဟား..ဟား..ဟား..ဆရာကြီး..ကုဗျာ"

"မောင်ရင် အပြင်ခဏထွက်ပေးပါ"

"ဘာဆိုင်လို့လဲဗျာ။ ကိုယ့်ဇနီးလောင်းအနီး ကိုယ်နေမှာပေါ့ဗျ"

"ကျုပ် ရောဂါအကြောင်းကို ချော့မော့မေးမြန်းရမှာမို့ပါ။ ခဏလေး အပြင်ကို ထွက်ပေးပါ"

"ဒီမှာ ဆရာကြီး.."

"ပြောပါ"

"ခင်ဗျား ကလိမ်ကကျစ်တော့ မလုပ်နဲ့နော်"

"ဘာလို့ လုပ်ရမှာလဲ မောင်ရင်"

"လုပ်ရင် ဒီမှာတွေ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား . . ဘုရား . ."

လူကြမ်းကြီးက ခါးကြားမှ ခြောက်လုံးပြူးသေနတ်ကို လှစ်ခနဲ ထုတ်လိုက်ပြီး ဘုတ်ကိုက်ပုံ၏နားထင်ကိုတေ့၍ မောင်းတင်လိုက်၏။ လည်ချောင်းမွှေးနှင့်အတူ ကြက်သီးများ ဖြန်းခနဲထသွားခဲ့ရသည်။

သည့်နောက် တံခါးကိုပိတ်၍ အပြင်မှ သော့ခတ်ပြီး စောင့်နေလိုက်ကြ၏။ သူတို့မရှိမှ . .

"သမီး . ."

". . . . . ."

"လုံမလေး . . လုံမလေး . ."

"ရှင် . ."

"သမီးအမည် ဘယ်လိုခေါ်လဲကွယ့်"

"ခင်အေးချိုလို့ ခေါ် . . ခေါ် . . အင့် . . ဟီး . ."

"သမီး ဘယ်ရွာကလဲ"

"သုံးပန်လှရွာကပါ အဘရယ်"

"အဖေ၊ အမေနာမည်ကရော သမီး"

"ဦးချိန်ရိုးနဲ့ ဒေါ်အေးပို"

"ဒီလူတွေက သမီးနဲ့ ဘယ်လိုတော်စပ်လဲ"

"သူတို့က သမီးကို . . ."

"သြော် . . ဒီလိုကိုး။ ရှူး . . ရှူး . . မပြောနဲ့တော့။ သမီး အားရှိအောင်ကြိုးစား။ အဘပြောတာ သဘောပေါက်ရဲ့လား"

"ဟုတ် . . ဟုတ်ကဲ့ အဘ"

"ဒေါက် . . ဒေါက် . . ဒေါက် . ."

"ကြာလှချည်လားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးပါပြီခင်ဗျာ။ ဝင်ခဲ့ပါ..ဝင်ခဲ့ပါ.."

တံခါးဖွင့်သံကြားရပြီး လူကြမ်းကြီးဝင်လာ၍ သူတို့နှစ်ဦးကို အကဲခတ်နေ၏။

"ဘယ်လိုလဲ ဆရာကြီး"

"ကျုပ် အခုပဲ ဆေးတိုက်ပါ့မယ်။ ဆေးတိုက်ပြီးရင် ယတြာ လုပ်ရမယ်"

"ဘာယတြာလဲ"

"သူက တနင်္လာသမီးပဲ။ ဗေဒင်ကိန်းခန်းအရ သေကိန်းမှာ သက်ရောက်နေတယ်"

"ဗျာ.."

"အဲဒီကိန်းက လွတ်မြောက်အောင် ယတြာလုပ်ပေးရမယ်။ ဘုရားစင်ရှေ့မှာ အုန်းဆွမ်းကပ်လှူပြီး သရဏဂုံ (၃၀) ရွတ်ပေးရမယ်"

"ဆရာကြီးက ဗေဒင်နက္ခတ်ရော ရတာပဲလား"

"အသင့်အတင့် ရပါတယ်ခင်ဗျ"

"သူပြီးရင် ကျုပ်ရဲ့ဇာတာကို စစ်ပေးစမ်းပါဗျာ"

"ရပါတယ်ခင်ဗျာ"

သည့်နောက် ခင်အေးချိုဆိုသူ လူမမာကို အားဆေး(သွေးဆေး) တိုက်ကျွေး၏။ ရှူဆေးပေး၏။ ရင်လူးဆေးပေး၏။ ခဏနေတော့ မိန်းကလေး ထ၍ထိုင်၏။ အစာတောင်း၏။

"ဆန်ပြုတ်ရမလားကွယ့်"

"မရဘူးခင်ဗျ"

"ဒါဆို ပြုတ်ခိုင်းလိုက်ပါ။ ဆန်ပြုတ်နဲ့ နှလုံးအားဆေး ကျွေး တိုက်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်မြိုင်.."

"ဗျာ.. ဆရာဂျမ်း"

"ဆန်ပြုတ်သွားပြုတ်ချည်"

"ဟုတ်ကဲ့ ဆရာဂျမ်း"

"ဆရာကြီး.. လာဗျာ"

ဘဂျမ်းဆိုသူ ခေါင်းဆောင်ကား လူမမာ ထထိုင်ပြီး အစာ တောင်း၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်နေ၏။

"ဆရာဂျမ်း.."

"ဘာတုံး ဆရာကြီး"

"ဒီမိန်းကလေးကို အခန်းပိတ်၊ သော့ခတ်မထားပါနဲ့။ လွတ်လွတ်လပ်လပ် အပြင်မှာ လမ်းလျှောက်ပါစေ"

"မဖြစ်ဘူး..။ ဒါ.. ဒါ.. လုံးဝမဖြစ်ဘူးဗျ"

"ဘာဖြစ်လို့.."

"သူ.. သူ.. ထွက်ပြေး.. အဲ.. အဲ.. လုံးဝမဖြစ်ဘူးဗျာ"

"ကျုပ်က ဆေးဆရာပါ။ သူ့ကို ဒီစက်လှေပေါ်မှာ လွတ်လွတ် လပ်လပ်ထားပေးပါ။ ဒါမှ လေကောင်းလေသန့်ရပြီး စိတ်ကြည်လင်လို့ ရောဂါသက်သာပျောက်ကင်းလိမ့်မယ်။ ရောဂါပျောက်ပြီး အသက်ရှည် ကျန်းမာမှ မောင်ရင် သူ့ကို သားမယားအဖြစ် လက်ထပ်ပေါင်းသင်း ဆက်ဆံလို့ရပြီး နှစ်ဦးနှစ်ဖက် စိတ်ရော၊ ကိုယ်ပါ ချမ်းသာလိမ့်မယ်"

"ဟူး.. ဖြစ်ပါ့မလား"

"မောင်ရင်တို့ ဘာလဲ ကျုပ်မသိဘူး။ မိန်းကလေးတစ်ယောက် ကို လက်ပစ်ကူးထွက်ပြေးလို့မရတဲ့ ပင်လယ်ပြင်စက်လှေပေါ်မှာ ယောက်ျား ကြီးတွေ လုံလုံခြုံခြုံမစောင့်ရှောက်နိုင်ရင် မောင်ရင်တို့ ညံ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါ ဆရာကြီးရာ..။ ကျုပ်တို့ အဆင်ပြေအောင် လုပ်ပေးပါ့မယ်။ ဒါနဲ့ ဆရာကြီးက ဗေဒင်နက္ခတ်ရော ကျွမ်းကျင်သလား"

"တိုင်းရင်းဆေးဆရာဆိုတာ မဟာဘုတ်ဓာတ်ကြီးလေးပါးကို နားလည်ရတယ်၊ ရာသီနဲ့နက္ခတ်ကို နားလည်ရတယ်။ အချို့ကို ဆေးဝါး၊ အချို့ကို ရာသီဓာတ်စာ၊ အချို့ကို ယတြာ (စိတ်ကုနည်း) နဲ့ ကုပေးရတယ်။ ယုံကြည်သက်ဝင်မှုရယ်၊ ဆေးအစွမ်းရယ်၊ အချိန်ကာလရယ် ကိုက်ညီ၊ ဟန်ချက်ညီရင် ပယောဂအဆိုးအမျိုးမျိုးကနေ အနည်းနဲ့အများ လွတ်မြောက်ချမ်းသာတာပဲ"

ငှက်ကြီးတောင်ဘဂျမ်းသည် ဆေးဆရာဆိုသူ ဘတိုက်ပုံကို အကဲခတ်နေ၏။

"ဒါဆို ကျုပ်ရဲ့ဇာတာကို ဆန်းစစ်ပေးပါ"

"ဘာဖြစ်နေလို့လဲ"

"ကျုပ် ကောင်းကောင်းအိပ်မပျော်ဘူး။ အိပ်မက်ဆိုးတွေ မကြာခဏ မက်နေတယ်"

"ကိုင်း..ဒါဆို ကြည့်သေးတာပေါ့"

သူတို့ စက်လှေကြမ်းခင်းမှာ အတူထိုင်လိုက်ကြသည်။ ဘဂျမ်း၏ တပည့်နှစ်ဦးကလည်း စောင့်ကြည့်နေကြ၏။

"ချစ်မြိုင်.."

"ဗျာ..ဆရာဂျမ်း"

"ကောင်မလေးကို ဆန်ပြုတ်တိုက်ပြီးရင် စက်လှေပေါ်မှာ လမ်းလျှောက်ခွင့်ပေးလိုက်၊ လုံခြုံရေးတော့ ဂရုစိုက်။ တစ်ခုခုဖြစ်ခဲ့ရင် မင်းတို့ ဟိုငှက်ကြီးတောင်ဓားကို ကြည့်ထား"

"ဟုတ်ကဲ့ပါ ဆရာဂျမ်း"

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ‹၇›

"မောင်ရင့်အမည် ဘယ်လိုခေါ်သလဲ"

"ဘဂျမ်းပါ"

"ကြာသပတေးသား ဟုတ်ရဲ့လား"

"ဟုတ်တယ်"

"အသက်ကရော"

"(.....) နှစ်ပါ"

သည်မှာ ဘတိုက်ပုံက စက်လှေဘုရားခန်း ပုံတော်ရှိရာသို့ အာရုံပြု၍ တွက်ချက်လိုက်သည်။

"မောင်ရင် တနင်္ဂနွေဂြိုဟ်စားပြီး ဗုဒ္ဓဟူးသက်ရောက်ဖြစ်နေတယ်"

"အဲဒါ ဘာဖြစ်သလဲ"

"အဲဒီအချိန်ဟာ အညံ့ဆုံးနှစ်ပဲ။ အခု မောင်ရင့်အသက်က



www.burmeseclassic.com

www.burmeseclassic.com



(...) နှစ်နော်"

"ဟုတ်တယ်"

"၅၃ နှစ်အဝင်ကတည်းက ဘုမ္မိကျနေတာ။ အဲဒါ ၅၈ နှစ်ကျမှ ဘုမ္မိက ထွက်မယ်။ လွတ်မယ်"

"ဘုမ္မိကျရင် ဘာဖြစ်မှာမို့လဲဗျ"

"ဘုမ္မိဆိုတာ မကောင်းသောအရပ်၊ အညစ်အကြေး၊ သချိုင်း အဲဒီလို အဓိပ္ပာယ်ရတယ်။ အဲဒီလို ဘုမ္မိမှာကျရင် ဉာတိဗျသန–ဆွေမျိုး များ ပျက်စီးတတ်တယ်။ ဘောဂဗျသန–စည်းစိမ်ဥစ္စာပျက်စီးတတ်တယ်။ ရောဂဗျသန– အနာရောဂါ ဖိစီးနှိပ်စက်လို့ အသက်ဆုံးရှုံးရတတ်တယ်။ ဘုမ္မိဟာ အဝင်ရော၊ အထွက်ရော ခိုက်တတ်တယ်။ အဲဒီအချိန်ရောက် နေရင် အသွားအလာရော၊ အနေအထိုင်ပါ ဆင်ခြင်ပြီး ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်မှ အန္တရာယ်ဆိုးများက လွတ်မြောက်ရတတ်တယ်"

"အခု ကျုပ်ဘာဖြစ်မှာလဲ"

"လက်ဝါးဖြန့်.. ညာလက်ဝါး"

ဘတိုက်ပုံက ဘဂျမ်း၏ညာလက်ဝါးကို သေသေချာချာကြည့် လိုက်၏။

"အင်း.. အသက်လမ်းကြောင်းပေါ်မှာ အမည်းစက်ခံနေတယ်"

"အဲဒီတော့.."

"အန္တရာယ်ဆိုး၊ အသက်ဘေးဆိုးနဲ့ ကြုံကိုကြုံရမယ်"

"ဟုတ်ပါ့မလား"

"မောင်ရင် အခုရောက်နေကာလမှာ ကြုံနေတာ။ မုဒ်ရင် ကျုပ်ကိုပြန်မလွှတ်နဲ့။ ဒီစက်လှေပေါ်မှာ ကျုပ်စောင့်နေပေးမယ်။ မဟုတ် ဘူးဆိုရင် ကျုပ်လျှာကို မောင်ရင်ရဲ့ဓားရှည်နဲ့ ဖြတ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟူး..ဒါဆို အဲဒီဖြစ်ရပ်ဆိုးက လွတ်မြောက်အောင် ဆရာကြီးဘယ်လိုကူညီဆောင်ရွက်ပေးနိုင်မလဲ"

"သုံးရက် ဟောဟိုဘုရားပုံတော်ရှေ့မှာ သက်သတ်လွတ်ဆွမ်းကပ်လှူပြီး ရတနာသုံးပါးကို တစ်နာရီအာရုံပြုပူဇော်ပါ။ အရှေ့မြောက်အရပ်မှာ မြေအိုးနဲ့ ပိန်းမဟော်ပင် ဒါမှမဟုတ် ဖားဂမုန်းစိုက်ပါ။ ကျုပ်ကိုယ်တိုင် စီစဉ်ပေးပါ့မယ်။ ဘုရားရှင်ကို ရေသန့် သို့မဟုတ် သန့်ရှင်းသောသောက်ရေကို လှူရမယ်။ သုံးရက်စေ့ရင် မောင်အပါအဝင် အဖွဲ့သားအားသုံး ကျုပ်စီရင်ထားတဲ့ အန္တရာယ်ကင်းရေကို ချိုးပြီး ရေမန်းသောက်ရမယ်။ အဲဒီလိုလုပ်လိုက်ရင်.."

"အန္တရာယ်ကင်းမှာလား"

"စောင့်ကြည့်ပါ..။ ကျုပ်မပြန်သေးပါဘူး"

သို့နှင့် လူကောင်ကြီးသလောက် ဆိုးသွမ်းရက်စက်ကြမ်းကြုတ်သောသော ငှက်ကြီးတောင်ဘဂျမ်းသည် သူ့မှာ အန္တရာယ်ဆိုးများ ကျရောက်လာမည်ကို သိရသောအခါ တုန်လှုပ်သွားလေ၏။

သို့နှင့် ဖားဂမုန်းပင်ကို ရအောင်ရှာပြီး စက်လှေဦးတည်ထားရာအရပ်၏ အနောက်မြောက်ထောင့်မှာ မြေအိုးနှင့် စိုက်တင်ထားလိုက်၏။

ဘတိုက်ပုံကြီးကိုယ်တိုင် သက်သတ်လွတ်ဟင်းများကို စီရင်စီမံ၍ စက်လှေဘုရားပုံတော်ရှေ့မှာ သူ့ကိုယ်စားပြု၍ သူ့အား ဘုရား၊ တရား၊ သံဃာကို အာရုံပြုစေ၏။

သောက်စားမူးယစ်ရမ်းကားနေသော ငှက်ကြီးတောင်ဘဂျမ်းသည် စိတ်ကို အောင့်အည်း၍ လုပ်နေ၏။

အရက်သောက်ချိန်ရောက်သောအခါ သွေးများကြွလာပြီး အရက်ပုလင်းကို မကြာခဏ ထုတ်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘတိုက်ပုံက အရက်သောက်လျှင် စည်းပေါက်၍ ပျက်စီးလိမ့်မည်ဟု ပြောသောကြောင့် တံတွေးကို အာသာပြေမျိုချနေရ၏။

ခင်အေးချိုလေးလည်း ဆေးဝါး၏အရှိန်ကြောင့် ကျန်းမာစပြုလာပြီး ဘတိုက်ပုံကို ဗိုင်းဝန်းကူညီ၏။

ငှက်ကြီးတောင်ဘဂျမ်းအပါအဝင် စက်လှေပေါ်ရှိ လူဆိုးသုံးဦးကို ပြုံးပြုံးရွှင်ရွှင် လိုက်လျောညီထွေဆက်ဆံခဲ့သဖြင့် ဘဂျမ်းလည်း ဗေဒင်ယတြာအစွမ်းပြပြီဟု ယုံကြည်ပြီး ဘတိုက်ပုံကို ကျေးဇူးများပင်တင်နေ၏။

ခင်အေးချိုကိုလည်း ညီမလေး.. ညီမလေးနှင့် ပြောဆို၍ ဘာစားချင်လဲဟု မကြာခဏမေးမြန်း သဘောကောင်းနေလေသည်။

တစ်နေ့သောအခါ..

သူတို့စက်လှေအနီးသို့ လှေတစ်စီးဆိုက်ကပ်လာ၏။

လှေပေါ်တွင် လူတစ်ဦးကို မျက်နှာအဝတ်အုပ်ထား၏။

"ဘယ်သူလဲဟေ့ အောင်မောင်း"

"အကြွေးပေးမယ့်လူ ရောက်လာပါပြီ ဆရာဂျမ်း"

"အေး.. အေး.. အိုကေ.. ခဏလေး"

သည့်နောက် ဘတိုက်ပုံနှင့် ခင်အေးချိုတို့ကို စက်လှေအောက်ထပ် အခန်းတစ်ခုမှာ 'ခဏလေးပါ' ပြောပြီး ထည့်သွင်း၍ သော့ခတ်ထားလေ၏။

သို့နှင့် သူတို့ စက်လှေအပေါ်တွင် ဘာတွေလုပ်ကိုင်နေကြသည်ကို သူတို့နှစ်ဦး ဘာမျှမသိရ။

သို့သော် ဘတိုက်ပုံက မိန်းမချောကလေး ခင်အေးချိုနှင့် နှစ်ဦးတည်း အတူမျက်နှာချင်းဆိုင်ခွင့်ရ၍ လွန်စွာဝမ်းမြောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ကြောက်လန့်စိုးရိမ်နေသည့် ခင်အေးချိုနားသို့ ကပ်၍ တစ်စုံတစ်ရာကို ခပ်တိုးတိုးပြောလိုက်သောအခါ..

ခင်အေးချိုလေးသည် ဝမ်းသာလွန်း၍ မျက်ရည်များစီးကျလာပြီး ဘတိုက်ပုံ၏လက်ကို အားကိုးကြီးစွာဆုပ်ကိုင်၍ထားလေ၏။ ပြီးနောက် ခင်အေးချို၏လက်ထဲသို့ လွန်စွာသေးငယ်သော အထုပ်သေးသေးလေး တစ်ခုကို ပေးအပ်၍ လုံလုံခြုံခြုံဖွက်ထားဟု ပြောလိုက်လေသည်။

မိနစ် (၂၀) ခန့်ကြာသောအခါကျမှ အခန်းတံခါးကို လာဖွင့်ပေး၍ သူတို့နှစ်ဦး အပြင်သို့ထွက်လိုက်ကြသည်။

ဝန်းကျင်ကို အကဲခတ်လိုက်တော့ စောစောက မျက်နှာကို အဝတ်စည်းလာသည့်လူရော၊ လှေသမားရော မရှိတော့။ ကမ်းစပ်ရှိရာသို့ လှမ်းကြည့်လိုက်သောအခါ လှေလှော်သွားနေသည့် လူနှစ်ဦးကို ခပ်ဝါးဝါး မြင်လိုက်ရလေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ‹၈›

နှစ်ရက်သုံးရက်အတွင်း သူတို့အားလုံး ဆရာရင်းတပည့်နှင့် မိသားစုလို ဖြစ်လာခဲ့ကြသည်။ ရယ်ရယ်မောမော ပြောဆိုလာခဲ့ကြသည်။

ခင်အေးချိုကလည်း နေ့စဉ် ကိုချစ်မြိုင်တို့ဝယ်လာပေးသည့် သက်သတ်လွတ်ဟင်းလျာများကို အရသာရှိအောင်ချက်ပြုတ်၍ ငှက်ကြီးတောင်ဘဂျမ်း၏ ယတြာအတွက်ရော၊ အများစားဖို့ပါ ချက်ပြုတ်ကျွေးမွေးရကား..

"ညီမလေး.. မင်း ဒီမှာ အမြဲတမ်းနေနိုင်ရင် ကောင်းမှာပဲကွဲ့"

ဘဂျမ်းက ရေနွေးကြမ်းသောက်ရင်း စကားဆို၏။ ခင်အေးချိုက ရှက်၍ ခေါင်းငုံ့နေ၏။

"နေနိုင်ရင်လည်း နေလိုက်ပေါ့ သမီးရယ်"

"အို.. အဘကလည်း"

"အဟဲ.. ဟဲ.. ဟဲ.."



www.burmeseclassic.com

www.burmeseclassic.com



ဘတိုက်ပုံကလည်း ဘဂျမ်းဘက်မှ ဝင်၍ပြောပေးလိုက်၏။ အားလုံးက သဘောကျပြီး ရယ်လိုက်ကြသည်။

"ချက်တဲ့ပြုတ်တဲ့ လက်ရာက မိုက်တယ်ကွာ"

"လူကရော ဆရာဂျမ်းရဲ့"

"ချောမှချော၊ လှမှလှဗျာ"

"ဟား..ဟား..ဟား..ငါတို့ဆရာကတော့..ခင်အေးချို ရေ..ညည်းကို စွဲနေပြီဟေ့။ ငါတို့ဆရာ လူ့မျိုးကြီးကိုလည်း ငဲ့ညှာသနား ပါ နှမလေးရာ။ ဟား..ဟား..ဟား..ဟား.."

ခင်အေးချိုကား လူကြမ်းယောက်ျားကြီးများအကြား ရှက်၍ ခေါင်းငုံ့နေလိုက်၏။ အဘကလည်း ရယ်၏။ အားလုံး၏ ရယ်သံများကား ပင်လယ်ပြင်စက်လှေပေါ်မှာ လှိုင်နေ၏။

သည့်လိုနှင့် ငှက်ကြီးတောင်ဘဂျမ်းအတွက် သုံးရက်မြောက် ညီပြုဟ်မြေ၊ နံမြေ အန္တရာယ်ကင်းယတြာ ရက်စေ့သွား၏။

ရက်စေ့သည်နှင့် ငှက်ကြီးတောင်ဘဂျမ်းနှင့် အဖွဲ့ဝင်သုံးဦးတို့ သည် အရက်ပုလင်းကို ဖွင့်လေ၏။ သူတို့ဝယ်လာသည့် ငါးကြော်များနှင့် မြည်းကြလေ၏။

ထိုနေ့ညနေက စက်လှေပေါ်တွင် သူတို့လေးဦး မူးယစ်သောက် စား အော်ဟစ်က,ခုန်သံများကား ဆူညံနေကြ၏။

"အစ်ကိုကြီးဘဂျမ်း.."

"အလို..ညီမလေးဘာလား။ ပြော..ဘာကိစ်"

"ထမင်းဟင်း အသင့်ပြင်ပြီးပါပြီရှင်"

"ဪ..အေး..အေး..။ ဒီနေ့ညနေတော့ စားဝင်အိပ်ချင်ဘူး ပဲဟေ့။ ကိုင်း..တပည့်တို့။ ဆရာ့ရဲ့ မင်္ဂလာဦးအကြိုညလို့ သဘောထား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဝါးကြစို့ရဲ့ဟဲ့။ အဟတ်. . အဟတ်. . ဟား. . ဟား. . ဟား. . ”

“ဝါး. . ဟား. . ဟား. . ဟား. . ”

“ဖြည်းဖြည်းနော် ဆရာဂျမ်း”

“သိပါတယ်ကွာ။ မင်းတို့ကလည်း. . ”

“ဟား. . ဟား. . ဟား. . လန့်ပြေးမှာ စိုးလို့ပါဗျာ။ ဟား. . ဟား. . ဟား. . ”

သူတို့အားလုံးသည် ခင်အေးချိုမျက်နှာကို စိုက်ကြည့်ပြီး မကြား ဝံ့မနာသာစကားများကို ပြောကြရကား ခင်အေးချို ကြက်သီးများဖြန်းဖြန်း ထခဲ့ရလေ၏။

ထမင်းဝိုင်းသို့ ရောက်သောအခါ သူတို့ အရက်လေးတမြမြနှင့် အားရပါးရစားကြ၏။ ချဉ်ရည်ဟင်းကို သောက်၏။ အသုပ်ကို စား၏။ ဘတိုက်ပံက ထမင်းဖြူကို ဆားဖြူး၍ စားနေလေ၏။ စားလို့သောက်လို့ ဝကြသောအခါ သူတို့ စက်လှေအိပ်ခန်းများသို့ တန်းဝင်ကြ၏။ ချစ်မြိုင် တစ်ဦးတည်းသာ ခါးကြားတွင် သေနတ်ထိုးပြီး ထိုင်စောင့်ကြည့်နေ၏။

မကြာခင် အိပ်စင်များပေါ်မှ ဟောက်သံများ ကြားရ၏။

အစောင့်လုပ်သူ ချစ်မြိုင်လည်း တဝါးဝါးသမ်းရင်းမှ မကြာခင် မှာပဲ လက်ရန်းနံဘေးတွင် ခွေ၍ အိပ်ပျော်သွားလေ၏။

သည်မှာပဲ ခင်အေးချိုက ဘတိုက်ပုံအနီးသို့ကပ်၍ တိုးတိုးပြော လိုက်၏။ ဘတိုက်ပုံသည် နေရာမှ ထလိုက်ပြီး အိပ်စင်ပေါ်တွင် ပိုးလိုးပက် လက်အိပ်နေသူများနှင့် အစောင့်ချစ်မြိုင်ကို အနီးကပ်၍ စူးစမ်းကြည့် လိုက်၏။

ပြီး. . ကျေနပ်စွာ ဦးခေါင်းကိုညိတ်လိုက်ရင်း အားရပါးရ ပြုံး လိုက်လေသည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com

## ၄

ဘတိုက်ပုံက စက်လှေကို နှိုးလိုက်သည်။ စက်လှေသည် အော်မြည်သံတစ်ချက်ပေးပြီး ပင်လယ်ဝ မြစ်သုံးဆိုင်ရှိရာသို့ ဦးခေါင်းကိုလှည့်လိုက်၏။ သူ စက်တိုင်ဘီးကိုထိန်းရင်း စက်ရှိန်ကို မြှင့်လိုက်သည်။

စွန်ရဲအမည်ရှိ ဆေးနီသုတ်ထားသည့် စက်လှေသည် ပင်လယ်ရေပြင်ကို ဦးချွန်နှင့်ခွဲကာ လူး၍လိမ့်၍ မြစ်သုံးဆိုင်ကိုကျော်ပြီး သီလဝါခံတပ်ရှိရာသို့ မောင်းချလာလိုက်၏။

သည်မှာ ကင်းလှည့်ရဲမော်တော်ကြီးနှင့် သူတို့ ခေါင်းချင်းဆိုင်ဆုံကြ၏။ မော်တော်ပေါ်မှ ကင်းအလံသည် လေနှင့်ဖျပ်ဖျပ်ခါနေ၏။

ဘတိုက်ပုံ စက်လှေ၏ဟွန်းကို သံရှည်ဆွဲ၍ နှိပ်လိုက်သည်နှင့် ချက်ကင်းလှည့်မော်တော်ပေါ်မှ ရဲသားများသည် လက်နက်များအသင့်ပြင်ကာ စွန်ရဲစက်လှေအနီးသို့ ချဉ်းကပ်လာခဲ့ကြ၏။

ဘတိုက်ပုံက စက်လှေအရှိန်ကို လျှော့ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်အေးချိုက စတင်းဂန်းကိုချိန်၍ ရပ်နေလိုက်၏။

"ဘာကိစ္စရှိလို့လဲ"

တစ်ပွင့်နှင့် ရဲအုပ်က အော်လံနှင့် မေးလိုက်၏။

"စက်လှေပေါ်မှာ အဖိုးတန်ရတနာတွေ ပါလာလို့..။ တက်ခဲ့ကြပါ"

"ဟေ့.."

သို့နှင့် ရဲအုပ်နှင့်ရဲသားများ စက်လှေပေါ်သို့ ချဉ်းကပ်၍ တက်ခဲ့ပြီး သေနတ်များကို အသင့်မြင်ကြ၏။ စတင်းဂန်းကိုင်ထားသည့် ချောမောလှပသည့် ခင်အေးချိုကို မြင်သောအခါ အားလုံး လက်နက်များဖြင့် ထိုးချိန်လိုက်ကြ၏။

ခင်အေးချို ဘာလုပ်ရမှန်းမသိ။

"သမီးခင်အေးချို.. လက်နက်ကို အပ်လိုက်"

အဘ၏စကားဆုံးသည်နှင့် ခင်အေးချိုက လက်ထဲက စတင်းဂန်းသေနတ်ကို ရဲအုပ်လက်သို့ ရိုရိုသေသေအပ်လိုက်၏။

"အဘ.. ဘယ်မှာလဲ အဖိုးတန်ရတနာဆိုတာ"

"ဟိုအခန်းထဲမှာ ရှိနေတယ်"

"ကြည့်ရအောင်ခင်ဗျာ။ မှောင်ခိုကျောက်တွေ နေမှာပဲဗျ"

သို့နှင့် ဘတိုက်ပုံက အခန်းတံခါးသောကို ဖွင့်လိုက်ရာ ရဲအုပ်နှင့်အဖွဲ့က အထဲကို လက်နှိပ်ဓာတ်မီးနှင့် ထိုး၍ကြည့်လိုက်ကြ၏။

"ဟာ.."

"ဟင်.."

"အလို.."

သူတို့မြင်လိုက်ရသည်က အဖိုးတန် ကျောက်စိမ်းပတ္တမြားများ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ပုံပျက်ပန်းပျက်လူလေးဦး လက်ရော၊ ခြေရော ကြိုးနှင့်တုပ်၍ မေ့မြောနေသည့်မြင်ကွင်း..။

"အဘ.."

"ခင်ဗျာ"

"ဒါ..ဒါ..ဘယ်သူတွေလဲခင်ဗျ"

"အဲဒါ..မောင်ရင်တို့ရဲတပ်ဖွဲ့က အလိုရှိနေတဲ့ ဟံသာဝတီ အရှေ့ခြမ်းက နာမည်ကြီးလူဆိုးဓားပြ၊ မုဒိမ်းကောင်၊ လူသတ်သမား ငှက်ကြီးတောင်ဘဂျမ်းနဲ့ အဖွဲ့ဝင် ချစ်မြိုင်၊ အောင်မောင်း၊ ငှက်ကျားနဲ့ ဘတူပဲ"

"ဗျာ..ဒါ..ဒါ..အဘကိုယ်တိုင် ဖမ်းလာတာ.."

"ဟုတ်တယ်"

"ဒီမိန်းကလေးကရော"

"ဒီမိန်းကလေးအမည်က ခင်အေးချိုတဲ့။ သုံးပန်လှရွာက ဦး ချိန်ရိုးရဲ့ သမီးပဲ။ အိမ်ကို ဓားပြတိုက်ပြီး လူကို ဓားစာခံ ငွေတောင်းခဲ့တာ လေ"

"အခု အဘတို့ သူတို့ကို ဘယ်လိုဖမ်းခဲ့တာပါလဲခင်ဗျာ"

"အဘက နယ်လှည့်ဗိန္ဓောဆေးဆရာပါ။ တစ်နေ့ ဒီကလေးမ လေးရဲ့ မိဘအိမ်ရောက်ပြီး အကျိုးအကြောင်းသိရရော။ ကံအကြောင်း သင့်ချင်တော့ ငှက်ကြီးတောင်ဘဂျမ်းရဲ့ ပင်လယ်ပြင်ပေါ်က လှေပေါ်ကို ရောက်ခဲ့ရပြီး အဖမ်းခံထားရတဲ့ ဒီကလေးမလေးကို ဆေးကုရင်းက ဓာတ်လမ်းစုံသိရတာနဲ့ ဗေဒင်ယတြာနဲ့ ယုံအောင် ဇာတ်သွင်းပြီး သူတို့ စားမယ့် အစားအစာထဲ အပြင်းစားအိပ်ဆေး ခတ်ထည့်ထားလိုက်တာ ကိုင်း..သင်းတို့ကို နှိုးကြကွယ်၊ ပြီးရင် ငါ့သမီးကို စိတ်ပူနေတဲ့ အဘွားများ



www.burmeseclassic.com

www.burmeseclassic.com



ရှိရာကို အမြန်အပ်ပေးပါ"

သည်မှာပဲ ရဲအုပ်နှင့် ရဲတပ်ဖွဲ့ဝင်များသည် သတိလစ်မေ့မြောနေကြသည့် ငှက်ကြီးတောင်ဘဂျမ်းနှင့် အဖွဲ့ဝင်များကို ကန်ကျောက်လှုပ်နှိုးကြပါသော်လည်း ကာလနဂါးများလို အိပ်မောကျပြီး မနိုးနိုင်ကြ။

"ရေနဲ့ လောင်းချကွာ"

ဒီမှာ ရဲကြပ်ကြီးက ရေပုံးနှင့် သူတို့မျက်နှာများပေါ် လောင်းချလိုက်တော့မှ ငနဲသားငါးဦး အီး.. အဲနှင့် လူးလွန့်လာကြ၏။

"လူကြီးမင်းတို့ နိုးပြီလားခင်ဗျ"

"အင်.. အင်.."

"ဟင်.."

"ဟာ.."

"အမလေးဗျ"

ငှက်ကြီးတောင်ဘဂျမ်းနှင့်အဖွဲ့ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် မျက်လုံးများ ပြူးကျယ်ကုန်ကြ၏။

ကြည့်စမ်း..။

သူတို့ရှေ့မှာ ရဲယူနီဖောင်းဝတ်များ။

ခြောက်လုံးပြူး၊ စတင်းဂန်း၊ ရိုင်ဖယ်များနှင့်ချိန်လို့..။

"ကျုပ်.. ကျုပ်တို့ ဘယ်ရောက်.. ရောက်.."

"မင်းတို့ နရသိန်သွားမယ့်တံခါးဝကို ရောက်နေတာပါ ဘဂျမ်း"

"ဘာ.."

"ဒါ.. ဒါ.. ဘယ်သူ့လက်ချက်.."

"ဒီမှာ လူယုတ်မာဘဂျမ်း"

"ဟင်.."



www.burmeseclassic.com

www.burmeseclassic.com



ခင်အေးချိုက ထဘီတိုတိုဝတ်ပြီး ငှက်ကြီးတောင်ဘဂျမ်း၏ရှေ့တွင် ခါးထောက်၍ ရဲဝံ့စွာရပ်လိုက်သည်။

"နင်တို့ကို ရဲလက်အပ်တာ ငါနဲ့ ဘတိုက်ပုံရဲ့ လက်ချက်ပဲ"

"ဟေ..."

"ဟာ.."

"ဒုက္ခပဲ"

"ဟား.. ဟား.. ဟား.. ဟား.."

ဘဂျမ်းသည် သူတို့ကိုကြည့်ပြီး အားရပါးရရယ်မောနေသည့် ဘတိုက်ပုံကိုကြည့်ပြီး လွန်စွာအံ့ဩနေ၏။

"ဘယ့်နှဲ့လဲဟေ့ ငှက်ကြီးတောင်ဘဂျမ်း။ ငါ့ရဲ့ ဗေဒင်ဟောချက်နဲ့ ယတြာ ကောင်းရဲ့လား၊ မှန်ရဲ့လားကွ.. ဟေ"

"တောက်.. ခင်.. ခင်ဗျား.. ခင်ဗျား.. အကြံပက်စက်တဲ့လူကြီး။ လူလိမ်ကြီး"

"ဟား.. ဟား.. ငါက အကြံမပက်စက်ပါဘူးကွ။ မင်းတို့က မိုင်းစိုင်းယုတ်မာ သစ္စာမဲ့လို့ပါ။ ငွေနဲ့လာချွေးတော့ ငွေကိုယူပြီး လူကိုပြန်မလွှတ်ဘူး။ ညတွင်းချင်းခြေတော်တင်ဖို့ ကြံစည်ကြတယ်။ မင်းလို တွေ့ဆာတော်ကောက်၊ လူယုတ်မာ၊ သူခိုး၊ တားပြမျိုးဟာ အေးချမ်းသာယာတဲ့ သူ့လောကဝန်းကျင်နဲ့ မထိုက်တန်ဘူး ဘဂျမ်း။ ဒါကြောင့် ငါတတ်တဲ့ ဆေးပညာ၊ ဗေဒင်ပညာကို တစ်မျိုးတစ်ဖုံအသုံးချပြီး လူ့လောကကောင်းကျိုးအတွက် တာဝန်သိ လူတစ်ဦးအနေနဲ့ ဝင်ရောက်ဖြေရှင်းပေးရတာပဲ။ ငါတို့က ဓမ္မပဲ ကြိုက်တယ်။ အဓမ္မကို မကြိုက်ဘူး။ သုခပဲ ကြိုက်တယ်။ ဒုစရိုက်ကို မကြိုက်ဘူး။ မင်းတို့နဲ့ ငါတို့က ပြဒါးတစ်လမ်း၊ သံတစ်လမ်းပဲ။ ကိုင်း.. ငှက်ကြီးတောင်ဘဂျမ်း။ မင်းက လူအတော်များများ



www.burmeseclassic.com

www.burmeseclassic.com



ကို ငှက်ကြီးတောင်ဓားနဲ့ ခေါင်းဖြတ်သတ်ခဲ့တယ်။ ဗွေအား. . မင်းလည်းပင်ပေါ် ကြိုးကွင်းရောက်တဲ့အချိန်မှာ မင်းသိဝေဂရပြီး ဘဝကူးကောင်းပါစေကွာ။ ဒါမှမဟုတ်ရင်လည်း ဓားနဲ့ကြိုးနဲ့လဲပြီး သေခြင်းရဲ့ အရသာကို ကိုယ်ချင်းသာ စာကြည့်ပေရော့ ဘဂျမ်းရေ။ ဟား. . ဟား. . ဟား. .”

***(မှတ်ချက် – ကျွန်တော်ဆိုသူ ဘချစ်ညီနှင့် အမေဒေါ်ခင်အေးချိုတို့အား ကျေးဇူးတင်ပါသည်ခင်ဗျား)***

❖

မောင်ညီမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော အပြောင်းအလဲ

ဤဖြစ်ရပ်၏အစသည် အံ့မောင် ညဉ့်နက်သန်းခေါင် အိမ်ပြန်လာသောအချိန်ဖြစ်သည်။ သူ့နောက်သို့ ကြောင်တစ်ကောင်လိုက်ပါလာသည်။ ကြောင်၏အရောင်မှာ အဝါရောင်။ ကိုယ်လုံးက ပိန်ပိန်ပါးပါး။

အထူးခြားဆုံးက ပယင်းရောင်တောက်နေသော မျက်လုံးတစ်စုံ။

ကြောင်ဝါသည် လမ်းဘေးဓာတ်မီးတိုင်အောက်တွင် ရှိနေသည်။ အံ့မောင်က ပလက်ဖောင်းပေါ်မှ လမ်းလျှောက်လာသည်။ ဓာတ်မီးတိုင်ကို ဖြတ်သန်းလာသောအခါ ကြောင်ဝါသည် အံ့မောင်နောက်သို့ လိုက်လာသည်။

အံ့မောင်သည် ကျိုတ်ဝိုင်းလေးတစ်ဝိုင်းမှ ဖျူးခဲ့၍ အိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



ခြေလျင်ပြန်လာခဲ့ခြင်းဖြစ်သည်။ အကယ်၍သာ ဖောဖောသီသီအနိုင်ရခဲ့ပါက တက္ကစီနှင့်ပြန်လာလေ့ရှိသည်။ လောလောဆယ်အချိန်တွင် အံ့မောင်ထံတွင် ကံကောင်းခြင်းဟူသောစကားလုံးသည် လုံးဝအဓိပ္ပာယ်ကင်းမဲ့နေသည်။

အံ့မောင်နှင့် ခြေလှမ်းနှစ်လှမ်းစာမျှအကွာ လိုက်ပါလာသော ကြောင်ဝါကို သူက စိတ်ပေါက်ပေါက်နှင့် ကန်ထည့်လိုက်ရန် စဉ်းစားမိသေးသည်။ သို့ရာတွင် ပစ္စက္ခကာလတွင် သူသည် ကံမကောင်းခြင်းလက်ဆောင်ကို ရရှိနေသော ဒုက္ခသည်များဖြစ်သည်။

သို့ဖြစ်ရာ အကြောင်းမဲ့သက်သက် တိရစ္ဆာန်တစ်ကောင်အား နာကျင်စေရန် မသင့်ဟူ၍ စိတ်ကောင်းတစ်ခု ထားလိုက်မိသည်။ တစ်နည်းအားဖြင့် ကြောင်ဝါလေးသည်လည်း သူ့နည်းတူ ကံဆိုးသူဖြစ်နေသိမ့်မည်။ ထို့ကြောင့် ကျွေးမွေးစောင့်ရှောက်မည့်ပိုင်ရှင် မရှိသောကြောင့် သခုလို လမ်းပေါ်တွင် လေလွင့်နေခြင်းဖြစ်ပေလိမ့်မည်ဟူ၍ စဉ်းစားမိသည်။

ထိုအခါ သူနှင့်ဘဝတူဖြစ်နေသော ကြောင်ဝါလေးကို စာနာစိတ်ဖြင့် ခွင့်လွှတ်လိုက်သည်။ သူ့နောက်မှ တကောက်ကောက်လိုက်ပါလာခြင်းကို အပြစ်ဟူ၍ မယူဆပါတော့ချေ။

စိစိစိအားဖြင့် ထိုညသည် နှင်းမြူများဆိုင်းနေသည်။

အသည်းအသန်စိမ့်မြသောလေက တသုန်သုန်ဖျန်းပက်နေသည်။ အံ့မောင်သည် သူဝတ်ဆင်ထားသော ဂျာကင်အင်္ကျီအပေါ်စားကို ဆွဲပိတ်ဆွဲစေ၍ ဂျာကင်အင်္ကျီအိတ်နှစ်ဖက်ထဲသို့ သူ၏လက်သီးဆုပ်နှစ်ခုကို တစ်ဖက်တစ်ချက်ထည့်သွင်းထားလိုက်သည်။ ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလျှောက်သည်။ သူနေထိုင်ရာတန်းလျားရှိရာသို့ အမြန်ဆုံးရောက်မှ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ အိပ်ရာပေါ်တွင် နွေးနွေးထွေးထွေး နှကွေးရပေလိမ့်မည်။ အိပ်ရာမဝင်မီညနေက မကုန်နိုင်၍ ချန်ထားသော ထမင်းကျန် ဟင်းကျန်တို့ကို အံဆာပြေ ဝမ်းဗိုက်ထဲသို့ သွတ်သွင်းရဦးမည်။

အကယ်၍သာ ကျိတ်ပိုင်းတွင် အနိုင်ရခဲ့ပါက ထိုအစားအစာကို တွယ်တာမက်မောနေစရာမလို။ ခေါက်ဆွဲကြော်နှင့် မှစ်ရွှေရည်လေးပက်ခန့်ကို သူ၏အစာအိမ်ထဲသို့ ဖြည့်တင်းနိုင်သည်။

ယခုအခါ ဝမ်းဗိုက်ဗလာဖြင့် ပြန်ခဲ့ရသည်။

ထို့ပြင် ဘော်ဒါတစ်ကောင်ကလည်း ဖဝါးခြေထပ် ထက်ကြပ်မကွာ ပါလာသေးသည်။ အံ့မောင်အနေနှင့် ထိုတဲတန်းလျားတွင် နေထိုင်ခဲ့သည်မှာ ရှစ်လကျော်လေပြီ။

တဲတန်းလျားသည် တစ်ချိန်က ကုန်ပစ္စည်းသိုလှောင်ရာ တန်းလျားကြီးတစ်ခုဖြစ်သည်။ သို့ရာတွင် နောက်ပိုင်းတွင် ကုန်ပစ္စည်းများ မထားတော့ဘဲ အခန်းများကန့်၍ ကာရံလိုက်သောကြောင့် လေးခန်းတွဲတန်းလျားဖြစ်သွားသည်။

အံ့မောင်တို့ကဲ့သို့သော ပုံကျလူတန်းစားများအတွက် မိုးလုံလေလုံ အကာအခင်းပြည့်စုံသောအခန်း ဖြစ်နေသည်။ အခန်းငှားခသည်လည်း အလွန်တရာသက်သာသည်။ သို့ရာတွင် ထိုတဲတန်းလျားတွင် လင်စုံမယားဖက်များအနေနှင့် သုံးလဖြစ်စေ၊ လေးလဖြစ်စေ ယာယီသာ နေကြသည်။

တဲတန်းလျားနောက်ဘက် ကိုက်လေးရာအတွင်း ဘိစပ်ချုံများနှင့် ရွှံ့နွံများ ထူထပ်သည်။ တအိအိစီးဆင်းနေသော ချောင်းငယ်သည် မိုးတွင်းအခါ ရေလျှံလေ့ရှိသည်။ ထိုအခါမျိုးတွင် တဲတန်းလျား၏နောက်ဘက်မှ စီးဝင်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ချောင်းရေလျှံချိန်တွင် ရေနှင့်အတူ မြွေများလည်း ရော ထွေးပါလာတတ်သည်။ စင်စစ်အားဖြင့် ချောင်းစပ်မြွေတွင်းထဲသို့ ရေများ ဝင်ရောက်လာသောကြောင့် ရေလွတ်ရာ တဲတန်းလျားထဲသို့ မြွေများဝင် ရောက်ခိုအောင်းစရာ ဖြစ်လာခြင်းပင်။

မည်သို့ပင်ဖြစ်စေ လောလောဆယ်အချိန်ကာလတွင် အုံမောင် နေထိုင်ရာအခန်းမှလွဲ၍ အခြားအခန်းများတွင် မည်သူတစ်ဦးတစ်ယောက် မှ မရှိကြ။ အခန်းလွတ်များ ဖြစ်နေလေသည်။

တဲတန်းလျား၏ တောင်ဘက်စွန်းအခန်းသည် အုံမောင်၏ အခန်းဖြစ်သည်။ အခန်းတံခါးကို ဖွင့်လိုက်သောအခါ အတွင်း၌ ပစ္စည်း ဟူ၍ များများစားစားမရှိ။ အုံမောင်သည် အိုးတစ်လုံး။ ဖျာတစ်ချပ်သမား ဖြစ်သည်။

သူ့အတွက် အင်္ကျီသုံးထည်၊ လုံချည်သုံးထည်သာလျှင် ရှိသည်။ ပထမဝတ်ဆင်ပြီးသော အဝတ်တစ်စုံကို အိပ်ရာခြေရင်းဘက်ကြိုးတန်း တွင် ဖြန့်လှန်းသည်။ ဒုတိယနှင့်တတိယဝတ်စုံ ဝတ်ဆင်ပြီးသောအခါ ပထမဝတ်စုံကို ပြန်လည်ဝတ်ဆင်သည်။

ထိုအင်္ကျီသုံးထည်၊ လုံချည်သုံးထည်ကို တစ်လတစ်ကြိမ်သာ စုပေါင်းလျှော်ဖွတ်လေ့ရှိသည်။ ထမင်းတစ်အိုး ညှ၊ မနက်တွက် အသင့် ချက်ထားသည်။ ဟင်းလျာအနေနှင့် ကြုံသလို၊ ဖြစ်သလို စားသည်။ တစ်ခါတစ်ရံ ဟင်းလျာဝယ်မစားဘဲ ဘူးသီးကြော်၊ ဘယာကြော်၊ ပုစွန် ကွက်ကြော် စသည်ဖြင့်လည်း စားလေ့ရှိသည်။

ယနေ့ညအဖို့ မနက်က ချန်ထားခဲ့သော အမဲကြော်လက်ကျန် နှစ်တုံးနှင့် ထမင်းကြမ်းခဲကိုသာ ညစာအဖြစ် ဆွဲရပေတော့မည်။ ညစာ တွင် ကြောင်ဝါလေးတစ်ကောင်က အဖော်အဖြစ် ပါလာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်၊ အမဲကြော်တစ်တုံးကို ကြောင်ဝါလေးအား ခွဲတမ်းချရဦးမည် ဟူ၍ အုံ့မောင်က တွက်ကိန်းချလိုက်သည်။

တဲတံခါးကို ဖွင့်လိုက်ပြီးနောက် အိပ်ရာခေါင်းရင်းဘက်ရှိ ဖယောင်းတိုင်ကို မီးခြစ်ခြစ်၍ ထွန်းညှိလိုက်၏။ အခန်းတွင်း၌ ခိုအောင်းနေသော အမှောင်ထုသည် အဝေးသို့ပြေးထွက်သွားလေပြီ။ အုံ့မောင်က အိပ်ရာခြေရင်းဘက်သို့ ခုန်တက်၍ ကွေးကွေးရှရှထိုင်နေသော ကြောင်ဝါကို လှမ်းကြည့်သည်။ ဖယောင်းတိုင်မှ ထွက်ပေါ်နေသော အလင်းရောင်သည် ၎ယင်းရောင်မျက်လုံးအစုံကို အရောင်ဟပ်၍ ထူးထူးခြားခြား တောက်ပြောင်နေသည်။

ထိုမျက်လုံးမှ ထွက်ပေါ်နေသော ရောင်ပြန်ထဲတွင် အဓိပ္ပာယ်တစ်ခုခုပါဝင်နေသည်ဟူ၍ အုံ့မောင်က ထင်မြင်ယူဆမိသည်။ သို့ရာတွင် တိတိကျကျအဓိပ္ပာယ်ဖော်၍မရနိုင်သောကြောင့် အုံ့မောင်သည် ထိုထင်မြင်ယူဆချက်ကို ဦးနှောက်ထဲမှ ဖယ်ရှားလိုက်သည်။

ထို့နောက် အုံ့မောင်က အမဲသားတစ်တုံးကို စိတ်ရှည်လက်ရှည်ဖြင့် အသားမျှင်များအဖြစ် မွလိုက်ပြီး ထမင်းကြမ်းလက်တစ်ဆုပ်စာဖြင့် ကျကျနနနယ်သည်။

"ကဲ. . ဒီညအဖို့တော့ မင်းနဲ့ငါ ရှိတာလေးနဲ့ ခွဲဝေစားကြတာပေါ့ကွာ။ နောက်တစ်နေ့အတွက်တော့ လုံးဝမစဉ်းစားသေးတာပဲ ကောင်းတယ်။ ကဲ. . လာ. . လာ. . စားပေတော့"

အုံ့မောင်က ကြောင်အတွက်ပြုလုပ်ထားသောအစာကို ကြွေရည်သုတ်သံဇလုံတစ်ခုထဲသို့ သန့်သန့်ပြန့်ပြန့်၊ သပ်သပ်ရပ်ရပ် ထည့်ပေးသည်။ သူ၏ဆောင်ရွက်မှုမှာ စေတနာပါကြောင်း သိသာထင်ရှားသည်။

ထို့နောက် ကျန်သောထမင်းကြမ်းနှင့် အမဲကြော်တစ်တုံးကို



www.burmeseclassic.com

www.burmeseclassic.com



သူ့ဟာသူ ပြန်ရည်ရှက်ရည်စားနေသည်။ ထိုသို့စားသောက်ရင်း အံ့မောင်က ကြောင်ကို တစ်ချက်လှမ်းကြည့်သည်။

ကြောင်ဝါသည်လည်း အံ့မောင်ကျွေးသော အစာကို ကျွန်ုပ်ခြံရရ စားနေရာမှ အံ့မောင်ဘက်သို့ ဖျပ်ခနဲ တစ်ချက်ကြည့်သည်။ သူတို့နှစ်ယောက် အကြည့်ချင်းဆုံကြသည်။

ကြောင်ဝါကြီး၏ ပယင်းရောင်မျက်လုံးအစုံထဲတွင် သူ့အား ကျေးဇူးတင်သည့် အရိပ်အယောင်တစ်ခု တွေ့လိုက်ရသည်ဟု အံ့မောင်က ထင်မြင်ယူဆမိသည်။ သို့ရာတွင် ထိုထင်မြင်ချက်သည် မှန်ကန်ခြင်း ရှိ မရှိ သူ့ဟာသူ ဝေခွဲနိုင်ခြင်း မရှိပါချေ။

မည်သို့ပင်ဖြစ်စေ..

စားသောက်ပြီးစီးချိန်တွင် အံ့မောင်သည် အိပ်ရာပေါ်တွင် ခြေဆန့်လက်ဆန့် တုံးလုံးလှဲချလိုက်သည်။

ထိုအခိုက်အတန့်တွင် ထူးထူးခြားခြားဖြစ်ရပ်တစ်ခု ဖြစ်ပေါ်သွားသည်။ မျက်နှာကြက်ပေါ်မှ အရောင်မွဲခြောက်ခြောက်နှင့် သုံးပေခန့်အရှည်ရှိသော အရာဝတ္ထုတစ်ခုသည် အံ့မောင်၏ရင်ဘတ်ပေါ်သို့ ပြုတ်ကျလာသည်။

အံ့မောင်အနေနှင့် ရုတ်တရက် ကြက်သေသေသွားသည်။

ဘာလုပ်ရမှန်းမသိ။ အထိတ်တလန့်ဖြင့် ငေးငိုင်နေသည်။

သို့ရာတွင် ကြောင်ဝါကြီးသည် လျှပ်တစ်ပြက်လှုပ်ရှားမှုဖြင့် အံ့မောင်၏နံဘေးသို့ ခုန်ဝင်ရောက်ရှိလာသည်။ တစ်ချိန်တည်းမှာပင် အံ့မောင်၏ရင်ဘတ်ပေါ်တွင် လွန့်လူးစပြုလာသော အရာဝတ္ထုကို မိမိရရ ကိုက်ချီ၍ အိပ်ရာခြေရင်းဘက်သို့ ပြန်လည်ရောက်ရှိသွားသည်။

ထိုအခါကျမှ အံ့မောင်သည် ကမန်းကတန်းလူးလဲထသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတိုင်မှ မီးရောင်ထဲတွင် မြင်နေရသောမြင်ကွင်းကို သေသေချာချာအာရုံစိုက်၍ ကြည့်မိသည်။

"မြတ်စွာဘုရား"

အံ့မောင်၏နှုတ်ဖျားမှ အာမေဋိတ်သံ ထွက်ပေါ်သွားသည်။

သူ၏အိပ်ရာခြေရင်းတွင် ကြောင်ဝံကြီးသည် မြွေတစ်ကောင်၏လည်ကုပ်ကို မိမိရရဖိကိုက်၍ ဝါးနေသည်။ လွန့်လူးရုန်းထွက်ရန် ကြိုးစားနေသော မြွေကြီး၏အရောင်မှာ အနက်ရောင်ဖြစ်သည်။ အရွယ်အစားအားဖြင့် အလျားသုံးပေခန့်ရှိမည်။

ထိုအခါ အံ့မောင်သည် အကြီးအကျယ်ရင်ခုန်နှုန်းက အဆမတန်မြန်ဆန်လျက် အသက်ရှူမှားနေသည်။ သူက ကြောင်ဝံကြီးနှင့်အနက်ရောင်မြွေကြီးကို မျက်တောင်မခတ်ကြည့်နေမိသည်။ လောလောဆယ်အားဖြင့် သူဘာလုပ်ရမည်မှန်းမသိ။

မကြာမီ မြွေကြီး၏ လွန့်လူးလှုပ်ရှားမှုက ငြိမ်သက်သွားလေသည်။

မြွေကြီးသည် ကြောင်ဝံကြီး၏လက်ချက်ဖြင့် ဇီဝိန်ကြွေလေပြီး အကယ်၍သာ ထိုနေ့ည အိမ်အပြန်လမ်းတွင် ကြောင်ဝံကြီးနှင့်မတွေ့ခဲ့ပါက ယခုအချိန်၌ ဇီဝိန်ကြွေရမည့်သူမှာ မြွေနက်ကြီးမဟုတ်ဘဲ အံ့မောင်သာလျှင် ဖြစ်နေပေလိမ့်မည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



အဲ့မောင် အိပ်ရာမှ နိုးလာသည်။

သူ အိပ်ရာမှ ထချိန်သည် ထုံးစံအတိုင်း နံနက်ရှစ်နာရီခွဲဖြစ်သည်။ အဲ့မောင်က အိပ်ရာမှနိုးနိုးချင်း သူ့ခြေရင်းဘက်သို့ လှမ်းကြည့်လိုက်မိသည်။ သူ့ခြေရင်းတွင် ကြောင်ဝါကြီးနှင့် အနက်ရောင်မြွေကြီးကို လုံးဝမတွေ့ရပါချေ။

အဲ့မောင်က မီးသွေးခဲတစ်ခဲဖြင့် သွားတိုက်လျက် တဲနောက်ဖေးဘက်သို့ ထွက်ခဲ့သည်။ ထိုအချိန်တွင် ထူးခြားသောဖြစ်ရပ်တစ်ခုကို မြင်လိုက်ရသည်။ ကြောင်ဝါကြီးသည် ချောင်းစပ်ဘက်မှ ပြန်လာနေသည်။ ကြောင်ဝါကြီး၏ပါးစပ်တွင် လှုပ်လှုပ်ရှားရှားသတ္တဝါတစ်ကောင်ကို ကိုက်ချီထားသည်။

အဲ့မောင်၏အနီးသို့ ရောက်သောအခါ ကြောင်ဝါကြီးချီလာသောသတ္တဝါမှာ ငါးတစ်ကောင်ဖြစ်နေသည်။ ခန့်မှန်းခြေအားဖြင့် လေးဆယ်သားခန့်ရှိသော ငါးကြင်းတစ်ကောင်ဖြစ်နေသည်။

ထို့ကြောင့် အဲ့မောင်သည် နံနက်စာအတွက် ဆန်အိုးထဲမှ နောက်ဆုံးလက်ကျန် ဆန်လက်နှစ်ဆုပ်စာကို ငါးကြင်းနှင့်ရော၍ ပြုတ်လိုက်သည်။ အကယ်၍ ထိုငါးကြင်းကို ဟင်းချက်သည်ဖြစ်စေ၊ ကြော်သည်ဖြစ်စေ ဆီ၊ ငရုတ်၊ ကြက်သွန် စသည့်တို့ လိုအပ်နေဦးမည်။ ငါးဆန်ပြုတ်အတွက် ဆားအနည်းမျှရှိလျှင် ပြီးသည်။ ထင်းအတွက် ချောင်းစပ်မှ ရှာဖွေစုဆောင်းထားသော ရေမျောကမ်းတင် သစ်ကိုင်းခြောက်များဖောဖောသီသီရှိသောကြောင့် ပူစရာမလိုချေ။

စားသောက်ပြီးစီးသောအခါ အဲ့မောင်က ကြောင်ဝါကြီးကို အသားအယာပွတ်ပေးသည်။

"ငါ..ဒီနေ့ အပြင်ထွက်ပြီး ငွေလေးဘာလေး ရှာလိုက်ဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်ကွာ။ အဆင်ပြေရင်တော့ တို့နှစ်ယောက် ဝဝလင်လင်စားကြတာပေါ့ ကွာ"

အံ့မောင်က ပြောလိုက်သည်။

ထိုနောက် တဲထဲမှ ထွက်ခဲ့သည်။ မြို့ထဲတွင် ဦးတည်ရာမရှိ။ တစ်နေရာရာ အလုပ်အကိုင်တစ်ခုခု ဖြစ်လိုဖြစ်ငြား လျှောက်သွားသည်။ အံ့မောင်သည် မည်သို့သောအလုပ်မဆို ငြင်းပယ်လေ့မရှိ။ ကျပန်းလုပ်နိုင်သူဖြစ်သည်။

သို့ရာတွင် ခုအချိန်အထိ အလုပ်မဖြစ်။

မနက်က စားထားခဲ့သော ငါးဆန်ပြုတ်သည် ဝမ်းဗိုက်ထဲတွင် တကျွတ်ကျွတ်မြည်လျက် အစာကြေညက်သွားသောကြောင့် ဟာလာဟင်းလင်းဖြစ်နေလေပြီ။ နေပူရှိန်သည် ဆည်းဆာချိန်ဖြစ်သောကြောင့် အေးမြပျောက်ကွယ်ခဲ့လေပြီ။ လမ်းမီးတိုင်များက နေရောင်ခြည်ကို အစားထိုး၍ လင်းလာကြသည်။

ထို့ကြောင့် အံ့မောင်က လမ်းဘေးတစ်ဖက်ရှိ စားသောက်ဆိုင်တန်းမှ အစားအသောက်များ၏ အနံ့များကိုရှူလျက် လျှောက်ခဲ့သည်။ တစ်နေရာသို့ အရောက်..

"ဟော..ဖိုးအံ့..ဟေး.."

စားသောက်ဆိုင်တစ်ဆိုင်ထဲမှ ကျယ်လောင်သောအသံအောကြီးနှင့် လှမ်းခေါ်လိုက်သံကို ကြားရသည်။ အံ့မောင်က လှည့်ကြည့်လိုက်သည်။ ထိုသူက ခြေလှမ်းကျဲကြီးများဖြင့် လိုက်လာသည်။ အံ့မောင်၏လက်မောင်းကို ဆုပ်ကိုင်ဆွဲခေါ်သည်။

စားသောက်ဆိုင်ထဲသို့ ရောက်သည့်အချိန်အထိ ထိုသူကို မြူတူးပြံတဲဖြင့် ကြည့်လိုက်သည်။ အံ့မောင်အနေဖြင့် ထိုသူကို တစ်ခါက



www.burmeseclassic.com

www.burmeseclassic.com



တရင်းတနှီး၊ အကျွမ်းတဝင် သိခဲ့ဖူးသည်ဟူ၍သာ ထင်မြင်ယူဆမိသည်။ သို့ရာတွင် သူ့နာမည်ပင်လျှင် မည်သူဟူ၍ အစဖော်၍ မရ။

ထိုသူက မိမိအမည်ကို ရင်းနှီးစွာဖြင့် အဖျားဆွတ်ခေါ်ပြီး စားသောက်ဆိုင်တွင်းသို့ ဆွဲခေါ်သွားခဲ့သည်။ သူ့စားပွဲပေါ်တွင် ရောက်ရှိနေသော အစားအသောက်များကို စေတနာဗလပွဖြင့် ကျွေးမွေးနေသည်။ ထိုကဲ့သို့သော လူတစ်ယောက်ကို မိမိက. .

"ခင်ဗျား ဘယ်သူလဲဗျာ"

ဟူ၍ မေးရန်မသင့်ဟု ယူဆလိုက်သည်။ စားရင်းသောက်ရင်းဖြင့် အံ့မောင်၏ဦးနှောက်ထဲတွင် 'ထိုသူမည်သူနည်း' ဟူသော ပုစ္ဆာကို အဖြေရှာနေမိသည်။ စားပြီးသောအခါ ထိုသူက အံ့မောင်၏အိတ်ထဲသို့ ငွေစက္ကူတစ်ထပ် ထိုးထည့်ပေးလေသည်။

"ငါ့အပေါ်မှာ မင်းကျေးဇူး ရှိခဲ့ဖူးတယ်"

ဟူ၍ အသံအောကြီးဖြင့် ပြောသည်။ ထို့နောက် အံ့မောင်အား အိမ်အထိလိုက်ပို့ရန် တာစူသည်။

"အိမ်ကို ကျွန်တော်မပြန်သေးဘူးဗျ။ တခြားသွားစရာကိစ္စလေးတွေ ရှိနေသေးလို့။ နောက်တော့မှ အေးအေးဆေးဆေး ထပ်ပြီးဆုံကြသေးတာပေါ့ဗျာ"

အံ့မောင်က ယဉ်ကျေးစွာ ငြင်းပယ်လိုက်သည်။

စင်စစ်အားဖြင့် မိမိအပေါ် စေတနာအပြည့်အဝဖြင့် လေးလေးစားစားကျွေးမွေးပြုစုသူကို လက်ရှိ နုံချာချို့ငဲ့သော တဲတန်းလျားသို့ ခေါ်ဆောင်မသွားလို၍၊ ထို့ကြောင့် လမ်းခွဲခဲ့ခြင်းဖြစ်သည်။ အိမ်အပြန်လမ်းတွင် ကြုံကြိုက်သော လမ်းဘေးအကြော်ဆိုင်မှ ပုစွန်ကြော်နှင့် ငါးဖယ်ကြော်အချို့ကို ကြောင်ဝါကြီးအတွက် ဝယ်ခဲ့ရသေးသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အံ့မောင်သည် သူ၏တဲတန်းလျားရှေ့သို့ ရောက်သည့်အချိန်အထိ ထိုသူ၏အမည်ကို အစဖော်၍ မရသေး။ ထိုသူ၏အကြောင်းကိုလည်း ပြန်လည်စဉ်းစား၍ မရ။

သို့ရာတွင် မိမိနေထိုင်ရာ တဲတန်းလျားထောင့်ခန်းကို ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် အပေါက်ဝအတွင်းဘက်မှ ဆီးကြိုနေသော ကြောင်ဝါကြီး၏ ပယင်းရောင်မျက်လုံးအစုံကို မြင်လိုက်ရသည်။

ထိုသို့မြင်လိုက်စဉ် ညနေက မိမိအား စားသောက်ဆိုင်တွင် အဝအပြဲကျွေးမွေးပြုစုရုံမျှမက အိတ်ထဲသို့ ငွေစက္ကူတစ်ထပ်ထိုးထည့်လိုက်သူကို ချက်ချင်းမှတ်မိလိုက်သည်။

ထိုသူ၏အမည်မှာ စိုးလွင်မြင့်ဖြစ်သည်။

လွန်ခဲ့သောနွေရာသီအတွင်း၌ မီးရထားသံလမ်းပေါ်တွင် နှစ်ခြိုက်စွာအိပ်မောကျနေစဉ် ရထားဖြတ်ကြိတ်၍ သေဆုံးခဲ့ရသည်။ စိုးလွင်မြင့်သည် သူ့လိုပင် တစ်ကောင်ကြွက်ဖြစ်သည်။ ထို့ကြောင့် သူက ဦးဆောင်၍ ကမကထပြုလုပ်ကာ အရပ်ထဲတွင် ငွေကောက်ခံခဲ့သည်။ လက်လုပ်လက်စား ဆင်းရဲသားရပ်ကွက်ဖြစ်သောကြောင့် များများစားစား မရသော်လည်း အသုဘစရိတ်အတွက် ကာမိရုံမျှ ရရှိသည်။ ရက်လည်ဆွမ်းပါ ကျွေးနိုင်သည်။

မည်သို့ပင်ဖြစ်စေ ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက်စိုးလွင်မြင့်အတွက် အဆင်ပြေသွားသည်။ ထို့ကြောင့် ရပ်ကွက်မှလူများက အံ့မောင်သာ ဦးဆောင်ခြင်းမပြုခဲ့လျှင် စိုးလွင်မြင့်အနေနှင့် ခွေးလေခွေးလွင့်တစ်ကောင်ပမာ ဘဝကူးမကောင်းနိုင်ဟူ၍ မှတ်ချက်ချကြသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



ထိုဖြစ်ရပ်ကို ပြန်လည်စဉ်းစားမိသောအခါ အံ့မောင် အူကြောင်ကြားလူသားတစ်ယောက် ဖြစ်သွားရသည်။ တမလွန်ဘဝသို့ ရောက်သွားသည်မှာ တစ်နှစ်နီးပါးကြာမြင့်သူ စိုးလွင်မြင့်က ညနေဆည်းဆာအချိန်တွင် မိမိအား စားသောက်ဖွယ်ရာများဖြင့်ကျွေးမွေးသည်မှာ ဖြစ်နိုင်စရာ မရှိပါချေ။ ထို့ပြင် ကျွေးမွေးသူသည် သူ့အပေါ်တွင် မိမိကျေးဇူးရှိသည်ဟူ၍လည်း ပြောခဲ့သေးသည်။

သို့ဖြစ်ရာ စိုးလွင်မြင့်မဖြစ်နိုင်လျှင် အခြားမည်သူနည်း။

အလွယ်ဆုံး၊ အရှင်းဆုံး၊ အရိုးစင်းဆုံး အဖြေထုတ်ရလျှင် စိုးလွင် မင့်နှင့် အသွင်သဏ္ဌာန်တူသော အခြားလူတစ်ယောက်သာလျှင် ဖြစ်ရပေလိမ့်မည်။ ထိုသူ့ကို အံ့မောင်က အမှတ်မှားလျက် စိုးလွင်မြင့်ဟူ၍ ထင်မြင်ယူဆခြင်းဖြစ်နိုင်သည်။

ရှိစေတော့..။

အံ့မောင်သည် ကြောင်ဝါကြီးအတွက် သူဝယ်လာသော ပုစွန်ကြော်နှင့် ငါးပေါင်းကြော်များကို ချိုးခြေမွ၍ ကြွေရည်သုတ်သံဇလုံးထဲသို့ ထည့်ကျွေးသည်။ ကြောင်ဝါကြီးက စားနေရင်းမှာပင် အံ့မောင်ကို တစ်ချက်တစ်ချက် လှမ်းကြည့်သည်။ ထိုအကြည့်တွင် ကျေးဇူးတင်သောအမူအရာ ပါနေသည်ဟူ၍ အံ့မောင်စဉ်းစားမိသည်။

အံ့မောင်သည် စိုးလွင်မြင့်နှင့်တူသော လူတစ်ယောက်က ပေးသွားသော ငွေစက္ကူများကို ကပျာကယာထုတ်ကြည့်သည်။ ထိုငွေစက္ကူများသည် အစစ်အမှန်ဖြစ်နေသောကြောင့် 'တော်ပါသေးရဲ့' ဟူသော သဘောမျိုး သက်ပြင်းတစ်ချက်ချလိုက်မိသည်။

မည်သို့ပင်ဖြစ်စေ..

ထိုငွေသည် ခြိုးခြိုးခြံခြံသုံးစွဲလျှင် အံ့မောင်နှင့် ကြောင်ဝါကြီး



www.burmeseclassic.com

www.burmeseclassic.com



အတွက် ရက်သတ္တတစ်ပတ်စာ ဖူလုံနိုင်သည်။ သို့ရာတွင် အံ့မောင်သည် ထိုနေ့ည အိပ်ရာဝင်ချိန်တွင် နဖူးပေါ်လက်တင်၍ စဉ်းစားသည်။ လွန်ခဲ့သောတစ်ရက်က ကျိတ်ဝိုင်းတွင် ပါသမျှငွေများ ပြောင်တလင်းခါမျှ ကုန်ခဲ့ရသည်။

ယခုအခါတွင် သူ့ထံသို့ ကြောင်ဝါကြီးရောက်လာခဲ့ပြီးနောက် ဇာတာစန်းလင် တက်လာခဲ့လေပြီ။ ထို့ကြောင့် စိုးလွင်မြင့်နှင့် အသွင်သဏ္ဍာန်တူသောသူ၏ ငွေများဖြင့် တစ်ပွဲတစ်လမ်း အကဲစမ်းကြည့်ရန် သန္နိဋ္ဌာန်ချလိုက်မိသည်။

နောက်တစ်နေ့ နေမွန်းတည့်ချိန်တွင် ကျိတ်ဝိုင်းသို့ အံ့မောင် ရောက်သွားသည်။

အံ့မောင်၏ကံဇာတာတက်နေသည်မှာ သံသယရှိစရာပင်မလို။

စုစုပေါင်းလေးနာရီမျှသော ကစားချိန်အတွင်း အံ့မောင်၏လက်ထဲ၌ ဆယ့်နှစ်သိန်းကျော်မျှ အနိုင်ရခဲ့သည်။ ကျိတ်ဝိုင်းတွင် အနိုင်ရသူတိုင်းအတွက် သုံးစွဲမည့်သူများက အဆင်သင့်ရှိနေတတ်ကြသည်။

အသက်အားဖြင့် နှစ်ဆယ်ကျော်မှ အစပြု၍ သုံးဆယ်ဝန်းကျင်အထိ အရွယ်အစားအမျိုးမျိုး၊ ရုပ်ဆင်းသဏ္ဍာန်အဖုံဖုံ စုံစုံလင်လင်ရှိသည်။ အံ့မောင်အနီးသို့ ချဉ်းကပ်လာသူမှာ ရှစ်စပ်ကဂျင်ခြေလည်သူ တစ်ယောက်ဖြစ်သည်။

သူမ၏နာမည်ကို မည်သူကမှ အတိအကျမသိ။

သည်တစ်ညတွင် နာမည်တစ်မျိုး။ နောက်တစ်ညတွင် အခြားနာမည်တစ်ခု။ ထိုနာမည်များကို သူမဘာ့သာပင် မမှတ်မိတော့။ တစ်ခါ ဘတ်စ်ရဲ့ ရုပ်ရှင်မင်းသမီးတစ်ယောက်ယောက်၏အမည်၊ တစ်ခါတစ်ရံ အဆိုတော်တစ်ယောက်၏အမည်ဖြစ်စေ၊ မော်ဒယ်လ်တစ်ယောက်၏နာမည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စေ ပါးစပ်ထဲရှိရာ နာမည်တစ်ခုကို အလွယ်တကူပြောလိုက်သည်။ ထို အခါ သူမနှင့်တွဲသူက တစ်ညတာအတွက် ခေါ်စရာအမည်တစ်ခု ရသွား လျှင် လုံလောက်ပြီ။

ယနေ့ညတွင် သူမအမည် ရွှေရည်စိမ်းဟူ၍ ဖြစ်သည်။

ရွှေရည်စိမ်းသည် အံ့မောင်၏အတွဲဖြစ်သွားသည်။ ကျိတ်ဝိုင်းမှ အနိုင်ရသော ဆယ့်နှစ်သိန်းကျော် ပိုက်၍ ထွက်လာခဲ့ကြသည်။ စား သောက်ဆိုင်တစ်ဆိုင်တွင် ယစ်ရွှေရည်နှင့်အတူ အဝသောက်စားကြသည်။ စားသောက်ပြီးနောက် အံ့မောင်က အခေါက်အသားကင်တစ်ထုပ် ဝယ် ခဲ့သည်။ ရွှေရည်စိမ်းက..

"အဲဒါ ဘယ်သူ့ဖို့လဲ"

ဟူ၍ မေးသည်။

"ငါ့အဖော် ရွှေဝါ့အတွက်"

ဟု ပေါ့ပေါ့ဆဆဖြေသည်။ အံ့မောင်သည် တက္ကစီတစ်စီးတား၍ ရွှေရည်စိမ်းကို သူ၏တဲတန်းလျားသို့ ခေါ်သွားခဲ့သည်။ ကက္ကစီခပေး၍ ပြန်လွှတ်လိုက်သည်။ တန်းလျားတစ်ခုလုံး၏ အခန်းလေးခန်းတွင် အံ့ မောင်နေသော အခန်းတစ်ခုသာ လူရှိသည်။ ကျန်အခန်းသုံးခန်းက ဟာလာဟင်းလင်း..။

"ရှင်.. အခု ဘယ်သွားမှာလဲဟင်"

"ငါ့အခန်းကိုပေါ့။ ဘာလဲ.. မလိုက်ချင်ဘူးလား"

အံ့မောင်က ယစ်ရွှေရည်အရှိန်နှင့် မာန်တက်နေသည်။

"အစ်ကိုနဲ့ဆို ငရဲပြည်အထိ လိုက်ဖို့အဆင်သင့်ပဲ။ ဒါပေမဲ့ ရှင့်အဖော် ရွှေဝါဆိုတာ ဘယ်သူလဲ။ အဲဒီရွှေဝါက ကျွန်မလိုက်လာတာ ကို ကျေနပ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်စိမ်က စပ်စုသည်။

"ရွှေဝါက ကျေနပ်လား၊ မကျေနပ်လား မေးစရာမလိုဘူး အဲဒါ ငါ့အိမ်။ မကျေနပ်တဲ့သူကို ဖယ်ရှားလိုက်ရုံပဲ"

အံ့မောင်က မူလပင်ကိုစိတ် မရှိတော့။

တဲတန်းလျား၏ ထောင့်ဆုံးခန်းကို ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် ကြောင်ဝါကြီးက ဆီးကြိုနေသည်။ အံ့မောင်က ခေါင်းရင်းဘက်ရှိ နို့ဆီဘူးခွံလွတ်ပေါ်မှ ဖယောင်းတိုင်အတိုတစ်ခုကို ထွန်းညှိ၏။ အခေါက်ကင်၊ အသားကင်များကို ကြွေရည်သုတ်သံဇလုံအတွင်းသို့ ထည့်ပေးလိုက်သည်။

ကြောင်ဝါကြီးက မြိန်ရှက်စွာစားသောက်သည်။

ရွှေရည်စိမ်က တအံ့တသြကြည့်နေသည်။

"အဲဒါ ရှင့်အဖော် ရွှေဝါပေါ့..ဟုတ်လား။ ဒါပေမဲ့ သူက အထီးကြီးပဲ။ ရွှေဝါဆိုတာ ကြောင်မ,ကိုပေးတဲ့ နာမည်မျိုး.."

"နာမည်ဆိုတာ ခေါ်စရာတစ်ခုအဖြစ် အသိအမှတ်ပြုထားတာပဲ၊ ကြောင်ထီးကို ရွှေဝါဆိုတဲ့နာမည် မပေးရဘူးလို့ ဘယ်သူက ပြောလဲ"

အံ့မောင်က အာလေးလျှာလေးဖြင့် ပြောသည်။

ထို့နောက် သူ၏အိပ်ရာရှိရာသို့ လျှောက်သွားသည်။ အိပ်ချင်စိတ်က လွှမ်းမိုးနေသည်။ မျက်ခွံများကို ဖွင့်၍မရ။ အမြင်အာရုံကို ဖုံးကွယ်လိုက်လေသည်။

အံ့မောင် ရုတ်တရက် အိပ်မောကျသွားသည်။ သူ့ဟာသူ အိပ်မောကျသွားလိမ့်မည်ဟု ကြိုတင်သိမထားပါချေ။

စင်စစ်အားဖြင့် ရွှေရည်စိမ်က အံ့မောင်ကို ရေချိန်ကိုက်အောင် အကြံနှင့်တိုက်ခဲ့ခြင်းဖြစ်သည်။ ယခု အံ့မောင် သတိလက်လွတ်ဖြစ်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်စိမ်သည် အေးအေးဆေးဆေးပင် အုံ့မောင်၏ဂျာကင် အတွင်းအိတ်ထဲမှ ငွေစက္ကူများကို ဆွဲထုတ်နေသည်။ သူမ၏လက်ထဲ သို့ ရောက်ရှိနေသော ငွေစက္ကူများကို ပီတိစိမ့်သောခံစားမှုမျိုးဖြင့် သူမ၏ ရင်ခွင်တွင် အပ်လိုက်သည်။

ထိုအခိုက်အတန့်တွင် သူမ၏မျက်နှာရှေ့တွင် လျှပ်ပြက်သည့် ပမာ မြန်ဆန်သွက်လက်သော လှုပ်ရှားမှုတစ်ခု ဖြစ်ပေါ်သွားသည်။ အသည်းခိုက်လောက်အောင် နုလုံးသွေးပျက်ခမန်း ဝေဒနာများက မျက် နှာပြင်တစ်ခုလုံးနှင့် လည်တိုင်ရှိသွေးလွှတ်ကြောကြီးကို ပြင်းပြင်းထန်ထန် ဖြစ်ပေါ်သွားသည်။

မျက်နှာတစ်ခုလုံး သွေးချင်းချင်းနီရဲလျက်၊ လည်တိုင်တွင်လည်း သွေးစီးကြောင်းတစ်ခုဖြစ်ပေါ်နေသော အမျိုးသမီးသည် ငွေစက္ကူများကို လွှတ်ချကာ တဲတန်းလျားအပြင်ဘက်သို့ တစ်ဟုန်ထိုးပြေးထွက်သွားလေ သည်။

အတော်ဝေးဝေးသို့ ရောက်သောအခါတွင် ထိုအမျိုးသမီးက နောက်သို့တစ်ချက်လှည့်ကြည့်မိသည်။ တဲပေါက်ဝတွင် ငုတ်တုတ်ထိုင် လျက် သူမကိုကြည့်နေလျက်ရှိသော ကြောင်ဝါကြီး၏ မျက်လုံးထဲမှ အလင်းရောင်များတောက်ပနေသည်ဟု ထင်မှတ်မှားမိသည်။ သူမအနေ နှင့် အုံ့မောင်ထံသို့ နောက်ထပ်တစ်ကြိမ် ခြေဦးလှည့်ရဲသောသတ္တိ မရှိပါ တော့ချေ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



အံ့မောင်သတိရနိုးထလာချိန်တွင် အရှက်တက်ချိန်ကျော်လွန်ခါစ မိုးကောင်းကင်မှ အလင်းရောင်မှုန်ရီရီ ဖြစ်ပေါ်နေသည်။ တဲတွင်းရှိ အရာခပ်သိမ်းကို ဝိုးတဝါးမြင်နိုင်သည်။

ပြန့်ကျဲနေသော ငွေစက္ကူများသည် အခန်းပေါက်ဝအထိ ကျနေသည်။ အပေါက်ဝတွင် ငုတ်တုတ်ထိုင်နေသော ကြောင်ဝါကြီးကို မြင်လိုက်ရသည်။ ထိုအခါ အံ့မောင်က သူခေါ်လာခဲ့သောအမျိုးသမီးနှင့်ပတ်သက်၍ စဉ်းစားလိုက်သည်။ သူလုံးဝဖလက်ပြသွားချိန်တွင် သူ့ငွေများကို အလစ်သုတ်ရန် ကြိုးစားသောကြောင့် ကြောင်ဝါကြီးက သင်ခန်းစာပေးလိုက်ကြောင်း သဘောပေါက်သွားသည်။

ကြောင်ဝါကြီးနှင့် အံ့မောင်သည် ထိုအချိန်မှစ၍ တစ်ယောက်အပေါ်တစ်ယောက် အပြန်အလှန်သံယောဇဉ်ကြီးလာကြသည်။ တစ်ညတွင် အံ့မောင်နှင့်ကြောင်ဝါကြီးတို့ လမ်းဘေးပလက်ဖောင်းပေါ်မှ လမ်းလျှောက်လာကြစဉ် အရှိန်ပြင်းစွာမောင်းလာသော ကားတစ်စီးက လမ်းဘေးအထိ တက်လာပြီး အံ့မောင်ထံသို့ ဦးတည်လာသည်။ ထိုအခါ ကြောင်ဝါကြီးသည် အံ့မောင်ရှေ့မှ ခုန်ထွက်၍ အကာအကွယ်ပေးလိုက်သဖြင့် အံ့မောင် အသက်ဘေးမှ သီသီလေးလွတ်မြောက်သွားခဲ့သည်။

သို့ရာတွင် ကြောင်ဝါကြီး အသက်ဆုံးရှုံးခဲ့ရသည်။ အံ့မောင်က ယူကျုံးမရ ကြောင်သေကိုပွေ့ဖက်လျက် ရှိုက်ကြီးတငင်ငိုကြွေးသည်။ ကားမောင်းလာသူသည် အရက်မူးမူးနှင့် စွတ်မောင်းလာခြင်းဖြစ်သော်လည်း အံ့မောင်၏အဖြစ်ကိုကြည့်ရင်း အမူးပြေသွားသည်။ အံ့မောင်ကို တောင်းပန်သည်။ နောက်ထပ်ကြောင်တစ်ကောင်အစားဝယ်ပေးမည်ဟု ကတိပေးသည်။

"ခင်ဗျားကို ကျုပ်ကိုယ်ဝိုင်မသတ်မိခင် အခုချက်ချင်း ကျွန်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့က အမြန်ဆုံးထွက်သွားပေတော့”

ဟူ၍ မီးဝင်းဝင်းတောက်သော မျက်လုံးအစုံဖြင့် အော်ဟစ်မောင်းထုတ်သည်။ ထို့နောက် ကြောင်သေအလောင်းကို ကလေးသူငယ်တစ်ယောက်ပမာ တယုတယပွေ့ချီခဲ့သည်။

“ရှင့်ကြောင်က သေနေပါပြီ ကိုအံ့မောင်။ တွင်းတူးမြှုပ်လိုက်ပါတော့လား”

အံ့မောင်နေထိုင်ရာ တဲတန်းလျားဝန်းကျင်မှ ပဲပြုတ်သည်အဒေါ်ကြီးက အကြံပေးသည်။

“ကြောင်တွေမှာ အသက်ခုနစ်သက်ရှိတယ်ဆိုတာ ခင်ဗျား မကြားဖူးဘူးလား။ မကြာခင် ပြန်ရှင်လာဦးမှာဗျ”

အံ့မောင်က ပြန်လည်ရှင်းပြသည်။

ထိုညတွင် အံ့မောင်သည် ကြောင်ဝါကြီးကို ခါတိုင်းအိပ်နေကျသူ့ခြေရင်းဘက်တွင် နေရာချသည်။ ကြောင်ဝါကြီးကြိုက်နှစ်သက်သောငါးကြော်တစ်ကောင်ကို အရိုးနွှင်၍ အသားချည်းသပ်သပ် ကြွေရည်သုတ်သံဇလုံထဲတွင် ထည့်ပေးထားသည်။ ထိုညတစ်ညလုံး သူအိပ်မပျော်။ ကြောင်ဝါကြီးပြန်ရှင်လိုရှင်ငြား ထကြည့်ရသည်။

နံနက်မိုးလင်းသည့်အခါကျမှ အံ့မောင်စိတ်လျှော့သည်။ ကြောင်သေကိုပွေ့ချီလျက် တဲတန်းလျားနောက်ဘက်ရှိ ရေနက်သော ချောင်းစပ်အထိ သယ်ဆောင်သွားသည်။ ထို့နောက် ရေထဲသို့ အသာအယာချသည်။ ကြောင်ဝါကြီး၏ ခန္ဓာကိုယ်သည် ရေထဲသို့ တဖြည်းဖြည်းမြုပ်ဆင်းနေသည်။

❖

နေဝွမြင့်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မိန်းမလှအမုန်း

ကျွန်ုပ်တို့ စာရေးဆရာများအဖွဲ့ ပြည်မြို့တွင်းရှိ တန်ခိုးကြီး ဘုရားများနှင့် ဝက်ထီးကန်ရှိ ဘုရားများ၊ နဝဒေးတံတား၊ အနောက်ဘက် ကမ်းရှိ ရွှေဘုံသာမုနိဘုရားတို့အား လှည့်လည်ပူဇော်ပြီးနောက် ကျွန်ုပ်တို့ အဖွဲ့အား ဖိတ်ကြားသူ ဦးမြင့်အောင်တို့အိမ်တွင် ပြန်လည်အနားယူကြ သည်။ ဦးမြင့်အောင်မှာ အကျဉ်းဦးစီးဌာနမှ အငြိမ်းစားထောင်ပိုင်ဖြစ် သည်။ သူတို့တစ်မိသားစုလုံး စာပေဝါသနာပါကြသည်။ ကျွန်ုပ်၊ မောင်ညို မှိုင်း (သန့်လျှင်) နှင့် ကိုနေစိုးသော်တို့၏ စာဖတ်ပရိသတ်လည်းဖြစ်သည်။ ဘုရားဖူးခရီးလှည့်လည်ရာတွင် ဦးမြင့်အောင်က သူ၏ကိုယ်ပိုင်ကားများ ဖြင့် မြို့တွင်း၊ မြို့ပြင် လှည့်လည်ပို့ဆောင်ပေးခြင်းဖြစ်သည်။ ဦးမြင့်အောင်



www.burmeseclassic.com

www.burmeseclassic.com



တို့နေသည်မှာ အောင်ဆန်းပြည်သာယာရပ်ကွက် မင်းပေါင်းစုတည်ဘုရား အနီးတွင်ဖြစ်သည်။

ကျွန်ုပ်တို့ပြန်မည့် မနက်ခင်းတွင် မနက်စာစားပြီးနောက် ဦးမြင့်အောင်၏ဇနီး ဆရာမကြီးဒေါ်ချိုက ၎င်းတို့ရပ်ကွက်အတွင်းရှိ ရှေးဟောင်းဘုရားတစ်ဆူအား ဖူးမြော်သွားရန် တိုက်တွန်းသည်။

''ဆရာတို့. . ကျွန်မတို့ရပ်ကွက်ထိပ်က ရှေးဟောင်းဘုရားတစ်ဆူကိုလည်း ဖူးမြော်သွားပါဦး''

ကျွန်ုပ်. .

''ဘယ်နားမှာလဲဆရာမ။ အတော်လှမ်းသလား''

''မဝေးပါဘူးဆရာ။ ရပ်ကွက်ထိပ်တင်ပါ။ လမ်းလျှောက်သွားလို့ရပါတယ်။ ဆရာတို့ ကားအချိန်လည်း ဝေးပါသေးတယ်''

''အေးဗျာ. .။ ဒါဖြင့် အခုပဲသွားကြတာပေါ့''

ဘုရားမှာ မဝေးလှပါ။ ငါးမိနစ်ခန့်လမ်းလျှောက်ရုံနှင့် ရောက်သည်။ အုတ်များစီ၍ ပူဇော်ထားသည်။ ထုံးသကန်း၊ ရွှေသကန်း ကပ်လှူထားခြင်းမရှိ၊ ပကတိအုတ်နီရောင်ရှေးဟောင်းဘုရားဖြစ်သည်။ ဘုရားရင်ပြင်တော်အား တံတိုင်းခတ်ထားရာ ကေဝက်ခန့်ကျယ်ဝန်းသည်။ အုတ်တံတိုင်းကိုတော့ ထုံးဖြူသုတ်ထား၏။ အုတ်တံတိုင်းအတွင်း၌ တောင်မှိုပင်များနှင့် ပရန္နဝါပင်များ တောထပေါက်ရောက်နေသည်။ ဘုရားအရှေ့ဘက် အဝင်မုခ်ဦးအနီးတွင် ကျောက်စာတစ်ချပ်ကို တွေ့ရသည်။ သီရိခေတ္တရာပြည့်အရှင် ဒွတ္တဘောင်မင်းက မိဖုရားပန်ထွာမင်းသမီးအတွက် အမှတ်တရ တည်ဆောက်ပူဇော်သော ဘုရားဖြစ်ကြောင်း၊ 'မင်းပေါင်းစုတည်' ဟု ဘွဲ့အမည်ရှိကြောင်း ကမ္ပည်းရေးထိုးထားသည်။

ကျွန်ုပ်. .



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ. . အဲဒီပျူရာဇဝင်လေးကို ကြားဖူးပါတယ်။ အပြည့် အစုံကလေးများသိရင် ရှင်းလင်းစမ်းပါဦးဗျာ။ အထောက်အထားကလေး လည်း ပါရင်ပိုကောင်းတာပေါ့"

မောင်ညိုမှိုင်း. .

"ဟုတ်ပါတယ်ဆရာ။ ကျွန်တော်တို့လည်း အပြည့်အစုံသိချင်ပါ တယ်။ ကြားတော့ကြားဖူးပြီးသား ဆိုပေမယ့် ဆရာက ပြည်မြို့သားဆို တော့ ရာဇဝင်နဲ့အထောက်အထား ပိုပြည့်စုံအောင် ပြောနိုင်မယ်ထင်ပါ တယ်။ ပြောပြပါဦးဆရာ"

ကိုတင်ထွန်း. .

ကျွန်တော်တို့ငယ်ငယ်က သင်ဖူးတဲ့ ပျူရာဇဝင်အပြင် ထူးခြား တာလည်း ရှိဦးမယ်ထင်တယ်ဆရာ"

ကိုနေစိုးသော်. .

"မှုကွဲတွေတော့ ရှိမှာပေါ့ဗျာ။ ကျွန်တော်တို့ကတော့ တိကျတဲ့ အထောက်အထားနဲ့ ဖတ်ကြောင်းကို သိချင်တာပါဆရာ"

ဦးမြင့်အောင်. .

"ကျွန်တော်က ပြည်မြို့သားတစ်ယောက်ဖြစ်လို့ ကျွန်တော် သိသလိုပဲ ပြောရမှာပေါ့ဗျာ။ ရာဇဝင်ဆိုတာက သမိုင်းမဟုတ်တော့ အထောက်အထားရှိတာလည်း ရှိတယ်။ မရှိတာလည်း မရှိဘူးပေါ့ဗျာ။ ဧနိထွာမင်းသမီးကို ဒွတ္တပေါင်ဘုရင်ကြီးက ဗိဿနိုးမြို့ကို တိုက်ခိုက်ပြီး သိမ်းယူ၊ မိဖုရားမြှောက်တာကတော့ ဒီမင်းပေါင်းစုတည်ဘုရားကျောက် စာမှာ အတိအကျရေးထိုးထားတာမို့ သက်သေခိုင်လုံပါတယ်။ ဒီဘုရားက လည်း ရှေးဟောင်းသမိုင်းဝင်ဘုရားတစ်ဆူဖြစ်ပြီး ခေတ်အဆက်ဆက် ဘုရင်အဆက်ဆက်က ပြုပြင်တည်ဆောက်ခဲ့တဲ့ ဘုရားပါ။ မူလကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကတော့ ဒွတ္တပေါင်မင်းကြီးပေါ့ဗျာ။ ဒီဘုရားရဲ့ ထူးခြားချက်ကတော့ ထုံးဖြူတိသုတ်၊ ရွှေချမထားတာပဲ၊ အပေါ်ယံ သရိုးတောင်မကိုင်ဘဲ အုတ်ပဲ စီထားတာ မထူးခြားဘူးလား။ ဒါလည်း သူ့အကြောင်းနဲ့သူ ရှိမှာပေါ့ဗျာ။

နောက်တစ်ခုကတော့ ဗိသနိုးမြို့ဟောင်း ရန်ပယ်ချောင်းအနီးက ရွှေရောင်တော်ဘုရားမှာရယ်၊ အင်းတော်ကြီးအနီးက ရွှေလက်လှ ဘုရားမှာရယ်၊ ဗိသနိုးမြို့ဟောင်းပြတိုက်မှာရယ်၊ စည်တော်ကြီးထားခဲ့တဲ့ နေရာမှာ အုတ်ဖောင်းဒေးရှင်းအပိုင်းကြီးကျန်ခဲ့တဲ့နေရာမှာရယ် ကျောက် စာအထောက်အထားတွေ ကျန်ခဲ့ပါတယ်။ ဒါတွေက သမိုင်းမှတ်တမ်းတွေ ပါပဲ။

ဆရာတို့ မော်ဇာပြတိုက်မှာ လေ့လာခဲ့တုန်းက ပျူခေတ်အရိုး အိုးတွေ တွေ့လိမ့်မယ်။ အဲဒီခေတ်က အရိုးတွေကို အိုးထဲထည့်မြှုပ်နှံတဲ့ ဓလေ့ မရှိဘူးဗျ။ အရိုးကို ပြာချပြီးမှသာ ပြာအရိုးအိုးကို မြှုပ်နှံလေ့ရှိ တယ်။ ဒါပေမဲ့ ဗိသနိုးမြို့ဟောင်းတူးဖော်တုန်းက အရိုးစုတစ်ခု တွေ့ရ တယ်။ အရိုးချည်းပဲ။ အရှည် ၇ ပေ ၂ လက်မရှိတယ်။ ဒါတော်မြင့်တဲ့ အရပ်အမောင်းပဲ။ ပန်ထွာဘုရင်မရဲ့ အရိုးစုဆိုပြီး ဗိသနိုးမြို့ဟောင်းပြ တိုက်မှာ ပြထားတယ်။ အသားအရေပါ ပါရင်တော့ အရပ်အမြင့် ခုနစ်ပေ ခွဲလောက်ရှိမယ်ထင်ပါရဲ့”

ကျွန်ုပ်..

“အလျင်က ပျူလူမျိုးတွေက အလွန်အရပ်မြင့်ကြတာပဲနော်”

ဦးမြင့်အောင်..

“ရုပ်ရည်ကလည်း အလွန်ချောမောပြေပြစ်တယ်လို့ သိရ... အခုလည်း ဗိသနိုးမြို့ဟောင်း အင်းတော်ကြီးအနီးမှာ အင်းရွာလို့လည်း ခေါ်တယ်။ မျိုးဆက်ကျန်ရွာလို့လည်း ခေါ်တဲ့ရွာမှာ ပျူလူမျိုးစစ်စစ်...



www.burmeseclassic.com

www.burmeseclassic.com



(၈၀) လောက်ရှိသေးတယ်။ အရပ်မြင့်ကြပေမယ့် ရုပ်ရည်ကြမ်းတယ်။ သူတို့က တခြားသူတွေနဲ့မယူဘဲ သူတို့လူမျိုးချင်း မောင်လှယ်နှမလှယ်တွေ ယူကြတော့ သွေးသစ်မလောင်းဘဲ သွေးဟောင်းတွေပဲ ဖလှယ်နေကြတော့ ကြာရင် လူမျိုးတုံးမှာကိုတောင် စိုးရိမ်မိပါတယ်ဗျာ"

မောင်ညိုမှိုင်း..

"မျိုးရိုးထိန်းတဲ့သဘော နေမှာပေါ့ဗျာ။ ဆွေမျိုးချင်း သွေးနီးစပ်တော့ လူတွေဟာ ဖွံ့ဖြိုးကြီးထွားမှုနေးကုန်တာပေါ့။ ကျွန်တော်တို့ ရှေးဘုရင်တွေခေတ်ကလည်း ဒီလိုပါပဲ။ ဆွေမျိုးချင်း သွေးနီးရင် ဉာဏ်ရည်ဖွံ့ဖြိုးမှု တုံ့နေးတာပေါ့ဗျာ"

ကိုနေစိုးသော်..

"ဆရာမှိုင်းပြောတာ ဟုတ်မယ်ဗျ၊ အနောက်တိုင်းသားတွေက သားသမီးတွေကို ဦးနှောက်ထက်တဲ့ သိပ္ပံပညာရှင်တွေနဲ့ ပေးစားကြတာ ကျွန်တော်ဖတ်ဖူးတယ်။ ဒါကြောင့်လည်း မွေးလာတဲ့ကလေးတွေက ဉာဏ်ရည်ထက်မြက်ကြပြီး ကမ္ဘာကိုဦးဆောင်နိုင်သူတွေ ဖြစ်ကုန်ကြတာပေါ့"

မောင်ညိုမှိုင်း..

"ဆရာနေပြောတာ ကျွန်တော်လည်း ဖတ်ဖူးတယ်၊ ဒါကြောင့် ကျွန်တော်လည်း အိန္ဒိယသွေးစပ်တဲ့ အမျိုးသမီးကို ယူလိုက်တာ။ အဲဒါဗျာ.. ပထမဆုံးကလေးကိုယ်ဝန်ရှိတော့ ဆိုင်းသံ၊ ဗုံသံကြားတာနဲ့ ဗိုက်ထဲမှာ က,နေလို့ မွေးခါနီးမှာ ကန့်လန့်ဖြစ်နေတာနဲ့ ဗိုက်ခွဲမွေးရပါရောလား"

"ဟား.. ဟား.. ဟား.."

အားလုံးပိုင်းရယ်ကြသည်။

ကိုတင်ထွန်း..



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမှိုင်းကတော့ လုပ်တော့မယ်။ ဘယ်ကလေးတုံး ဆရာမှိုင်းရဲ့"

"သမီးဦး အကြီးမလေဗျာ။ နှာခေါင်းချွန်ချွန်နဲ့..။ တော်ပါသေးရဲ့။ အသားအရေက ကျွန်တော်နဲ့တူလို့ ဖြူတာ"

"ဟား..ဟား..ဟား.."

ကျွန်ုပ်တို့ ရယ်ကြရပြန်သည်။ မောင်ညိုမှိုင်းမှာ သရဲ တစ္ဆေ ဝတ္ထုရေးဆရာဖြစ်သော်လည်း ဟာသအရေးကို သန်သည်။ သူ့စာများမှာ ရယ်ရသော်လည်း ဝတ္ထုခေါင်းစီးက ရှည်လျားပေများသည်။ ဥပမာ.. ဘတိုက်ပုံဦးရာကျော်နှင့် စိတ္တဇနေ့စိတ်တစ်ဇည၊ ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် ဆိုင်းဘုတ်တင်ပွဲ၊ ကောင်းကင်ထက်မှ ရင်ခွင်ထဲသို့ပြုတ်ကျသောလတစ်စင်း ဟူ၍ဖြစ်သည်။ လူမှာ သေးသေးကွေးကွေး လူ့ဗလံလေးဖြစ်သော်လည်း အတော်ရှည်ချင်သူဖြစ်သည်။ သူ့ဝတ္ထုခေါင်းစီးကြောင့် ပန်းချီဆရာမြတ်မင်းဟန်က ညည်းလှပြီ။ သူကတော့ မဆင်ခြင်။ ဆက်ရှည်နေတုန်းပင်။

ကျွန်ုပ်..

"ဆရာဦးမြင့်အောင်.. ဆက်ပြောပါဦးဗျ။ ကိုမှိုင်းဖောက်နေတာနဲ့ ပျူရာဇဝင်ဖျက်တော့မယ်ထင်ပါရဲ့"

ဦးမြင့်အောင်..

"ပန်ထွာဘုရင်မက နန်းတော်ကနေ အင်းတော်ကြီးအနီးက ဘုရင်မအတွက် သီးသန့်လုပ်ထားတဲ့ ခေါင်းဆေးကန်တော်ကို အုတ်လမ်းတစ်လျှောက် မြင်းလှည်းနဲ့ အခြွေအရံတွေခြံရံပြီး သွားလေ့ရှိသဗျ။ အဲဒီလမ်းက တစ်မိုင်လောက်ရှည်လျားတယ်။ အခုအထိလည်း အုတ်လမ်းရှိသေးတယ်။ အုတ်ချပ်ကြီးတွေက အလျားတစ်ပေခွဲ၊ အနံတစ်ပေ၊ ထု



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လက်မလောက်ရှိတယ်။ ခေါင်းဆေးကန်တော်မှာ ရေမိုးချိုး ခေါင်းလျှော်ပြီးမှ ရွှေလက်လှဘုရားကိုဖူးတာ။ ရွှေလက်လှဘုရားက ဖောင်းရစ်တွေ အတော်များတာ။ ခေါင်းလျှောင်းတော်ကနေ ငှက်ပျောဖူးအထိ ဖောင်းရစ်အပိုင်းကြီးတွေ တက်သွားတာ။ အခုတော့ ထီးတော်နဲ့ငှက်ပျောဖူးလည်း မရှိတော့ပါဘူး။ ဗိဿနိုးမြို့ဟောင်းဟာ ဆူးရစ်၊ ထနောင်းမြစိမ်းပင်တွေအလယ်က ရှေးဟောင်းဘုရားပျက်တစ်ဆူ ဖြစ်နေပါပြီ။ စည်တော်ကြီးနေရာဟောင်းအနီးမှာ ကျောက်ဖျာကြီးတစ်ချပ်လည်း ရှိသေးတယ်။ ပန်ထွာဘုရားမ တရားစီရင်တဲ့နေရာလို့ သိရတယ်။ ကျောက်ပလ္လင်တော့ မရှိတော့ဘူး။ ဒါပေမဲ့ ဘုရင်မခြေရာ တစ်တောင်လောက်က ကျောက်ဖျာပေါ်မှာထင်ကျန်နေတာ အခုထိရှိပါသေးတယ်။ ဘုရင်မနန်းတော်နဲ့ ရွှေရောင်တော်ဘုရားကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ အုတ်လမ်းလည်း ရှိသေးတယ်။ နှစ်မိုင်ကျော်လောက် ဝေးမယ်ထင်တယ်။ အခုတော့ လှည်းတွေသွားလွန်းလို့ အုတ်တွေကျိုးပဲ့ပြီး ပျက်စီးနေပါပြီ။ ရှေးဟောင်းလက်ရာ အမွေတွေ ဆုံးရှုံးရတာ နှမြောစရာပေါ့ဗျာ။ ဗိဿနိုးခေတ် လက်ရာအမွေတွေ ပျက်စီးကုန်တာပေါ့လေ”

ကျွန်ုပ်..

“ဆရာဦးမြင့်အောင်ပြောတဲ့ အုတ်ချပ်ကြီးတွေက ကြီးလွန်းတော့ သရိုးကိုင်ရမှာပေါ့နော်။ ဘယ်လိုဘိလပ်မြေများ သုံးသလဲဗျ။ ရှေးတုန်းက အင်္ဂတေဖျော်စပ်တဲ့နည်းတွေကို သိရင်လည်း ပြောပါဦးဗျာ”

“သိသလောက် ပြောမယ်နော်။ မန်ကျည်းသီးမှည့်၊ ထုံး၊ စေးခဲ့နဲ့ ရေလို့ သိရတယ်ဗျ။ ကျန်တာတွေလည်း ပါချင်ပါမှာပေါ့။ ကျွန်တော်သိသလောက် ပြောရတာပါ။ ဗိဿနိုးမြို့ဟောင်းထဲက ပြိုပျက်နေတဲ့ အင်္ဂတေအခဲတွေထဲမှာတော့ စေးခဲ့တွေကို တွေ့ရတယ်ဗျ။ ခိုင်တာကတော့ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ရာနဲ့၊ ထောင်နဲ့ချိပြီး ခိုင်တာပါ"

ကိုတင်ထွန်း..

"ဆရာ.. ဒါနဲ့ ဗိသုကာနိုးနဲ့ သိရှိခဲ့တွာရာသမိုင်းကို ဆက်ပြောပါဦး။ ကျွန်တော်တို့သိထားတာနဲ့ ဆရာပြောတာကို နှိုင်းယှဉ်ပြီး သိထားချင်လို့ပါ"

မောင်ညိုမှိုင်း..

"ဆရာဦးမြင့်အောင်ရေ.. မောင်တင်ထွန်းလေးက ထုတ်ဝေသူဆိုပြီး ကျွန်တော်တို့အားကိုးနဲ့ လုပ်နေတာ။ ကျွန်တော်တို့ ညီအစ်ကိုဖွဲ့ထားတဲ့အထဲမှာ သူက အငယ်ဆုံး။ ထောင်မှူးကြီးက အကြီးဆုံး။ ဒီကလေး ဘာမှသိတာမဟုတ်ဘူး။ ဆရာပြောတာကိုပဲ အတည်ယူမှာပါ"

"ဟုတ်ကဲ့ပါဗျာ။ ကျွန်တော်ကလည်း ပြောချင်ပါတယ်။ ဒါပေမဲ့ စာရေးဆရာတွေကို ဆရာလုပ်ပြီး ဘုန်းကြီးစာချ၊ မိကျောင်းမင်းရေကူးပြ လုပ်ရမှာကိုတော့ တရုတ်ဖတ်လမ်းထဲကလို စိုးရွံ့မိပါတယ်။ အမှားပါရင်လည်း ခွင့်လွှတ်ကြပါ။ ကျွန်တော်က ပြည်မြို့သားဆိုတော့ ဘိုးဘွားစဉ်ဆက် ပြောလာခဲ့တဲ့ ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလို ရှေးဟောင်းရာဇဝင်ကို ပြောပြမှာပါ။ ကျွန်တော် သမိုင်းသုတေသီမဟုတ်ပါဘူးလို့ စကားတော့ ခံထားပါရစေ။ တော်ကြာ ကျွန်တော်ပြောတာတွေနဲ့ လွဲနေရင် ကျွန်တော့်ကို ခွင့်လွှတ်ကြဖို့ပါခင်ဗျ"

ကျွန်ုပ်..

"ပြောမှာသာ ပြောပါ ဆရာရယ်။ Complane တက်စရာရှိလည်း မောင်ညိုမှိုင်းပဲ တက်မှာပါ။ သူက နေရာတကာ စင်ပ်စုစုဝါသနာပါတော့ ဂမ္ဘီရဆန်ရင် သူက အကုန်သိနေတတ်လို့ပါ"

ဦးမြင့်အောင်..



www.burmeseclassic.com

www.burmeseclassic.com



"စူဠာသမ္မာဝ၊ မဟာသမ္မာဝ ညီနောင်ဟာ မွေးကတည်းက မျက်စိမမြင်တာကြောင့် ဖခင်ဘုရင်ကြီးက ရှက်လှတာကြောင့် လူသူတိတ်ဆိတ်ချိန်မှာ ဖေါင်ပေါ်တင်၊ စားမြိန်စာအခြောက်ထုပ်တွေနဲ့ ဧရာဝတီမြစ်ထဲကို မျှောလိုက်တယ်။ မျက်မမြင်ညီနောင်ဟာ ဖောင်ပေါ်မှာအိပ်၊ ဖောင်ပေါ်မှာစားပြီး ရေစုန်အတိုင်း အောက်ဘက်ကိုမျောလာကြတယ်။ အဲဒီအချိန်မှာ စန္ဒမုခီဘီလူးမနေရာရောက်တော့ ဘီလူးမက ဖောင်ပေါ်တက်လာပြီး ညီနောင်အစာစားချိန်မှာ ဝင်စားတယ်။ စားမြိန်စာတစ်ထုပ်တည်း သုံးဦးစားတော့ လက်ချင်းဆုံကြတာပေါ့။ ဖိုမဆိုတဲ့ဓာတ်ဟာ မမြင်ရပေမယ့် ထိတွေ့ခံစားမှုအရ ကွာခြားနေတာကြောင့် ညီအစ်ကိုနှစ်ယောက်ဟာ ဘီလူးမလက်ကို ဖမ်းကိုင်ကြပြီး နင်ဘယ်သူလဲလို့ မေးကြတော့တာပေါ့"

မောင်ညိုမှိုင်း..

"မျက်မမြင်ညီနောင်က စန္ဒမုခီဘီလူးမကို 'နင်ဘယ်သူလဲလို့' မေးတော့ ဘီလူးမက 'ငါဘိုဘိုဟန်ပဲ' လို့ မဖြေဘူးလား"

ကျွန်ုပ်..

"အင်း.. ကိုမှိုင်းတို့ကတော့ ဆွမ်းဆန်ထဲ ကြွက်ချေးရောပြန်ပြီ။ စကားအကောင်းပြောရင် ဖောက်ဖောက်လာတယ်။ အေးအေးဆေးဆေး ကလေးပီပီ နားထောင်နေတာမဟုတ်ဘူး"

ကိုတင်ထွန်း..

"ဟုတ်ပါရဲ့ ဆရာရယ်။ ဆရာမှိုင်းတို့က ဇာတ်လမ်းကောင်းခန်း ရောက်ခါနီးမှ ဖျက်လိုဖျက်ဆီးလုပ်နေတယ်။ ဆရာမှိုင်းရယ်.. ကျွန်တော်က တကယ်မသိလို့ မေးပြီး နားထောင်နေတာကို ဝန်ခံပါတယ်။ ဆရာမှိုင်းတို့လို အသက်မကြီးသေးတော့ ရှေးကရာဇဝင်တွေကို အသေအချာမသိလို့ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်..

"မောင်တင်ထွန်း ညီအငယ်ဆုံးလေးရယ်။ မညီရင်လည်း မသိဘူးဝန်ခံပြီး အေးအေးမေးပါလားကွာ။ ဘာကြောင့် ကိုမှိုင်းကို အသက်ကြီးသလေး၊ နားထိုင်းသလေး၊ မျက်စိမှုန်သလေး လုပ်နေရတာလဲ။ မင်း အငယ်ဆုံး..။ ငရဲကြီးမယ်။ တရုတ်ကားထဲကလို ဒူးထောက်ပြီး ပြန်တောင်းပန်လိုက်"

ကိုတင်ထွန်း..

ဒူးထောက်ထိုင်၍..

"ဟုတ်ကဲ့ပါ ဆရာ။ ရှဲရှဲနီ၊ ကပ်နီနာအု"

မောင်ညိုမှိုင်း..

"အင်း.. နှစ်ယောက်ပေါင်းပြီး လုပ်ထားကြဦးပေါ့ကွာ။ အလှည့်ကျရင်လည်း မနွဲ့စတမ်းနော်"

ကျွန်ုပ်..

"ကဲ.. ဆရာ။ ဟောင်ဝိုင်း ထကြည့်ရင် အိပ်ရေးပျက်တယ်ဆိုတဲ့ စကားပုံလိုပဲ။ ဇာတ်လမ်းပျက်တယ်ဆရာ။ ဆက်ပြောပါဦး"

ဦးမြင့်အောင်..

"အင်း.. ခင်ဗျားတို့အုပ်စုက ပြောမနာဆိုမနာ အလွန်ခင်မင်ကြတယ်နော်။ ဝမ်းသာပါတယ်ဗျာ။ ကျွန်တော်ဆက်ပြောပြပါ့မယ်"

"နင်ဘယ်သူလဲလို့ မျက်မမြင်ညီအစ်ကိုက ဘီလူးမလက်ကို တစ်ယောက်စီဆွဲပြီး မေးတဲ့အပြင် သူစိမ်းမှန်းသိတာနဲ့ စူဠာသမ္ဘဝက ဖခင်ဘုရင်ကြီးထည့်ပေးလိုက်တဲ့ သံလျက်တော်ကိုပါ ဆွဲပြီး မေးတော့တာပေါ့။ ဘီလူးမခမျာလည်း လူသားညီနောင်က လက်ကိုကိုင်ဆွဲထားတော့ ဖောဋ္ဌပ္ဗအာရုံ ကာမဂုဏ်နဲ့ သာယာနေတုန်း ဘုရင်ရဲ့သံလျက်ကိုမြင်တော့



www.burmeseclassic.com

www.burmeseclassic.com



အလွန်ကြောက်ရွံ့သွားတယ်။ ဒါကြောင့် စန္ဒမုခိဘီလူးမဖြစ်ကြောင်း ဝန်ခံရတော့တာပေါ့။ နောက်ဆုံး အပြစ်လွှတ်ဖို့ တောင်းပန်ရင်း မျက်စိမမြင်တာကို ကုပေးမည်ဖြစ်ကြောင်း တောင်းပန်တော့မှ အပြစ်က ခွင့်လွှတ်ခဲ့ရတယ်။ အဲဒါနဲ့ ဆေးစကုတဲ့နေရာကို 'စ,ကုမြို့' လို့ခေါ်ပြီး မျက်စိအလင်းပြန်ရတဲ့နေရာကို 'စ,လင်းမြို့' လို့ နောင်အခါမှာ အမည်တွင်သွားတော့တယ်။

အဲဒီအကြောင်းတွေကို ရွှေရောင်တော်ဘုရားကျောက်စာမှာ ရေးထိုးထားတယ်။ မင်းသားညီနောင် မျက်စိအလင်းရတာနဲ့ စန္ဒမုခိဘီလူးမလည်း သူ့ရုပ်ကို မမြင်စေချင်တာနဲ့ ဖောင်ပေါ်က ခွာခဲ့တယ်။ အဲ.. ဒါပေမဲ့ မင်းသားညီနောင်နဲ့ လက်ချင်းထိပြီး စန္ဒမုခိဘီလူးမမှာ သားယာမိတာနဲ့ ပဋိသန္ဓေရသွားခဲ့တယ်"

မောင်ညိုမှိုင်း..

"ဆရာ.. ဇာတ်လမ်းကောင်းတုန်း ဖြတ်မေးပါရစေ။ လက်ချင်းထိရုံနဲ့ ပဋိသန္ဓေရနိုင်ပါ့မလား။ စန္ဒမုခိဘီလူးမနဲ့ မင်းသားညီနောင်ဟာ ဖောင်ပေါ်မှာ သုံးယောက်တည်း။ မျက်စိမြင်အောင် ဆေးကုရတာဆိုတော့ ကြာအတန်ကြာမယ်။ ဘီလူးမကလည်း မျက်စိကုဖို့ ဆေးက ကမ်းပေါ်တက်ရှာရဦးမယ်။ အသင့်ပါလာမှာ မဟုတ်ဘူးလေ။ နေ့ရော၊ ညပါ မင်းသားတွေနဲ့ နေရမှာ။ မင်းသားညီနောင်ကလည်း လူပျိုတွေ။ အဲဒီအတွင်းမှာရော မဖြစ်နိုင်ဘူးလား"

ကျွန်ုပ်..

"အကောင်းမေးသလားလို့ ကိုမှိုင်းရယ်..။ အရေးကောင်းနေပါင်းဖျက်တော့တာပဲ။ သူတို့က နတ်ဘီလူးတွေပဲ။ ကမ္ဘာဦးခေတ်ကပေတာပဲ။ ဖြစ်နိုင်တာပေါ့။ ချက်တော်ကို လက်တော်နဲ့ ရစ်တာနဲ့တောင်



www.burmeseclassic.com

www.burmeseclassic.com



ပဋိသန္ဓေရှိနိုင်တယ်။ နောက်ပိုင်း ဗေဒါရီဇာတ်လမ်းလာရင် ရသေ့ကြီးရဲ့ ကျင်ငယ်ရေကို သမင်မသောက်မိတာနဲ့ ဗေဒါရီလူမလေးကို သမင်က မွေးသေးတာ ရုပ်ရှင်မင်းသားကိုဝင်းဦးတောင် မှုံရွှေရည်ဇာတ်ကားကြီးမှာ အထင်အရှားဆိုထားပါတယ်''

မောင်ညိုမှိုင်း..

''ကျွန်တော်သိပါတယ်။ ထောင်မှူးကြီး ဆရာမလုပ်ပါနဲ့။ ကျွန်တော်မေးတာက အဆိုပြုတဲ့သဘောပါ။ မြန်မာရာဇဝင်တွေမှာ ချဲ့ကားတာတွေများလို့ ယုတ္တိမတန်တော့ဘဲ ဒီဘက်ခေတ်မှာ လူထုလက်မခံတာတွေ အများကြီးပဲ။ ကျွန်တော်ဆိုချင်တာက သဘာဝကျကျ ရေးနိုင်လျက်နဲ့ ရာဇဝင်ဆရာတွေ ကွန့်တာနဲ့ ကျွန်တော်တို့မြန်မာ့ရာဇဝင် သမိုင်းအဖြစ် အပျက်ဟာ ကောလာဟလ ပါးစပ်ရာဇဝင်ဖြစ်သွားလေ့ရှိလို့ပါ။ ခုစကားက ကျွန်တော်အတည်ပြောတာပါ။ ဖောင်တော်ပေါ်မှာ စန္ဒမုခီဘီလူးမနဲ့ မင်းသားညီနောင် နေ့ရော၊ ညပါ ဆေးကုပေးရလို့ နီးစပ်ပြီး သာယာမှုဖြစ်လို့ ပဋိသန္ဓေရတယ်ဆိုရင်လည်း အများလက်ခံနိုင်တာပေါ့ဗျာ။ မဟုတ်ဘူးလား''

ကျွန်ုပ်..

''အင်း.. မြန်မာ့ရာဇဝင်ဟာ သူ့ဟာသူ ရှိနေတာကို ဆရာမှိုင်း ဝေဖန်တော့မှပဲ ပျက်တော့မယ်ထင်ရဲ့။ နောင်.. ဆရာမှိုင်း မြန်မာရာဇဝင် သစ်ဆိုပြီး စာတမ်းရေးတော့မှပဲ အဲဒီဝေဖန်ရေးတွေ ရေးပါတော့ဗျာ။ အခုတော့ ခဏလောက်ပါးစပ်ပိတ်ထားပေးပါဦး။ ကဲ.. ဆရာဦးမြင့်အောင် ရော၊ ဆက်ပြောပါဦးဗျာ''

ဦးမြင့်အောင်..

''အဲ.. ဘယ်တောင်ရောက်သွားပါလိမ့်။ ဩော်.. မှတ်မိပြီ ဦး



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုနှစ်ဦး မျက်စိမြင်တော့ စလင်းရောက်ပြီနော်။ ဖောင်တော်နဲ့ဆက်မျောလာပြီး သီရိခေတ္တရာ (ပြည်) မြို့ကမ်းခြေရောက်တော့ ဘူးသီးခြောက်ကို အပေါက်သေးသေးဖောက်ပြီး တစ်နေ့ကုန်ရေစိမ်ခံပ်နေရတဲ့ ဗေဒါရီနဲ့ ကမ်းမှာတွေ့တယ်။ အဲဒါကြောင့် မဟာသမ္ဘဝက ဘူးသီးခြောက်ကို သန်လျက်နဲ့ထိုးပြီး အပေါက်ချဲ့ပေးလိုက်တော့ ရေမြန်မြန်ဝင်တော့တာပေါ့။ အဲဒါနဲ့ ဗေဒါရီကိုခေါ်ပြီး ရသေ့ကြီးကျောင်းသခ်န်းဆီကို သွားကြတယ်။ တရားအားထုတ်ရာမှာ မိန်းကလေးအနီးမှာမရှိစေချင်တာကြောင့် ရသေ့ကြီးက ဘူးသီးခြောက်မှာ အပ်ဖျားသာသာ အပေါက်ကလေးဖောက်ပြီး ဗေဒါရီမိန်းကလေးကို တစ်နေ့ကုန် သူနဲ့ဝေးရာမှာ နေစေပြီး ရေခပ်ခိုင်းခဲ့တာ။

အဲ.. အဲဒီမှာ လာပြန်ပြီ၊ မဟာသမ္ဘာဝနဲ့ ဗေဒါရီညားပြီး ဒွတ္တပေါင်မင်းကို ဖွားမြင်တယ်လို့ အဆိုရှိသလို ဗေဒါရီဟာ စူဠသမ္ဘာဝနဲ့လည်း ညားတယ်လို့ အဆိုရှိတယ်။ ဒွတ္တပေါင်သမိုင်းမှာ 'အဖညီနောင် ဒွတ္တပေါင်' လို့လည်း ဆိုထားတယ်လေ၊ ဆရာတို့လည်း ဖတ်ဖူးမှတ်ဖူးမှာပါ။ ဒွတ္တပေါင်မင်းကို သိကြားမင်းက ဘုန်းရှင်ကံရှင်ဖြစ်တာနဲ့အညီ ကြေးလှေ၊ လှံပျံ၊ ကြေးမောင်း သုံးမျိုးကို ပေးထားတယ်။ အတိုင်းတိုင်းအပြည်ပြည်ကို စစ်ချီတိုက်ခိုက်ပြီး အခွန်ကောက်တယ်။ ရသမျှဘဏ္ဍာနဲ့ ရွှေငွေရတနာတွေကို ကြေးလှေပေါ်တင်ပြီး သီရိခေတ္တရာကို ပြန်ယူလေ့ရှိသတဲ့။ အဲဒီခေတ်က ဒွတ္တပေါင်မင်းဟာ အလွန်ဘုန်းကြီးတဲ့မင်းပေါ့။

အဲဒီလိုပဲ စန္ဒမုခီဘီလူးမက မွေးတာက ပန်ထွာမင်းသမီး..။ သူမကလည်း နတ်ဘီလူးအနွယ်။ အလွန်ဘုန်းကြီးတယ်။ သိကြားမင်းကလည်း စည်တော်ကြီးကို ပေးထားတယ်၊ ဗိဿနိုးမြို့ဟာ ရန်ပယ်ရှေးခြေ်က တော်ခွေစီးဆင်းနေပြီး တံတိုင်းမြို့ရိုးအခိုင်အမာလည်း တည်ဆောက်ထား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ရန်ပယ်ချောင်းဟာ ကျုံးမြို့ရိုးဖြစ်လို့ ရန်သူတွေဝိုင်းလာရင် စည်တော်ကြီးတီးတာနဲ့ ရန်ပယ်ချောင်းရေလွှဲပြီး ရန်သူတွေ အတုံးအရုံးကျဆုံးကုန်တတ်သတဲ့။ ဒါကြောင့် ပန်ထွာဘုရင်မဟာ ဒွတ္တပေါင်မင်းလိုပဲ ပျူခေတ်မှာ ဘုန်းကြီးတဲ့ ဘုရင်မဖြစ်ခဲ့တာပေါ့။

ဒွတ္တပေါင်မင်းဟာ ဗိဿနိုးကိုပဲ တိုက်ဖို့ကျန်တော့တယ်။ အတိုင်းတိုင်းအပြည်ပြည်က ဒွတ္တပေါင်လက်အောက်ခံတွေဖြစ်ကြပြီး နှစ်စဉ် အခွန်ဘဏ္ဍာဆက်ကြပေမယ့် ဗိဿနိုးက မဆက်ဘူး။ တိုက်လို့လည်း မရတော့ ဒွတ္တပေါင်မင်းက အကြံအစည်လုပ်ရတော့တာပေါ့။

ဒွတ္တပေါင်ကို ရှေးက ဒွိတ္တပေါင်လို့လည်း ခေါ်ကြတယ်။ မင်းသားနှစ်ယောက်ပေါင်းရတဲ့ လူသားပေါ့။ ပန်ထွာမင်းသမီးကလည်း စန္ဒမုခီနတ်ဘီလူးမရဲ့ သမီးဆိုတော့ ဒွတ္တပေါင်မင်းနဲ့ ပန်ထွာဘုရင်မဟာ ဖအေတူ မအေကွဲ မောင်နှမတွေလို့ ဆိုပြန်တယ်။ သူတို့သမိုင်းကြောင်းကလည်း ရှိသေးတယ်။ ဘုရားရှင်လက်ထက်က ဒွတ္တပေါင်နဲ့ ပန်ထွာမင်းသမီးဟာ ပွေးဖို၊ ပွေးမလင်မယား ဖြစ်ခဲ့တယ်တဲ့။ ပစ္စေကဗုဒ္ဓကိုတွေ့တော့ ပွေးဖိုကြီးက အိပ်ပျော်နေတဲ့မယား ပွေးမကို မနှိုးမိဘဲ တစ်ယောက်တည်း သစ်သီးဝလံတွေနဲ့ လှူဒါန်းပူဇော်လိုက်မိသတဲ့။ ပွေးဖိုကြီးဟာ ပွေးမကိုချစ်လွန်းတော့ အိပ်ရေးပျက်မှာစိုးလို့ ထင်ပါရဲ့။ ဒါပေမဲ့ ပွေးမအိပ်ရာကနိုးလို့ ဒီအကြောင်းကိုသိတာနဲ့ ပွေးဖိုကြီးကို စိတ်နာပြီး ပစ္စေကဗုဒ္ဓထံတော်ပါး သွားပြီး အသီးအနှံတွေနဲ့ပူဇော်လို့ ဆုတောင်းပြန်တယ်။ ဤမျှအကြင်နာတရားမရှိသော ပွေးဖိုကြီးနဲ့ နောင်ဘဝဆက်တိုင်း မပေါင်းရဖို့ပေါ့။ ပစ္စေကဗုဒ္ဓကတော့ ပြည့်စေပေါ့။

အဲဒီအကြောင်းကို သိသွားတဲ့ ပွေးဖိုကြီးကလည်း ပစ္စေကဗုဒ္ဓထံ ထပ်မံသွားပြီး နောင်ဘဝတိုင်းပေါင်းရဖို့ ဆုတောင်းပြန်သတဲ့။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပျူခေတ်ရောက်တော့လည်း ဒွတ္တပေါင်နဲ့ ပန်ထွာမင်းသမီးဟာ အငြိုးအတေးကြီးကြပြီး အဆင်မပြေဖြစ်ကြတာပေါ့။ နှစ်ယောက်စလုံးက လည်း ဘုန်းရှင်၊ ကံရှင် ဘုရင်တွေကိုး"

မောင်ညိုမှိုင်း..

"ဟုတ်လိမ့်မယ်ဆရာ။ ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်းတောင်မှ မဟာသုဘဒ္ဒါနဲ့ စူဠသုဘဒ္ဒါ ဆင်မိဖုရားနှစ်ပါးကို အင်ကြင်းပန်းခူးပေးရင်း မဟာသုဘဒ္ဒါ ဆင်မိဖုရားကို ပေးတဲ့ပန်းထဲမှာ ပုရွက်ဆိတ်တွေပါသွားတာနဲ့ စိတ်ကောက်ပြီး နောင်ဘဝမှာ လက်စားချေသတ်ဖြတ်ဖို့ ဆုတောင်းခဲ့သေးတယ်မဟုတ်လားဆရာ။ မိန်းမတွေဟာ အလွန်ကြောက်ဖို့ ကောင်းတယ်နော်။ စိတ်ကလည်း အလွန်ကြီးကြတယ်"

ကိုတင်ထွန်း..

"ချစ်လွန်းလို့ စိတ်ကြီးကြတာပါဗျာ။ ဆဒ္ဒန်ဆင်မင်းဇာတ်မှာက စူဠသုဘဒ္ဒါ၊ မဟာသုဘဒ္ဒါဆိုပြီး အပြိုင်မိဖုရားတွေ ရှိနေတော့ အချစ်ခြင်းပြိုင်၊ အနိုင်လုကြရင်း အငြိုးအတေးတွေ ဖြစ်ကုန်ကြတာပေါ့။ ဆဒ္ဒန်ဆင်မင်းကတော့ ဘုရားလောင်းတော်ပီပီ ရွှေဝါရောင်သက်န်းခြုံထားတဲ့ သောနုတ္တိုမုဆိုးကို ခွင့်လွှတ်တဲ့အပြင် မေးမြန်းစုံစမ်းပြီး အရင်ဘဝကမိဖုရားဟောင်းရဲ့ ချစ်ကလဲ့စား။ ရန်ငြိုးမှန်း သိတာနဲ့ ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေလိုတာနဲ့ ကိုယ်တော်တိုင် သောနုတ္တိုရဲ့မုဆိုးထံက လွှတောင်းပြီး နှာမောင်းနဲ့ လွှကိုကိုင်လို့ သွေးသံရဲရဲနဲ့ ဖြတ်ပေးလိုက်သတဲ့လေ။ ယောကျာ်းတွေများ ဘယ်လောက်သဘောထားကြီးသလဲလို့၊ ခြောက်တောင်ခုနစ်တောင်အရပ်မြင့်တဲ့ သောနုတ္တိုရဲ့မုဆိုးလည်း ယောကျာ်းကြီး၊ လူကြမ်းကြီးဖြစ်လျက်သားနဲ့ ငိုချင်းချတာ ဘာတဲ့..။ အစွယ်လိုသူမိဖုရား၊ အသွားစေခိုင်းသူမင်းဘုရာဇ်၊ ကြံဖော်ကြံဖက် သုံးယောက်အနက်က ငမိုက်သားရှင်တော်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ကြီးသာခံရလေခြင်းဆိုပြီး ငိုချင်းချလိုက်တာ ဘာပြောကောင်းမလဲ။ ဇာတ်အလွန်နာသွားတာပေါ့။ နောက်တစ်ခါ အလွန်ဝေးတဲ့ခရီးကို (၇) ရက်တည်းနဲ့ နန်းတော်ပြန်ရောက်အောင် ဆဒ္ဒန်ဆင်မင်းက မြေကြောရှုံ့ပေးလိုက်လို့ ရောက်သွားပြီး မိဖုရားက ဆဒ္ဒန်ဆင်မင်းရဲ့ စွယ်တော်နှစ်ဆူကို ရင်ဝယ်ပိုက်ပြီး ဇာတ်ကြောင်းပြန် ငိုချင်းချတဲ့ အခန်းကလည်း ဇာတ်ရဲ့အနှစ်ပါပဲ။

အချစ်ကြီးလို့ အမျက်ကြီးကြတဲ့ နေရာမှာတော့ ယောက်ျားတွေထက် မိန်းမတွေက ပိုသဗျ။ အခုလည်း ပန်ထွာဘုရင်မနဲ့ ဒွတ္တပေါင်မင်းတို့ရဲ့ အချစ်ကလည်း ရန်သူတော်ဖြစ်ကြပြီးမှ ပေါင်းကြရပေမယ့် အဆင်မပြေဟန် မတူပါဘူး။ ဆရာဦးမြင့်အောင် ဆက်ပြောပါဦးဗျာ..။ ကျွန်တော်နဲ့ ကိုညိုမှိုင်းက မိန်းမတွေနဲ့ပတ်သက်လို့ ခံစားချက်ကိုယ်စီရှိကြတာမို့ အခုလိုဇာတ်လမ်းမျိုး မြင်ရ၊ ကြားရရင် စိတ်မကောင်းအတော်ဖြစ်မိပါတယ်ဆရာရယ်"

ကျွန်ုပ်..

"အင်း.. ကိုတင်ထွန်းလည်း မဆိုးပါဘူး။ ခံစားချက်နှလုံးသားရှိသားပဲ။ ဒါကြောင့်လည်း နိုင်ငံခြားသဘော်သားဘဝက စာပေနယ်ထဲကိုခြေချခဲ့တာကိုး။ ကိုတင်ထွန်းအပြောကောင်းတာနဲ့ ဇာတ်ဆရာမောင်ညိုမှိုင်းတို့ ပါးစပ်တောင်ပိတ်နေရပြီမဟုတ်လား။ ဟဲ..ဟဲ..ဟဲ.."

မောင်ညိုမှိုင်း..

"ဇာတ်လမ်းကောင်းခန်းရောက်နေတုန်း ထောင်မှူးကြီးတို့က တစ်မျောင့်ဗျာ။ ခင်ဗျားတို့ဘဝမှာ ကျွန်တော်တို့လို ခံစားချက်မရှိခဲ့ဘူး ဘယ်လာပြီးကိုယ်ချင်းစာတတ်မလဲ။ ဟုတ်ရဲ့လား ဆရာဦးမြင့်အောင် ဆက်ပြောပါဦးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်အောင်..

"ဗိသနိုးမြို့ကို ဒီအတိုင်းစစ်ပြုရင် မနိုင်နိုင်မှန်းသိတာနဲ့ ဒွတ္တပေါင်မင်းကြီးက ပဥ္စလက်ဆရာတစ်ဦးကို ဗိသနိုးကို လွှတ်တယ်။ သူလျှို (Spy) ပေါ့ဗျာ။ ပဥ္စလက်ဆရာကလည်း အလွန်တော်ပေတဲ့ ပညာခန်း အမျိုးမျိုးပြပြီး ပန်ထွာဘုရင်မကို အယုံသွင်းတယ်။ နောက်ဆုံး ဘုရင်မရဲ့ ယုံကြည်မှုကိုရတော့ ဗိသနိုးမှာ မင်းဆရာဖြစ်လာတယ်။ အချိန်တော့ အတော်ယူရတာပေါ့လေ။ ပန်ထွာဘုရင်မကလည်း နုယ်နုယ်ရရမှ မဟုတ်တာပဲ။ ဒါနဲ့ ပြောရဦးမယ်။ ပန်ထွာဘုရင်မမှာ ချစ်သူရှိတယ်ဗျ။ ဗိသနိုးမြို့က စစ်သူကြီးပဲ။ ဗိသနိုးမြို့ကာကွယ်ရေးမှာ အားအထားရဆုံးပဲပေါ့။ ဒါပေမဲ့ စစ်သူကြီးနဲ့ဘုရင်မ ဂုဏ်ဒြပ်ချင်းမနီးစပ်တာမို့ မျက်လုံးချင်းစကားပြောပြီး စိတ်ထဲကချစ်သူတွေ အဆင့်မှာပဲ ရှိနေတော့ လျှို့ဝှက်ချစ်သူတွေပေါ့။ မင်းဆရာခန့်ထားတဲ့ (Spy) ဘုန်းကြီးကိုလည်း စစ်သူကြီးက မနှစ်သက်ပေမယ့် ဘုရင်မရဲ့အလိုတော်အရ ခန့်ထားတာမို့ မပြောသာဘူးတဲ့လေ။ အဲဒီခေတ်ကလည်း ဘုရင်ဆိုတာ တစ်သွေး၊ တစ်သံ၊ တစ်မိန့် အာဏာရှိတယ်လေ။

အဲ.. နောက်ဆုံးမှာတော့ ပဥ္စလက်ဆရာက သိကြားမင်းပေးထားတဲ့ စည်တော်ကြီးရဲ့သားရေဟာ ဟောင်းနွမ်းနေပြီမို့ အသစ်လဲရင် အသံပိုသာမည်ဖြစ်ကြောင်းနဲ့ ရန်ပယ်ချောင်းကို ဖြတ်ကျော်ဖောက်လုပ်ထားတဲ့ တံတားတွေကိုလည်း ပြင်ဆင်ဆောက်လုပ်ဖို့ အကြံပေးတဲ့အပြင် ပဥ္စလက်ဆရာဟာ သူ့အစီအစဉ်တွေနဲ့ ဗိသနိုးမြို့ကျဆုံးအောင်လည်း လုပ်သတဲ့။ နောက်ဆုံး သူလျှိုစပိုင်ပီပီ ပြည့်စုံအောင်စီစဉ်ပြီးတာနဲ့ ဒွတ္တပေါင်မင်းကြီးကို အကြောင်းကြားတော့တာပေါ့။

အတွင်းလူ သစ္စာဖောက်ရှိနေတော့ ဒွတ္တပေါင်မင်းကြီး စစ်အင်



www.burmeseclassic.com

www.burmeseclassic.com



အဘူးနဲ့ ဝိုင်းပြီးတိုက်ခိုက်တာနဲ့ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိနေကြတဲ့ ဗိဿနိုးစစ်တပ်ဟာ စည်တော်ကြီး တီးတော့လည်း ရန်ပယ်ချောင်းက ရေမကြီး။ ချောင်းကျော်တံတားတွေကို ခုတ်တင်တော့လည်း မရနဲ့ နောက်ဆုံး ဒွတ္တပေါင်မင်းစစ်တပ်ကြီးက မြို့ထဲဝင်လာပြီး ဗိဿနိုးကို သိမ်းတော့တာပေါ့။ ပစ္စည်းဥစ္စာ၊ လူသူဆင်မြင်းကျွဲနွားနဲ့ ပညာရှင်တွေကို သိမ်းတဲ့အပြင် ဗိဿနိုးဘုရင်မ မာနကြီးလှတဲ့ ပန်ထွာမင်းသမီးကိုလည်း အတင်းအကျပ်သိမ်းယူပြီး မိဖုရားမြှောက်လိုက်တော့တယ်။ ပန်ထွာဘုရင်မဟာ ဆုတောင်းမပြည့်ရှာဘူးပေါ့။ ချစ်ခင်နှစ်သက်သူ စစ်သူကြီးနဲ့ ကွေကွင်းပြီး မချစ်မနှစ်သက်တဲ့ လူကြမ်းဘုရင်ကြီး ဒွတ္တပေါင်လက်ထဲ ရောက်သွားတော့တာပေါ့။ ဒွတ္တပေါင်ဘုရင်ကြီးကတော့ ပွေးဖိုဘဝက ပစ္စေကဗုဒ္ဓဆီမှာ ထပ်မံဆုတောင်းခဲ့တာ ပြည့်တယ်လို့ ပြောရမှာပေါ့။ ပန်ထွာဘုရင်မကိုလည်း မင်းကြီးက အလွန်ချစ်ဟန်တူပါတယ်။ အမှတ်တရတည်ဆောက်ခဲ့တဲ့ စေတီများစွာထဲက ဒီ 'မင်းပေါင်းစုတည်' ဘုရားကျောက်စာကိုကြည့်ရင် သိနိုင်ပါတယ်။ မြတ်နိုးချစ်ခင်တော်မူသော မိဖုရားပန်ထွာမင်းသမီးအတွက် ဒွတ္တပေါင်မင်းကြီး၏အလှမ်းပြေကောင်းမှုတော်စေတီလို့ ကျောက်စာမှာ ကမ္ပည်းထိုးထားတာကို ဆရာတို့လည်း အမြင်ပဲလေ"

ကိုနေမိုးသော်..

"ဒါနဲ့ ဆရာဦးမြင့်အောင်ရေ၊ ကျွန်တော်မရှင်းတာလေး မေးပါရစေ၊ ပန်ထွာဘုရင်မကို ဒွတ္တပေါင်ဘုရင်က သိမ်းပိုက်ပြီး သီရိခေတ္တရာကို ခေါ်ဆောင်ပြီး မိဖုရားမြှောက်တာမဟုတ်လား။ ပန်ထွာဘုရင်မရဲ့အရိုး (ရပေ ၂ လက်မ) စုကြီးကိုတော့ ဗိဿနိုးမြို့ဟောင်းက တူးဖော်ရရှိ ပြတိုက်မှာပြထားတယ်ဆိုတော့ ဘုရင်မသေဆုံးပြီးမှ သူ့နေရာ ဗိဿနိုးကို အမှတ်တရရွှေ့ပြောင်းမြှုပ်နှံပေးတာလား ဆရာ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



ဦးမြင့်အောင်..

"အဲဒီလိုမဟုတ်ဘူးဗျ။ ပန်ထွာဘုရင်မဟာ သိရိခေတ္တရာနန်းမှာ စံမြန်းရင်း မပျော်ဘဲ ရင်ကွဲနာကျသေတယ်လို့ မှတ်ရဖူးတယ်။ ဒွတ္တဘောင်ဘုရင်ကြီးက ပန်ထွာဘုရင်မကို အလွန်ချစ်မြတ်နိုးတော်မူလို့ မီးသင်္ဂြိုဟ်ပြီး အရိုးပြာအိုးမလုပ်ဘဲ ဗျော်ဇာအရပ်မှာ ဂူဗိမာန်ဆောက်လုပ်ပြီး အမှတ်ထရထားသတဲ့။ အဲဒီအလောင်းကို မယ်တော်စန္ဒမုခီဘီလူးမက ခိုးယူပြီး ဗိဿနိုးနန်းတွင်းမှာ မြှုပ်နှံတာလို့လည်း သိရပါတယ်။

အဲ.. နောက်တစ်ခု ပြောဖို့ကျန်သွားသေးတယ်။ ပန်ထွာဘုရင်မရဲ့ချစ်သူ စစ်သူကြီးဟာလည်း ဒွတ္တပေါင်မင်းနဲ့တိုက်ပွဲမှာ ဒဏ်ရာရသွားလို့ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးရတယ်။ ဗိဿနိုးမြို့အနောက်မြောက်ဘက် ကုက္ကိုဝရွာအနီးက တောတန်းဘက် မင်းပုန်းတောင်၊ မင်းပုန်းဂူဘက်ကို တိမ်းရှောင်ပုန်းအောင်းသွားရကြောင်း သိရတယ်။ အခုထိလည်း ကုက္ကိုဝရွာအနီးမှာ မင်းပုန်းတောင်နဲ့ မင်းပုန်းဂူဆိုတာ အထင်အရှားရှိနေပါသေးတယ်။

ကျွန်ုပ်..

"အားလုံးပဲ ကျွန်တော်သိတာလေး နည်းနည်းပြောမယ်နော်။ ဒါကလည်း ကျွန်တော့်မိတ်ဆွေ ဗိုလ်ကြီးမြင့်လွင်က သူ့ဆရာတော်ဘုရားနဲ့ပတ်သက်ပြီး ပြောပြလို့ သိရတာပါ။ ဆရာတော်ဘုရားကတော့ ဗိဿနိုးမြို့ဟောင်းအနီးမှာ ကျောင်းသခ်ိန်းဆောက်ပြီး သီတင်းသုံးတော်မူပါတယ်။ 'ဓမ္မရွှေမိတ်ဆက်ကျောင်း' ဆိုတာ အထင်အရှားပေါ့။ အရင်က ဗိဿနိုးမြို့ဟောင်းမှာ ကျောင်းဆောက်ပြီး ဘုန်းတော်ကြီးတွေ ကျောင်းထိုင်လို့မရဘူးတဲ့။ သူလျှို(Spy) မင်းဆရာဘုန်းကြီးနဲ့ပတ်သက်ပြီး ဗိဿနိုးမြို့ပျက်ခဲ့ရတာကြောင့် ပန်ထွာဘုရင်မက ဘုန်းတော်ကြီးတွေကို အလွန်မုန်းသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



လာရောက်ကျောင်းထိုင်တဲ့ ဆရာတော်တွေလည်း ပျံလွန်ကုန်ကြတာ များသတဲ့။ ယခုဆရာတော်ကတော့ ပန်ထွာဘုရင်မကိုနိုင်လို့ အခိုင်အမာ ကျောင်းဆောက်ပြီး သီတင်းသုံးနိုင်တာတဲ့။ ပန်ထွာဘုရင်မကလည်း ဆရာတော်ကို ကြည်ညိုခစားတယ်လို့ သိရပါတယ်။

နောက်တစ်ခုကတော့ ပန်ထွာဘုရင်မသေဆုံးခါနီးမှာ ကျိန်စာ တိုက်ခဲ့တာပဲ။ ဗိဿနိုးမြို့ဟောင်းမှာရှိတဲ့ သစ်ပင်တွေကို 'ငါလာမှသီး ငါလာမှကြီး' ဆိုတဲ့ ကျိန်စာကြောင့် အဲဒီမှာရှိတဲ့ ပေပင်၊ သရက်ပင်၊ ဆူးပင်၊ သနပ်ခါးပင်တွေဟာ အပင်ပုကလေးတွေဖြစ်နေတာ တွေ့ရသတဲ့။ အသီးလည်း မသီးဘူး။ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ပေမယ့် အပင်အရပ် ထွက်မလာဘဲ ဒီအတိုင်းဖြစ်နေသတဲ့။ သနပ်ခါးပင်တွေဟာ မြို့ဟောင်း အတွင်းမှာ ပေါများစွာပေါက်နေပေမယ့် မကြီးထွားကြဘူး။ သနပ်ခါးရနံ့က တော့ ရှင်မတောင်သနပ်ခါးနဲ့ထက် ပိုမွှေးတယ်လို့ သိရတယ်။ ဗိဿနိုး မြို့ဟောင်းအရပ်ဟာ ပေပင်၊ ထနောင်းပင်၊ မြစိမ်းဆူးပင်၊ သနပ်ခါးပင် ဆူးရစ်နဲ့ ကန္တာရတောင်းပင်တွေသာ ပေါက်နေတဲ့ ကျပ်တီးခေါင်တော လေးဖြစ်ပေမယ့် အဲဒီဒေသရောက်တာနဲ့ ရှေးခေတ်ဟောင်းကို ပြန်တမ်းတ ပြီး မပြန်ချင်အောင်ဖြစ်ရတယ်လို့ သိရတယ်"

မောင်ညိုမှိုင်း..

"ဆရာထောင်မှူးကြီးရယ်..ကျွန်တော် စကားအကောင်းပြော တာပါ။ ဗိဿနိုးမြို့ဟောင်းက အခုကျွန်တော်တို့ရောက်နေတဲ့ ပြည်မြို့နဲ့ ဘယ်လောက်ဝေးသေးသလဲ။ တစ်ခါက်လောက်တော့ ဆရာတော်ဘုရား ကိုလည်းဖူးရင်း၊ ဆရာတော်ကျောင်းမှာ ညအိပ်တည်းခိုရင်း၊ ရွှေဆံ တော်ဘုရားနဲ့ ရွှေလက်လှာဘုရားကိုလည်း ပူဇော်ရင်း ဗိဿနိုးမြို့ဟောင်း ကို လေ့လာချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်...

"တောင်တွင်းမြို့ဘက်ကို ပြည်ကနေသွားပြီး တောင်တွင်းကြီးကနေ ဗိဿနိုးမြို့ဟောင်းကို (၁၂) မိုင်သွားရမယ်ဗျ။ မြို့ဟောင်းအဝင်ကနေ ရွှေရောင်တော်စေတီကို (၂) မိုင်ကျော်ဝေးတယ်။ ဆရာတော်ကျောင်းနဲ့လည်း (၂) မိုင်ကျော်ပဲ ဝေးပါတယ်။ အဲဒီကားလမ်းတွေက အရင်ကကျောက်ကြမ်းလမ်း။ မြို့ရိုးကို ဖြတ်ဖောက်ထားတာ။ အခုတော့ မီးရထားလမ်းတော် ဖြတ်ဖောက်ထားလို့ ဗိဿနိုးရှုံ့ရွာတောင် အထင်ကရရှိနေပြီ။ မီးရထားနဲ့လည်း သွားလို့ရပါတယ်။

အခု ရှေးဟောင်းသုတေသနဌာနက တူးဖော်နေတဲ့ ဗိဿနိုးမြို့ဟောင်း အဆောက်အဦပျက်တွေကတော့ ရွှေရောင်တော်ဘုရားအနောက်မြောက်ဘက်ပွန်းပွန်း (၃) မိုင်ခန့်မှာ ရှိပါတယ်။ ကုန်းအမှတ် (၁) ကပန်ထွာဘုရင်မနန်းဆောင်၊ ကုန်းအမှတ် (၂) က စစ်သူကြီးအဆောင်၊ ကုန်းအမှတ် (၃) က စစ်ဗိုလ်တွေအဆောင်၊ စည်တော်ကြီးက အလယ်မှာ။ အခုဘော့ ဖောင်ဒေးရှင်းအုတ်ခုံအပိုင်းကြီးပဲ ရှိတော့တယ်။ အနောက်ဘက်ကပ်လျက် အဆောင်ကတော့ အကျဉ်းသား၊ အချုပ်သား ထားတဲ့အဆောင် ထင်ပါရဲ့။ တံခါးပေါက်ကျဉ်းကျဉ်းနဲ့။ အဆောင်အခန်း အကန့်တွေကို တွေ့ရတယ်။ စည်တော်ကြီးအနီး အုတ်ခင်းကွက်လပ်ကတော့ဘုရင်မတရားစီရင်တဲ့နေရာတဲ့။ အရှေ့ဘက်မှာတော့ ပန်းတင်ခုံလို အုတ်ပလ္လင်ကြီးတစ်ခုရှိတယ်။ ပြောကြတာကတော့ ပန်ထွာဘုရင်မ တရားစီရင်ပြီး အပြစ်သားတွေကို ခေါင်းဖြတ်တဲ့နေရာလို့လည်း အဆိုရှိတယ်။ အဲဒီအဆို မှန်မယ်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အချုပ်ခန်း၊ တရားစီရင်တဲ့နေရာနဲ့နီးနေတော့ ပန်းတင်ခုံမဟုတ်ဘဲ ယဇ်ပလ္လင်ကြီးဖြစ်ဖို့များပါတယ်။ ဗိဿနိုးနယ်မြေဟာ အခုအထိ ထူးဆန်းတဲ့ ဂမ္ဘီရနယ်မြေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပေပင်တွေ၊ သနပ်ခါးပင်တွေ၊ ကန္တာရဆူးပင်တွေဟာ အခုထိ မကြီးထွား သေးတော့ ပန်ထွာဘုရင်မလည်း မကျွတ်လွတ်သေးဘူးလို့ ပြောရမှာပါပဲ။ နယ်မြေထဲမှာ စကားပြောအများမခံဘူး။ ဆဲတာ၊ ဆိုတာ၊ နောက်ပြောင် တာ မကြိုက်ဘူး။ စကားစပ်လို့ ပြည်မြို့လေတပ်က လေယာဉ်မှူးတစ်ဦး ပြောတာကို ပြန်ပြောပြရဦးမယ်။ သူတို့က လေ့ကျင့်ရေးလေယာဉ်တွေကို ပျံခဲပြီး လေယာဉ်မှူးအသစ်တွေကို အလုပ်သင်ပေးနေရာက တစ်နေ့မှာ ဗိုသနီးမြို့ဟောင်းပေါ် ပျံစဲရှိစဉ် အလုပ်သင်လေယာဉ်မှူးက 'ပန်ထွာ ဘုရင်မလည်း ပျင်းရှာမှာပဲ။ ဒီလောက်ခြောက်သွေ့တဲ့ ကျပ်တီးကုန်းတော မှာ နေထိုင်ပြီး ချစ်သူခင်သူ အဖော်လည်းမရှိတော့ အထီးကျန်နေရော ပေါ့။ မိန်းမချောအမုန်းက အလွန်ကြောက်စရာကောင်းတယ်နော်' လို့ နောက်ပြောင်လိုက်တာ လေယာဉ်ကွင်းမြေပုံပျောက်ပြီး (၁၀) ပတ်လောက် ဝဲပြီး လေယာဉ်ဆီကုန်ခါနီးမှ လေယာဉ်ကွင်းကို ရှာတွေ့ပြီး ဆင်းလို့ရ တယ်လို့ ပြောဖူးတယ်။ အဲဒီလေယာဉ်မှူးကြီးက နေ့စဉ် အဆင်းအတက် အခေါက် (၂၀) လောက် တက်ဆင်းနေရတာ။ လေယာဉ်ကွင်းပျောက်စရာ မရှိဘူးလို့ ပြောတယ်။ မထူးဆန်းဘူးလားဗျာ..။ ဗိသနိုးမြို့ဟောင်းနဲ့ ပန်ထွာဘုရင်မဇာတ်လမ်းကတော့ အခုအချိန်ထိ ထူးဆန်းအံ့ဩဖွယ်တွေ ပြည့်နေတုန်းပါပဲ။ အဲဒီအရပ်ကလူတွေ အပြောအရတော့ ပန်ထွာဘုရင်မ ရဲ့ကျိန်စာဟာ အခုအထိ တည်မြဲနေတုန်းပဲလို့ အဆိုရှိတယ်။ အများလုံးဝ မခံဘူး။ တောကြီးမျက်မည်းမဟုတ်ဘဲနဲ့ အများအယွင်းရှိတာနဲ့ မျက်စိ လည်၊ တောမှောက်တတ်တယ်။ တောကတော့ ဖွတ်ချေးမြေပေါ်မှာပေါက် နေတဲ့ ကန္တာရဆူးတောကလေးပါပဲ။ အံ့မခန်းစရာတွေကတော့ ဘစ်ပုံပြ ရှိတယ်"

မောင်ညိုမှိုင်း..



www.burmeseclassic.com

www.burmeseclassic.com



"ထောင်မှူးကြီးပြောခဲ့တဲ့အထဲမှာ မှန်ထွာဘုရင်မက ဘုန်းတော်ကြီးကို အလွန်မုန်းတယ်ဆို။ သေအောင်လည်းလုပ်တတ်တယ်လို့ ဆိုထားပြီး ဘာကြောင့် အခုဆရာတော်ကိုကျတော့ နန်းတွင်းမှာ လက်ခံထားရတာလဲ"

ကျွန်ုပ်..

"ဆရာတော်က တကယ်အစွမ်းရှိတဲ့ ဆရာတော်ပဲဗျာ..။ ကျွန်တော် အရင်ကလည်း သည်းထိတ်ရင်ဖိုမဂ္ဂဇင်းမှာ ဆရာတော်ဘုရားအကြောင်း ရေးခဲ့ဖူးပါတယ်။ နောက်ပြီး ဆရာတော်က ပန်ထွာမင်းသမီးနဲ့ ပဋ္ဌာန်းဆက်တွေလေ။ ဆရာတော်က ရှေးဖြစ်နောက်ဖြစ်ဟောင်းလည်း မြင်တယ်။ သိတယ်..။ ထူးဆန်းတာက ဆရာတော်ရဲ့ 'ဓမ္မရွှေမိတ်ဆက်' ကျောင်းဟာ ဗိဿနိုးမြို့ရိုးဟောင်းအတွင်းမှာ တည်ထားတယ်။ (၁၅)ဧကလောက် ကျောင်းဝင်းကျယ်တယ်။ ပတ်ဝန်းကျင်မှာ ပေမှင်ပုံ၊ ဆူးပင်ပုံနဲ့ တန်စောင်းပင်တွေပါရှိပေမယ့် ဆရာတော့်ကျောင်းဝင်းထဲမှာ စိုက်ပျိုးထားတဲ့ သရက်ပင်၊ ပေပင်၊ သနပ်ခါးပင်တွေဟာ ကြီးထွားပြီး အသီးအပွင့်ဖြစ်ကြတယ်။ ဆရာတော့်ကျောင်းဝင်းထဲမှာ စိမ်းလန်းစိုပြည်နေတာပဲ။ နောက်တစ်ခု ထူးခြားတာကတော့ အရင်က သောက်ရေသုံးရေလိုချင်ရင် သုံးမိုင်လောက်ဝေးတဲ့ ရန်ပယ်ချောင်းနဲ့ အင်းတော်ကြီးကို ရေသွားခပ်ရတယ်။ မြေကလည်း ဖွတ်ချေးမြေမို့ ရေဝေးတယ်။

ဆရာတော်ဘုရားရောက်ခါစမှာလည်း အတော်ဒုက္ခရောက်ပါတယ်။ နောင်.. ပဋ္ဌာန်းဆက်ဆွေမျိုးဖြစ်တဲ့ ကိုမောင်မောင်ရောက်လာပြီး အရင်ကလူတွေ ပေသုံးလေးရာတူးပေမယ့် မအောင်မြင်ခဲ့တဲ့ အဝီစိတွင်းကို သူက ပေတစ်ရာကျော်တူးရုံနဲ့ အောင်မြင်ပြီး ရေသန့်ရေကောင်းရခဲ့တယ်။ အလွန်ကုသိုလ်ထူးတဲ့ အလှူရှင်ပေါ့။ သူကလည်း နေ့ထွာ



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မနဲ့ ပဋ္ဌာန်းဆက်လို့ ဆရာတော်ဘုရား မိန့်ဖူးတယ်''

မောင်ညိုမှိုင်း. .

''အလွန်ထူးခြားဆန်းကြယ်တဲ့ ဂမ္ဘီရနယ်မြေပါပဲဗျာ။ တစ်ခေါက်လောက် သွားကြရအောင်။ ဆရာတော်ဘုရားလည်း ဖူးရင်းပေါ့။ ဒါနဲ့ ဆရာတော်ဘုရားရဲ့ ဘွဲ့အမည်က ဘာတဲ့လဲ ထောင်မှူးကြီး''

''ဓမ္မရွှေမိတ်ဆက်ကျောင်းဆရာတော်လို့ပဲ မှတ်လိုက်ပါဗျာ။ တခြားဘွဲ့တော်တွေ ရှိပေမယ့် ဆရာတော်ဘုရားက ပြောတာမကြိုက်ဘူးဗျ။ ဆရာတော်ကို အစွမ်းထက်တယ်၊ ထွက်ရပ်ပေါက်တယ်၊ ဈာန်ရတယ်လို့ အမျိုးမျိုးပြောကြတာကိုလည်း မကြိုက်ဘူးဗျ။ ဆရာတော်နဲ့ပတ်သက်လို့ ထူးဆန်းတာတွေကြုံခဲ့ပေမယ့် ဆရာတော်က 'မင်းသိရင် မင်းဝမ်းထဲမှာပဲထား၊ လျှောက်မပြောနဲ့' လို့ အမြဲဆုံးမတတ်တယ်ဗျ။ ဆရာမှိုင်းတို့ ဖူးချင်ရင်တော့ မကြာခင် ဖူးရမှာပါ။ ဆရာတော်နဲ့ လက်တွေ့ဖူးရတော့မှ ဆရာမှိုင်းမေးချင်တာတွေကို မေးလျှောက်ပါ။ အခုတော့ သည်းခံပါဗျာ နော်. .''

ဦးမြင့်အောင်. .

''ကဲ. . အချိန်လည်း အတော်ကုန်သွားတော့ ဆရာတို့လည်း ရန်ကုန်ပြန်ကြဦးမယ်။ ဇာတ်လမ်းကို အဆုံးသတ်ရအောင်။

ဒွတ္တပေါင်ဘုရင်ကြီးမှာ မွေးကတည်းက မျက်လုံးနှစ်ခုကြားမှာ နဖူးမှာ မျက်လုံးတစ်လုံး အပိုပါသဗျ။ နတ်မျက်စိလို့လည်း ခေါ်ကြတယ်။ ရေအောက်မှာနေတဲ့ နဂါးကအစ အခွန်ဆက်ရတယ်လို့ အဆိုရှိခဲ့တယ်။ အဲဒီမျက်စိဟာ ပတ္တမြားအသွေးလို အနီရောင်ရှိသတဲ့။ ရေ မြေ တောင်ကို ဖောက်ထွင်းမြင်နိုင်တယ်။ အလွန်အစွမ်းထက်တဲ့ ဘုရင်ကြီးပေါ့ဗျာ။ သိကြားမင်းပေးတဲ့ ကြေးလှေ၊ လှံပျံ၊ ကြေးမောင်း လက်နက်သုံးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ရှိတာကိုလည်း အထက်မှာပြောခဲ့ပြီးပါပြီ။

"ဒွတ္တပေါင်မင်းကြီးဟာ ပန်ထွာမင်းသမီးကို အလွန်ချစ်မြတ်နိုး တော်မူလို့ တိုင်းခန်းလှည့်လည်ရင် အမြဲခေါ်လေ့ရှိသတဲ့။ မိန်းမချောကြီး ပန်ထွာဘုရင်မကလည်း အမျက်အငြိုးသိုပြီး ဒွတ္တပေါင်မင်းကြီးကို အမြဲ လုပ်ကြံဖို့ ကြံစည်နေတာဆိုပဲ။ ပန်ထွာဘုရင်မ မသေဆုံးမီ မျက်နှာသုတ် ပဝါကို အောက်ခံ့ထဘီလုပ်ပြီး ဒွတ္တပေါင်မင်းကြီးခရီးသွားရင် အသုံးပြုဖို့ ဆက်သဖူးသတဲ့။ အဲဒါနဲ့ ပန်ထွာမင်းသမီးသေဆုံးတော့ ဒွတ္တပေါင်ဘုရင် ကြီးလည်း စိတ်ပြေလက်ပျောက် ကြေးလှေနဲ့ရေလမ်းခရီးသွားရင်း မော ပန်းတာနဲ့ ပန်ထွာမင်းသမီးဆက်သသွားတဲ့ မျက်နှာသုတ်ပဝါကို အသုံးပြု မိတာနဲ့ တတိယမျက်လုံး (နတ်မျက်စိ) ကွယ်ပြီး အစွမ်းတန်ခိုးတွေ ယုတ် လျော့ပျက်စီးခဲ့ရတယ်။ အဲဒီအချိန်မှာ အခွင့်ကောင်းကိုစောင့်နေတဲ့ နဂါး မင်းက ကြေးလှေကိုဆွဲမှောက်၊ ဒွတ္တပေါင်ဘုရင်ကြီးကို အသေသတ်ပြီး သိကြားမင်းပေးထားတဲ့ လှံပျံနဲ့ ကြေးမောင်းကို သိမ်းယူသွားခဲ့တယ်လို့ အဆိုရှိပါတယ်ဗျာ"

BURMESE CLASSIC

မောင်ညီမှိုင်း..

"မိန်းမလှအမုန်း ကြောက်စရာကောင်းလိုက်ပုံကတော့ ကမ်း ကုန်အောင်ပဲနော်။ အလောင်းတော်ဆဒ္ဒန်ဆင်မင်းကိုသတ်တဲ့ သုဘဒ္ဒါ မိဖုရားအမုန်းကတော့ ဆင်စွယ်ကို ရင်မှာပိုက်ပြီး ရင်ကွဲနာကျ သေခဲ့ရ တယ်။ ပန်ထွာဘုရင်မအမုန်းကတော့ သူသေဆုံးတာတောင် ဒွတ္တပေါင် မင်းကြီးကို တတ်နိုင်သမျှ လက်စားချေလုပ်ကြံသွားသေးတယ်နော်။ မိန်းမ လှတွေအမုန်းမှာတော့ သုဘဒ္ဒါမိဖုရားထက် ပန်ထွာမိဖုရားအမုန်းက ပိုသာလိမ့်မယ် ထင်ပါရဲ့ဗျာ။ နော်.."

❖

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မှီငြမ်းကိုးကား

၁။ ဦးကုလားမဟာရာဇဝင်ကြီး

၂။ ဗိသုကာနိုးမြို့ပေါင်းရွှေရောင်တော်ဘုရားကျောက်စာ

၃။ ပြည်မြို့မင်းပေါင်းစုတည်ဘုရားကျောက်စာ

၄။ ရွှေလက်လှဘုရားကျောက်စာ

ထောင်မှူးကြီးသိန်းဝင်း

BURMESE CLASSIC

www.burmeseclassic.com